www.burmeseclassic.ocm

မေမြင့်

# ကျွန်း

နှင့်အခြားဝတ္ထုတိုများ

BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.ocm

www.burmeseclassic.ocm

**စာမူခွင့်ပြုအမှတ်**
၉၉၄/၉၉(၁၁)

**မျက်နှာဖုံး ခွင့်ပြုအမှတ်**
၈၀၅/၉၉(၁၂)

**မျက်နှာဖုံး သရုပ်ဖော်**
စံတိုး

**မျက်နှာဖုံးကာလာခွဲ**
Conqueror

**အတွင်းဖလင်**
အေဇက်

**ကွန်ပျူတာ**
ရွှန်းလဲ့ကွန်ပျူတာစာစီလုပ်ငန်း

**မျက်နှာဖုံး ပုံနှိပ်**
ဒေါ်ရွှေ (၀၂၀၇၉) သုခပုံနှိပ်တိုက်၊
အမှတ် ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောကပုံနှိပ်တိုက်၊
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးမေမြင့် (၀၂၂၅၉) မေမြင့်စာပေ
အမှတ် ၅၁၆၊ အဝေရာလမ်း၊ နံ့သာကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

**ထုတ်ဝေခြင်း**
ဒုတိယ အကြိမ်၊ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ
အုပ်ရေ ၁၀၀၀

BURMESE CLASSIC .com

**မာတိကာ**

| | |
|---|---|
| ၁။ ကျွန်း | |
| ၂။ ရွှေ | |
| ၃။ နောက်ဆုံးတိုက်ပွဲ | ၁၅၇ |
| ၄။ လက်မရွံ့ | ၁၈၃ |
| ၅။ လူမိုက်ဘာတုတ် | ၁၉၉ |
| ၆။ သူဌေးဦးမင်းနိုင် | ၂၂၃ |

www.burmeseclassic.ocm

www.burmeseclassic.ocm

တေ

၉၉

မျက်

## ကျွန်း

လှေကလေး၊ ကျွန်းနှင့် တဖြည်းဖြည်း ဝေး၍ သွားသည်။ ပုံချိတ်စက်မှ တချပ်ချပ် မြည်သံကို ကြားနေရသည်၊ လူလုံးကား မကွဲတော့။ လူနှင့် လှေ တစ်သားတည်း ဖြစ်လာသည်။ တောက်ပသော နေခြည်အောက် လှိုင်းဂယက်ကလေးများနှင့် ဖိတ်ဖိတ်လက်သော ပင်လယ်ရေပြင်၌ မည်းမည်းအစေျာင်း တစ်ခုလိုသာ မြင်ရတော့သည်။ မည်းရာမှ မှုန်၊ မှုန်ရာမှ ဝါးသွားသည်။ ထို့နောက် စက်သံလည်းပျောက်၊ လှေလည်း ပျောက်သည်။

သည်လိုနှင့်ပင် ကျွန်းမှ နောက်ဆုံးခွာသော လှေကလေးသည် လည်း တစ်ခြားသော ကမ္ဘာသို့ ဝင်ရောက်ပျောက်ကွယ် သွားလေပြီ။ နောက်ထပ် ငါးလနီးပါးမျှသော ကာလအတွင်း ဤကျွန်းနှင့် ပြင်ပ ကမ္ဘာအကြား စည်းခြားသွားခဲ့ပြီ။ အကူးအသန်း အသွားအလာ လုံးဝ မရှိတော့။ သမုဒ္ဒရာ ရေအလယ်၌ တစ်ကျွန်းတည်း ထီးထီးမားမား သီးခြားကမ္ဘာအဖြစ် ကျန်ရစ်သည်။

သီးခြားကမ္ဘာ၌ လူနှစ်ယောက်။

အုန်းပင် ငှက်တို ့နှစ်ခုလို သောင်ပြင်ထက်၌ မလှုပ်မယှက်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ပျောက်သွားသော လှေကို ပြန်မြင်ရနိုး၊ လှိုင်းကြား လှေကြားမှာ ရှာဖွေကြည့်နေကြသည်။ မရှိတော့။ လုံးဝ ပျောက်သွားခဲ့ပြီ။

'သူငယ်ချင်း' တစ်ယောက်က ခေါ်လိုက်သည်။ ပြီး တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ ပင်လယ်ပြင်ကို ကျောခိုင်းလျက် ကျွန်းပေါ်သို့ တက်လာသည်။ ရောက်စတုန်းက အလွန်ကြည်နူးစရာ သာယာလှပသည့် ကျွန်းကလေး။ ယခုမူ သာယာကြည်နူးမှုကို မခံစားရ။ တိတ်ဆိတ်ခြောက်ကပ်ခြင်းကိုသာ တွေ့သိနေရသည်။ မနက်က အထိ လှုသံ သူသံ ညံနေခဲ့သော ကျွန်းကလေးမှာ ယခုတော့ သုသာန်ဇာစပြင်ပမာ ချောက်ချားစဖွယ် ငြိမ်သက်လျက်။ နှစ်ဦးသား တဖြေးဖြေး ခြောက်သော လမ်းကြားမှောင်မှောင်ကို ဖြတ်လျှောက်လာရသည့် ကလေးငယ်များနှယ် တစ်ယောက်ပခုံး တစ်ယောက် တင်းတင်းဖက်ကာ တဲရှိရာသို့ ခပ်သုတ်သုတ် လှမ်းလာခဲ့ကြသည်။ သီချင်းအော်၍ မဆို၊ စကားလည်း မပြော။ ပကတိ တိတ်ဆိတ်လျက်။

*

သည်လူနှစ်ယောက်။

ဝရမ်းပြေး မဟုတ်။ တစ်ကျွန်းကျနေသူတွေ မဟုတ်။ ကျွန်းပေါ် တင်ပြီး ပြစ်ဒဏ်ခတ်ခြင်း ခံရသူတွေလည်း မဟုတ်။

တစ်ယောက်က မြန်မာလူမျိုး။ နာမည် မောင်မောင်သိန်း။ ကိုမောင်မောင်သိန်း။ ကိုသိန်းဟုပဲ ခေါ်ကြသည်။ အသက်လေးဆယ်ခန့်။ အရပ်တိုတို၊ အသားမဖြူမညို၊ ဇာတိအတိအကျ မသိရ။ မန္တလေးသားလိုလို၊ ပုသိမ်ဇာတိလိုလို၊ ရေနံချောင်းရှိ ရေနံသူဌေးမျိုးရိုးက ဆင်းသက်လာသူလိုလို။ တစ်ကြိမ်တစ်မျိုး ပြောတတ်သည်။ ရခိုင် ကမ်းရိုးတန်းဒေသသို့ သူရောက်ရှိခဲ့သည်မှာ ငါးနှစ်ခန့် ရှိပြီ။ သူ ရောက်လာစဉ်က တစ်ယောက်တည်း မဟုတ်။ အဖွဲ့နှင့်။ ရွှေသီဂီ



ဇာတ်အဖွဲ့။ သည်အဖွဲ့တွင် သူက မန်နေဂျာလိုလို၊ ပြဇာတ် ဒါရိုက်တာလိုလို၊ အကျွေးအမွေးနှင့် ဇာတ်သူဇာတ်သားများ အရေးကိစ္စ တာဝန်ယူရသည့် ပုဂ္ဂိုလ်လိုလို။ ဇာတ်ထဲမှာလည်း တစ်ခါတစ်ရံ တောက်တိုမည်ရ ဟိုတစ်ခန်း သည်တစ်ခန်းက ပါဝင်တတ်သေးသည်။ ကမ်းရိုးတန်းတစ်လျှောက် ကကြ ခုန်ကြရင်း ခေါင်းဆောင်မင်းသမီးက နယ်ခံ သူဌေးသား ဆိုသူ တစ်ယောက်နှင့် လိုက်ပြေးသည်။ ပွဲသုံးလေးချီ ဆက်တိုက်ရှုံးသည့်အခါ ကြွေးပတ်လည်ဝိုင်းလာသော ကန်ထရိုက်တာက ဇာတ်အဖွဲ့ကို ပစ်ကာ ခြေရာပျောက် ထွက်ပြေးသည်။ ရွှေသီဂီ ဇာတ်အဖွဲ့ ပျက်သည့်အခါ ကိုယ့်နေရာ ဌာနသို့ မြန်မြန် ပြန်သူတွေလည်း ပြန်ကြသည်။ အချို့လည်း သည်နေရာမှာပင် ယောင်လည်လည်နှင့် ခင်ရာ မင်ရာ လူများထံ ခိုကပ်ကာ ကြုံရာ ကျပမ်း အလုပ်လုပ်ကြရင်း တဖြည်းဖြည်း နောက်ရောက်လာသည့် ဇာတ်အဖွဲ့များနှင့် တစ်ယောက်ပြီး တစ်ယောက် ပြန်ပါသွားကြသည်။ ကိုသိန်း တစ်ယောက်သာ သည်နေရာမှာ ကျောက်ချတော့မည်ဟု ဆုံးဖြတ်ထား၍ လား၊ ဇာတ်အဖွဲ့များထဲမှာ သူ့အတွက် နေရာ မရှိတော့၍လား မသိ။ သည်နယ် တစ်ခွင်မှာပင် ရွာစဉ်နှံ့အောင် လှည့်၍ နေခဲ့သည်။

ဇာတ်ထဲက ထွက်လာ၍လား မသိ၊ အပြော ကောင်းသည်။ သူ့စကားအတိုင်းမူ မြန်မာပြည်တွင် သူ မရောက်ဘူးသည့် နေရာမရှိ၊ နာမည်ကျော် ပုဂ္ဂိုလ်မှန်သမျှ သူနှင့် တစ်နည်းနည်း မပတ်သက်သူမရှိ။ သူ့အကြောင်း သူ့မိဘ ဆွေမျိုးများအကြောင်း ဆိုတာတွေလည်း ပြောလိုက်သည်မှာ လွမ်းလောက်စရာ။ ဇာတ်လမ်းပမာ နားဆင်စရာဆိုသည်မျိုး။ နားထောင်၍တော့ အင်မတန် ကောင်းသည်။ တောသူတောင်သား ရွာသူရွာသားတွေ အလွန် သဘောကျကြသည်။ သို့သော် သူ့ဇာတ်လမ်းတွေက တစ်နေရာ တစ်မျိုး၊ တစ်ခါတစ်မျိုးမို့ ဖြောင့်ဖြောင့်မှန်မှန်ကိုမှ ကြိုက်သည့် တချို့လူတွေက သဘောမကျကြ။ တချို့ဆိုလျှင် သူ့အား ခင်ဗျား လူလိမ်ပဲဟု မပြောရုံ တမယ် ရိုင်းရိုင်းစိုင်း

www.burmeseclassic.ocm

www.burmeseclassic.ocm



စိုင်း နိုင့်ယက်စီးနင်း ပြောဆိုဆက်ဆံချင်တတ်သည်။ သို့သော် သူက ဘယ်လို အနေအထားမျိုးမှာ မဆို မျက်နှာပျက်သွားသည် ဟူ၍ မရှိ။ ရှက်ခြင်း ရွံ့ခြင်း အားငယ်ခြင်း မရှိ။ ရဲရဲဝင် ရဲရဲထွက်။ ဘုပြောသော သူ၊ ယောက်လွှတ်သော သူမျိုးကိုပင် နောက်ထပ် ဘာဆက်ပြောရမှန်း ဘာဆက်လုပ်ရမှန်း မသိအောင်၊ အစ်ကိုရယ် အဘရယ်နှင့် အမျိုးမျိုး လှည့်ပတ် ချော့မော့ပြောတတ်သူ ဖြစ်ရာ သူ့အတွက် သည်အရပ်မှာ နေရေး ထိုင်ရေး အခက်အခဲ လုံးဝ မရှိခဲ့။ အလျဉ်းသင့်ရာ လူနှင့် အဖော်လိုက်သလို လူစိုက် အလုပ်စပ်တူ လုပ်သလိုဖြင့် ငွေကလေး ကြေးကလေး အိတ်ထဲမှာ အနည်းအကျဉ်း ရှိသည့်အခါ ရှိ၊ မရှိသည့် အခါ မရှိ။ သို့သော် ထမင်းတစ်လုတ်အတွက်ကား နည်းနည်းလေးမှ ပင် ပူပင်စရာ မလိုခဲ့။

ရပ်ရွာမှာ ဘုရားပွဲတို့ ရှင်ပြုပွဲတို့လို အလှူအတန်း ပွဲလမ်း သဘင် ရှိလျှင် သူက ဒိုးပတ်ဝိုင်းမှာ ကြေးကြပ်သူလိုလို၊ ဘုန်းကြီးဝိုင်း မှာ ဝေယျာဝစ္စ လုပ်နေရသည့် ကပ္ပိယလိုလို၊ ဘုန်းကြီးကျောင်းသား ခေါင်းဆောင်လိုလို။ တစ်ခါတစ်လေ လှေခုတ်သမားတွေ လှေစပ်ကြ သည့် နေရာမှာ သူက လှေခုတ်သမားအဖွဲ့၏ ထမင်းချက်လိုလို၊ ဘယ်အရပ်က လှေကတော့ ဘယ်လို စပ်တာပဲ စသည်ဖြင့် အကြံဉာဏ် ပေးကာ အတိုင်ပင်ခံ ကျွမ်းကျင်သူလိုလို။ မသာအိမ်မှာဖြစ်ဖြစ် သချိုင်း ကုန်း ဇရပ်မှာ ဖြစ်ဖြစ် ဖဲဝိုင်းထောင်ကြတော့ သူက ဖဲဒိုင်ကိုင်သူ၏ လက်ထောက်လိုလို။

ကိုယ့်အသက်အရွယ်နှင့်အလုပ်အကိုင် တစ်ခုခုလုပ်ပြီး အိုးအိမ် အတည်တကျ ထူထောင်ပါလားဟု စေတနာထားသူ မျက်စိနောက်သူ တစ်ယောက်ယောက်က ပြောလာလျှင်၊ သူ တစ်သက်လုံး ဘယ်တုန်းက မှ အလကား မနေခဲ့ဘူးသည့်အကြောင်း အစချီကာ ဟိုနယ်တကာမှာ ရော သည်နယ်မှာပါ သူ လုပ်ဖူးသည့် အလုပ်အကိုင်တွေ လက်ဆယ် ချောင်း ခြေဆယ်ချောင်းမက ကုန်အောင် ချိုးကာ ရေတွက်ပြပြီး



သူ့ဘဝ အကျိုးပေး မကောင်းလှပုံကို သနားစရာ ဖြစ်အောင် ပြောပြ ပါလေမည်။

မှန်သည်။ အလုပ်ကတော့ မျိုးစုံခဲ့ပြီ။ ယခု သည်ကျွန်းပေါ် စရောက်လာသည်မှာလည်း အပျော်သက်သက် ရောက်လာခြင်း မဟုတ်။ အလုပ်တာဝန်နှင့် ရောက်လာခြင်း ဖြစ်သည်။ သည်အလုပ်က သူ တစ်သက်လုံး မလုပ်ခဲ့ဘူးသည့် အလုပ်။ သူ စာရင်းချပြခဲ့ဖူးသည့် အလုပ်အကိုင် အမျိုးပေါင်း နှစ်ဆယ်ကျော်မှာ မပါသေးသည့် အလုပ်။ အလုပ်ခန့်အပ်သူ ပေးလိုက်သည့် ရာထူးနာမည်အရ အလုပ်သင် တံငါ သည် ဟူ၍။

*

နောက်တစ်ယောက်။

သံလုံးဟု ခေါ်ကြသည်။ ကျောင်းနာမည် မြတ်သာ။ သို့သော် မြတ်သာကို မသိ။ သံလုံးကိုပဲ သိကြသည်။ အသက်သုံးဆယ့်ငါးနှစ်ခန့်။ အရပ်ပျပ်ပျပ် အသားဖြူနီစပ်နှင့် အရက်သမားရုပ် ပေါက်သည်။ သံလုံး ၏ ရာဇဝင်အူပေါက်ကိုကား သည်နေရာတွင် လူတိုင်း သိကြသည်။

ရခိုင် တောင်ပိုင်းသား ဇာတိ ဖြစ်သည်။ ကမ်းရိုးတန်းမှာ မွေး၍ ကမ်းရိုးတန်းမှာ ကြီးပြင်းသူ ဖြစ်သည်။ မိဘ မျိုးရိုးသန့်သည်။ လူချမ်းသာဟု မဆိုနိုင်သော်လည်း ရိုးရိုးသားသား လုပ်ကိုင်စားလျက် ပြည့်စုံဖူလုံကြသူများ ဖြစ်သည်။ ဘိုးဘွားစဉ်ဆက် အုန်းခြံလုပ်ငန်းနှင့် တံငါလုပ်ငန်းကို ဒွန်တွဲလုပ်ကိုင်ခဲ့ကြသည်။ သံလုံးဖခင်မှာ ဆွေထဲမျိုး ထဲတွင် ရှားရှားပါးပါး ပညာတတ် ဖြစ်၍ မူလတန်း ကျောင်းအုပ်အထိ ဖြစ်ခဲ့သည်။ ဆရာကြီး ဖြစ်၍ ရပ်ရွာမှာ သြဇာ ရှိသည်။ လူ ရိုသေသည်။ ဆရာကြီးမှာ သားသမီး နှစ်ယောက် ထွန်းကားသည်။ အကြီးက သမီး။ ထိုနောက် သမီးအောက် ဆယ်နှစ်ခြားပြီးမှ မွေးဖွားသည်၊

www.burmeseclassic.ocm

www.burmeseclassic.ocm



သို့မဟုတ် အဖတ်တင်သည့် သားကလေးက သံလုံး။

သားကလေး သံလုံးကို မိဘနှစ်ပါး အလွန်ချစ်ကြသည်။ ရွာက အဖေ့ကျောင်းမှာ လေးတန်းအောင်တော့ မြို့ကျောင်းသို့ ပို့သည်။ မြို့မှာ ဈေးအနီး ဆိုင်ကြီးကနားကြီး ဖွင့်ထားသည့် အသိအိမ်တွင် အပ်နှံ၍ ကျောင်းထားသည်။ တောသားတစ်ယောက် မြို့လယ် အချက်အခြာ နေရာရောက်သည့်အခါ ဗဟုသုတ များစွာ ရသည်။ စာကောင်းကောင်း မတတ်သော်လည်း မြို့က ပညာကောင်းတွေတော့ တတ်လာသည်။ တစ်ခါတစ်ခါ ရွာပြန်လာလျှင် ရွာက လူတွေ မျက်စိနောက်အောင် လုပ်တတ်လာသည်။ ဆရာကြီးသား ဆိုတော့ သူကြီးသားနှင့် မခြား အရှိန်အဝါ ရှိသည် ဖြစ်ရာ ဘယ်သူကမှ မကျေနပ်ကြောင်း အသံကျယ် ကျယ် မပြောဝံ့။ မိဘနှစ်ပါးကလည်း သားကလေးကို အပြစ်မမြင်။ မြို့သားနှင့် တူလာသည်၊ လူရည်လည်လာသည်ဟု ဝမ်းတောင် သာချင် သည်။

မြို့ကျောင်းမှာ ခုနစ်နှစ် နေတော့ ကိုးတန်းအောင်သည်။ ရွာနှင့် မိုင် သုံးဆယ်လောက်သာ ဝေးသည့် မြို့ကလေးမှာ ကျောင်းထား ခြင်း ဖြစ်သော်လည်း သည်ခုနစ်နှစ်အတွင်း မိဘများမှာ သူတစ်ပါး သားသမီး ရန်ကုန်ကောလိပ်ပို့သည်ထက်ပင် ငွေပိုကုန်သည်။ ငွေကုန် ကြေးကျ များသည်ကို မနှစ်သက်သော်လည်း သားကလေး ပညာတတ် ဖို့ မြို့ပြမှာ လူရာဝင်ဖို့ ဆိုတော့ မတွန့်တိုကြ။ တစ်ခါတစ်ရံ သူတို့ သား အသုံးအစားများတာကိုပင် ဂုဏ်ယူစရာ တစ်ခုလို ပြောချင် ဆိုချင်တတ်ကြသေးသည်။

ဆယ်တန်း တက်နေဆဲ မိဘလည်း မပြောမဆို သံလုံး စစ်တပ် ထဲ ဝင်သည်။ သူငယ်ချင်း အပေါင်းအသင်းများနှင့် အဖော်ကောင်း၍ ဝင်ခြင်း။ စစ်သင်တန်း မတက်ရသေးမီ တပ်သားလောင်းတွေ စုရုံး ထားတုန်း တပ်မှာ ရှိသည့် တစ်ချို့ အလုပ်များ ဝင်လုပ်ရသည်။ အိမ်မှာ ဘာတစ်ခုမှ အပင်ပန်းမခံ ဘော်ကြော့ နေလာသည့် အကောင်၊ အစားအသောက် ဆိုလျှင်လည်း စည်းကမ်းမရှိ အိမ်ကို ညာတာရကောင်း မှန်း မသိ၊ ကြက်ရိုက်စား ဘဲရိုက်စားနှင့် ထင်တိုင်းကျဲလာသူ၊ စည်း ကမ်းနှင့် အကန့်အသတ်နှင့် နေရစားရသည့်အခါ မျက်နှာပျက်ချင်လာ သည်။ သင်တန်းတက်ရလျှင် ပင်ပန်းဦးမှာ တွေးပြီး ကြောက်လာသည်။ သူများ ဝင်လို့သာ ဝင်ရသည်၊ သတ္တိလည်း မရှိ၊ ဇွဲတ္တိလည်း မရှိသည့် အကောင် ဆိုတော့ အခက်အခဲနှင့် တွေ့ဖို့ စရုံ ရှိသေး စိတ်ဓာတ်ကျ လာသည်။ သည်တုန်းမှာ ကယ်တင်ရှင်ပေါ်လာသည်။ နောင် မသေ မချင်း အကြိမ်ပေါင်းများစွာ ကယ်တင်ကြဦးမည့် ကျေးဇူးရှင် မိဘနှစ် ပါး။ ဒီသားလေး တစ်ယောက်ပဲ ရှိသည့်အကြောင်း၊ ပညာဆက်သင် ပေးချင်သေးသည့် အကြောင်း စသည်များနှင့် တောင်းပန်ပြီး ပြန်ခေါ် ခွင့် တောင်းကြသည်။ တာဝန်ရှိသည့် ပုဂ္ဂိုလ်များက ပြန်လိုက်လိုလျှင် လိုက်နိုင်ကြောင်း ခွင့်ပြုသည့်အခါ ကိုယ့်လူက မိဘနှစ်ပါးကို သနား သဖြင့် မိမိဘဝ ရည်မှန်းချက်ကြီး တစ်ခုလုံး စွန့်လွှတ်ခဲ့ရသည့် ဟန်မျိုး ဖြင့် ခပ်တင်းတင်း လိုက်ပါလာသည်။



ကျောင်းဆက်မနေတော့ဘဲ အိမ်ပြန်ရောက်လာတော့ အရင်က ထက် နှစ်ဆတိုး၍ အလိုလိုက်ကြသည်။ သူကလည်း နှစ်ဆတိုး၍ အစွမ်းပြလေတော့သည်။ အိမ်မှာ အမြိုင့်သား ထိုင်စားရုံမက အမေကို ပင် ဟင်းချက်တာ အသုံးမကျဟူ၍ တစ်မျိုး၊ ဗဟုသုတ မရှိ ခေတ်ကို နားမလည်ဟူ၍ တစ်ဖုံ၊ အမျိုးမျိုး ဆူပူကြိမ်းမောင်းသည်။ ဒူးယား စီးကရက် လက်ကြားညှပ်ကာ ရွာရိုးကိုးပေါက် လျှောက်သည်။ ရွာမှာ အရက်ပုန်းချက်သူများနှင့် အဖွဲ့ဖြစ်ကာ နေ့စဉ်နှင့်အမျှ ဆိုသလို အရက် ကလေး တမြမြ။ တစ်လော တစ်လော အမေ့ဆီက တောင်း၊ အမဆီက တောင်း၊ ဒါမှမဟုတ် အိမ်ခန်းထဲက သေတ္တာကို ခိုးဖွင့်ကာ ပိုက်ဆံ ကလေး တစ်ထပ် အိတ်ထဲ ထည့်ပြီး မြို့တက်သည်။

တစ်ညသ၌ သံလုံး မိန်းကလေး တစ်ယောက် ခိုးယူလာခဲ့သည်။ မြို့ပေါ်ရှိ လူကုံထံ တစ်ဦး၏ သမီး။ သံလုံးက တောသားဆိုပေမယ့်

www.burmeseclassic.ocm

www.burmeseclassic.ocm



တောသူဌေးသားလို့ နာမည်ရသည်။ ဆံရှည်နှင့် ခေါင်းလောင်း ဘောင်းဘီ ဂျင်းဘောင်းဘီ ထည်လဲနှင့်၊ စီးကရက် တဖွားဖွား ဒူးယားနှင့်၊ အိတ်ထဲမှာလည်း ငွေနှင့် ကြေးနှင့်။ ပြီး မြို့ပေါ်က ခပ်တောတော ကောင်လေးတွေ ကြားမှာ ဝင်ဆန့်သူ ဆိုတော့ တစ်ချို့ ကောင်မလေးများက သဘောကျကြပုံ ရသည်။ သို့သော် လူကြီးမိဘများကတော့ တောသား လူဘော်ကြော့ကို အဘယ်မှာ သဘောကျမည်နည်း။ ဆွေမျိုးမိတ်သင်္ဂဟထဲက ဩဇာတိက္ကမ ရှိသူများ ခေါ်ကာ သမီးကို ပြန်လာတောင်းသည်။ ထုံးစံအတိုင်း တင့်တောင်းတင့်တယ် လာတောင်းပါဟု ဆိုသည်။ သမီးကို ပြန်ရသွားပြီးသည့်နောက်တွင်မူ သည်လိုကောင်မျိုးနှင့် ပေးစားဖို့ တစ်သက်လုံး စိတ်မကူးသည့်အကြောင်း လူကြုံနှင့် ပြောလိုက်ကြသည်။ မိန်းကလေး၏ မောင်များကလည်း သံလုံး မြို့တက်လာလျှင် အသေဟု ဓားကြိမ်း ကြိမ်းသည်။

များမကြာမီ သံလုံး ခြေငြိမ်အောင် ဆို၍ မိဘများက တစ်ဘက်ရွာမှ မိန်းကလေး တစ်ယောက်နှင့် အိမ်ထောင်ချပေးသည်။ မိန်းမရပြီးနောက် ခေတ္တမျှ ငြိမ်သလိုလို ရှိသည်။ ငါးဖမ်းပိုက်လှေနှင့် လိုက်သည်။ အုန်းခင်းကြည့်သည်။ သူများတကာနှင့် အဖော်လိုက်ကာ ရန်ကုန်အထိ လိုက်ပြီး အုန်းသားရောင်းသည်။ ငါးခြောက် ရောင်းသည်။ အိမ်ကလည်း အလုပ်အကိုင် လုပ်တတ်ပါစေတော့ဟု ငွေနှင့် ကြေးနှင့် လွှတ်ပေးထားသည်။ သို့သော် ဇာတိက မပျောက်။ ငွေလေး ကြေးလေး ကိုင်ရတော့ ဖဲရိုက်သည်။ သောက်စားသည်။ သည်လိုနှင့် တစ်ဘက်က အလုပ်ကလေး တစ်ခု ဟန်အောင် ပန်ဆောင် လုပ်ရင်း မိဘပစ္စည်း ဖြုန်းကောင်းနေစဉ်ပင် ဖခင်ဆရာကြီး ကွယ်လွန်သည်။

အဖေ့ကို သင်္ဂြိုဟ်ပြီးသည့်နောက် သံလုံး ပထမဆုံး လုပ်သည့်ကိစ္စက အမွေခွဲခြင်း။ အစ်မကြီးနှင့် ယောက်ဖကြီးက ချစ်လည်းချစ် ကြောက်လည်း ကြောက်ရသည့် မောင်လေးကို သည်လိုပဲ ဖြုန်းတီးပြီး ကုန်မည်မှန်း သိလျက်နှင့် သူ စိတ်တိုင်းကျ ခွဲဝေသည့်အတိုင်း ကျေ



နပ်စွာ လက်ခံလိုက်ကြသည်။ အမေဆိုတာကလည်း သူ့ကို တစ်ခွန်းတစ်ပါဒ ပြောဆိုဝံ့သည် မဟုတ်။

ကုဋေရှစ်ဆယ် သူဌေးသားလောက် များများ မရသဖြင့် သံလုံး၏ စည်းစိမ်တို့မှာ ကြာကြာမခံ။ ပေါင်လိုက် နှံလိုက်၊ ရောင်းလိုက် ချလိုက်။ အိမ်က မယားနှင့်လည်း ကြိမ်ဖန်များစွာ ကွဲသွားလိုက်၊ ပြန်ပေါင်းလိုက်။ သည်လိုနှင့် ကလေးသုံးယောက် ရသည့်အချိန်တွင် သံလုံး အမွေရရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ အားလုံး သူတစ်ပါးလက်ဝယ်သို့ ရွှေ့ပြောင်းရောက်ရှိခဲ့ပြီ။ တောသူဌေးသား လူဘော်ကြော့ဘဝမှ၊ ပုဆိုးအဖာ ကျောဗလာနှင့် သူတစ်ပါး အုန်းခြံထဲတွင် တဲထိုး၍ နေရသည့် အုန်းခြံစောင့်လိုလို ဘဝမျိုးသို့ ရောက်ရှိခဲ့ပြီ။ အမေဖြစ်သူ ဆုံးခဲ့ပြီး အစ်မနှင့် ယောက်ဖလည်း အရင်းအနှီး ပြုရန်၊ ကလေးဆေးကုရန်၊ ဆန်ဝယ်ရန် စသဖြင့် မကြာခဏ ပေးရဖန်များသော အခါ အိမ်နှာ အကပ်မခံလိုတော့ပြီ။

သည်အချိန်မှာ သံလုံးဘဝ ပြန်လည် ထူထောင်ရေးအတွက် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းကား အရက်ချက်လုပ်ငန်း။

*

ကျွန်းနာမည်က အုန်းကျွန်းဟု ခေါ်သည်။

ရခိုင်ကမ်းရိုးတန်းရှိ အလှပဆုံး ကျွန်းများထဲမှာ တစ်ကျွန်းအပါအဝင် ဖြစ်သည်။ သို့သော် အခြားသော ကုန်းမြေများနှင့် အလှမ်းကွာသည်။ ကမ်းရိုးတန်းနှင့် မိုင်လေးဆယ်ကျော်အကွာမှာ အထီးတည်းတည်ရှိသည်။ သူ့ပတ်ပတ်လည် မိုးကုပ်စက်ဝိုင်း အဆုံးထိ မြင်ရသမျှမှာ ကုန်းမြေဟူ၍ မရှိ။

သဘာဝ အုန်းတော စိမ်းစိမ်း၊ စိမ်းညို့သော တောင်တန်း၊

www.burmeseclassic.ocm

www.burmeseclassic.ocm



ဖြူလွလွ သဲသောင်ပြင်၊ မည်းနက်သော ကျောက်ဆောင် ကျောက်တန်းများနှင့် သာယာကြည်နူးဖွယ်။

သို့သော် အုန်းကျွန်းက အလှသက်သက် မဟုတ်။ ဆူးရှိသည်။ ကျွန်းပတ်ပတ်လည်မှာ သောင်ခုံတွေ ကျောက်တန်းတွေ ရှိသည်။ ကြည်လင်သော ရေ၌ ထွင်းဖောက်မြင်နေရသည့် ကျောက်ဆောင်များ သန္တာကျောက်ခက်များသည် ရေပေါ် ရုပ်တိုက်ပြေးလာသော လှေဝမ်းကို ထိုးဖောက်တော့မယောင် ထင်မှတ်ရသည်။ အလွန်ကျွမ်းကျင်သော လှေသမား၊ မော်တော်သမားများပင် ကျွန်းကို သတိကြီးစွာ ချဉ်းကပ်ရသည်။ ဒါသည်ပင်လျှင် လှိုင်းလေ အလွန်ငြိမ်သော နွေနှင့် ဆောင်းရာသီများမှာသာ ဖြစ်သည်။ မိုးဦးမှသည် မိုးနှောင်းအထိ ငါးလနီးပါးကာလ၌မူ ကျွန်းပေါ်သို့ တက်ရောက်ဖို့မှာ အလွန်အန္တရာယ်များသောကိစ္စ ဖြစ်သည်။ ရေအောက် ကျောက်ဆောင်များနှင့် မှန်းဆ၍ မရနိုင်သော လှိုင်းလေ သဘာဝက ကျွန်းပတ်လည်မှာ ထောင်ချောက်တွေ ဆင်ထားသလို ရှိသည်။ ခေတ်အဆက်ဆက် အကြောင်း အမျိုးမျိုးနှင့် ချဉ်းကပ်လာသော လှေသမ္ဗန်တွေ ပျက်စီးပေါင်းများလှပြီ။ ယခုအခါ၌ သည်ရာသီမျိုးမှာ ကျွန်းသို့ မည်သူမျှ မလာကြတော့။ သည်ကာလသည် ကျွန်းပိတ်သော ကာလ၊ ကမ္ဘာနှင့် လုံးဝစည်းခြား ပြတ်တောက်သော ကာလ ဖြစ်လေသည်။

မိုးလေသာယာသော ဆောင်းနှင့် နွေကာလ အချို့အချိန်များ၌မူ အုန်းကျွန်းမှာ အလွန်သာယာ အေးချမ်းဘိသည်။ တံငါများအတွက် ခိုနား၍ ကောင်းလှသည့် ကွန်းထောက်စခန်း တစ်ခု ဖြစ်သည်။ အုန်းကျွန်းတွင် စခန်းချကာ ပင်လယ်ကမ်းဝေး ငါးဖမ်းထွက်ကြသည်။ ပြီး ကျွန်းမှာပင် ငါးခွဲ၊ ငါးလှန်းနှင့် ကုန်ကြမ်းကို ကုန်ချောဖြစ်အောင် လုပ်ကြသည်။ ပင်လယ်ပြင်တွင် ကျောက်ချ ရပ်နားထားသည့် ငါးလုပ်ငန်း စက်ရှုံ သင်္ဘောကြီးတစ်စင်းပမာပင်။ သည်အခါမျိုးတွင် အုန်းကျွန်းမှာ လူ အလွန်စည်သည်။ တံငါသည် အုပ်စုများ၊ ငါးကုန်သည်များ



သာမက ကျွန်းပေါ်၌ ဆေးလိပ်၊ ကွမ်းယာ၊ မုန့်ပဲ သားရေစာ ရောင်းသူ၊ ထမင်းဟင်း ရောင်းသူ၊ အရက်ရောင်းသူ၊ ဖဲဝိုင်းထောင်သူ၊ ကြက်တိုက်သူ၊ နယ်လှည့် ရုပ်ရှင်ပြသူပါ မကျန်အောင် လူမျိုးပေါင်း စုံညီစွာနှင့် စည်ကားနေတတ်ပေသည်။

ကိုသန်းအောင်တို့ ငါးဖမ်းအဖွဲ့နှင့်အတူ ကိုသိန်း၊ သည်ကျွန်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ အုန်းကျွန်းမှာ စခန်းချပြီး ငါးဖမ်းကြမည် ဆိုသောအခါ ကျွန်တော်လဲ မရောက်ဘူးလို့ လိုက်ပါရစေဟု သူက ဆိုသည်။ ကိုသန်းအောင်ကလည်း သူ့အပြောအဆိုလေးသဘော ကျသူ ဖြစ်၍ 'လိုက်ချင်ရင် လိုက်ခဲ့လေ၊ ဝိုင်းလုပ် ဝိုင်းစားအများနည်း တူ ကိုယ်လုပ်နိုင်တာ ဝင်လုပ်ပေါ့၊ ပိုက်ဆံကြေးငွေလည်း ထိုက်သင့်သလောက် ပေးမယ်၊ အလုပ်သင် တံငါသည်ပေါ့ဗျာ' ဆိုပြီး ခေါ်ခဲ့သည်။ လူက ဘာတစ်ခုမှာသာ စွဲစွဲမြဲမြဲ မလုပ်ချင်၊ ဖင်တော့ အပေါ့သား၊ နေရာတကာ သူပါသည်။ စက်ဆရာက ဟိုဟာတပ် သည်ဟာ ဖြုတ်လုပ်တော့လည်း သူက စက်ဆီပေပေနှင့်။ ထမင်းချက်ချိန်ကျလျှင်လည်း ဓားတစ်လက်နှင့် လှီးလျက် ချွတ်လျက်။ ပိုက်ချပြီ ဆိုတော့လည်း သူက ဟိုနား ဝင်ကိုင် သည်နားက ဝင်ဆွဲ။ သည်လူ ထထကြွကြွ အရှိသား၊ ဘာဖြစ်လို့ ရွာမှာ လတ်လျားလတ်လျားတစ်ရှာ့ကိုး တစ်ရာ့တစ်ဆယ် သမားလုပ်နေပါလိမ့်ဟု ကိုသန်းအောင် အံ့သြချင်သည်။

အုန်းကျွန်းပေါ် ရောက်ပြီး တဲစခန်းချကြ၊ ငါးဖမ်း ငါးခွဲ ငါးခြောက် လှန်းကြနှင့် တကယ် အလုပ်များပြီ ဆိုတော့မှ ကိုယ့်လူ တကယ်တမ်း လက်ကြောမတင်းသည်ကို သိရသည်။ ကိုသန်းအောင်ရှေ့ ရောက်လျှင်တော့ ဟန်ဆောင်ပန်ဆောင် ဟိုဟာလုပ်သယောင် သည်ဟာ လုပ်သယောင်။ လစ်ပြီ ဆိုလျှင် တစ်ခြား ငါးသမားတွေ စတည်းချသည့် နေရာများ သွားပြီး လေကန်လျှင် ကန်၊ ဖဲဝိုင်း ကြက်ဝိုင်းနား ချောက်လို ရောက်၊ တစ်ယောက်ယောက်နှင့် အပေါင်းအသင်း ဖြစ်လာ အရက်

www.burmeseclassic.ocm

www.burmeseclassic.ocm



ရောင်းသည့် တဲမှာ အချိန်ကြာချင်လည်း ကြာသွားတတ်သည်။ လက်စသတ်တော့ ကိုယ့်လူက လူပျင်းကိုးဟု ကိုသန်းအောင် မှတ်ချက်ချသည်။ စိတ်တော့ မဆိုးပါ။ ခေါ်တုန်းကလည်း အလကား အပျော်ခေါ်လာခဲ့သည်ကိုး။

သံလုံး အုန်းကျွန်းပေါ် ရောက်လာသည်ကတော့ ကိုသိန်းလို အလုပ်သင် တံငါသည် သို့မဟုတ် တံငါအဖွဲ့က အရန်လူဘာဝမျိုးဖြင့် မဟုတ်။ လုပ်ငန်းရှင် တစ်ယောက်အနေနှင့် ရောက်ရှိနေခြင်း ဖြစ်သည်။ အရက်ချက်လုပ်ငန်းရှင်၊ အရက်ဆိုင်ပိုင်ရှင်။ တစ်ဦးတည်းပိုင် လုပ်ငန်းတော့ မဟုတ်။ စပ်တူလုပ်ငန်း။ ရွာမှာ အစဉ်အဆက် အရက်ပုန်းရောင်းလာသည့် ကိုဘိုးညွန့်နှင့် တစ်ယောက်တစ်ဝက် စပ်တူ ဖြစ်သည်။ ပင်လယ်တံငါ ဆိုသည်က အရက်ကို ရေသောက်သလို သောက်နိုင်သူတွေ များသည်ဖြစ်ရာ သံလုံးတို့ အရက် လက်မလည်အောင် ရောင်းကောင်းလှသည်။ ရွာမှာထက် ဈေးပိုရသည်။ ပိုက်ဆံအစား ငါးနှင့် ရောင်းရသည့်အတွက် ပိုကိုက်သည်။ ကုန်ကြမ်းများ ပြတ်ခါနီးလျှင် ကြုံရာလှေနှင့် မှာလိုက်ရုံသာ။ ဒါမျိုးကျတော့ လှေသမားတိုင်းက ဂရုတစိုက် ကူညီတတ်သည်။ အုန်းကျွန်းမှာ အရက်ရောင်း ကောင်းလှကြောင်း သတင်းကြားရပြီး သံလုံးထံက ပေးလိုက်သည့် ငါးခြောက် ငါးခြမ်းလေးများ စားရတော့ အမှတ် မရှိသည့် မိန်းမက အလွန်အားရချင်သည်။ ငါ့ယောက်ျား သည်လုပ်ငန်းနှင့်ကျမှ အကျိုးပေးတော့မည်လား အောက်မေ့သည်။ သို့သော် မိဘပစ္စည်း တစ်ပုံတစ်ပင်ကိုတောင် မကုန် ကုန်အောင် ဖြုန်းတီးလာသည့်အကောင်။ အရက်ချက်ရောင်းကာမှ ကြီးပွားမည် ဆိုလျှင် ခက်ရချေမည်။ 'အရက်ရောင်းတဲ့လူက ငါးသမားထက်တောင် စားသာသေးတယ်' ဟု ပြောကြ ဆိုကြဖန်များသည့်အခါ သံလုံး ဘဝင်မြင့်ချင်သည်။ အရက်ကလေး တွေတွေနှင့် စွာကျယ် စွာကျယ် လုပ်ချင်သည်။ ဖဲဝိုင်းနား ကပ်ချင်လာသည်။ သို့သော် ရဲရဲတော့ မဟုတ်။ သည်မှာ အရက်လာရောင်းဖို့ နှစ်ဦးသဘောတူ ဆုံး



ဖြတ်ကြကတည်းက ကိုဘိုးညွန့်က ကတိတောင်းသည်။

အုန်းကျွန်းမှာ ဖဲမရိုက်ပါ ဟူသော ကတိ။ စိတ်ချပါ၊ ကိုဘိုးညွန့် သေဆိုသေ ရှင်ဆိုရှင်၊ ကျွန်တော် ကတိပေးတယ်ဟု သံလုံး ရဲရဲဝံ့ဝံ့ ကတိပြုခဲ့သည်။ ကိုဘိုးညွန့်နှင့် ကျလျှင် ငယ်ကြောက်လိုလို ဖြစ်နေသည် တစ်ကြောင်း၊ သူနှင့် စပ်တူလုပ်သည့် လုပ်ငန်းလေး အောင်မြင်နေသည်ကို ထောက်၍ တစ်ကြောင်း သံလုံး ကတိမပျက်အောင် ကြိုးစားချုပ်တည်း၍ နေခဲ့သည်။ သို့သော် ပျက်စီးဖို့ အကြောင်းက ပေါ်လာခဲ့သည်။

ကျွန်းပေါ်မှာ စခန်းတွေ သိမ်းကြခါနီး ဆယ့်လေးငါးရက်အလို ကိုဘိုးညွန့်က ရွာမှာ သူ့ကလေး တစ်ယောက် အသည်းအသန် ဖြစ်နေသည်ဟု သတင်းရသဖြင့် အိမ်သို့ ကမန်းကတန်း ပြန်ပြေးသည်။ စုဆောင်းထားသည့် ငါးခြောက် ငါးခြမ်းတွေ ရွာသွားတုန်း တစ်ပါတည်း ယူသွားရန် စီစဉ်သော်လည်း လှေကြုံမှာ ဝန်မဆန့်တော့သဖြင့် အနည်းအကျဉ်းသာ ယူသွားနိုင်ခဲ့သည်။ ရွာမှာ ကြာကြာမနေ။ နှစ်ရက်နှင့် ပြန်လာသည်။ သံလုံးကို သူ စိတ်မချသဖြင့် ကလေး သက်သာပြီ ဆိုသည်နှင့် တစ်ပြိုင်နက် အမြန်ပြန်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် ထိုနှစ်ရက်မှာပင် တက်တက်ပြောင်လေသည်။ ရှိပြီးသားတွေရော၊ နှစ်ဦးစပ် ရစရာရှိသည့် အကြွေးများပါ အားလုံး ကုန်သည့်အပြင် ကြွေးပါတင်သည်။ တစ်ရာသီ လုပ်စာကို နှစ်ရက်နှင့် အပြတ် ရှင်းသည့် ဖဲရိုက်ပွဲတွင် သံလုံးဘက်က အကြဲပေးအရာရှိလိုလို လက်ထောက်လိုလိုနှင့် ပါဝင်ခဲ့သူက ကိုသိန်း။

ဖဲဝိုင်း သိမ်းသည့်ည၊ ကမ်းစပ်က ကျောက်ဆောင် တစ်ခုပေါ်မှာ ငါးကင် အမြည်းနှင့် အရက်သောက်ရင်း ဆုံးဖြတ်ချက် တစ်ရပ် ချမှတ်သည်။ စခန်းသိမ်းပြီး အားလုံး ပြန်ကြသည့်အခါ သူတို့နှစ်ယောက် ကျွန်းမှာ ကျန်နေရစ်ကြမည်ဟု။

*

www.burmeseclassic.ocm

www.burmeseclassic.ocm



အကြောင်းက...။

အုန်းကျွန်းသည် ရိုးရိုးကျွန်း မဟုတ်။ သူ့မှာ ထူးခြားချက် တစ်ရပ် ရှိသည်။

ဘင်္ဂလားပင်လယ်တွင် အနောက်မြောက်ဘက်မှ အရှေ့တောင်ဘက်သို့ စီးဆင်းသော ပင်လယ်ရေစီးကြောင်း တစ်ခု ရှိသည်။ သည်ရေစီးကြောင်းသည် အုန်းကျွန်းကို ဦးတိုက်၍ နေသည်။ သည်ရေစီးကြောင်း ရှိခြင်းကြောင့် ဘင်္ဂလားပင်လယ်တွင် သွားလာလျက် ရှိသည့် သင်္ဘောကြီးငယ်တို့မှ လွှင့်ပါး ကျသမျှ ပစ္စည်း၊ လှိုင်းကြမ်းလေထန် ချိန်တွင် ဝန်ပေါ့စေရန် ဟူ၍ စွန့်ပစ်သမျှ ပစ္စည်းတို့သည် ရေအောက်သို့ နစ်မြုပ်ခြင်း သို့မဟုတ် ကြေမွပျက်စီးခြင်း မရှိပါက အချိန်တန်လျှင် အုန်းကျွန်းသို့ လာ၍ ဆိုက်ကပ်စမြဲ ဖြစ်သည်။

အထူးသဖြင့်ကား မိုးဦးကာလ လှိုင်းလေပြင်းထန်၍ သင်္ဘောများမှ အသုံးအဆောင် ပစ္စည်းများ ဖိတ်စင်ကျဆုံးမှု များသည့် အချိန်၊ လှေ သင်္ဘောများ နစ်မြုပ်ချိန်တို့တွင် အုန်းကျွန်းသောင်စပ်သို့ အမျိုးမျိုး အပြားပြားသော ပစ္စည်းများ ရောက်ရှိလာလေ့ ရှိပေသည်။ ဤသည်မှာ ရှေးနှစ်ပရိစ္ဆေဒ များစွာကပင် ရှိခဲ့သည့် အခြင်းအရာ ဖြစ်ရာ ဘင်္ဂလား ပင်လယ်အော်အတွင်း လှေသင်္ဘော အသွားအလာ တစ်နေ့တစ်ခြား တိုးပွားလာသည့်ကာလ၊ မိုးနှင့် မုန်တိုင်းကြားတွင် စွန့်စားကာ ကုန်စည်ကူးသန်းသူတို့ ပေါ်များလာသည့် ကာလ၌ အုန်းကျွန်းသို့ ရောက်ရှိလာသော ပစ္စည်းပစ္စယတို့၏ စာရင်းဇယားမှာ ပို၍ ရှည်လျား များပြားလာခဲ့ပေသည်။

မိုးကုန်၍ ဥတုရာသီ အနည်းငယ်သာပြီ ဆိုသည့်အချိန်တွင် အရဲစွန့်ပြီး အုန်းကျွန်းသို့ သူများထက် ဦးအောင် ကူးလာနိုင်သူသည် ကျွန်းသောင်စပ်တွင် တန်ဖိုးရှိ ပစ္စည်းပေါင်းများစွာ ကောက်ယူရရှိမြဲ ဖြစ်ရာ အုန်းကျွန်းနှင့် နီးသည့် ကမ်းရိုးတန်းဒေသမှ တံငါသည်များအတွက် အုန်းကျွန်းသို့ အစောဆုံး ရောက်ရှိရေးသည် နှစ်စဉ်



ကျင်းပမြဲ ပြိုင်ပွဲတစ်ရပ်လို ဖြစ်နေသည်။

သို့သော် အုန်းကျွန်းပြိုင်ပွဲသည် ရိုးရိုးအားကစားပွဲ မဟုတ်။ အန္တရာယ် ပြွမ်းတီးသော ပြိုင်ပွဲ၊ စွန့်စားရသောပွဲ၊ ပြိုင်ဆိုင်ဝံ့သူ နည်းသောပွဲ ဖြစ်သည်။

ပြီးခဲ့သော နှစ်နှစ်ခန့်ကမှ သူတကာထက် စွန့်စားသူတစ်ဦး ပေါ်ပေါက်ခဲ့သည်။ တစ်ဦးတည်း မဟုတ်။ မိသားစုနှင့် ဖြစ်သည်။ ကမ်းရိုးတန်း ရွာတစ်ရွာမှ လူငယ်တစ်ဦးသည် မိမိဇနီးနှင့် သားသမီးနှစ်ယောက်ကိုပါ ခေါ်ကာ လှေငယ်တစ်စင်းနှင့် အုန်းကျွန်းသို့ ရွက်လွှင့်လာခဲ့သည်။ အုန်းကျွန်းတွင် တဲထိုး၍ တစ်မိုးတွင်းလုံး နေထိုင်သည်။ ရိက္ခာအဖြစ် ဆန်နှင့် ဆားသာ ပါသည်။ သို့သော် ငရုတ်၊ သခွား၊ ချဉ်ပေါင်စသည့် ဟင်းသီးဟင်းရွက်မျိုးစေ့များကိုကား ယူဆောင်လာခဲ့သည်။ အုန်းကျွန်းမှာ မြေသြဇာ အလွန်ကောင်းသည်။ သီးနှံပင်များ အလွန်ကြီးထွား ရှင်သန်သည်။ မိသားစု စား၍ပင် မကုန်နိုင်။ ငါးဆိုသည်ကလည်း ပေါပါဘိခြင်း။ ကမ်းနားမှာ ငါးများ၊ တဲနားက ငရုတ်၊ သခွားကို ခူးဆွတ်စားကာ တစ်နေ့ တစ်နေ့ ကျွန်းသို့ ပါးလာသမျှ ပစ္စည်းများကို တဲသို့ သယ်ယူကြသည်။ သူတစ်ပါးထက် လှေအို၊ လှေငယ်ကလေးကို ငှားရမ်းကာ ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့နှင့် လာခဲ့ရသော မိသားစုသည် ကျွန်းအပြန်တွင် ငွေ ငါးသောင်းဖိုးမျှ ချမ်းသာသွားခဲ့သည်။ ၎င်းမိသားစု၏ အကြောင်းကို ကမ်းရိုးတန်း တစ်ခွင်တွင် ပုံပြင်ပမာ ပြောစမှတ်ပြုခဲ့ကြသည်။ အမိက စိတ်ဝင်စားကြသည့် အကြောင်းသည်ကား ကျွန်းတွင် ရရှိသည့် ပစ္စည်းအမျိုးအမည်များ၊ တန်ဖိုးက မည်ရွေ့ မည်မျှ စသည်။ လူငယ်မိသားစုကား ဆင်းရဲသော်လည်း သတ္တိရှိသူများ ဖြစ်ပုံရသည်။ ညည်းတတ်၊ ညူတတ်သူများ မဟုတ်။ ကျွန်းမှာ ဒုက္ခရောက်ပုံ၊ နေရစားရ ခက်ပုံတွေ သိပ်မပြော။ ပစ္စည်းတွေ ရသည့်အခါ ဝမ်းသာကြပုံ၊ သီးနှံပင်များ အားရစရာ ကောင်းလှပုံတွေသာ အားရပါးရ ပြောတတ်သည်။ သို့သော် တစ်ခုတော့

www.burmeseclassic.ocm

www.burmeseclassic.ocm



ဆိုသည်။ 'ကလေးတွေနဲ့ ဆိုတော့ တစ်ခါတလေ သိပ်ဒုက္ခ ရောက်တယ်ဗျာ၊ နောက်တစ်ခေါက်တော့ မသွားတော့ပါဘူး' ဟူ၍။ သို့သော် သူတို့ အခက်အခဲကို မည်သူမျှ ခရေစေ့ တွင်းကျ မေးမနေကြ။ အများ စိတ်ဝင်စားသည်က နေ့ချင်း ညချင်း ချမ်းသာသွားခြင်း အကြောင်း။ ရွာမှာ သည့်တုန်းက ငွေ ငါးသောင်း ဆိုသည်က နည်းနည်းနောနော မဟုတ်။

နောက်နှစ်တွင် သူသွားမည် ငါသွားမည်နှင့် ဟန်ပြင်ကြသည်။ အဖော်ညှိကြသည်။ ကလေးတွေ မပါဘဲ လင်မယားချည်း သွားမည်၊ ယောကျ်ားချည်း သွားမည် စသဖြင့် တိုင်ပင်ကြ နှီးနှောကြသော်လည်း လက်တွေ့တွင်ကား မည်သူမျှ မသွားဖြစ်ကြ။ လောဘကလေး တက်တုန်းသာ ပြောကြသည်။ တကယ်သွေးအေးအေးနှင့် စဉ်းစားကြည့်တော့ တစ်မိုးတွင်းလုံး ကျွန်းပေါ်မှာ ကိုယ်ချည်းသက်သက်။ မိုးနှင့်လေနှင့်။ မုန်တိုင်းက ကြောက်ရသေး။ ဖျားတာ နာတာ၊ မတော်တဆ ထိခိုက်မိတာတွေအပြင် တခြား ကြိုတင်တွက်ဆမရသည့် ဘေးအန္တရာယ်များလည်း ပေါ်လာနိုင်သည်။ ပြီး ကျွန်းမှာ မြွေလည်း ပေါသည်ဟု ဆိုကြသည်။ သေသေချာချာ စဉ်းစားလိုက်တော့ မည်သူမျှ မသွားဖြစ်တော့။

သို့နှင့် နောက်ဆုံးတော့ ကျွန်းမှာ ဒုတိယမြောက် စွန့်စားသွားရောက် နေထိုင်မည့်သူများက ကိုသိန်းနှင့် သံလုံးတို့သာ ဖြစ်လာသည်။ တမင်တကာ သွားနေဖို့ မလိုတော့။ သူများတွေ ပြန်သည့်အခါ ကျန်ခဲ့ရုံသာ။ သံလုံးက အိမ်တစ်ခေါက်ပြန်ပြီး သားမယားကို နှုတ်ဆက်ချင်သေးသည်။ ကိုသိန်းက တားသည်။

'မင်း အိမ်ပြန်ရောက်ရင် စိတ်ပြောင်းသွားလိမ့်မယ်။ မိန်းမကလဲ မသွားနဲ့ ပြောမှာပဲ၊ မင်း တကယ်ဆုံးဖြတ်ပြီ ဆိုရင်တော့ အိမ်ပြန်မနေနဲ့တော့'

ကိုသိန်းနှင့် သံလုံး ကျွန်းပေါ်မှာ ကျန်ရစ်မည့်အကြောင်း ကြေ



ညာလိုက်သောအခါ 'ဟကောင်တွေ၊ မင်းတို့ နေနိုင်ပါ့မလားကွ၊ ဖဲဝိုင်း မရှိ အရက်ဝိုင်း မရှိနဲ့' ဟု ဆိုသူက ဆိုသည်။ 'အကြံကုန် ဂဠုန် ဆားချက်တဲ့ အကောင်တွေ' ဟု ထောပနာသူက ထောပနာသည်။ 'သတိဝီရိယနဲ့ နေတတ် ထိုင်တတ်ဖို့တော့ လိုတယ်နော်' ဟု စိုးရိမ်မကင်းဟန်ဖြင့် သတိပေးသူက ပေးသည်။ မည်သို့ ဆိုစေ တကယ်နေတော့မည် ဆိုသည့်အခါ၌ကား သံလုံးနှင့် ကိုသိန်းတို့ ချက်ချင်း လက်ငင်း ဆိုသလို ကာလတန်ဖိုး တက်သွားကြလေသည်။ သိန်းဆုပေါက်သည့် ထီလက်မှတ် ကိုင်ဆောင်ထားသူလို ဈေးချင်တိုင်း ဈေး၊ ဗွားချင်တိုင်း ဗွားနိုင်သည့် အခွင့်အာဏာ ရရှိသွားကြသည်။

ဘာပစ္စည်း ရလျှင် ငါ့ကို ရောင်းပါဟု ဆိုသူက ဆိုသည်။ ရသမျှ ပစ္စည်း ချုပ်ပြီး ဝယ်ချင်သူက ရှိသေးသည်။ လူစွမ်းကောင်း နှစ်ယောက် သို့မဟုတ် ဂဠုန်နှစ်ယောက်အတွက် တစ်မိုးစာ လိုအပ်မည့် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို စာရင်းပြုစုကြသည်။ ရွာမှာ ကုန်စုံဆိုင်ရောင်းသူ ငါးကုန်သည် တစ်ဦးက လိုအပ်သမျှ ပစ္စည်းအားလုံး သူတစ်ဦးတည်း အကြွေးစာရင်း မှတ်ပြီး တာဝန်ယူလိုက်သည်။ သူတို့ နေရန်အတွက် တဲတစ်လုံး ဝိုင်းထိုးပေးကြသည်။ တဲက မြေစိုက်၊ အမိုးနိမ့်နိမ့်နှင့်။ အိပ်စရာ နေစရာ တစ်ဘက် ဝါးကွပ်ပျစ်ကလေး တစ်လုံးစီ။ လေကွယ် မိုးကွယ်အတွက် ခြေရင်း ခေါင်းရင်းနှင့် ဘေးတစ်ဘက်မှာ ခပ်နိမ့်နိမ့် အကာအရံ လေးတွေပါ လုပ်ပေးထားသည်။ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန်များလည်း ချွေချွေတာတာ တစ်မိုးစာလောက်အောင် ထည့်သိုပြီး တဲထဲမှာ သူ့အိုး သူ့ခွက်နှင့် စနစ်တကျ နေရာချပေးကြသည်။ ဘယ်ပစ္စည်း ဘယ်လိုထား ဘယ်လိုသို၊ မီးကိစ္စ ရေကိစ္စ ထင်းကိစ္စ ဘယ်လို သတိဝီရိယနှင့် ဆောင်ရွက်စသဖြင့် ဂရုတစိုက် မှာကြားကြသည်။

သည်လိုနှင့် အုန်းကျွန်းမှာ သူတို့ နှစ်ယောက် ကျန်နေဖြစ်ခဲ့လေသည်။ ကျွန်းတစ်ကျွန်းလုံးမှ နှစ်ယောက်တည်း။ သို့သော် ကလေး

www.burmeseclassic.ocm

www.burmeseclassic.ocm



မဟုတ်။ မိန်းမ မဟုတ်။ ကျားကျားလျားလျား ယောကျ်ားကြီးများ။ ပြီး လိုအပ်သမျှ အစစ ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ပြီးသူများ။

*

ပထမ ဆယ့်သုံးရက်လုံးလုံးကား ထမင်းချက်လိုက် ငါးမျှားလိုက်၊ တစ်ခါတစ်ရံ ကျွန်းပတ်ပြီး လမ်းလျှောက်လိုက်၊ ကျွန်းလယ် တောင်ပေါ်တွေ တက်လိုက်နှင့် အချိန်ကုန်သည်။ ထူးထူးခြားခြား မည်မည်ရရ အကြောင်း တစ်စုံတစ်ရာ မရှိ။ တန်ဖိုးရှိသည့် ပစ္စည်းပစ္စယ ဟူ၍လည်း ဘာတစ်ခုမှ မရကြသေး။ ပျင်းရိငြီးငွေ့စရာ ကောင်းလှသည်။ သို့သော် နေ့ကာစ ရှိသေးသည် ဖြစ်၍ ပျင်းသည်ဟုကား မည်သူမျှ မညည်းကြ။

ဆယ့်လေးရက်မြောက်နေ့တွင် အပျင်းပြေစရာ လာချေသည်။

မိုး။

သေသေချာချာ ရွာသည့် မိုးမဟုတ်။ တစ်ညနေလုံး အုံ့သလို မည်းသလိုနှင့် မပြိုနိုင်ဘဲ ရှိသည်။

ညဘက် ရောက်လာသည်။ လေ အလွန် ငြိမ်သည်။ ပူလောင်အိုက်စပ်နေသည်။ မိုးသေသေချာချာ ရွာလိုက်ရင် ကောင်းမှာပဲဟု ကျောပြောင်ပြောင်နှင့် သံလုံး ညည်းသည်။ မိုးမရွာမီ ကောင်းကင်ယံက အသံစ၍ ပေးလေသည်။ ကောင်းကင်၌ အစင်းကြောင်းကြီး လင်းလက်ကာ ဂျုံးဂျုံးဂျိုင်းဂျိုင်း မြည်ဟည်းသွားသည်။ ဝင်းခနဲ လင်းသည်၊ ဂျုံးခနဲ အသံကျယ် တစ်ချက် မြည်ပြီး ကောင်းကင်ကြမ်း မညီမညာမှာ ဇရာမ ဓာတ်ဆီတိုင်ကီ အခွံကြီး လိမ့်လိုက်သလို တဒုန်းဒုန်း တဒိုင်းဒိုင်း အော်မြည်လိမ့်ဆင်းသွားသည်။

မိုးက တစ်ပေါက် နှစ်ပေါက် ရွာချင်သလို မရွာချင်သလိုလို။ ခနိုးမိုးပေါ် တဖျောက်ဖျောက်။ သည်းသည်း မရွာနိုင်။ လျှပ်စစ်မိုးကြိုးက တစ်ချက် နှစ်ချက်နှင့် မပြီး၊ ဆက်၍ ဆက်၍ လာသည်။ တဝင်း



ဝင်း တလင်းလင်း။

ဝုန်းခနဲ ဒိုင်းခနဲ ခွဲသည့်အခါ ခွဲသည်။ စက္ကူစကြီးကြီးကို ပျင်းတိပျင်းတွဲ တဗြဲဗြဲ ဖြဲသလို၊ အသည်းယားစရာ ဂျွတ်ဂျွတ် ဂျွမ်းဂျွမ်း ဂျုံးဂျုံး ဂျိုင်းဂျိုင်းနှင့် တစ်မိုးလုံး အစအဆုံး အော်မြည်၍ သွားသည် လည်း ရှိသည်။ မပြီးဆုံးနိုင်။ တစ်မိနစ် နှစ်ကြိမ်နှုန်းလောက် လင်းလက်ရိုက်ချုန်းနေသည်။ တဲထဲက လူသားနှစ်ယောက် ကျောက်ခေတ်လူသား၏ ကြောက်ရွံ့ရိုကျိုး စိတ်ဖြင့် ငြိမ်သက်လျက် ရှိသည်။

မိုးခြိမ်းသံ တဖြည်းဖြည်း စဲသွားသည်၊ တဖြည်းဖြည်း စိတ်သက်သာသွားကြသည်။ လေပြည်ကလေး တစ်ချက်ဝှေ့လာသည်။ ချမ်းသလို၊ အေးသလိုလို၊ နေသာထိုင်သာ ရှိသလို ဖြစ်လာသည်။ မိုးကလေး ဖွဲဖွဲ မှန်မှန် ရွာလာသည်။ မိုးဦးကျချေပြီ။ နောက်ထပ် ငါးလနီးပါး။ /သည်မိုးသံ နားခံရင်း ကျွန်းမှာ တိတ်ဆိတ်ခြောက်ကပ်စွာ နေရဦးတော့မည်။ ကွပ်ပျစ်တစ်ခုစီပေါ်မှာ အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ လဲလျောင်းနေကြဆဲ၊ ရုတ်တရက် မျက်စိကျိန်းအောင် ဖွေးဖွေးလက်သွားသော အလင်းရောင်နှင့် အတူ နားကွဲမတတ် ကျယ်လောင်သော အသံကို တစ်ပြိုင်နက် ကြားလိုက်ရသည်။ ကိုသိန်း ကွပ်ပျစ်အစွန်းပေါ်မှ လိမ့်ကျပြီး သဲပြင်ပေါ်မှာ မှောက်လျက်ကြီး ဖြစ်နေသည်။ သံလုံး သူ့ကွပ်ပျစ်နံဘေးမှ ဝါးလုံးတန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ မျက်စိစုံမှိတ်ထားသည်။ ရင်ဘတ်က တဒိန်းဒိန်း ခုန်နေသည်။ ငါ ဘာမှ မဖြစ်ဘူး။ ငါ မသေဘူး။ သူ သိနေသည်။ သို့သော် ခြေထောက်နှစ်ချောင်းကို တောင့်တောင့်ကြီး ဆန့်တန်းထားသည်။ ခြေထောက်တွေ ဘာဖြစ်သွားသေးလဲ။ လှုပ်မကြည့်ရဲ။ ခေါင်းမလှုပ်ရဲ။ မျက်စိ မဖွင့်ရဲ။ သေချင်ယောင်ဆောင်သူလို ငြိမ်နေ သည်။

ကိုသိန်း တုတ်တုတ်မလှုပ်။ သူ သဲပြင်ပေါ် ရောက်နေမှန်း သိသည်။ လှုပ်လိုက်လျှင် နောက်ထပ်ပစ်မှာ စိုးသဖြင့် ငြိမ်နေသည်။ သံလုံးကော။ သံလုံး သေပြီလား။ တစ်ကျွန်းလုံးမှာ သူတို့ နှစ်ယောက်

www.burmeseclassic.ocm

www.burmeseclassic.ocm



သာ ရှိသည်။ သူမဟုတ်လျှင် သံလုံး။ သံလုံးကိုပင် ချိန်ပစ် လေသည် ထင်သည်။ သည်ကောင်က တစ်သက်လုံး အဖေအမေတွေကို ဆဲဆို လာသည့် အကောင်။ အခုတော့ သွားလေပြီလား။ မိမိက အရှိန်ဟပ် ပြီး လွင့်ကျတာ ဖြစ်မည်။ တဲခေါင်မိုးတွေကော ရှိသေး၏လော။

ငါးမိနစ်၊ ဆယ်မိနစ်၊ တစ်ကမ္ဘာ။ တိတ်ဆိတ်ခြင်းကြီး တိတ် ဆိတ်နေသည်။ တစ်ကျွန်းလုံးက အသံဗလံများကို မိုးကြိုးက လှဲကျင်း ယူသွားသလို ထင်ရသည်။

လေဝှေ့လာသည်။ ဝေါဝေါ ဝေါဝေါနှင့် အဝေးမှ ဆူညံသံ တစ်ခု ပြေးလာသည်ကို ရုတ်တရက် ထိတ်လန့်စွာ ကြားရပြန်သည်။ မိုး။ ခေါင်မိုးပေါ်သို့ မိုးသီးမိုးပေါက်ကြီးများ ထုထပ်မြွတ်သိပ်စွာ ကျဆင်း လာလေသည်။ တဲခေါင်မိုး ဘာမှ မဖြစ်သေး။ သည်အတိုင်းပဲ ရှိသေး သည်။ ကွပ်ပျစ်ပေါ်က သံလုံး လှုပ်လာသည်။

'ကိုသိန်း၊ ကိုသိန်း' မရဲတရဲ ခေါ်ကြည့်သည်။

'ဟေ၊ မင်း ဘာဖြစ်သွားသေးလဲ'

ရန်သူကြားသွားမှာ စိုးသည့်ဟန် ခပ်အုပ်အုပ် ပြန်ဖြေသည်။

'ခင်ဗျား ဘယ်နားမှာလဲ'

'ငါ အောက်ကို လွင့်ကျသွားတယ်'

'ကျွန်တော့် ကွပ်ပျစ် လာအိပ်ချင် အိပ်ပါလား၊ မိုးကြိုးက ဘာကို ပစ်လိုက်သလဲ မသိဘူး။ မနက်ကျမှ ကြည့်ရမယ်'

ကိုသိန်း မှောင်ထဲ စမ်းကာ သံလုံးကွပ်ပျစ်ပေါ် တက်လာသည်။ နှစ်ယောက်သား ကျောချင်းကပ်ကာ မိုးသံ သည်းသည်းအောက်တွင် အိပ်ပျော်အောင် ကြိုးစားကြသည်။ ခြေထောက် ကွေးလိုက်၊ ဆန့်လိုက်၊ ရသမျှ ဘုရားရှိခိုး အမျိုးမျိုးကို စိတ်ထဲက ကျိတ်ရွတ်လိုက်နှင့် နံနက် လင်းခါနီးမှ အိပ်ပျော်သွားကြသည်။

အိပ်ရာမှ နိုး၍ တစ်ယောက်ကို တစ်ယောက် လက်တို့ကာ တဲပြင်ထွက်ပြီး ဘေးဘီ လှည့်ပတ်ကြည့်လိုက်သည့်အခါ၌ကား တဲခေါင်း



ရင်း ကပ်လျက်ရှိသော အုန်းပင်နှစ်ပင် ခေါင်းပိုင်းပြတ်ကာ မီးသွေး ငုတ်များ ဖြစ်နေကြသည်ကို တွေ့ရလေသည်။

သံလုံးနှင့် ကိုသိန်း မီးကျွမ်းသွားသော အုန်းပင်နှစ်ပင်ကို ကြည့် ကာ ကြက်သီး မွေးညင်းထသွားသည်။ တဲထဲကိုသာ ပစ်လိုက်လျှင် နှစ်ယောက်လုံး မီးသွေးတုံး ဘဝနှင့် မိုးကုန်ချိန် တံငါသည်တွေ ပြန်လာ သည်အထိ စောင့်ကြရလိမ့်မည်။ ကျွန်းစောင့် တစ္ဆေတွေများ ဖြစ်နေ ကြလေမည်လား။

'တို့ ကံကောင်းသွားတာပေါ့ကွာ၊ ရတနာ သုံးပါး ဂုဏ်ကျေးဇူး ကြောင့်ပဲ၊ ညအိပ်ရာဝင်ရင် အမြဲ ဘုရားရှိခိုးပြီးမှ အိပ်ရမယ်' ကိုသိန်းက ဆိုသည်။

မီးသွေးငုတ်များနားမှာ ဆက်၍ နေချင်စိတ် မရှိသဖြင့် ပင်လယ် ကမ်းစပ်ဘက် ထွက်လာခဲ့ကြသည်။ မိုးစဲသွားပြီ ဖြစ်သော်လည်း ပတ်ဝန်းကျင်က ကြည်ကြည်လင်လင် မသာချင်။ မိုးရိပ်မိုးနံ့ကလေး လွှမ်းခြုံ၍ နေသည်။ သဲပြင်က ရေမတင်သော်လည်း ညက မိုးနှင့် လေတွင် ကြွေကျသည့် အုန်းလက်များ၊ သစ်ကိုင်းသစ်ရွက်များက စွတ်စိုဆဲ ဖြစ်သည်။ သဲသောင်ပြင်၏ အသွင်သည်လည်း မနေ့ကနှင့် မတူ ပြောင်းလဲခဲ့ပြီ။ ထိုနည်းတူ ပင်လယ်ပြင်သည်လည်း မိုးတွင်းကာလ လှုပ်ရှားမှုကြီးအတွက် သွေးပူလေ့ကျင့်ခန်း ယူသည့်နှယ် လှုးလိမ့်ရိုက် ခတ်စ ပြုနေပေပြီ။

'မိုး မြန်မြန်ကျပြီး မြန်မြန်ကုန်သွားရင် ပြီးတာပဲကွာ၊ တို့ ရသမျှ ပစ္စည်းတွေ သိမ်းပြီး ပြန်ကြရုံပဲ' ကိုသိန်းက ဆိုသည်။

'ဒါပေါ့၊ ဒါပေါ့' သံလုံးက ခပ်သွက်သွက် ထောက်ခံလိုက် သည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



အုန်းနှစ်ပင် မိုးကြိုးခပြီးသည့် နောက်ပိုင်းရက်များတွင် ထစ်ချုန်းမှုလျော့ကာ မိုးမှန်လေမှန်နေသလို ရှိသည်။ မိုးဦးကျစ ကြောက်စရာကောင်းတယ် ဆိုသော အစွဲလေးရှိသည့် ကိုသိန်းစိတ်တွင် မိုးဦးကျအန္တရာယ်ကတော့ သည်မျှနှင့်ပဲ ပြီးလေပြီဟု တွေးမိကာ သက်သာသလို ရှိနေသည်။

သို့သော် တကယ်၌ သည်မျှနှင့် မပြီးခဲ့ချေ။

ပြဿနာက ပင်လယ်ထဲက စလာသည်။

မုန်တိုင်း။ ဘင်္ဂလားပင်လယ်အော် အနောက်ပိုင်း တစ်နေရာ၌ စတင် ဖြစ်ပေါ်သော လေဖိအားနည်းရပ်ဝန်း တစ်ခုသည် မုန်တိုင်းငယ် တစ်ခုအဖြစ်သို့ ပြောင်းလဲကာ အရှေ့ဘက်ဆီသို့ ရွေ့လျားလာသည်။ ထိုသို့ရွေ့လျားရင်း အင်အား ပိုမိုပြင်းထန်လာကာ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းသို့ အရှိန်အဟုန်နှင့် ဝင်ရောက်ခဲ့သည်။ အုန်းကျွန်းသည် မုန်တိုင်း မျက်စိတည့်တည့်၌ မကျရောက်သော်လည်း အဖျားခတ်သည့် ဒဏ်ကိုကား အတော်ပင် ပြင်းထန်စွာ ခံစားလိုက်ရလေသည်။

မနက်စာကို မနေ့က ချန်ထားခဲ့သည့် ငါးကင်တစ်ကောင် ချဉ်ပေါင်ဟင်း တစ်အိုးနှင့် စားလိုက်ကြပြီးနောက် အိုက်စပ်စပ် ရှိသည်နှင့် ကွပ်ပျစ်ကိုယ်စီ၌ မှိန်းနေကြစဉ် တစ်ချက်တစ်ချက် လေတိုက်ပုံ ကြမ်းသည်ကို သတိပြုမိကြသည်။

'မုန်တိုင်းများ ရှိသလား မသိဘူး'

သံလုံး ပါးစပ်က ထွက်သွားသည်။

'မင်းကလဲကွာ မဦးမချွတ်နဲ့' ကိုသိန်းက မာန်သလို ဆိုသည်။ ထိုနောက် 'မင်းပြောတဲ့အတိုင်း ဖြစ်ရင် ဘယ့်နှယ်လုပ်ကြမလဲ၊ တဲကတော့ ခိုင်ပါတယ်နော်'

'ရပါတယ်ဗျ၊ တော်တော်တန်တန် လေလောက်နဲ့တော့ ဘာမှ မဖြစ်ပါဘူး။ တဲက အသစ်ကြီးပဲဟာ၊ ခင်ဗျားလဲ ပင်လယ်နား နေလာတာ ကြာပြီပဲဗျာ၊ မိုးတွင်း ဆိုတာ လေတော့ နည်းနည်းပါးပါး



တိုက်မှာပေါ့၊ မကြောက်ပါနဲ့ဗျ'

'ကြောက်တာတော့ မဟုတ်ပါဘူး၊ တစ်မိုးတွင်းလုံး နေရမှာဆိုတော့ နည်းနည်းတော့ တွေးပူတာပေါ့၊ ခုမှ အစရှိသေးတယ် မဟုတ်လား'

ကိုသိန်း တဲအပြင် ထွက်လာသည်။ ကောင်းကင်ပြင်က ခပ်မှိုင်းမှိုင်း ခပ်မှုန်မှုန်။ ပင်လယ်ရေက ပြာလဲ့ ကြည်စင်ခြင်း မရှိ။ ခဲသားရောင် ဖျော့ဖျော့။ ခပ်မှုန်မှုန် ခပ်နောက်နောက်။ အပေါ်ယံတွင် နေရောင်ဖျိုးဖျလက်နေသည်။ လေပြင်းတစ်ချက် ဝှေ့လိုက်ရာ အုန်းပင် အုန်းလက်များ ဘယ်ယိမ်း ညာယိုင်။ သစ်ပင်သစ်ရွက်များ လှုပ်ခတ်သံက အတန်ပင် ညံသလို။ သစ်ရွက်ကြွေအချို့ လေတွင် လွင့်ဝဲပါလာကြသည်။ ကိုသိန်း ကမ်းစပ်အထိ လျှောက်သွားသည်။ အနောက်ဘက် ဟိုအဝေးဆီ၌ တိမ်စိုင်တိမ်ခဲ မည်းမည်းတစ်ခု။ မှုန်မှိုင်းသော ပတ်ဝန်းကျင်ထက် ပို၍ မည်းသည်။ တိမ်တိုက်မည်းမည်းက မျက်စိရှေ့မှာပင် ကြီးထွားလှုပ်ရှားနေသလို။ ပင်လယ်လှိုင်းများက ခါတိုင်းလို နရီစည်းဝါး မကျချင်။ မညီမညာ လုယက်တိုးဝှေ့လျက်။ တစ်ခုကို တစ်ခု ခေါင်းထိုးရိုက်ချိုးလျက်။ လေပြင်း တစ်ချက်အဝှေ့တွင် နောက်ဘက် လန်ချင်သလို ဖြစ်သွားပြီး ရုတ်တရက် ကိုသိန်း ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ပင်လယ်ကမ်းစပ်မှာ နွေရာသီ အပန်းဖြေလေညှင်းခံသည့်အခါမျိုးမှာလည်း ဒီလောက်တော့ တိုက်တတ်တာပဲဟု ကိုယ့်ကိုယ်ကို စိတ်အေးအောင် သတိပေးကာ တဲဆီသို့ ပြန်ခဲ့သည်။

ကိုသိန်း တဲထဲ ဝင်လာတော့ သံလုံး ကွပ်ပျစ်ပေါ်က လှမ်းမေးသည်။

'ကိုသိန်း မိုးလေဝသ အခြေအနေ သွားကြည့်တာလား၊ ဘာမှ မဖြစ်ပါဘူးဗျ၊ အေးအေးဆေးဆေး နေစမ်းပါ၊ လေမုန်တိုင်း တိုက်တော့ ကော ဘာဖြစ်မလဲဗျာ၊ ခင်ဗျား ပင်လယ်ထဲ ပါသွားအောင် အတိုက်တော့ မတိုက်ပါဘူးဗျ'

www.burmeseclassic.ocm

www.burmeseclassic.ocm



'ခွေးမသား'ဆိုပြီး ကိုသိန်း ကွပ်ပျစ်ပေါ် တက်၍ လှဲနေလိုက်သည်။ စိတ်ထဲတွင်ကား မအေးနိုင်။ လေမုန်တိုင်းတိုက်လျှင် ဘယ်လိုလုပ်မလဲ။ ဘာတွေ ဖြစ်မလဲ။ သံလုံး ဆိုသည့်ကောင်က အသိဉာဏ် သိပ်ရှိတဲ့ကောင် မဟုတ်။ အားကိုးရမယ့် အကောင် မဟုတ်။

နေ့လယ်ခင်း တစ်ခုလုံး လေသည် ပြင်းပြင်းကလေး ဝှေ့သွားလိုက်၊ ပြန်ငြိမ်သွား ပြေသွားသလို ရှိလိုက် ဖြစ်၍ နေသည်။ ညနေလေးငါးနာရီခန့်တွင်ကား သိသိသာသာ ပြင်းထန်၍ လာလေသည်။ သစ်ပင်အုန်းပင်များ သောသောအုတ်အုတ် လှုပ်ရှားသံအပြင် လေသံ တဝီဝီကိုပါ ဆူညံစွာ ကြားလာရသည်။ ပင်လယ်ပြင်က ကြမ်းတမ်းခက်ထန်လာသည်။ လှိုင်းလုံးတွေ မြင့်မောက် ကြီးထွားလာသည်။ ခေါင်းချင်း ယှက်ထိုး တဝုန်းဝုန်း ရိုက်ချိုးကာ ရေမြှုပ် တစီစီ ထလာသည်။ ကောင်းကင် တစ်ခုလုံး အုံ့မည်းကာ မိုးပေါက်ကြီးများ ကျလာသည်။ တဖြည်းဖြည်းနှင့် လေရော ရေပါ သွန်ကြဲတိုက်ခတ်သလို ဖြစ်လာသည်။

တဲကလေး သွက်သွက်ခါ၍ နေသည်။ တဲခေါင်မိုးနီမိုးက လေတွင် လွင့်ပါသွားတော့မလို လှုပ်ယမ်း၍ လာသည်။ မိုးက အပေါ်တည့်တည့်မှချည်း ရွာသွန်းချသည် မဟုတ်။ ဇွေစောင်းရော၊ ဘေးတိုက်ပါ တအားပက်ဖျန်းနေသည်။ ခေါင်နိမ့်နိမ့်ကလေး အုပ်ထားသည့်ကြားက တဲတွင်း ရှိသမျှ ပစ္စည်းပစ္စယအားလုံး စိုရွှဲကုန်သည်။ ကိုသိန်းနှင့် သံလုံး ရှိသမျှ အဝတ်အစားတွေ သားရေအိတ်ထဲ ဖိသိပ် ထည့်သည်။ စောင်နှင့် ခေါင်းအုံးများကို ပုဆိုးနှင့် ပတ်၊ ပလတ်စတစ်နှင့် ထုပ်ကာ ကြိုးတစ်ချောင်းရှာ၍ ချည်ပြီး ကွပ်ပျစ် ခြေထောက်နှစ်ခုကြား ချထားလိုက်သည်။

အိုးခွက်ပန်းကန်နှင့် တိုလီမိုလီဘူးတွေ ခွက်တွေအားလုံး သိမ်းကျုံးကာ စားပွဲခုံ သဘောမျိုး သုံးသည့် ထင်းရှူးပုံကြီးထဲ ထည့်သည်။ အရေးကြီးသည်က ဆန်။ ဆန်ရေစိုလျှင် ခက်မည်။ သို့သော် ဆန်က



စဉ့်အိုးများနှင့် ထည့်ထားတာ ဖြစ်၍ အဖုံး လုံနေလျှင် ပူစရာမလို။ စဉ့်အိုးကြီး တစ်လုံးကတော့ ဖွင့်မသုံးရသေးသဖြင့် ငါးဖမ်းအဖွဲ့သားတွေ စီမံပေးခဲ့သည့်အတိုင်း ပလတ်စတစ် ထူထူအုပ်ပြီး အိုးနှုတ်ခမ်းပတ်၍ ကြိုးစည်းလျက် လုံလုံခြုံခြုံ။ သုံးလက်စအိုးမှာ အပေါ်က ဝါးပတ်ခမောက် တစ်လုံးနှင့် အုပ်ထားသည်။ လေတိုးသည့်အခါ ခမောက်က အိုးပေါ်မှာ မငြိမ်နိုင်၊ ခဏခဏ လိမ့်ကျနေသည်။

'သံလုံးရေ၊ ဆန်အိုးဖုံးတဲ့ ပလတ်စတစ်စ ဘယ်ရောက်နေလဲကွ'

ကိုသိန်း လှမ်းမေးသည်။ လေသံမိုးသံ ညံနေသဖြင့် သံလုံး မကြား။

'ဆန်အိုးဖုံးတဲ့ ပလတ်စတစ် ဘယ်မှာလဲ'

ကိုသိန်း သံလုံးအနားကပ်ကာ အော်၍ မေးသည်။

သံလုံး ယောင်တိယောင်တောင်။ မျက်စိထဲ အမြဲမြင်နေပါတယ်ဟု စဉ်းစားမိသည်။ နောက်တော့မှ သတိရသည်။ တဲခေါင်နောက်ဘက် အနိမ့်ပိုင်း ခနီမိုးကြားတွင် ခေါက်၍ ထိုးထားသော ပလတ်စတစ်နှင့် ကြိုးထုံးကလေးကို သံလုံး ဆွဲထုတ်ယူလာပြီး ကိုသိန်းကို ပေးသည်။ နှစ်ယောက်သား ဆန်အိုးကို လုံခြုံအောင် ထုပ်ပိုးချည်နှောင်ကြသည်။ ထို့နောက် သောက်ရေအိုးကို စင်ကလေးပေါ်မှ ချကာ စဉ့်အိုးကြီး နှစ်အိုးအနီး သဲပြင်မှာ ကရွတ်ခွေနှင့် တင်။ ရေခွက်ကို အိုးထဲနှစ်ပြီး အဖုံးဒန်ပြားကို တဲထောင့်ရှိ ကျောက်ခဲကြီး တစ်လုံးနှင့် ဖိထားလိုက်သည်။

ပြီးလျှင် လုပ်စရာ မရှိတော့။ တဲထဲ ထိုင်နေဖို့ပဲ ရှိသည်။ သို့သော် တဲကလည်း အပြင်းအထန် လှုပ်ယမ်း၍ နေချေသည်။ လူပင် လှုပ်လာ ယိုင်လာသည်။ တဲသာ မရှိလျှင် လူတွေပါ လေနှင့် လွင့်ပါသွားမလား ထင်ရသည်။ မိုးဒဏ်လေဒဏ် ခံနိုင်အောင် ဟူ၍ အထပ်ထပ် ချည်နှောင် ချုပ်လုပ်ထားခဲ့သော တဲခေါင်မိုးက လေပြင်းနောက် လိုက်ပါချင်သဖြင့် အတင်းအဓမ္မ ရုန်းကန်လျက် ရှိနေသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



လေသံက တိုးဝှေ့တိုက်ခတ်သံ သက်သက်မဟုတ်။ ဟာစ်အော်ကြွေးကြော်နေသည့် အသံမျိုး။ လေထဲ မိုးသီးမိုးပေါက်များ သိပ်သည်းပိတ်ဆို့ကာ အပြင်ဘက်ဆီသို့ မမြင်နိုင်ဘဲ ရှိသည်။ အလင်းရောင်နည်းနည်း ရှိနေသေးသဖြင့်သာ နေမဝင်သေးမှန်း သိရသည်။

'မီးခြစ်ကျောက်ထုပ် တွေ့လိုက်ရဲ့လားကွ၊ မီးခြစ်ကျောက်'

ကိုသိန်း သံလုံးနား ကပ်ကာ အရေးတကြီး သတိရလိုက်သည့်အရာကို မေးသည်။

'ထည့်ထားပြီ၊ ထည့်ထားပြီ'

သံလုံး ထင်းရှူးပုံးကို လက်ညှိုးညွှန်ကာ အော်၍ ဖြေသည်။

မီးခြစ်က သူတို့အတွက် သေရေး ရှင်ရေးကိစ္စ။ ဓာတ်မီးခြစ်နှစ်လုံး။ မီးခြစ်ကျောက်၊ ဓာတ်ဆီ။ စိတ်ချရအောင် နှစ်ပုလင်းခွဲထည့်ထားသည်။ 'မီးမရှိရင် မင်းတို့ သေလိမ့်မယ်' ဟု သတိပေးသွားကြသည်။ မှန်သည်၊ မီးမရှိလျှင် ကမ္ဘာဦးခေတ် ပြန်ရောက်သွားမည်။ မိမိတို့က ကမ္ဘာဦးလူသား၏ ခွန်အား သတ္တိနှင့် မီးလွတ်စားသည့် အလေ့အကျင့်မျိုး ရှိသည် မဟုတ်။

နှစ်ယောက်စလုံး သဲမြေပေါ်တွင် ဆန်အိုး ကိုယ်စီမှီလျက် ငုတ်တုတ် ထိုင်နေကြသည်။ ဒီပုံအတိုင်း ဆိုလျှင် ဒီနေ့တော့ ထမင်းငတ်ပြီ။ သံလုံး တွေးမိသည်။ လေက ဘယ်လောက်တိုက်ဦးမည် မသိ။ တဲသာ လွင့်ပါသွားမည် ဆိုလျှင်တော့ ဘာနဲ့ ဘယ်လို ပြန်ဆောက်ပါ့မလဲ။ တစ်မိုးလုံး ဒုက္ခ။ အေးအေးဆေးဆေး ရွာမှာပဲ အရက်ချက်ပြီး အကြွေးတွေ တဖြည်းဖြည်း ပြန်ဆပ်ရင် အရသား။ ပြီးတော့ဖဲ ဆိုတာလည်း ရှုံးမဲ့ မမဲ့ဘဲ အလိမ္မာနှင့် ပိုင်းဖြတ်ပြီး ကစားမယ်ဆို ရင် ပြန်နိုင် နိုင်သည် မဟုတ်လား။ သံလုံး သည်လိုပဲ တွေးကာ ကျွန်းမှာ နေဖို့ စိတ်ကူးမိခဲ့သည်ကို နောင်တရနေသည်။ သို့သော် ကြာကြာတွေး မနေနိုင်။ တဲက သိမ့်ခနဲ၊ သိမ့်ခနဲ။ လေက ရူးရူးဝါးဝါး၊ ဟူးဟူးရားရား။ လေအော်သံ့ မိုးအော်သံများကြားမှာ တဲ၏ ညည်းတွားသံကိုပါ ကြားနေရသလို။ တဲကလေးယိုင်ပြီး မြေမှာ ပြားသွားလေမည်လား။ တိုင်တွေပါ ကျွတ်ပြီး ပါသွားလေမည်လား စိုးရိမ် ထိတ်လန့်နေရသည်။



တစ်ဘက်သတ် တွန်းဖိနေသည့် လေပြင်းက ထပ်၍ အားစိုက်ကာ လူကိုပါ ဆောင့်တွန်းလိုက်သလို ထင်ရသည်။ ကိုသိန်း အနီးရှိ ကွပ်ပျစ် ခြေထောက်ကို လှမ်းဖက်သည်။ သံလုံး သူ့အနား ရောက်လာပြီး သူ့လိုပဲ ကွပ်ပျစ်ခြေထောက် တစ်ချောင်းကို လာချိတ်သည်။ သူတို့ ကိုယ်ပေါ် မိုးရေတွေ တအား သွန်ချသလို ကျနေသည်။ သံလုံး ကိုသိန်း နားနားကပ်ပြီး အော်ပြောသည်။

'တဲခေါင်မိုး မရှိတော့ဘူး'

သူတို့ တဲက ခေါင်မိုးအပြင် တိုင်နှင့် တန်းသာ ရှိသည်။ ခေါင်မိုးက အဓိက။ သူပဲ အမိုး သူပဲ အကာ ဖြစ်သည်။ ခေါင်မိုး မရှိလျှင် တဲမရှိတော့သည်နှင့် အတူတူ။

တဖြည်းဖြည်း ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ဖုံးလာသည်။ အမှောင်ထုထက်မက ကြီးစိုးလွှမ်းမိုးနေသည်က အသံထု။ ငြီးငွေ့စရာ ပင်လယ်လှိုင်းသံမှအပ တိတ်ဆိတ်ခြောက်ကပ်နေခဲ့သော ကျွန်းမှာ မပြီးဆုံးနိုင်သော ဧရာမ အသံလှိုင်းလုံး၏ နှင်းကြိတ်ချေမှုန်းခြင်းကို ခံနေရသည်။ မိုးရေကလည်း အစက်အပေါက်လိုက် မဟုတ်။ ရေတံခွန်လို တပြင်တည်း တသွင်တည်း သွန်ကျနေသည်။

ကိုယ့်လက် ကိုယ်မမြင်ရအောင် မည်းမှောင်သော မှန်တိုင်းညအမှောင်အောက်တွင် ရူးရူးဝါးဝါး ငယ်သံပါအောင် အော်ဟာစ်မြည်တမ်းသံများနှင့် ဈာန်သားရာထောင်တို့ လုံ့စွပ်တိုက်ပွဲ ဆင်နွှဲနေသည့်နှယ် ကြောက်ခမန်းလိလိ ကြိမ်းမောင်းဟာစ်ကြွေးသံများ တစ်လှည့်စီ တစ်ဖန်စီ ခြိမ်းခြောက်နေသည့် လေမုန်တိုင်းဒဏ် မိုးပေါက်မိုးခဲတို့၏ ကြမ်းတမ်းစွာ ရိုက်ပုတ်ခြင်း ဒဏ်များကို အားကိုးရာမဲ့စွာဖြင့် လည်စင်း၍ ခံကြရသည်။ သွေးရူးသွေးတန်း ပြေးစရာ နေရာလည်း မရှိ။ ဘာဆို

www.burmeseclassic.ocm

www.burmeseclassic.ocm



ဘာ တစ်ခုမှလည်း မမြင်ရ။ ကွပ်ပျစ်ခြေထောက်ကို တင်းတင်းဖက်ကာ ဘုရားကိုသာ အကြိမ်ပေါင်း ထောင်သောင်းမက တနေကြရသည်။ မပြီးနိုင် မဆုံးနိုင်။ မိုးက ဘယ်အခါမှ မလင်းတော့ဟု ထင်ရသည်။

အမှောင်ထု ပိန်းပိတ်လျက်ပင် မုန်တိုင်း တဖြည်းဖြည်း စဲသွားသည်။ မိုးက မိုးပေါက်ကျဲကျဲ ခပ်ဖွဲဖွဲသာ ရွာတော့သည်။ အချိန်ကို ညသန်းခေါင်လား၊ အရုဏ်တက်ခါနီးလား၊ မမှန်းဆတတ်။ သံလုံးနှင့် ကိုသိန်း ကွပ်ပျစ်ခြေထောက် နှစ်ချောင်းကို တစ်ယောက် လက်တစ်ဖက်စီ ချိတ်၊ ကျန်နေသော လက်နှစ်ဖက်နှင့် တစ်ယောက်ကို တစ်ယောက် တင်းတင်းဖက်ကာ ထိုင်နေမိကြတာ ကိုယ့်ဘာသာ သတိပြုမိကြသည်။

‘စဲသွားတော့မယ်နဲ့ တူတယ်’

သံလုံးက ဆိုသည်။

‘ဘုရားမလို့ စဲသွားပါစေဗျာ’

ကိုသိန်း သံလုံးကို ပြောသလို ဘုရားထံ ဆုတောင်းသလို ဆိုသည်။

မုန်တိုင်း တကယ်ပင် စဲသွားလေသည်။ သို့သော် ဘာမှ မမြင်ရအောင် မှောင်မိုက်နေဆဲ။ ဘယ်အချိန် မနက်လင်းမည်ဟူ၍လည်း မသိနိုင်။ သံလုံးနှင့် ကိုသိန်း အဝတ်စိုများနှင့်ပင် ကွပ်ပျစ်တွေပေါ် ဝမ်းလျားမှောက်ကာ စိတ်ပျက်အားလျော့စွာ ငြိမ်သက်၍ နေရင်း အိပ်ပျော်သွားကြသည်။

*

နောက်တစ်နေ့ကား အကြီးအကျယ် အလုပ်လုပ်ရသော နေ့ ဖြစ်သည်။ မနက်အရုဏ်ကျင်းသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ပြိုင်တူလိုလို နိုးလာကြပြီး ပတ်ဝန်းကျင်ကို ကြည့်ကြသည်။ ကျွန်း တစ်ခုလုံးကား မနေ့က ကမ္ဘာပျက်ခဲ့သည့် အဖြစ်ကို အထင်အရှား သက်သေထူလျက် ရှိ



သည်။ မူလက ကျွန်းအလှသည် ရုပ်ပျက် ဆင်းပျက် ဖြစ်လျက် ရှိသည်။ သဘာဝ အလှတွေသည် အမှိုက်သရိုက်အဖြစ် ကူးပြောင်းခဲ့ပြီ။ သဲသောင်ဖွေးဖွေးသည် သစ်ရွက် သစ်ခက် သစ်ကိုင်းကျိုးတို့ဖြင့် ညစ်ထေးလျက် ရှိသည်။ လေပြေတွင် အခက်အလက်တွေ ဝေ့ယမ်းကာ ကျွန်း၏ အလှကို ဆောင်ခဲ့သည့် အုန်းပင်များမှာ မြေတွင် တုံးလုံးလဲလျက် ရှိကြသည်။ မလဲဘဲ တောင့်ခံနိုင်သူတို့သည်လည်း အလက်ကျိုးကျဲနှင့် သနားစဖွယ် မြင်တွေ့ရသည်။ တောင်ဆီမှာလည်း သစ်ပင်ကြီးတွေ လဲပြိုကျလျက်။

ညက အုန်းပင် မပါ၊ သစ်ကိုင်းကျိုးများနှင့် မထိမရိုက်မိခဲ့ခြင်းမှာ အံ့ဖွယ်ကောင်းလွန်းသည်။ ဘုရားမသည်ဟု ဆိုရလိမ့်မည်။ သူတို့တဲမှာလည်း ဒုက္ခသည်စခန်း ဖြစ်နေပြီ။ တိုင်ကျိုးကျဲကြားမှာ ကွပ်ပျစ် နှစ်ခု ချထားသည့်နှယ်။ စဉ့်အိုးကြီးငယ်များက အနေအထား မပျက်။ ထင်းရှူးပုံးက အတော်ဝေးဝေး ရွေ့သွားသည်။ ခေါင်းအုံးထုပ် မရှိတော့။ အပြေးအလွှား လိုက်ရှာကြသည်။ ကံအားလျော်စွာ ဝေးဝေး မရှာရ။ မလှမ်းမကမ်းက အုန်းပင် တစ်ပင်အောက်မှာ ပိ၍ နေသည်ကို တွေ့ရသည်။

‘အင်း ဘာပစ္စည်းမှ ဆုံးရှုံးမှု မရှိလို့ တော်သေးတာပေါ့။ ဒါပေမယ့် တဲခေါင်မိုးက ပြဿနာ’

ကိုသိန်းက ဆိုသည်။

မှန်သည်။ တဲခေါင်မိုးကိစ္စက ပြဿနာ။ ခေါင်မိုးမရှိလျှင် တစ်မိုးတွင်းလုံး ဘယ်လိုနေကြမည်နည်း။ ပေါ့ပေါ့မဟုတ်။ သေရေးရှင်ရေး ကိစ္စ။ မလှမ်းမကမ်းဆီတွင် မဖျက်ဘဲ ချန်ရစ်သော တံငါတဲနှစ်လုံးနှင့် ဘေးနားမှာ စုပုံထားသော ဓနိဟောင်းကလေး၊ ဝါးအတိုအစကလေးများရှိတာ သတိရကြသည်။ အနည်းအကျဉ်း ကျန်မည်ဆိုလျှင် စပ်ဟပ်ဖာထေး ကြည့်၍ ရနိုင်မည်လား။ တဲဟောင်းတွေဆီ သူတို့ ပြေးသွားကြသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



တဲကောင်းပင်လျှင် လွှင့်ပါသွားပြီ ဆိုသည့်နောက် တဲဟောင်းက ဘယ်မှာ အစအန ကျန်ရစ်မည်နည်း။ ခနီဟောင်းပုံမှ လွင့်စင်သော ခနီမိုး တစ်ခုတစ်လေကိုကား ဟိုအောက် သည်အောက်မှာ ပိလျက် ညပ်လျက် တွေ့ရသည်။ နဂိုက အဟောင်း။ လေတိုက်၍ လွင့်စင်တော့ ဖွာလန်ကြဲ ဖြစ်ကုန်ကြသည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ အားကိုးရမလား ဆိုသော သဘော။ အားကိုးစရာကား မမြင်၊ ပျက်နေသော မျက်နှာကိုသာ မြင်ရသည်။

'ကဲ ဘယ့်နှယ်လုပ်ကြမလဲ၊ မိုးတွင်းကြီးမှာ အမိုးမရှိ အကာမရှိ နဲ့ ဆိုရင်တော့ ဟင်း'

ကိုသိန်း သက်ပြင်းကြီး ချသည်။ မိုးတွေ လေတွေ ကြားမှာ။ ပြီး သည်လို မုန်တိုင်းမျိုး ထပ်တိုက်လျှင် ဘယ်ချောင်မှာ တိုးဝှေ့ခိုကပ် နေမည်နည်း။ မတွေးဝံ့စရာ။

ကိုသိန်း ဝမ်းနည်း ထိတ်လန့်ကာ ငိုချင်လာသည်။ သံလုံးမျက်နှာ ကြည့်လိုက်တော့လည်း ဆီးရွက်လောက်သာ။ ရုတ်တရက် လိုဏ်ခေါင်းကို သတိရသည့်အခါ အလွန်ပင် ဝမ်းသာသွားသည်။

'ဟော့ သံလုံးရေ၊ တို့ ဟိုတောင်ခြေရင်းက လိုဏ်ခေါင်းကြီး ရှိတာပဲကွ၊ အဲဒီမှာ နေရင် ဖြစ်နိုင်တယ်။ ရှေးခေတ်က လူသားတွေ အဲဒီလိုပဲ နေကြတာပဲ'

'ဟာ ခင်ဗျား လိုဏ်ခေါင်းကို ချုံတွေ စီးနေတာ၊ ဘယ်လောက် ကျယ်မှန်း နက်မှန်း မသိ၊ အထဲ ဘာကောင်ရှိလို့ ရှိမှန်း မသိ၊ ပြီးတော့ မတော် ပြိုပျက်ကျရင် ဘယ့်နှယ်လဲ လုပ်မလဲ၊ တစ်ခါတည်း မြှုပ်ပြီးသား ဖြစ်နေမယ်'

'ဟာ မင်းကလဲ မဟုတ်တာကွာ၊ ရှေးနှစ်ပေါင်းများစွာက ရှိလာတဲ့ ဟာ၊ ခုမှ ချက်ချင်း ဘယ်ပြိုပါ့မလဲ၊ အထဲ သတိနဲ့ ဝင်ကြည့်ပြီး နေလို့ ထိုင်လို့ ဖြစ်မယ့် အနေအထား ဆိုရင် ရှင်းလင်း ပြုပြင်ပြီး နေမယ်၊ နေလို့ မဖြစ်ရင်တော့လဲ မနေဘူးပေါ့၊ မိုးလုံ လေလုံဖို့က



အရေးကြီးတယ် မဟုတ်လားကွ'

ကိုသိန်းက လိုဏ်ခေါင်းကို စိတ်ဝင်စားနေသည်။ သံလုံးက အကြောက်အကန်။

'ခင်ဗျားဥစ္စာ အဓိပ္ပာယ် မရှိပါဘူးဗျာ၊ ကျွန်တော်တော့ အဲဒီ လိုဏ်ခေါင်း ဆိုတာမျိုးထဲ မနေရဲဘူးဗျ၊ သစ်ပင်အောက်သော်လဲ နေချင် နေရမယ်၊ တဲမိုးလို့ ရအောင် ကြံဖန် စဉ်းစားပါဦးဗျာ၊ ဝါးတွေ ခုတ်ပြီး ဝါးကပ်လုပ်မိုးရင်ကောဗျာ၊ နေဦးဗျ၊ ဒီ အုန်းလက်တွေနဲ့ ခနီမိုးလုပ်ရင် မရဘူးလား၊ ခင်ဗျား ခနီမိုးထိုးတာ မြင်ဖူးတယ် မဟုတ်လား'

'မြင်ဖူးရုံ ဘယ်ကမလဲ၊ ငါ ထိုးတောင် ထိုးဖူးတယ်'

မှန်သည်။ သံလုံးသာ ပင်လယ်နားသား ဖြစ်ပြီး ခနီမိုး တစ်ခါမှ စမ်းမထိုးကြည့်ဘူးသော်လည်း ကိုသိန်းကတော့ ခနီမိုး ထိုးသည့် အမျိုးသမီး တစ်သိုက်ကြားထဲ ဝင်ရောရင်း ခနီမိုး ခပ်သွက်သွက်ကလေး ထိုးတတ်လောက်အောင်အထိ စမ်းကြည့်ဖူးခဲ့သည်။ သို့သော် တဲတစ်ခုလုံး မိုးဖို့ ဆိုသည်က မလွယ်။ ပြီး အခုဟာက ခနီမဟုတ်၊ အုန်းလက်။ တစ်ခြားစီ။ ခနီကိုပင် အိမ်မိုးလုပ်ရန်အတွက် အဆင့်ဆင့် ပြုပြင်ရသေးသည်။ သည်အုန်းရွက်နှင့် ဖြစ်နိုင်ပါ့မလား။ အလကား အချိန်ကုန် လူပန်း ဖြစ်မည်လား။ မတတ်နိုင်။ အခြေအနေအရ တစ်ခြားလုပ်စရာ နည်းလမ်း မရှိဘူး ဆိုလျှင် စမ်းကြည့်ရတော့မည်။

'တဲတစ်လုံးပြီးအောင် ဆိုရင် ဘယ်နှစ်ရက် ဆက်ထိုးရမလဲ မသိဘူး။ အေးလေ၊ မလုပ်မဖြစ်တဲ့ ကိစ္စ၊ တို့မှာ တစ်ခြား အလုပ်လဲ ရှိတာမှ မဟုတ်ဘဲ၊ ဒီတစ်နေ့ ပြီးသလောက် လုပ်ပြီး မိုးကြည့်ကြတာပေါ့ကွာ'

ကိုသိန်းက ဆိုသည်။

'ကဲ ခုအချိန်က စပြီး လုပ်ကြမယ်၊ မင်းက ဝါးသွားခုတ်၊ ခေါင်အတွက် တန်းတွေအတွက်ရော၊ ပြီးတော့ နှီးထိုးဖို့ ဝါးလဲ လိုသေး

www.burmeseclassic.ocm

www.burmeseclassic.ocm



တယ်၊ ဖြည်းဖြည်းစီ သယ်ပေါ့၊ ဒါနဲ့ မင်းနိုးကော ထိုးတတ်ရဲ့လား'

'ဖြစ်ပါတယ်ဗျာ၊ ဒီလိုပဲ စမ်းထိုးကြည့်ရမှာပေါ့၊ မခက်ပါဘူး'

သံလုံး ဝါးတောရှိရာသို့ ဓားတစ်ချောင်းနှင့် ထွက်သွားသည်။ ကိုသိန်း သုံးစွဲလို့ရမည့် ဝါးလုံး အတိုအစများ လိုက်စုသည်။ ပြီး လဲကျနေသော အုန်းပင်များမှ အရွက်တွေ အရင်းက ဓားနှင့် လှီးပြီး ယူနေသည်။ အုန်းရွက်ပုံ တစ်ပုံရသည့်အခါ စောစောက ဝါးလုံး အတိုတွေ ခွဲခြမ်းကာ ဝါးခြမ်းစ ချောချောဖြစ်အောင် ဓားနှင့် သပ်သည်။ ဝါးခြမ်းစရှည်ရှည်မှာ အုန်းရွက်တွေကို အမျိုးမျိုး စီတွဲကြည့်ရင်း ကိုသိန်း စဉ်းစားသည်။ ဒီကောင် မိုးရွာရင် ခံနိုင်ပါ့မလား။ လေတိုက်ရင်၊ နေပူလို့ ခြောက်သွားရင်။ ဝါးထရံ စိပ်စိပ်ရက်ပြီး အပေါ်က ဖိအုပ်ထား၊ ခိုင်ခိုင်မာမာ ချည်တုပ်ထားရင်တော့ ဖြစ်လိမ့်မည် ထင်သည်။ သည်လို စဉ်းစားတွေးတောရင်း လုပ်ကိုင်နေဆဲ အော်သံခေါ်သံ ကြားရသည်။

'ကိုသိန်းရေ၊ ဟော့ ကိုသိန်း'

သံလုံး အော်ခေါ်ပြီး ပြေးလာနေသည်။

ကိုသိန်း ထိတ်ခနဲ ဖြစ်သွားသည်။ ဘယ်လို ဘေးအန္တရာယ် တွေ့လာပြန်လေပြီလဲ။

'တဲခေါင်မိုး ပြန်တွေ့ပြီဗျ၊ တဲခေါင်မိုး'

သံလုံး-ဗလုံးဗထွေး ပြောသည်။

'ဟေ တဲခေါင်မိုး ဟုတ်လား'

'ဟုတ်တယ်၊ တဲခေါင်မိုးတစ်ရွက် ဟိုတောင်စောင်းက ချုံထဲမှာ ညပ်နေတယ်။ ကျွန်တော်တို့ မစဉ်းစားမိလို့ဗျ။ လေက ပင်လယ်ဘက်ကနေ ကုန်းတွင်းဘက်တိုက်တာ။ အုန်းပင်တွေလဲပုံ ကြည့်ပါလား။ အတွင်းဘက် ခေါင်းထိုးပြီး လဲနေတာ များတယ်။ တဲခေါင်မိုးလဲ လေနဲ့ လွင့်ပါပေမယ့် ဒီတောင်ကြီးတော့လဲ ဘယ်ကျော်နိုင်မလဲဗျ'

သံလုံးက ရှင်းပြနေသည်။



နှစ်ယောက်သား တဲခေါင်မိုး တွေ့ခဲ့သည် ဆိုသော နေရာသို့ သွားကြသည်။ သံလုံးပြောသည့်အတိုင်း နွယ်ပင်တွေ စီးနေသော သစ်ပင်အုပ် တစ်ခုမှာ ချိတ်လျက် တွေ့ရသည်။ ခေါင်မိုး တစ်ခြမ်း။ သူတို့တဲမှာ အစိက က ရှေ့နောက်ပင်မ အမိုးနှစ်ခြမ်း။ ပြီးတော့ ဘေးကကာသည့် အဖီမိုးလေး နှစ်ချပ်။ ဓနိမိုးကို အပေါ်မှ မျက်ကွင်းထရံနှင့်အုပ် ဝါးလုံးတန်းနှင့် ချုပ်ပြီး အခိုင်အမာ ချည်နှောင်ထားခြင်း ဖြစ်၍ လေတိုက်သည့်အခါ အချပ်လိုက် လွင့်သွားခြင်း ဖြစ်သည်။ နောက်ထပ် ကျန်တာတွေ တွေ့ရနိုး လိုက်ရှာကြသည်။ အနီးပါးနား မျှော်ခေါ် ကြည့်ကြသည်။ မတွေ့၊ မမြင်။ လူနှစ်ယောက် တောင်မြောက်ခွဲကာ တောင်ခြေရင်း တစ်လျှောက်၊ တောင်စောင်းတောင်ကြော တစ်လျှောက် လိုက်ရှာကြသည်။ တစ်ယောက်နှင့်တစ်ယောက် သိပ်အလှမ်းမဝေးသည့် အချိန်မှာပင် သံလုံး လှမ်းအော်ခေါ်သည်။ နောက်ထပ် အမိုးတစ်ခြမ်း။ နှစ်ယောက်စလုံး အကြီးအကျယ် ဝမ်းသာအားရ ဖြစ်သွားကြသည်။

'ရှာတဲ့ လက်စနဲ့ ဘေးအကာတွေပါ လိုက်ရှာကြည့်ကြမယ် ကွာ၊ ပြီးတော့မှပဲ ဒါတွေ သယ်ကြတာပေါ့'

ကိုသိန်းက ဆိုသည်။

တစ်နာရီခွဲ နှစ်နာရီခန့်သာ ကြာသွားသည်။ ကိုသိန်း မျက်စိသာ မှုန်နောက်လာသည်။ ဘေးအဖီအကာတွေ အရိပ်အယောင်မျှပင် မမြင်ရ။ တောင်ကိုပါ ကျော်၍ လွင့်သွားကြလေသလား။ ခေါင်မကြီး နှစ်ချပ်လို ခိုင်ခိုင်မာမာ မဟုတ်သဖြင့် အစိတ်စိတ်အမြွာမြွာ စုတ်ပြဲလွင့်စင်သွားကြလေသည်လား။ သံလုံးက ရှာတွေ့ပြီး သူ ဘာမျှ မတွေ့သည့် အတွက်သာ ကြိုးစားပြီး လိုက်ရှာနေရသည်။ စိတ်မပါချင်တော့။ ပင်မ အမိုးနှစ်ချပ် ရပြီ ဆိုလျှင် ကျန်တာက သည်လိုပဲ ဖာထေး စပ်ဟပ်ပြီး လုပ်၍ ရနိုင်သည်။ ဒါမှမဟုတ် မပျောက်မပျက် ရှိဦးမည် ဆိုလျှင်လည်း နောက်ရက်တွေမှာ သွားရင်းလာရင်း တွေ့နိုင်သည်။ ကိုသိန်း ပထမ တဲခေါင်မိုး တွေ့သည့် နေရာဘက် ပြန်လှည့်လာခဲ့သည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



သံလုံး သူ့အရင် ရောက်ကာ သစ်ပင်အောက်မှာ ငုတ်တုတ်။

'မတွေ့ဘူးလား'

သံလုံး လှမ်းမေးသည်။

'မတွေ့ပါဘူးကွာ၊ မင်းလဲ မတွေ့ဘူးပေါ့၊ နေပါစေကွာ၊ နောက်တွေ့တဲ့အခါ တွေ့လိမ့်မယ်။ ဒီအတိုင်း လိုက်ရှာမယ် ဆိုရင် တစ်ကျွန်းလုံး ပတ်နေရလိမ့်မယ်။ ရှိမှန်း မသိ၊ မရှိမှန်း မသိနဲ့။ ပင်လယ်ထဲ လွှင့်ပြီး ပါသွားတာ ဖြစ်ချင်ဖြစ်မယ်' ဆိုပြီး သံလုံးနံဘေး ဝင်ထိုင်သည်။

'ဒီဟာ နှစ်ခုရရင်ပဲ တို့အတော်လေး ဟန်ကျသွားပါပြီ၊ ကျန်တာတော့ တို့ ဒီလိုပဲ ကြံဖန်စပ်ဟပ်ပြီး လုပ်ကြ ဘာပေါ့ကွာ'

'အင်း၊ ဒါကြီးတွေ တဲအထိ သယ်ရမှာလဲ မသက်သာသေးဘူး'

သံလုံးက ကြို့ကြို့တင်တင် ညည်းသည်။

'ဘယ့်နှယ်လုပ်မလဲကွာ၊ ဘဝ ဆိုတာ ရုန်းကန်ခြင်းလို့ ဆိုတယ် မဟုတ်လား'

ကိုသိန်း ဓာတ်ထဲက စကားတွေ ကိုးကားပြီး ဆိုသည်။

ခဏ ဆက်ပြီး ထိုင်နေကြသေးသည်။ သည့်နောက်တော့ ကြာကြာထိုင်နေ၍ မဖြစ်ဘူး ဆိုတာ ပြောစရာ မလိုသော အခြေအနေမို့ နှစ်ယောက်သား ထကာ တဲခေါင်မိုးချပ်ကြီးကို မနိုင့်တနိုင် မ,ကြ သယ်ကြတော့သည်။

*

နောက်တစ်နေ့တွင်ကား မုန်တိုင်းအတွက် နစ်နာကြေး စတင်ရရှိလေသည်။

မနက်စာကို စောစောချက်ပြုတ် စားကြပြီးနောက် နှစ်ယောက်



သား ကျွန်းတစ်ပတ် လှေ့လာရန် ထွက်ခဲ့ကြသည်။ လမ်းတစ် လျှောက်နှင့် ပင်လယ်ပြင်ဆီ စူးစမ်းကြည့်ရှုကြသည်။ ရေစပ်ရှိ ကျောက်ဆောင်မြင့်မြင့် တစ်ခု ထက် တက်ကာ ဟိုမျှော် သည်မျှော် မျှော်ကြည့်ကြစဉ် ကိုက်တစ်ရာခန့်အကွာ ပင်လယ်ပြင်၌ မည်းမည်းအရာ တစ်ခု မျောပါနေသည်ကို မြင်ရသည်။ လှိုင်းနှင့်မျောကာ ကမ်းဘက်ဆီသို့ တဖြည်းဖြည်း ရွေ့လျားလာနေသည်။ သို့သော် ရွေ့လျားမှုနှုန်းက နှေးကွေးလွန်းလှသည်။ အတော်ဝေးသည်မို့ ဘာရယ်ဟု မကွဲပြား။ နီးလာပြီ။ နည်းနည်း သဲကွဲလာသည်။ ဆီပီပါ တစ်လုံးဟု ထင်ရသည်။

သံလုံး ကိုယ်ပေါ်က တစ်ခုတည်းသော အဝတ်ဖြစ်သည့် လုံချည်တိုကို ချွတ်ကာ ရေထဲဆင်းပြီး မည်းမည်းအရာဆီ ကူးသွားသည်။ ကိုသိန်း ရပ်ကြည့် ကျန်ရစ်သည်။ ဟုတ်သည်။ ဆီပီပါ။ ရေမှာ တစ်မိုက်ခန့်သာ ပေါ်နေသည်။ အထဲမှာ ဆီနှင့် ဖြစ်နိုင်သည်။ ကိုသိန်း သံလုံး၏ ရေကူးဝတ်စုံမျိုးနှင့် ဆင်းလိုက်သွားသည်။ နှစ်ယောက်သား ဆီပီပါကြီးကို ကမ်းသို့ ရောက်အောင် တွန်းတင်ကြသည်။ အတော်လေးသည်။ အထဲမှာ အသားအပြည့်နှင့်။ ဓာတ်ဆီလား၊ ဒီဇယ်လား။ ဘာပဲဖြစ်ဖြစ် ပီပါတစ်လုံး အပြည့်ဆိုလျှင် တစ်ထောင်ထက်တော့ မလျော့နိုင်။ အခွဲဖိုးက ရှိသေးသည်။ ကျွန်းပေါ် ရောက်ပြီးမှ ရသည့် ပထမဆုံး အဖိုးတန် ပစ္စည်း။

တဲအထိ ရောက်အောင် မနည်း လှိမ့်ယူရသည်။ သို့ပေမယ့် ဝမ်းသာ အားရနေသည်မို့ ပင်ပန်းသည် မထင်။ သံလုံးက လှိမ့်သွားသော ပီပါပေါ် ကျော်တက်ပြီး ကျွမ်းပင် ထိုးလိုက်သေးသည်။

'ဟော့ကောင် အရမ်းမလုပ်နဲ့၊ ဇက်ကျိုးနေဦးမယ်'

ကိုသိန်း ဟန့်ထားရသည်။ ထို့နောက် ရမ်နမာမူလေးတွေရောဟေးလား မောင်ရို့ဝါးတွေပါ စုံညီစွာဖြင့် ကြွေးကြော်ပျော်မြူးကာ တဲဆီသို့ ရောက်လာကြသည်။ တဲထဲမှာ ဆီပုံးကြီး ထောင်လိုက်ပြီးနောက် သံလုံးနှင့် ကိုသိန်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ

www.burmeseclassic.ocm

www.burmeseclassic.ocm



ဝမ်းသာအားရ ပြုံးလိုက်ကြသည်။ ပြီး ဘယ်သူကစ၍ ဘယ်လို ဖြစ်သွားသည် မသိ၊ တစ်ယောက်နှင့် တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြလေသည်။

ဆီပီပါအဖုံးက လုံလုံခြုံခြုံ ကျပ်ကျပ်တည်းတည်း။ မနည်းဖွင့်ယူရသည်။ အတွင်း၌ကား ဓာတ်ဆီအပြည့်နီးပါး။ အပြည့်ဟုပဲ ဆိုရမည်။ မီးခြစ်အတွက် ဓာတ်ဆီပုလင်းလေး နှစ်လုံးကို ရှိရှိသေသေ သိမ်းဆည်းခဲ့ရသည်။ ကွဲသွားမှာ မှောက်သွားမှာ စိုးရိမ်ခဲ့ရသည်။ ယခုတော့ ခြစ်ရုံသာမက မီးပဲမွှေးမွှေး၊ ရေပဲချိုးချိုး ကြိုက်သလို သုံးနိုင်ပြီ။

ဆီပုံးက သည်တစ်လုံးတည်း မဟုတ်။ ထိုနေ့ တစ်နေ့လုံး စုစုပေါင်း ဆီပီပါ လေးလုံးတိတိ ရသည်။ ဓာတ်ဆီနှင့် ဒီဇယ်ဆီများ။ ပင်လယ်ပြင်ထဲတွင် သမ္ဘာအာဇီဝ သို့မဟုတ် မသမ္ဘာအာဇီဝဖြင့် လောင်စာဆီများ သယ်ဆောင်လာသည့် ရေယာဉ်တစ်စီး နစ်မြုပ်ခဲ့ပြီ ထင်သည်။ ဆုံးရှုံးသူမှာ မည်မျှ ဆုံးရှုံးလေသည် မသိ။ သံလုံးတို့ နှစ်ယောက်အဖို့ကား ထိုနေ့က ရတနာပုံကလေး ဆိုက်ခြင်း ဖြစ်တော့၏။ တစ်လုံး တစ်ထောင်နှင့်တွက်လျှင် လေးလုံး လေးထောင်။

ကမ်းစပ်ရောက်လာသည်အထိ မစောင့်နိုင်ဘဲ ရေထဲ ဆင်းဆယ်ကြ၊ တဲသို့ ရောက်အောင် လှိမ့်သယ်ကြနှင့်မို့ အတော်လေး ပင်ပန်းသွားကြသည်။ သို့သော် စိတ်က အလွန်ပျော်နေသဖြင့် ညဦးနက်သည့်တိုင် တော်တော်နှင့် အိပ်မပျော်နိုင်ကြဘဲ တောက်ပြောင်သော အနာဂတ်ကို မှန်းဆ တမ်းတကာ ကျေနပ်၍ နေကြသည်။ မနက်အိပ်ရာထတွင် မနေ့က ဆီပီပါများရသည့် ကမ်းကွေ့ကလေးဆီသို့ သွားကြပြန်သည်။ ဘာရဦးမည်ဟု မျှော်လင့်ပြီး လာခဲ့ခြင်း မဟုတ်။ မနေ့က ရခဲ့သည့် အကြောင်းကို ပြန်လည် ကြည်နူးစွာ စားမြုံ့ပြန်ရင်း အဲသည်ဘက် လျှောက်လာခဲ့မိကြခြင်းသာ ဖြစ်သည်။ သို့သော် သူတို့ မျှော်လင့်မထားသော်လည်း ကံက ပေးဆဲဖြစ်သည်။ ရေစပ် ကျောက်ဆောင်ကြီး ကျောက်ဆောင်ကြားမှာ နောက်ထပ် ပီပါ တစ်လုံး။



'ဟာ တွေ့ပြန်ပြီဟေ့၊ ဒီမှာ ဆီပီပါ တစ်လုံး'

ကိုသိန်း အားရပါးရ အော်ပြီး ပြေးသွားသည်။

'မနေ့က ဟာတွေနဲ့ တစ်အုပ်စုတည်း ဖြစ်မယ်၊ ညတုန်းက မျောပြီး တင်နေတာကွ၊ လိုက်ရှာကြည့်ရင် နောက်ထပ် တွေ့ချင်တွေ့ဦးမယ်'

မှန်သည်။ ကမ်းခြေတစ်လျှောက် လျှောက်၍ ရှာကြရာ နောက်ထပ် နှစ်လုံး ထပ်တွေ့ရလေသည်။ နှစ်ယောက်စလုံး အထူးပင် အူမြူးနေကြသည်။ ဆီပီပါ သုံးလုံး တဲထဲရောက်ပြီး နောက် သံလုံး မျက်နှာက ချွေးတွေ ပုဆိုးနှင့် သုတ်ကာ ပြုံးဖြီးဖြီး လုပ်၍ ပြောလိုက်သည်။

'ကိုသိန်းရေ၊ ဒီအတိုင်းသာ ရနေမယ် ဆိုရင်တော့ ဒုက္ခပဲနဲ့ တူတယ်၊ ဟား ဟား ဟား' တဲ့။

နှစ်ရက်တည်းနှင့် ငွေခုနစ်ထောင် ရသည် ဆိုတော့ ဘဝင်မြင့်မည် ဆိုလျှင်လည်း မြင့်စရာ။ ကိုသိန်း ငွေ ဘယ်လောက်များများ ကိုင်ဖူးသလဲတော့ မသိ။ သံလုံးကတော့ မိဘပိုက်ဆံနှင့် ကုန်သည် လုပ်စဉ်က သောင်းဂဏန်းအထိ ကိုင်ဖူးသည်။ သို့သော် ဟိုဟာက ကိုယ်ရှာ၍ ရသော ငွေမဟုတ်။ အခုဟာကမှ ကိုယ်ရှာတာ အစစ်။ ဘာကယ့်ကို စွန့်စွန့်စားစား ပင်လယ်ထဲ လိုက်၍ ရှာရခြင်း မဟုတ်လား။

နောက်ပိုင်း သုံးလေးရက် ဆက်၍ ပစ္စည်းအမျိုးမျိုးတွေ ဟိုနား တစ်ခု သည်နား တစ်စ ရကြသည်။ သစ်တိုသစ်စတွေ၊ ပလတ်စတစ် ...း အကြီးအသေးတွေ။ ဘူးကြီးပုလင်းကြီးတွေ။ အခွံတွေလည်း ...သည်။ အထဲမှာ ဘာမှန်း မသိသည့် ဆေးရည်တွေ ဆေးမှုန့်တွေနှင့် ...ည်း ပါသည်။ ပြီးနိုင်လွန်ကြိုးခွေများ၊ အရွယ်အစား အမျိုးမျိုး။ ...အေးခန်း ဆောက်သည့် နေရာ၊ ပစ္စည်းများ မပျက်စီးအောင် ခုခံသည့် ...ရာများတွင် အသုံးပြုသည့် ဖော့ပြားများ။ ဆင်ကြယ်တံဆိပ် ရာဘာ ...ပ်တွေ အပြည့်ပါသည့် ဖျင်အိတ်ကြီးတစ်လုံး။ ထိုနောက် နိုင်လွန် ...မ်းပိုက်များ၊ အကောင်းတွေရော စုတ်ပြတ်နေတာပါ ပါသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



သဆော်များမှာ သုံးသည့် အသက်ကယ် ဘောကွင်းတစ်ခုလည်း ရသည်။ ပစ္စည်း တစ်ခုရလာတိုင်း တန်ဖိုးတွက်ရသည်။ စုစုပေါင်း ဘယ်လောက် ရှိပြီ လဲ။ နေ့တိုင်း တွက်ကြသည်။ သို့သော် ဘယ်ပစ္စည်း ဘယ်လောက် တန်မှန်း တကယ်တန်း သိကြသူများ မဟုတ်သဖြင့် တိတိကျကျတော့ မတွက်နိုင်။ သဆော်သုံး နိုင်လွန်ကြိုးခွေတွေက အလွန်ဈေးကောင်းသည်။ အကြီးတွေဆို တစ်ကိုက် ဘယ်လောက်အထိ ရနိုင်သည်။ ငါးဖမ်းပိုက် တွေ တန်ဖိုးကလည်း နည်းသလား။ တိတိကျကျ မပြောနိုင်ပေမယ့် အားရစရာချည်း ဖြစ်သည်။

ပစ္စည်းတွေကို စုပေါင်းလိုက်သည့်အခါ အတော်အများသား ဖြစ်သည်။ တစ်ချို့ ပစ္စည်း တဲထဲမှာ ထားပြီး အတော်များများကို အပြင်မှာ ပုံထားရသည်။ ပစ္စည်းတွေ ကြည့်ပြီး ကိုသိန်း ဆိုသည်။

'ဟိုအဖွဲ့တွေ မပြန်ခင်က ဂိုဒေါင်တစ်လုံး မဆောက်ခိုင်းမိတာ မှားတာပဲကွ' ဟူ၍။

သို့သော် ဘာပဲပြောပြော ပစ္စည်းဥစ္စာနှင့် ဖြစ်လာတော့ နဂိုက ပေါ့ပေါ့နေ ပေါ့ပေါ့စား သမားနှစ်ယောက် ပစ္စည်းလောဘတွေ ကုက္ကုစ္စ တွေ ဝင်လာကြဟန် တူသည်။ တစ်ယောက်နှင့် တစ်ယောက် ညှိနှိုင်း မနေဘဲ ဟိုပစ္စည်း ဟိုမှာတင် သည်ပစ္စည်း သည်မှာထား။ မိုးလုံလေ လုံအောင် မပျက်စီးအောင် ဘယ်သို့ ထားရမည်ကို စဉ်းလည်း စဉ်းစား၊ သွက်သွက်လက်လက် ထ၍လည်း လုပ်ကြသည်။ သည့်နောက်တော့ ပျဉ်တို ပျဉ်စ ပလတ်စတစ်စများ ဖော့ပြားများ အသုံးပြုကာ တဲနှင့် တစ်ဆက်တည်း လုံခြုံသော အဆွယ်ကလေးတစ်ခု တည်ဆောက်ကြ သည်။ တကယ်တန်း စိတ်ပါလက်ပါ လုပ်ကြတော့လည်း အဖြစ်သား၊ သူတို့ ဦးနှောက်တွေက သုံးမရလောက်အောင် အထိတော့ သံချေး တက်သေးဟန် မတူ။

'တို့နှစ်ယောက် ကုန်းပေါ် ပြန်ရောက်တဲ့အခါ အခုရတဲ့ အရင်း အနှီးနဲ့ စိတ်တူကိုယ်တူ ဆက်ပြီး လုပ်ကြကိုင်ကြရင် မြို့ပေါ်မှာ



လူချမ်းသာ စာရင်းဝင် ဖြစ်လာနိုင်တယ်'

ကိုသိန်းက အကြံပြုသည်။

'ဒါပေါ့ ကိုသိန်းရ၊ လုပ်မယ်ဗျာ၊ ခင်ဗျားနဲ့ တွဲပြီး တစ်သက် လုံး လုပ်မယ်'

သံလုံးက နှစ်ခါထပ် မစဉ်းစားဘဲ အားရပါးရ ထောက်ခံ အတည်ပြုလိုက်သည်။ မြို့ပေါ်မှာပင် သူဌေး ဖြစ်ရဦးမည်။ သူဌေး နှစ်ယောက်။

နောက်ပိုင်းရက်များတွင်ကား မှန်းတိုင်းပြီးစတုန်းကလို အစုလိုက် အပြုံလိုက် များများစားစား မရတော့။ သို့သော် ကြိုကြား ကြိုကြား ဟိုတစ်ခု သည်တစ်ခုတော့ ရနေသည်။ တစ်ခါတစ်ရံ အဖိုးတန်တာ ပါသည်။ တစ်ခါတစ်လေတော့လည်း ကလေးကစားသည့် ပလတ် စတစ် ဘောလုံးလေး တစ်လုံး။ သောင်ပြင်လျှောက်ကန်ပြီး ပြန်လာရ သည်။ အရွယ်မတူ အရောင်မတူသည့် ရာဘာဖိနပ်သုံးလေးဘက် တစ်နေရာတည်းမှာ စုပြီး တွေ့ချင်လည်း တွေ့သည်။ ထူးထူးဆန်းဆန်း ကလေးနို့ဘူး အသစ်ကလေး တစ်လုံးလည်း ရဖူးသည်။ သို့သော် ဘာပဲဖြစ်ဖြစ် တော်ရုံတန်ရုံ အဖိုးတန်တာလောက်နှင့်ကား ကျွန်းသား ခနရှင် နှစ်ယောက် များစွာ ဝမ်းသာအူမြူးခြင်း မဖြစ်တော့။ ယခုအခါ မှာ သူတို့ပြောလိုက်လျှင် ထောင်စကား သောင်းစကား။ ရေထဲက ရတနာတွေ ကောက်ယူဆယ်ယူရသည့် အလုပ်က သူတို့အတွက် လုပ်ရိုး လုပ်စဉ် ပုံမှန် အလုပ် ဖြစ်သွားခဲ့ပြီ။

များသောအားဖြင့် မနက်အိပ်ရာထလျှင် လက်ဖက်ရည်ကြမ်း နှင့် ငါးခြောက်ဖုတ် သို့မဟုတ် ငါးကင်ကို ထမင်းကြမ်းခဲနှင့် စားပြီး ပစ္စည်းအများဆုံး ရတတ်သည့် ကျွန်း အနောက်မြောက်ဘက်ခြမ်း

www.burmeseclassic.ocm

www.burmeseclassic.ocm



ကို စေ့စေ့စပ်စပ် လိုက်ကြည့်ကြသည်။ ပစ္စည်း တစ်စုံတစ်ခု ရလျှင် သယ်ကြပိုးကြ။ မရလျှင်လည်း သည်အတိုင်း ပြန်လာကြ။ ပြန်ရောက်လျှင် ထမင်းအိုး တည်သူကတည်၊ ငါးရှာသူက ရှာ၊ အနီးအနားမှာ ယခင်လူတွေ စိုက်ခဲ့သည့် အခင်းမှ အလိုအလျောက် ထပေါက်သည့် ချဉ်ပေါင်ပင်၊ ငရုတ်ပင်များကလည်း ရှိသေးသည်။ အလွယ်တကူ ခူးဆွတ်ရုံပင်။

ချက်ပြုတ်စားသောက်ပြီးလျှင် တရေးတမော အိပ်၊ အိပ်ရတာ ကြာ၍ ပျင်းလျှင် တောင်ကြောပေါ်တက်၊ မှိုကလေး မျှစ်ကလေး ရှာ၊ လေးခွတစ်လက်နှင့် ငှက်ကလေး ရှဉ့်ကလေးပစ်။ မှိုပေါက်သည့် အချိန်ကျ မှိုက အဆမတန် ပေါသည်။ စားမကုန် သောက်မကုန်။ သို့သော် မှိုသက်တမ်းက ရက်ပိုင်းကလေးပဲ ဖြစ်သည်။ မျှစ်ကတော့ ခရင်မျှစ်၊ ဝါးပိုးမျှစ်၊ မျှင်မျှစ် စသဖြင့် မျှစ်မျိုးစုံသည်။ တစ်မိုးတွင်းလုံး အချိန်မရွေး ရသည်။ ပြတ်သည်ဟူ၍ မရှိ။ ချဉ်ပေါင်၊ မျှစ်၊ ငါးကင်၊ ငါးပေါ်ကျက်။ အစားအသောက် ဆင်းရဲသည်ဟု ဘယ်နည်းနှင့်မျှ ဆိုနိုင်စရာ မရှိ။ သို့သော် နေ့တိုင်း သည်တိုင်းချည်း ဆိုတော့ ခန္ဓာကိုယ်ကပင် ငါးစော်၊ ချဉ်ပေါင်စော် နံသည် ထင်လာသည်။ မိုးမှန် လေမှန် ရာသီဥတုကလည်း လုံးဝ မဖောက်ပြန်၊ ကျွန်းမှာ အနေကြာသဖြင့် ကျွန်းသဘာဝ အတိုင်း နေတတ် ထိုင်တတ်လည်း ဖြစ်နေပြီ ဆိုတော့ အခက်အခဲ မရှိသည့်အတွက်ပင် ပျင်းစရာလို ဖြစ်လာသည်။ ပြီး ပင်လယ်လည်း သည်ပင်လယ်၊ ကျွန်းသည်လည်း သည်ကျွန်း၊ လူလည်း သည်လူ၊ ထို့နောက် ချဉ်ပေါင်၊ မျှစ်၊ ငရုတ်သီး၊ ငါး။ ညည်းငွေ့လှပြီ။ ရပ်ရွာကို အောက်မေ့ကြ လွမ်းကြပြီ။ သည်ပစ္စည်းတွေ ရောင်းချပြီး လူကုံထံ လုပ်ချင်လှပြီ။ နဂိုက အထင်သေးခဲ့သူတွေကြား သုံးစွဲပြ လက်မထောင်ပြချင်လှပြီ။

တစ်နေ့တွင်ကား ထူးထူးခြားခြား တက်ကြွ လှုပ်ရှားသွားစရာ အဖိုးတန် ရတနာတစ်ခုကို ကျွန်းသား နှစ်ဦး မမျှော်လင့်ဘဲ တွေ့ရှိ



ကြရလေသည်။

တစ်နံနက် ထုံးစံအတိုင်း ရှာဖွေရေး ထွက်ကြစဉ် ကျောက်ဆောင် တစ်ခုနံဘေးတွင် လင်ဗန်း ခပ်သေးသေးအရွယ် ဖြူတူတူ ဝါတာတာ အရာတစ်ခုကို လှမ်း၍ မြင်ရသည်။ ဆယ့်လေးငါးကိုက်ခန့် ဝေးမည်။ ရေတွင် ပေါလော ပေါလော။ လှိုင်းရိုက်တိုင်း ကျောက်ဆောင်နံဘေးတွင် လှုပ်ရှားတိုးဝှေ့နေသည်။

'ဟိုဟာ ဘာလဲ မသိဘူးကွ'

ကိုသိန်း သံလုံးကို ခေါ်ပြသည်။ သံလုံးလည်း ဘာမှန်း မသိ။

'ဘာထင်လို့လဲ'

သံလုံးက မေးသည်။

'ငါးကြီး အန်ဖတ်များ ဖြစ်မလားလို့၊ မင်းမြင်ဖူးလား'

'မမြင်ဖူးဘူးဗျ၊ ဝါတာတာနဲ့ အဆီခဲလို ချွဲကျိကျိလို့တော့ ပြောသံ ကြားဖူးတယ်၊ ဟုတ်ရင်တော့ ပွပြီ'

ပြောပြောဆိုဆို သံလုံး ရေထဲခုန်ဆင်းပြေးသွားသည်။ ကိုသိန်းလည်း သူ့နောက်က ထက်ကြပ်မကွာ လိုက်သည်။ ငါးကြီးအန်ဖတ် ဈေးက တစ်ပိဿာ တစ်သိန်းကျော်ထိ ရှိသည်ဟု ကိုသန်းအောင်တို့ ပြောတာ ကြားဖူးသည်။ ရလျှင်တော့ တကယ့်ကို ပွပြီ။

အိပ်မက်က စက္ကန့်ပိုင်းထက် ပိုမကြာ၊ သံလုံး အော်ပြောလိုက်သည်။

'ဟာ အလကား ဖော့ပြားအဟောင်းကြီးဗျ။ ဘယ်တုန်းက ပဲ့ရွဲ့ပြီး ကျနေသလဲ မသိဘူး။ အညှိတွေ တက်နေလို့ ဘာလိုလို ညာလိုလို ထင်နေရတာ'

'နာလိုက်တာကွာ၊ ငါးကြီးအန်ဖတ်ပဲ ဖြစ်လိုက်ပါတော့'

ကိုသိန်း ကြိတ်မနိုင် ခဲမရ ကမ်းဘက် ပြန်လှည့်လာသည်။

'ဟာ ဟာ ဒီမှာ ဒီမှာ'

သံလုံး ဘာတွေ့ပြန်သည် မသိ။ ကိုသိန်း ပြန်လှည့်ကြည့်လိုက်

www.burmeseclassic.ocm

www.burmeseclassic.ocm



သည်။ သံလုံးက အနီးရှိ ကျောက်ဆောင် နှစ်ခုကြား တစ်နေရာကို လက်ညှိုးထိုးပြသည်။ ပုလင်း တစ်လုံး။ ရေထဲမှာ ခေါင်းကလေး ဖော်ကာ ပေါလောပေါလော ဖြစ်နေသည်။ သံလုံး ပုလင်းကို လှမ်းဆွဲ ယူပြီး ထောင်ကြည့်လိုက်သည်။ အထဲမှာ အရည်တွေ ပုလင်းပခုံးနား ထိရှိသည်။

'ပုံကတော့ အရက်ပုလင်းပုံပဲ။ အထဲမှာသာ ပင်လယ်ရေလား ဘာလား'

သံလုံးက ဆိုပြီး အဖုံးကို လှည့်ဖွင့်သည်။ မရ။ ကျပ်နေသည်။

'အံမယ်၊ အဖုံးက အလုံသား ခင်ဗျာ၊ ဖွဟဲ့၊ အထဲကဟာ အရက် ဖြစ်ပါစေ'

သံလုံး ဆက်မဖွင့်ဘဲ ကမ်းအထိ ယူသွားသည်။ ကောင်းကောင်း မသွား၊ ခုန်ဆွခုန်ဆွ လုပ်သွားသည်။ အရက်နှင့် တူတာ တွေ့ရုံ ရှိသေး၊ သံလုံး မူးသလို ရူးသလို ဖြစ်နေပြီ။ ကမ်းပေါ်ရောက်မှ သဲပြင်မှာ သေသေချာချာ ထိုင်ကာ ပုလင်းအဖုံးကို ပုဆိုးစနှင့် ခုပြီး လှည့်ဖွင့်သည်။ တော်တော်နှင့် မပွင့်။ အတင်း အားစိုက်၍ လှည့်မှ ပွင့်တော့သည်။ သံလုံး ပုလင်းအဖုံးကို လှည့်ချွတ်လိုက်ပြီး နှာခေါင်းနှင့် တေ့၍ နမ်းလိုက်သည်။ ပထမ ခပ်သာသာ သတိနှင့်။ ထိုနောက် ကိုသိန်းဘက် လှည့်ကြည့်လိုက်ပြီးလျှင် ရှူးခနဲ နေအောင် ခပ်ပြင်းပြင်းလေး ရှူလိုက်လေသည်။

'အောင်မယ်လေးဗျာ၊ ကောင်းလိုက်တဲ့ အနံ့လေး။ အရက်အစစ်ဗျ၊ ဘာအရက်မျိုးလဲတော့ မသိဘူး၊ အကောင်းစားတော့ အကောင်းစားပဲ'

'အောင်မယ် သိနေပြန်ပြီ၊ ပင်လယ်ထဲက မျောလာတာ၊ မင်းတို့ ချက်တဲ့ တောအရက်တော့ ဘယ်ဟုတ်ပါ့မလဲကွာ'

ကိုသိန်းက သံလုံးဆီက ပုလင်း လှမ်းယူပြီး နမ်းကြည့်သည်။

'နိုင်ငံခြား အရက်ကွ၊ ဝီစကီ ဖြစ်ရမယ်၊ ငါ ကျော်နိဝါကား သောက်ဖူးတယ်၊ ဒီအနံ့မျိုးပဲ၊ ပုလင်းတော့ မတူဘူး၊ စက္ကူပြတ်တော့ ရေစိုလို့ ကွာသွားတာနဲ့ တူတယ်၊ ဆားငန်ရေ မဝင်သေးရင်တော့ တို့အတွက် ဘုရားပေးတဲ့ လက်ဆောင်လို့ ဆိုရမှာပေါ့ကွာ'



'ဟာ ဘယ်ကလာ ဘုရားပေးရမှာလဲ၊ အရက်မူးနေတဲ့ သင်္ဘောသား တစ်ယောက်ယောက် လက်က လွတ်ကျတာ ဖြစ်ရမယ်'

သံလုံးက ဆိုသည်။

'ပုလင်းက အပြည့်ကြီးကွ၊ ဘယ်မူးဦးမလဲ၊ ကေန္တ အရက် သောက်မလို့ဟာ အဖုံးဖွင့် မရတာနဲ့ ဒေါပွပြီး လွှင့်ပစ်လိုက်တာ ဖြစ်ရမယ်'

'ဟာဗျာ၊ ဘယ်လောက်ပဲ ဒေါပွ ဒေါပွ အရက်ပုလင်းတော့ ဘယ်သူ လွှင့်ပစ်ပါ့မလဲ၊ လွတ်ကျတာပဲ ဖြစ်မယ်ဗျ'

'အေးပေါ့ကွာ၊ လွှင့်ပစ်ရင် အရူးပေါ့ကွ၊ ဟား ဟား ဟား'

သံလုံး ပုလင်းကို ယူပြီး မော့သောက်မလို လုပ်သည်။ ကိုသိန်း လက်မောင်း လှမ်းဆွဲ လိုက်ကာ၊

'နေပါဦးကွ၊ ဖြည်းဖြည်းလုပ်ပါ၊ တဲရောက်မှ ရှိရှိသေသေ ခွက်နဲ့ ဘာနဲ့ သောက်စမ်းပါ'

သံလုံး ပုလင်းအဖုံး ပြန်ပိတ်လိုက်ပြီးနောက် နှစ်ယောက်သား တဲဆီသို့ အမြန် ပြန်လာခဲ့ကြသည်။ တဲရောက်သည်နှင့် သံလုံးက အကြမ်းပန်းကန် တစ်လုံးယူပြီး အရက်ငှဲ့သည်။

'နည်းနည်းပဲ ထည့်ပါကွ'

ငှဲ့သည် ဆိုရုံရှိသေး၊ ကိုသိန်းက တားသည်။

'ခင်ဗျားကလဲဗျာ၊ တစ်ငုံစာလောက်တော့ သောက်ကြည့်မှ ကောင်းသလား ဆိုးသလား သိမှာပေါ့'

အကြမ်းပန်းကန် တစ်ဝက်ခန့် ထည့်ပြီး သံလုံးမော့ချလိုက် သည်။

'ဖွီးဖွီး ထွီ' သံလုံး မျက်စိပြူး မျက်ဆန်ပြူးသွားပြီး ရေအိုးစင်

www.burmeseclassic.ocm

www.burmeseclassic.ocm



ဆီ ပြေးကာ ရေတစ်ခွက် ကမန်းကတန်း သောက်ချလိုက်သည်။

'ဘယ့်နှယ်နေလဲ'

'ဟား ရားရား' သံလုံး ပါးစပ်ဖြဲပြီး အာခေါင်ထဲက လေပူတွေ မှုတ်ထုတ်ကာ 'ကောင်းလိုက်တဲ့ အရက်ဗျာ၊ ဦးရေအစစ်ထက်တောင် ပြင်းသေးတယ်'

'တော်သေးတာပေါ့၊ ငါ့စိတ်ထဲ အဆိပ်တွေများ မှားပြီး သောက်မိပြီလားလို့' ကိုသိန်းက အပြောင်အပြက် ပြောလိုက်သည်။

သံလုံးစိတ်ထဲ ထင့်ခနဲ ဖြစ်သွားပြီး မျက်နှာပျက်ပျက်နှင့် ဆိုသည်။

'ခင်ဗျားက ကျွန်တော်သောက်တာ အဆိပ်ဖြစ်လို့ သေရင်လဲ သေသွားပါစေ ဆိုပြီး ကြည့်နေတာပေါ့လေ၊ ကျွန်တော် သေရင် ခင်ဗျား တစ်ယောက်တည်း ပစ္စည်းတွေ အားလုံး အပိုင်ရမယ် ဆိုတဲ့ သဘောလား'

'ဟာကွာ၊ မင်းကလဲ မဟုတ်တာ၊ ပစ္စည်းတွေ တစ်ခုမှ မရရင် နေပါစေ၊ မင်း မရှိဘဲ ဒီကျွန်းပေါ်မှာ ငါ တစ်ယောက်တည်း မနေရဲဘူးကွ၊ တကယ်ပြောတာပါ၊ မင်းစိတ်ထဲ အဲဒါမျိုး လုံးဝ မတွေးနဲ့၊ မင်းကကော ငါ သေရင် ပစ္စည်းတွေ အားလုံး မင်းတစ်ယောက်တည်း ရမယ်လို့ စိတ်ကူးသလား၊ မင်းနဲ့ ငါနဲ့ ဘဝတူတွေပါကွာ၊ မင်း နေမကောင်းတုန်းက ငါ ဘယ်လောက် ပြုစုသလဲ၊ မင်းမေ့သွားပြီလား'

မှန်သည်။ မုန်တိုင်း တိုက်၍ ပစ္စည်းတွေ ခပ်များများ ရပြီး များမကြာမီ သံလုံး သုံးလေးရက် ဖျားသည်။ အဖျားက ရှိုးရှိုး အအေးမိ အဖျားမျိုး ဖြစ်ပုံရသည်။ နှစ်ရက်ပဲ ပြင်းပြင်းဖျားပြီး နောက်တော့ ချက်ချင်း ဆိုသလိုပဲ ကောင်းသွားသည်။ သို့သော် အဖျားတက်တုန်းမှာ သံလုံး အလွန် ညည်းသည်။ သံလုံး ညည်းသံကြားလေ ကိုသိန်းကြောက်လေ။ ရောက်၍ ဘာမျှ မကြာသေး။ သံလုံး သေသွားလျှင် ဒီကျွန်းပေါ်မှာ ငါ တစ်ယောက်တည်း ဘယ်လိုနေမည်လဲ။ သံလုံးက



ဥစ္စာ စွဲလမ်းပြီး တဲက မခွာတမ်း ခြောက်လှန့်နေလျှင် ဘယ်ထွက်ပြေးရပါ့မလဲ ဟု တွေးကြောက်ကာ အကြီးအကျယ် ပြုစုသည်။

ထိုစဉ်က ကိုသိန်း သူ့အား ပျာပျာသလဲ ပြုစုပုံများကို သံလုံး သတိရလာသည်။

'စိတ်မဆိုးပါနဲ့ ကိုသိန်းရာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ အဆိပ်လို့ ပြောတော့ ကျွန်တော့်စိတ်ထဲတစ်မျိုး ဖြစ်သွားတယ်၊ သေမယ့်အကြောင်း ကျွန်တော် မစဉ်းစားရဲဘူးဗျ၊ ခင်ဗျားလဲ မသေစေချင်ပါဘူး၊ ခင်ဗျားနဲ့ ကျွန်တော် အတူတူ တွဲပြီး စီးပွားရှာကြရမယ့် သူတွေပဲဟာ၊ ရော့ နည်းနည်း မြည်းကြည့်ပါဦး'

ကိုသိန်းအကြမ်းပန်းကန်ထဲ သံလုံးထည့်သလောက်ပင် ထည့်ပြီး ရေအနည်းငယ် ရောလိုက်သည်။ အရက်ကို တစ်ငုံစာလောက် ငုံပြီး နောက် ပါးစပ်ထဲ နှံ့နှံ့စပ်စပ် ရောက်အောင် လုပ်ကြည့်သည့်သဘောလား မသိ၊ ပလုပ်ကျင်းသလို ဂလောက်ဂလက် လုပ်ကြည့်ပြီးမှ အသာမျိုချသည်။ ပြီးမှ ခွက်ထဲရှိနေသေးသည့် လက်ကျန်ကလေးကို ကျိုက်ခနဲ မော့ချလိုက်သည်။

'အေး ကောင်းတယ်ကွာ၊ သိပ်ကောင်းတယ်' ဆိုပြီး ပုလင်းကို မြှောက်ကိုင်ကာ အသေအချာ ကြည့်သည်။ ပြီးမှ သံလုံးအား

'ဒီနေ့ သောက်ကြမှာလား'

'ဟာ အစ်ကိုကလဲ ဘယ့်နှယ်ပြောပါလိမ့်၊ ဒါလောက် ကုသိုလ်ကံ ထောက်မလို့ ရောက်လာတဲ့ ဥစ္စာ၊ နေ့ရွှေညရွှေ လုပ်နေလို့ ဘယ်မှာ တော်ပါ့မလဲ'

တစ်ငုံသာ ငုံရသေးသည်။ သံလုံး စကားပြောပုံက အရက်သံ ခပ်ပါပါ။

'ဒီလိုကွ၊ သိပ်ကို ရှားရှားပါးပါး အဖိုးတန်သလို ဖြစ်နေလို့ ငါက စဉ်းစားနေတာ။ မင်းလဲ သိပ်သောက်ချင်နေတယ် ဆိုတော့ ဒီလိုလုပ်ရအောင်' ဟု ပြောရင်း သံလုံး မျက်နှာမဲ့ပြသည်ကို လှမ်းကြည့်ကာ

www.burmeseclassic.ocm

www.burmeseclassic.ocm



'အဲ ငါလဲ သောက်ချင်တာပေါ့ကွာ၊ အရက်က အကောင်းစား၊ အပြင်းစား၊ ပြီးတော့ တို့ကလဲ အရက်မသောက်တာ ကြာပြီ ဆိုတော့ အရှိန်ဖြစ်နေမှာ၊ တစ်ပိုင်းလောက် သောက်ရင် ရေချိန်ကိုက်မှာ သေချာတယ်၊ အဲဒီတော့ ညနေဘက်ကျမှ တို့သေသေချာချာ အမြည်းလေး ဘာလေးနဲ့ လေးလေးစားစားပေါ့ကွာ၊ ပုလင်း တစ်ဝက်လောက် အထိ သောက်ကြမယ်၊ ကျန်တာကိုတော့ ဖျားရင် နာရင် အအေးမိ ဘာညာ ဖြစ်ရင် ဆေးဖြစ်ဝါးဖြစ် သောက်ဖို့ ရအောင် ချန်ထားလိုက်မယ်၊ သဘောတူရဲ့လား'

'တူပါတယ်ဗျာ၊ ခင်ဗျားက အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်ပဲ၊ ကျွန်တော်ကတော့ ညနေ မြန်မြန် ရောက်ပါစေလို့ပဲ ဆုတောင်းနေတော့မယ်'

ညနေဘက်သို့ ရောက်သောအခါ ကိုသိန်းက သူတို့၏ တစ်ခုတည်းသော မတ်ခွက်ထဲသို့ ပုလင်းထဲက အရက်တစ်ဝက်တိတိ ခြင်၍ ထည့်သည်။ ထိုနောက် ပုလင်းအဖုံးကို ကျပ်နေအောင် ပိတ်လိုက်ပြီး 'ဒါက နေထိုင်မကောင်းရင် သောက်ဖို့ ဆေးပုလင်း' ဟု ဆိုကာ သိမ်းဆည်းထားလိုက်သည်။ ထိုနောက်တွင်ကား မတ်ခွက်ထဲက ယမကာကို အကြမ်းပန်းကန် နှစ်လုံးထဲသို့ နည်းနည်းစီ ညီမျှစွာ ထည့်ကာ ရိရိသေသေ သောက်သုံးကြလေသည်။ အရက်အနည်းငယ်စီ ဝင်သွားပြီးသည့်နောက်တွင်ကား အုန်းကျွန်းပေါ်တွင် သုံးလကျော်မျှ နှစ်ယောက်တည်း အတူနေခဲ့သည့် အဖြစ်ကို မေ့လျော့လေသလားမသိ။ တစ်ယောက်ကို တစ်ယောက် စကားတွေ အလုအယက်ပြောဆိုနေကြလေတော့သည်။ စင်စစ် သူတို့ ယခုပြောကြသည့် စကားများမှာ ယခင် ရက်ပေါင်းများစွာက ကြိမ်ဖန်များစွာ ပြောခဲ့ပြီးသည့် စကားများသာ ဖြစ်၍ ထူးခြားချက်မှာ ယခင်က ဟိုခါတစ်ခွန်း သည်ခါတစ်ခွန်း ပြောခဲ့ကြ ခြင်း ဖြစ်လျက် ယခုမူ ၎င်းစကားတွေ အားလုံးကို တစ်ပြိုင်နက် စုပြုံ ပြောနေခြင်း၊ တစ်ချို့ စကားများကို ထပ်တလဲလဲ ပြောမိနေ



ကြခြင်းသာ ဖြစ်သည်။

ထိုစကားများအနက် အထပ်ဆုံး အကြောင်းအရာသည်ကားနောက် တစ်လကျော် နှစ်လနီးပါးကြာ၍ သူတို့ နှစ်ယောက် အုန်းကျွန်းပေါ်က ပစ္စည်းရှင်များ ဘဝမှ မြို့ရွာပေါ်ရှိ ငွေရှင် ကြေးရှင်များဘဝသို့ ကူးပြောင်းရောက်ရှိသွားသည့်အခါ ဘာတွေ လုပ်ကြမည်ဆိုသည့် အကြောင်း၊ ပြီး သူတို့ နှစ်ယောက် တစ်သက်လုံး အတူလက်တွဲကာ ကြီးပွားသထက် ကြီးပွားအောင် လုပ်ကိုင်ရှာဖွေသွားကြမည့်အကြောင်း အပြန်အလှန် ကတိသစ္စာ ပြုခြင်းများ ဖြစ်သည်။ သို့သော်သည်ကြားထဲ သံလုံးက မနက်ကအကြောင်းကို သတိရတိုင်း အစပြန်ဖော်ကာ 'ကိုသိန်း၊ မနက်က ကျွန်တော် ပြောတာ စိတ်မဆိုးနဲ့နော်၊ ကျွန်တော်က အဆိပ်လို့ ပြောသံကြားတော့ စိတ်ထင့်သွားတယ်ဗျာ၊ ကျွန်တော် သေမှာ ကြောက်တယ်ဗျ။ အမှန်အတိုင်း ပြောတာ၊ ချမ်းချမ်းသာသာ မနေရသေးဘဲ မသေနိုင်သေးဘူး၊ ခင်ဗျားလဲ မသေရဘူး၊ ခင်ဗျား မရှိဘဲ ကျွန်တော် တစ်ယောက်တည်း နေလို့ မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး' ဆိုသော စကားများကို ထပ်ခါထပ်ခါ ပြောနေပြန်သည်။ သံလုံး သည်စကားတွေ ပြောတိုင်း ကိုသိန်း စိတ်အနှောက်အယှက် ဖြစ်ကာ 'တော်စမ်းပါ သံလုံးရာ၊ ဒီသေစကားချည်း ထပ်တလဲလဲ ပြောမနေစမ်းနဲ့ကွာ၊ စိတ်ညစ်လွန်းလို့ပါ။ ရှားရှားပါးပါး ကုသိုလ်ကောင်းလွန်းလို့ အရက်သောက်ရတဲ့ဟာ ပျော်ပျော်ပါးပါး သောက်စမ်းပါ။ မင်းပြောချင်ရင် ချမ်းသာတဲ့အခါ ဘာတွေလုပ်မလဲ၊ ဘယ်လိုပျော်မလဲ။ ဒါပဲပြော' ဟူ၍ သံလုံးကို စကားလမ်းကြောင်း ပြောင်းပေးရန် ကြိုးစားသည်။

သို့သော် မရ၊ သံလုံးက သူ့ဒွေး မဖြစ်မီ မသေချင်သေးသည့် အကြောင်းပဲ ထပ်တလဲလဲ။

*

www.burmeseclassic.ocm

www.burmeseclassic.ocm



ထိုနေ့မှ ရေတွက်၍ ရက်သတ္တနှစ်ပတ်ခန့်အကြာ တစ်ခုသော နေ့တွင်ကား သေမှာ ကြောက်သည် ဆိုသော သံလုံး တစ်ယောက် တကယ်ပင် သေမလို ဖြစ်ခဲ့ရလေသည်။

ထိုနေ့ နေ့လည်ဘက် သာသာယာယာ ခြောက်ခြောက်သွေ့သွေ့ ရှိသည်နှင့် သူတို့နှစ်ယောက် လက်နက်အဖြစ် ဓားမနှင့် လေးခွကိုင်ဆောင်ကာ တောဘက် ထွက်လာခဲ့ကြသည်။ တောင်ပေါ် တက်စကလေးတွင် ကိုသိန်းမျက်စိက ရှေ့နားရှိ သစ်ပင် တစ်ပင်ပေါ်မှာ သတ္တဝါ တစ်ကောင် မြင်လိုက်ရသည်။ သင်းခွေချပ်။

'ဟေး သံလုံးရေ၊ ဟိုဟာ ဘာကောင်လဲ၊ သင်းခွေချပ် မဟုတ်လား'

'ဘယ်မလဲဗျ'

သံလုံး သူ့နားပြေးလာသည်။

'ဟိုမှာ ဟိုသစ်ကိုင်းခွဆုံမှာ'

ကိုသိန်း လက်ညှိုးထိုးပြသည်။

'မှန်တာပေါ့ဗျာ၊ သင်းခွေချပ် အစစ်ပေါ့'

သင်းခွေချပ်က အပေါ် တက်ပြေးမလို အောက်ဘက် ဆင်းလာမလို လုပ်နေသည်။ ကိုသိန်းနှင့် သံလုံး သစ်ပင်ခြေရင်းမှာ ဟိုဘက်သည်ဘက် ညှပ်၍ ဓားမကိုယ်စီနှင့် စောင့်ကြသည်။ သင်းခွေချပ်အပေါ်တက်မလို အောက်ဆင်းလာမလို လုပ်ပြီး ခွဆုံမှ ဘေးဘက်ခွဲထွက်သွားသော သစ်ကိုင်းတစ်ကိုင်းပေါ် လျှောက်သွားကာ အဖျားပိုင်းမှာ ငြိမ်နေသည်။ သံလုံး လေးခွနှင့် လေးငါးဆယ်ချက် ပစ်သည်။ မထိ။ တစ်ခြားစီ။

'ကိုသိန်း ခင်ဗျား အဲဒီနားက စောင့်'

သံလုံးက သင်းခွေချပ် ရှိနေသည့် သစ်ကိုင်းဖျားအောက်ဘက်ဆီသို့ ညွှန်ပြသည်။

'အောက်တည့်တည့်က မနေနဲ့၊ နောက်ဘက် နည်းနည်းဆုတ်နေ၊ ကျွန်တော် အပင်ပေါ် တက်ပြီး အဲဒီအကိုင်း ခုတ်ချမယ်၊ ဒီကောင်အောက်ဘက်ကျလာရင် ဘယ်မှ မပြေးဘဲ ခွေချင် ခွေနေမယ်၊ အဲဒါဆိုကောက်ဖမ်းပြီး ပုဆိုးထဲ ထည့်ထုပ်ယူရုံပဲ၊ ထွက်ပြေးရင်တော့ ဓားနဲ့မိမိရရ လိုက်ခုတ်ပေတော့၊ သင်းခွေချပ်သား သိပ်စားလို့ ကောင်းတာ' ဟု ပြောပြီး ပုဆိုးခါးတောင်းကျိုက်၊ ခါးကြားမှာ ဓားမထိုးကာ သံလုံး အပင်ပေါ် ချိတ်တက်သည်။ ခွဆုံအထိ ဆယ်ပေကျော်လောက် ရှိမည်။ ပင်စည်ဖြောင့်ဖြောင့်ကြီးကို အုန်းပင်တက်သလို တက်သွားပြီး ခွဆုံမှာ သေသေချာချာ ရပ်ကာ သင်းခွေချပ် အကိုင်းကို ဓားနှင့် ခုတ်ချသည်။ ဆယ့်လေးငါးချက် ခုတ်ပြီးနောက် သစ်ကိုင်းက သူ့ အလေးနှင့် သူပိကာ ဖြိဖြိဖြိနှင့် အောက်သို့ နိမ့်ပြီးကျိုးတော့မလို ဖြစ်လာသည်။ သံလုံး ခပ်သွက်သွက် နှစ်ချက် ဆက်ခုတ်ပြီး သစ်ကိုင်း ဖြည်းဖြည်းချင်း အိကျလာသည်ကို ကြည့်နေဆဲ သင်းခွေချပ် အောက်ဘက်သို့ ခုန်ချသွားသည်။

'ဟော ဟော ဆင်းသွားပြီ ဆင်းသွားပြီ' ဟု အောက်ဘက်က ကိုသိန်းဆီ လှမ်းအအော်၊ ဘယ်လို ဟန်ချက် ပျက်သွားသည် မသိ၊ သံလုံး အောက်သို့ ကျွမ်းပစ်ပြီး ကျသွားသည်။ အောက်ဘက်မှာ ပြောင်ပြောင်ရှင်းရှင်း၊ ငြိနေ တင်နေစရာလည်း တစ်ခုမှ မရှိ၊ မြေကြီးအထိ အသားလွတ် ကျသွားခြင်း ဖြစ်သည်။ သို့သော် ကံအားလျော်စွာ ဓားတခြား လူတခြား ဖြစ်သွားသည်။ ပြီးလေထဲမှာ တစ်ပတ်လည်ကာ မတ်တတ်တည့်တည့်လိုပင် ကျလေသည်။ သို့သော် ခြေနှစ်ဖက်စုံမကျ။ ဘယ်ခြေနှင့် အရင်ထောက်မိပြီး လုံးဝ ပုံလျက်သား လဲသွားသည်။

ကိုသိန်း သံလုံးဆီ ပြေးလာသည်။

'သံလုံး၊ ဟေး သံလုံး မင်း ဘယ့်နှယ်နေလဲ'

သံလုံး ကိုသိန်းကို မှိတ်ဖွဲကာ ထဖို့ ကြိုးစားသည်။

'အောင်မယ်လေး' ဆိုပြီး ပြန်ငြိမ်သွားသည်။



www.burmeseclassic.ocm

www.burmeseclassic.ocm



နေဦး၊ နေဦး၊ အရမ်းမထနဲ့၊ ခြေတွေ လက်တွေ ဘာဖြစ်သွားသေးလဲ၊ ကံကြီးပေလို့ကွာ၊ မသေကောင်း မပျောက်ကောင်း၊ ခြေထောက်နဲ့ ကျပေလို့'

ကိုသိန်း တတွတ်တွတ် ပြောနေသည်။ သံလုံး ခြေထောက်နှစ်ဖက် လျှောက်စမ်းကြည့်သည်။ ဘယ်ဖက်ခြေထောက် ခြေကျင်းဝတ်နေရာ၌ လုံးဝ အထိမခံနိုင်၊ လုံးဝ မလှုပ်နိုင်၊ အရိုးကျိုးသွားသည့်ပုံမျိုး။ သံလုံး လဲကျသည့် အနေအထားအတိုင်းပင် မလှုပ်မရှားဘဲ ငြိမ်နေသည်။ ကိုသိန်း သူ့ဘေးနားတွင် ငုတ်တုတ်။ အတော်ကြာတော့ ကိုသိန်းက

'ကဲ ဒီအတိုင်းချည်းနေလို့ မဖြစ်သေးဘူး၊ တဲရောက်အောင်တော့ ပြန်မှ ဖြစ်မယ်၊ ငါ့ကို တွဲပြီး ထကြည့်ပါဦး'

သံလုံး တကျွတ်ကျွတ် စုတ်သပ် ညည်းညူကာ ကိုသိန်းကို တွဲ၍ ထသည်။ ဘယ်ခြေထောက်က လုံးဝ မထောက်နိုင်။ ခြေမျက်စိတစ်ဝိုက်မှာ သိသိသာသာ ရောင်ရမ်း၍ လာသည်။ သံလုံး ဘယ်ဘက်လက်က ကိုသိန်းကို ချိုင်းထောက်သဖွယ် ချိတ်တွယ်ကာ ညာခြေတစ်ဖက်နှင့် ထောက်ပြီး စမ်းလျှောက်ကြည့်သည်။ အမှတ်တမဲ့ ဘယ်ခြေနှင့် ထိမိလျှင် မခံမရပ်နိုင်လောက်အောင် နာသည်။

တစ်လမ်းလုံး တညည်းညည်း တညူညူ ဟိုမှာနား သည်မှာနားနှင့်ပင် တဲအထိ ရောက်လာကြသည်။

'ကျွန်တော်တော့ ဒီခြေအကျိုးကြီး ဆေးမကုရ ဘာမကုရနဲ့ ဒုက္ခရောက်တော့မယ် ထင်တယ်ဗျာ'

သံလုံး မျက်နှာငယ်ငယ်နှင့် ဆိုသည်။

'ဘာမှ မဖြစ်ပါဘူးကွ၊ မင်းကလဲ။ သစ်ပင်ပေါ်က လိမ့်ကျတုန်းက မသေတာ ကံကောင်းတယ်၊ ခြေကျိုးတာလောက်နဲ့တော့ ဘာမှ မဖြစ်ဘူး။ မင်းခြေထောက် ကောင်းသွားအောင် ငါလုပ်ပေးမယ်၊ ငါက ဓာတ်အဖွဲ့နဲ့ အရပ်တကာ လျှောက်သွားခဲ့တဲ့အကောင် ဆိုတော့



ခြေကျိုးတာ လက်ကျိုးတာ တွေ့ဖူးပေါင်း များလှပြီ။ အရေးကြီးတာက မင်းခြေထောက် ကျိုးတဲ့ နေရာက မလှုပ်အောင် ကျပ်စည်းပေးထားရုံပဲ။ ကြာတဲ့အခါ တဖြည်းဖြည်း သူ့အလိုလို ပြန်ဆက်သွားမယ်။ ငါ လုပ်ပြပါ့မယ်'

ပါးစပ်က ပြောသည့်အခါ လွယ်သော်လည်း တကယ်တမ်းကျတော့ ခြေမျက်စိနေရာ ကျပ်စည်းရသည်မှာ မလွယ်။ ဝါးခြမ်းစကလေးတွေ ကြိုးနှင့် သီကာ ယင်းလိပ်ကလေးလို လုပ်ပြီး ပတ်စည်းကြည့်သည်။ နေရာမကျ။ ဖော့ပြားကို ခြေထောက်ပုံ ကွေးကွေး လှီးဖြတ်ယူ၊ နည်းနည်း ပါးသွားအောင် လှီးပြီး ခြေထောက်ကို ညှပ်၍ စည်းကြည့်သည်။ နေရာမကျသေး။ နောက်တော့ ဖော့ပြားပါးပါးလေးတွေနှင့် ဝါးခြမ်းယင်းလိပ် တွဲစပ်သုံးသော နည်းတစ်ခုက နေရာကျသလို ရှိ သွားသည်။ ဒါမှမဟုတ် တစ်မျိုးပြီး တစ်မျိုး စမ်းကြည့်တိုင်း နာရလွန်းသဖြင့် သံလုံးက 'အခုအတိုင်း ကောင်းပါပြီ' ဟု ထောက်ခံလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် သံလုံးခြေထောက်အတွက် ဆေးဝါး ကုသမှု တစ်ခုတော့ ခံယူလိုက်ရပြီပဲ ဖြစ်သည်။

*

နောက်တစ်နေ့မှ စ၍ ကျွန်းပေါ်မှ လူမှုဆက်ဆံရေး ပုံသဏ္ဌာန်သည် လုံးဝပြောင်းလဲသွားခဲ့သည်။ အပြန်အလှန် အဖော်သဟဲ ပြုကာ တန်းတူရည်တူ ရပ်တည်နေသည့် အဆင့်မှ တစ်ဦးက တာဝန် အားလုံးကို ပခုံးထက် ထမ်းရွက်ထားရသူ၊ ကျန်တစ်ဦးက လုံးလုံးလျားလျား မှီခို နေရသူဟူ၍ ကွဲပြားခြားနားသွားခဲ့သည်။

ပထမ သုံးလေးငါးရက်တွင် ကိုသိန်းက သံလုံးအား ကွပ်ပျစ်ပေါ်မှာပဲ ငြိမ်ငြိမ်နေစေပြီး သူက ထင်းခွေရေခပ် ငါးမျှား ဟင်းသီးဟင်းရွက်ခူး ထမင်းဟင်းချက် စသည့် သက်ရှင်ရပ်တည်မှု လုပ်ငန်း

www.burmeseclassic.ocm

www.burmeseclassic.ocm



၈

အားလုံးကို တစ်ဦးတည်း ဒိုင်ခံလုပ်သည်။ ကျွန်းပတ်၍ ရှာဖွေစုဆောင်းရခြင်းတည်းဟူသော စီးပွားရေးလုပ်ငန်းကိုလည်း နေ့စဉ်မပျက် ထမ်းရွက်သည်။ သံလုံးက အားနာစကား ဆိုလျှင် 'ဒီလိုပေါ့ကွာ သူငယ်ချင်းရာ၊ မင်းဖြစ်တော့ ငါက ပြုစုရတယ်၊ ငါဖြစ်ရင်လဲ မင်းပြုစုရမှာပေါ့၊ ရပါတယ်ကွာ' ဟု ဆိုတတ်သည်။ သို့သော် တဖြည်းဖြည်း တစ်ပတ်ကနှစ်ပတ် ဆိုသလို ရက်ကြာလာသည့် အခါတွင်တော့ ကိုသိန်း ညည်းညူစပြုလာသည်။ စကားပြောပုံ ဆိုပုံ သံလုံးအပေါ် ဆက်ဆံပုံတွေက မာမာပြတ်ပြတ် ဖြစ်လာသည်။ အပေါ်စီး ဆန်ချင်လာသည်။

သံလုံး မခံချင်။ ဒေါသ ထွက်ချင်သည်။ သို့သော် သူ့အပေါ်မှာပဲ လုံးလုံးလျားလျား အားကိုးနေရသလို ဖြစ်နေတော့ မကျေနပ်ကြောင်း မပြောရဲ။ သူနှင့် ပဋိပက္ခ မဖြစ်နိုင်သေး။ မိမိက ဒုက္ခိတ။ သို့သော် သည်အနေမှာ ကြာရှည်မနေချင်။ သံလုံး ကြိုးစားပြီး လှုပ်ရှားကြည့်သည်။ တဲထဲ ဖင်ရွှေ့ဖင်ရွှေ့သွားကာ ချက်သည့် ပြုတ်သည့် ကိစ္စများ ဝင်လုပ်သည်။ ကျပ်စည်းထားသည့် အထဲ သဲမဝင်အောင် ဂုန်နီ ခြေအိတ်ရှည်ကြီး တစ်ခု လုပ်ပြီး ခြေထောက်၌ စွပ်ကာ ကြိုးနှင့် စည်းထားသည်။ ထို့နောက် ပျဉ်တို ပျဉ်စများ အသုံးပြုကာ အကြမ်းစား ချိုင်းထောက် တစ်ခု ပြုလုပ်ပြီး နည်းနည်းစီ စမ်းသွားကြည့်သည်။

တစ်နေ့ ကိုသိန်း ကျွန်းမြောက်ပိုင်း ပန္နည်းရှာ ထွက်နေတုန်း သံလုံး ကမ်းခြေဆီသို့ ချိုင်းထောက်အားကိုးနှင့် ဆင်းသွားသည်။ ခါတိုင်း ငါးများနေကျ ကျောက်ဆောင်သို့ရောက်အောင် ကျောက်ဆောင်ကြီး ကျောက်ဆောင်ကြား ခဲခဲယဉ်းယဉ်း သွားပြီး ငါးထိုင်မျှားသည်။ ငါးက တော်တော်နှင့် မရသဖြင့် နေပူမှာ အတော်ကြီး ကြာအောင် ထိုင်မျှားရသည်။ ခြေထောက် ရေစိုမည် စိုးသဖြင့် ခါတိုင်းလိုလည်း ရေထဲ ဆင်းလိုက် စိမ်လိုက် လုပ်မနေနိုင်။ ငါးမျှားရင်း ခေါင်းတအား ကိုက်လာသည်။ ကိုယ်က ဖိန်းဖိန်းရှိန်းရှိန်း ဖြစ်လာသည်။ ဖျားများ ဖျားမလားမသိ။ သံလုံး ငါးမျှားကိုင်းတံနှင့် ငါးလေးကောင် ဆွဲကာ ကျောက်



ဆောင်တွေကြား ဆင်းလိုက်တက်လိုက်နှင့် ပင်ပန်းကြီးစွာ ပြန်ခဲ့သည်။

တဲထဲသို့ ပြန်ရောက်သည့်အခါ၌ ခြေထောက်ကလည်း အတော်နာနေသည်။ လူတစ်ကိုယ်လုံးလည်း လုံးဝ အားမရှိတော့သလို ခံစားရသည်။ အသားတွေ စမ်းကြည့်တော့ နွေးနေသလိုလို။ ခြေထောက်ကျိုးနေရတဲ့အထဲ ဖျားရင်တော့ အခက်ပဲ၊ သံလုံး တွေးပူသည်။ ဟိုလူကလဲ သူချည်း လုပ်နေရတယ်လို့ ငြိုငြင်ချင်သည်။ အပေါ်စီးက ပြောချင်ဆိုချင်နေသည်။ တကယ်ဆို ကိုယ်က အဓိကပဲ။ ကိုယ့်ကို အကြောင်းပြုပြီး သူက သည်ကျွန်းမှာ အဖော်လိုက်နေဖြစ်သူ။ အခုတော့ သူက ဆရာလိုလို၊ ခေါင်းဆောင်လိုလို။ ဒီကိစ္စ ရှင်းတော့ ရှင်းရမည်။ ရွာပြန်ရဖို့လဲ နီးလာပြီ။

သံလုံး အရက်ပုလင်းကို သတိရသည်။ အရက်နည်းနည်း သောက်လိုက်ရလျှင် နေသာ ထိုင်သာ ရှိမည်ဟု သူထင်သည်။ ခြေထောက်နာတာ သက်သာအောင် အရက်နည်းနည်း သောက်မယ် ပြောတုန်းက 'ခြေနာတာ အရက်သောက်လို့ ဘယ်ပျောက်မလဲကွ၊ ဖျားချင်နာချင်သလို ဖြစ်တဲ့အခါ သောက်ဖို့ထားစမ်းပါ' ဆိုသဖြင့် စိတ်ထဲက မကျေနပ်သော်လည်း သည်းခံပြီး နေလိုက်ရသည်။ ယခုတော့ တကယ်လည်း ဖျားချင်နာချင်သလို ဖြစ်နေပြီ။ သူကျေနပ်ချင် ကျေနပ်၊ မကျေနပ်ချင်နေ၊ သူ့သဘော စောင့်မေးမနေတော့။ ပုလင်းကလည်း ကိုယ်စတွေ့သည့် ပုလင်းပဲ၊ အောက်ကျခံပြီး ဘာလို့ ခွင့်တောင်းနေမလဲ။ သံလုံး ထင်းရှူးပုံးထဲက ပုလင်းကို ယူကာ အကြမ်းပန်းကန်နှင့် ငှဲ့၍ သောက်လေသည်။

ဒုတိယမြောက်ခွက် သောက်အပြီး ပုလင်း လှမ်းကိုင်လိုက်စဉ် ကိုသိန်း တဲထဲ ဝင်လာသည်။

'ဟေ့ကောင်၊ မင်း ဘာလုပ်တာလဲ'

- သံလုံးကို မေးသည်။ ဟောက်သလို အသံမျိုး။

'ဖျားချင်သလို ဖြစ်တာနဲ့ ယူသောက်လိုက်တယ်'

www.burmeseclassic.ocm

www.burmeseclassic.ocm



'ဒီလိုပဲ အရမ်းကာရော သောက်ပစ်လို့ ဖြစ်မလားကွ'

'အရမ်းကာရော မသောက်ပါဘူး၊ နှစ်ခွက်ပဲ သောက်ရသေးတယ်၊ ခင်ဗျားပဲ ဖျားရင် နာရင်သောက်ဖို့ ထားတယ်ဆို၊ အခု ဖျားချင်နေလို့ သောက်တာ၊ အဲဒါ ကျွန်တော် လွန်သလား'

'အဓိပ္ပာယ် မရှိတာကွာ၊ ငါကတော့ နေပူမရှောင် မိုးရွာမရှောင် လုပ်စရာ ရှိသမျှ အကုန်လုံး ကုန်းရုန်းပြီး လုပ်ရတယ်၊ မင်းက တဲထဲမှာ ဇိမ်နဲ့ ထိုင်ပြီး ဖျားချင်လို့ ဆိုပြီး အရက်သောက်တယ်။ ဒီမှာ သံလုံး၊ မင်းအကြောင်း မသိရင် ခက်မယ်၊ အလကား အရက် သောက်ချင်လို့ ရမယ်ရှာတာ၊ တကယ်ဆို သောက်ချင်ရင်လဲ ငါ့ ပြောပေါ့ကွ၊ အခုဟော့ မင်းက'

'ကျုပ် တကယ်နေမကောင်းလို့ သောက်တာဗျ၊ ခင်ဗျား စားဖို့ ငါးသွားမျှားတာ နေပူမိပြီး ဖျားချင်သလို ဖြစ်လာလို့ သောက်တာ၊ အလကား ရမယ်ရှာတာ မဟုတ်ဘူး။ ကျုပ် ခြေထောက်နာလို့ အလုပ် မလုပ်နိုင်တာကို ခင်ဗျားက မကျေနပ် ဖြစ်နေတယ် မဟုတ်လား။ အလကား အချောင်ခိုနေတယ်လို့ ပြောချင်နေတယ် မဟုတ်လား'

သံလုံး မကျေနပ်ချက်တွေ ပွင့်ထွက်လာသည်။

'ကျုပ်က မပြောချင်လို့ ကြည့်နေတာ၊ အရက်သောက်ချင်တာကို ခင်ဗျားဆီက ခွင့်တောင်းနေရအောင် ခင်ဗျားက ဘာလဲ၊ ဆရာကြီးလား။ ခင်ဗျား လာတုန်းက ကျုပ်ကို ဆက်ဆံတာ ဒီပုံ မဟုတ်ဘူး၊ ပြီးတော့ ဒီပုလင်းက ကျုပ်တွေ့လာတာဗျ၊ ကျုပ် သောက်ခွင့် ရှိတယ်'

'သြော် ဒီလိုကြေးလား၊ ရပါတယ်။ ကောင်းပါပြီ၊ သောက်ပါ။ မင်းနေကောင်းအောင်သောက်၊ ငါလဲ နည်းနည်း ဖျားချင်တယ်၊ ငါလဲ သောက်မယ်' ဆိုပြီး ကိုသိန်း ပုလင်းလှမ်းယူကာ အကြမ်းပန်းကန်နှင့် ပြည့်လုနီးပါး ထည့်ပြီး တဲအပြင်ဘက် ထွက်သွားသည်။

သံလုံး ပုလင်းထဲက လက်ကျန်ကို အကုန်လုံး မော့ချပစ်လိုက်သည်။ ထိုနေ့တစ်နေ့လုံး တစ်ယောက်နှင့် တစ်ယောက် စကား တစ်ခွန်း



မှ မပြောတော့။ ထမင်းလည်း ဘယ်သူမှ မချက်။ မစား။ ရင်ထဲမှာ အမုန်းတရားတွေ ပွားများကာသာ အိပ်ရာဝင်ခဲ့ကြသည်။

နောက်နေ့ နေ့လည်၌ သံလုံး အကြီးအကျယ် ဖျားသည်။ ချမ်းတုန်၍ ဖျားသည်။ ကိုယ်ပူကြီး၍ ကယောင်ကတမ်းတွေ ပြောသည်။ ကိုသိန်း ပထမတော့ သူ့ ကွပ်ပျစ်မှာပင် ထိုင်ကြည့်နေသည်။ အတန်ကြာတော့ ထင်းရှူးပုံးထဲမှာ ဆေးပုလင်း လိုက်ရှာသည်။ အဖျားဖြတ်ဆေး ဆယ်လုံး ဟိုလူတွေ ပေးထားခဲ့သည်။ ဆေးနှစ်လုံးယူကာ ရေတစ်ခွက် ခပ်ပြီး သံလုံးကို တိုက်သည်။ ထိုနောက် တဲပြင်ဘက် ထွက်ပြီး ထိုင်နေလိုက်သည်။ ညနေပိုင်းမှာ သံလုံး အဖျားသက်သာသည်။ သို့သော် ရှင်းရှင်းကား မပျောက်။ သံလုံးမှာ ငှက်ဖျား အခံရှိသည်ဟု ဆိုသည်။ ခုနစ်ရက်လောက် တက်လိုက် ကျလိုက် ဖျားနေသည်။ ဆေးဆယ်လုံးလည်း ကုန်သွားသည်။ ဖျားသည့်နေ့ရက်များ အတွင်း ကိုသိန်း သံလုံးကို တာဝန်ကျေပွန်အောင် ပြုစုစောင့်ရှောက်ပေးနေခဲ့သည်။ ဒီရက်အတွင်း သူ့ခေါင်းထဲမှာ ကြီးစိုးနေသည့်အတွေးက 'သံလုံး သေခဲ့လျှင်'။

သံလုံး သေမည့်အကြောင်း စဉ်းစားမိသော အကြိမ်ပေါင်းများလှပြီ။ ကျေနပ်လောက်ဖွယ် အနေအထားမျိုး စဉ်းစား၍ မရ။ သံလုံးလည်း သေ၊ သူလည်း အဆင်ပြေမည့် အနေအထားမျိုး စိတ်ကူးထဲ မပေါ်။

ယခုနေခါ သံလုံး သေသွားပြီ ဆိုပါစို့။ မိမိပယောဂကြောင့် ဖြစ်စေ၊ သူ့အလိုအလျောက် ဖြစ်စေ၊ အကြောင်းကြောင်းကြောင့် သံလုံး သေသွားခဲ့လျှင် သံလုံး ဆွေမျိုးတွေ သူတို့ ရွာသူ ရွာသားတွေက သံလုံးကို မိမိသတ်သည်ဟု သက်မကင်း ဖြစ်ကြမှာ သေချာသည်။ မိမိက သည်အရပ်မှာ လူတစိမ်း။ တကယ်အရေးကြုံလျှင် မိမိဘက်က ရပ်မည့်သူ မရှိ။ မိမိကို သံလုံးသတ်မှုနှင့် တရားမစွဲကြတောင် အနည်းဆုံး ပစ္စည်းတစ်ဝက်တော့ သံလုံး သားမယားနှင့် ဆိုင်သည်ဟု သူတို့က

www.burmeseclassic.ocm

www.burmeseclassic.ocm



အင်အားသုံးပြီး အတင်းဝေစုခွဲကြမှာ သေချာသည်။ အကယ်၍ သံလုံး မသေဘဲ မိမိသာ သေခဲ့မည် ဆိုလျှင် သံလုံးမှာ မိမိကဲ့သို့ အခက်အခဲမျိုး ကြုံမည် မဟုတ်။ အခြေအနေက သံလုံးဘက်က တစ်ပန်းသာလျက် ရှိသည်။ သည်အနေအထားကို သံလုံးလည်း စဉ်းစားမိနိုင်သည်။ သတိ ထားရမည်။

သို့သော် သံလုံး လူသတ်လောက်အောင်အထိ မိုက်ပါ့မလား၊ သတ္တိရှိပါ့မလား။ သည်လောက်အထိ လုပ်မည့်ပုံတော့ မဟုတ်။ သို့ သော် ငွေနှင့်ကြေးနှင့် ပတ်သက်လာလျှင် လူဆိုတာ မပြောနိုင်။ အမျိုး မျိုး ပြောင်းလဲသွားနိုင်သည်။ သည်အတိုင်းဆိုလျှင် မိုးကုန်ခါနီးလေ ပစ္စည်းတွေ များလေလေ မိမိအတွက် အန္တရာယ် ရှိလေ ဖြစ်မည်။ ကိုသိန်း တွေးပြီး စိုးရိမ်ကြောင့်ကြ ဖြစ်လာသည်။ သို့သော် လက်ငင်း အခြေအနေမှာတော့ အရေးမကြီးသေး။ သံလုံးသည် ခြေကျိုးနေသည့် ဒုက္ခိတ။ မိမိကို မှီခိုနေရသူ။ ယခု ဖျား၍နေပြန်သေးသည်။ ယခု အချိန်မှာ သံလုံးသည် မိမိကို အသက်သခင် ကျေးဇူးရှင်ပမာ အားထား ရှိသေနေဖို့ပဲ ရှိသည်။ သည်အတောအတွင်း မိမိကတော့ သူကိုလည်း မသေအောင် ပြုစု။ အရင်တုန်းက နှစ်ယောက်လုပ်ခဲ့သည့် ကိစ္စတွေ ကိုလည်း တစ်ယောက်တည်း ကုန်းရုန်းလုပ်။ တစ်ဘက်သတ် အနာခံ ရမည့် အနေအထား။

*

နောက်ထပ် ရက်သတ္တ တစ်ပတ်ခန့် ကြာသည့်အခါ သံလုံး၏ အဖျား က သက်တမ်း ကုန်သွား၍လား မသိ၊ ဆေးဝါးမမှီဝဲရဘဲ သူ့အလို အလျောက် ပျောက်၍ သွားသည်။ ထို့ပြင် ဖျားနေစဉ်ကာလအတွင်း ငြိမ်ငြိမ်နေရ၍ ဖြစ်မည် ထင်သည်။ ခြေထောက်ကလည်း အတော်ပင် သက်သာလာခဲ့သည်။ သူ့ချည်း ထောက်လျှင် နာနေသေးသော်လည်း



ချိုင်းထောက်ကလေးနှင့် မှေးထောက်၍ အတော်ဟန်ကျပြီ ဖြစ်သည်။ သို့သော် အဖျားဒဏ်ခံရပြီးကာစ အားပြတ်သလို ဖြစ်နေသဖြင့် များများ မလျှောက်ရဲသေး။

မိမိ အပြင်းဖျားစဉ်အတွင်း ကိုသိန်း ပြုစုခဲ့သည့်အတွက် သံလုံး ကျေးဇူးတင်သလို ဖြစ်မိသည်။ သို့သော် ရာနှုန်းပြည့် လှိုက်လှိုက်လှဲ လှဲကား မဟုတ်။ သူ့စိတ်ထဲမှာ ကိုသိန်း သူ့အား ဆက်ဆံပုံ ပြုစုပုံ သည် ဝတ်ကျေဝတ်ကုန်နိုင်လှသည်ဟု သိနေသည်။ ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ ပြောဆိုနေသော်လည်း အသက်မပါလှသည်ကို သူ သတိပြုမိသည်။

ပြီး သူ့စိတ်ထဲမှာ စနောင့်စနင်း ဖြစ်နေသော အရာတစ်ခု ရှိသည်။ သူနေမကောင်း ဖြစ်နေသည့် ရက်များအတွင်း ဘာအဖိုးတန် ပစ္စည်းတစ်ခုမှ ကိုသိန်း ရလာတာ မတွေ့ရ။ တိုလီမိုလီ အစုတ်အပြတ် ကလေး တွေသာ တစ်ခုတစ်စ ပါလာတတ်သည်။ ပြီး တစ်နေ့ကလည်း ကိုသိန်း အချိန်အတော်ကြီး ကြာအောင် သွားနေပြီး စွတ်စွတ်စိုစို ပင်ပင်ပန်းပန်း ပုံသဏ္ဍာန်မျိုးနှင့် ပြန်ရောက်လာသည်။ လက်မှာလည်း ဘာမှ မပါ။ သူ့ကို မေးကြည့်သည့်အခါ 'အလကားကွာ၊ ငါပျင်းတာနဲ့ ရေဆင်းကူးပြီး ဗောင်း (ခရုကြီးတစ်မျိုး) ငုပ်ကြည့်တာ၊ နှစ်လုံးပဲ ရတယ်' ဆိုပြီး ခါးပိုက်ထဲက ဗောင်းနှစ်လုံး ထုတ်ပြသည်။ သံလုံးစိတ် ထဲမှာ သိပ်မသင်္ကာချင်။ ကိုသိန်း ဘာတွေ လုပ်နေသလဲ အကဲခတ်ရ မည်။ သူ့နောက် လိုက်ကြည့်ရမည်။

ကိုသိန်း မရှိသည့် အချိန်များတွင် သံလုံး တဲနား တစ်ဝိုက် မှာ ချိုင်းထောက်နှင့် လမ်းလျှောက်ကျင့်သည်။ ကိုသိန်းရှေ့မှာ ဆိုလျှင် ခြေထောက်နာသဖြင့် ကောင်းကောင်း မလျှောက်နိုင်သလို ဟန်ဆောင် နေသည်။ တစ်နေ့နံနက် ကိုသိန်း ကမ်းနားတစ်လျှောက် ရှာဖွေရေး ထွက်သွားပြီး ကမ်းအငူစွန်းကလေးနောက် ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် သံလုံးနောက်က လိုက်လေသည်။ သူတို့တဲမှ အငူစွန်း

www.burmeseclassic.ocm

www.burmeseclassic.ocm



ကလေးအထိ ကိုက်နှစ်ရာခန့် ကွာဝေးသည်။

အင့ူစွန်းကလေး ဟိုဘက်တွင်ကား ကျယ်ဝန်းသော ပင်လယ်ကွေ့ တစ်ခု ရှိသည်။ ပစ္စည်းတွေ အများဆုံးရသော ပင်လယ်ကမ်းကွေ့။ အငူစွန်းထိပ် ကျောက်ဆောင်အကွယ်မှ စောင့်ကြည့်လျှင် ကွေ့ထဲမှာ ကိုသိန်း ဘာတွေ လုပ်နေသည်ကို ကောင်းကောင်း မြင်နိုင်သည်။

သံလုံး ချိုင်းထောက်နှင့် အလျှောက် ကျင့်ထားသည် ဆိုသော်လည်း ယခုလို သဲသောင်ပြင်တစ်လျှောက် ဝေးဝေးလံလံ တောက်လျှောက်ကြီး သွားရသည့်အခါ အတော့်ကို မသက်သာ။ တဲဘေး သဲမြေက ခပ်မာမာမို့ လျှောက်၍ လွယ်သည်။ ကမ်းစပ် သဲပြင်မှာမူ ချိုင်းထောက်က နက်နက်ကြီး ကျွံဝင်သည်။ ခြေထောက်အဆစ် နာလာသည်။ ချိုင်းကြားက နာဟာသည်။ မောလည်း မောသည်။ လမ်းမှာ ရပ်ရင်း အမောဖြေ၊ အမောပြေလျှင် ဆက်လျှောက်နှင့် တမေ့တလျော့လောက် ထင်ရအောင် သွားပြီးမှ အငူလေးထိပ် ရောက်လေသည်။

သံလုံး အငူစွန်း ကျောက်ဆောင်ခြေရင်းမှာ ထိုင်၍ အမောအပန်းဖြေနေပြီး အတန်ကြာမှ ထလာကာ ကျောက်ဆောင်ပေါ် ချိတ်တက်သည်။ တစ်ဘက်သို့ လုံလုံခြုံခြုံ လှမ်းမျှော်ကြည့်နိုင်သော နေရာတစ်ခုသို့ ရောက်အောင် ဒူးထောက်လိုက်၊ ဖင်ရွှေ့လိုက်နှင့် ခဲခဲယဉ်းယဉ်း တက်ရသည်။ ကျောက်ဆောင် အကွယ်မှ အသာ ခေါင်းပြူကြည့်သည့်အခါ မိမိနှင့် များစွာ မဝေးလှသည့် ကမ်းစပ် တစ်နေရာတွင် ကိုသိန်းကို သွားတွေ့သည်။ ပုဆိုးခါးတောင်းကျိုက်ကာ ပင်လယ်ဘက်သို့ ကြည့်နေသည်။ ရေထဲ နည်းနည်း ဆင်းလိုက်၊ နောက်ပြန်ဆုတ်လိုက်နှင့်၊ တစ်ခုခုတွေ့နေသည့် ပုံမျိုး။ သံလုံးဆီက ကြည့်တော့ ရေထဲမှာ ပစ္စည်းနှင့် တူတာ ဘာမှ မမြင်ရသေး။ ကျောက်ဆောင်သေးသေးတွေ၊ ခပ်ကြီးကြီးတွေကလည်း ရှိနေသဖြင့် သူ့ဆီက မမြင်ရဘဲ ကွယ်နေတာ ဖြစ်နိုင်သည်။ သံလုံး တုတ်တုတ်မလှုပ်ဘဲ စောင့်ကြည့်နေသည်။ ကိုသိန်း စိတ်မရှည်တော့ဘူး ထင်သည်။ ခါးတောင်းကျိုက် ဖြုတ်ကာ ပုဆိုးချွတ်



၍ သောင်ပြင်ပေါ် ပစ်တင်ထားခဲ့ပြီး ရေထဲဆင်းသွားသည်။

ရင်ဘတ်လောက်အနက်ထိ ကူးခတ်သွားသည်။ သူစောင့်မျှော်နေသော ပစ္စည်းဆီကို ရောက်သွားပြီ။ သံလုံးမြင်ပြီ။ ပီပါတစ်လုံး။ ကိုသိန်း ကမ်းစပ်ဘက် တွန်းယူလာသည်။ ရေထဲမှာ အတော်မြုပ်ပုံထောက်၍ ဆီအပြည့်ဖြစ်နိုင်သည်ဟု သံလုံး မှန်းဆသည်။ ကိုသိန်း ဘာလုပ်မည်နည်း။ အဖြူအမည်း သဲကွဲတော့မည်။ ဆီပုံး သောင်ပေါ်ရောက်လာပြီ။ ကိုသိန်း ဆီပုံးကို သောင်ပြင်အပေါ်ပိုင်း သဲမွမွတွေအထိ တွန်းတင်နေသည်။ ဘယ်လိုလဲ။ သူတို့တဲဆီ သယ်မည်ဆိုလျှင် ပင်လယ်ရေစပ်နားက သဲမာမာတစ်လျှောက် တွန်းလိမ့်လာရုံပဲ ရှိသည်။ တွန်းရခက်သည့် သဲပျော့ သဲမွအထိ တင်စရာ မလို။

သူ ဘယ်သွားမလဲ။ ကျွန်းပေါ်မှာက တော်ရုံတန်ရုံ ပစ္စည်းကို လူမမြင်အောင် အလွယ်တကူ ဖွက်ထားနိုင်သည့် လှိုဏ်ကလေးတွေ အတော်ပဲ ရှိသည်။ ပြီး ဟိုလိုဏ်ခေါင်းကြီးလည်း ရှိသည်။ အဲဒီအထိ သွားမှာလား။ တောထဲအရောက် ဆိုရင်တော့ မနည်းတွန်းရ သယ်ရလိမ့်မည်။ ကိုသိန်း မတွန်းတော့။ တူးနေပြီ။ သဲပြင်ကို တူးသည်၊ ယက်သည်။ လက်စသတ်တော့ တွင်းတူးပြီး မြှုပ်မှာကိုး။ သံလုံး တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ တဲဆီသို့ ထော့ကျိုး ထော့ကျိုးနှင့် ပြန်ပြေးလာ သည်။

ကိုသိန်း သစ္စာဖောက်ပြီ။ ခွေးမသား သစ္စာဖောက်ပြီ။ သည်ကိစ္စကို ဘယ်လို ဖြေရှင်းရမည်နည်း။ သည်ကျွန်းပေါ်မှာ ရသမျှ နှစ်ယောက်အတူတူ ဝေယူမည်ဟု ကတိရှိခဲ့သည်။ ငါးကြီးအန်ဖတ်ရလည်းအတူတူ၊ ပုလင်းခွံတစ်လုံး ရလည်းအတူတူဟု ဆိုခဲ့သည်။ ယခုတော့ နေကလေး ဆယ်ကိုးရက် မကောင်း၍ မလိုက်နိုင်ရုံနှင့် သူက ကလိမ်ကျသည်။ သည်ပစ္စည်းတွေ ဖွက်ထားပြီး သူ ဘာလုပ်မည်နည်း။

ရွာပြန်ရောက် ဝေစုခွဲပြီးသည့်နောက်မှ သူက တစ်ခြား တစ်နေရာက စက်လှေငှားပြီး တစ်ခေါက် ပြန်လာလိမ့်မည် ထင်သည်။ သည်လို

www.burmeseclassic.ocm

www.burmeseclassic.ocm



ဆိုရင်လည်း သူ ကလိမ်ကျသည့် သတင်းက မကြာမတင် ဆိုသလို ပေါက်ကြားလိမ့်မည်။ သို့သော် ဘာဖြစ်သေးလဲ။ သူက သည်အရပ်သားမှ မဟုတ်ဘဲ။ ရသမျှ ပစ္စည်း ရသည့်ဈေးနှင့် ရောင်းချပြီး တစ်ရပ်တစ်ရွာ လစ်ပြေးသွားနိုင်သည်။ သည်အတိုင်း ဆိုလျှင် ဒီကိစ္စကို မသိချင်ယောင် ဆောင်ထားပြီး ရွာက ကိုယ့်လူတွေလာမှ ဖော်ထုတ်လိုက်လျှင် မကောင်းဘူးလာလား။ ဟုတ်သည်။ အဲဒါအကောင်းဆုံးဖြစ်လိမ့်မည်။ သစ္စာဖောက်လောက်ကောင်၊ အဲသည်အခါမှ အကြောင်းသိကြတာပေါ့။ သို့သော် သည်ကြားထဲ သတိဝီရိယနှင့် နေမှဟု သံလုံးသဘောရသည်။ လောဘဇော ဒေါသဇောတွေနှင့်မို့ သံလုံး ခြေနာနေသည်ကိုပင် မေ့သွားဟန် တူသည်။ တဲဆီသို့ မြန်မြန်ကြီး ပြန်ရောက်လာသည်။

တဲထဲရောက်တော့ သံလုံး ဂနာမငြိမ်။ ဒေါသကြောင့်လားများခါစ အားသိပ်မရှိသေးမီ ပင်ပင်ပန်းပန်း လှုပ်ရှားလိုက်ရ၍လားမသိ၊ လူတစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ ငြိမ်ငြိမ်ထိုင်မနေနိုင်။ ရူးချင်မူးချင် ဖြစ်နေသည်။ ခဏခဏ ထပြီး တဲတံခါးဝမှ ခေါင်းပြူကာ ကိုသိန်း ပြန်လာနေပြီလား လှမ်းလှမ်းကြည့်သည်။ အတန်ကြာတော့ အငူစွန်းကလေး တစ်ဘက်က ကိုသိန်း ထွက်လာသည်ကို မြင်ရသည်။ ကိုသိန်း ရှေ့ဆက်တိုး မလာဘဲ အငူစွန်းနားမှာပင် တလည်လည် လုပ်နေသည်။

တဲဘက်သို့လည်း လှမ်းမျှော်ကြည့်သည် ထင်သည်။ ဘာလုပ်နေသနည်း။ သူ့ကို လိုက်ပြီးချောင်းတာ သိသွားလေပြီလား။

သေချာသည်။ ချိုင်းထောက်ကြီးနှင့် လျှောက်လာသည့် သူ့ခြေရာတွေ အငူစွန်းနောက်မှာ ဆုံးနေတာ ထင်းထင်းကြီး မြင်မှာ မုချ။ ဒါဆိုရင် ကိုသိန်း ဘာလုပ်မည်လဲ။ သူ အလိမ်ပေါ်သွားပြီ ဆိုပြီး ရမ်းနိုင်သည်။ တစ်ဆုံးတစ်စ လုပ်နိုင်သည်။ လူကတော့ ခပ်ပျော့ပျော့သမား။ အချိုသတ်၍ ပေါင်းတတ်သူ။ သို့သော် သူ သစ္စာဖောက်တာ



ပေါ်သွားသည့် အနေအထား၊ ငွေကြေးကလည်း အနည်းဆုံး လေးငါးသောင်းလောက် ရှိနေသည့် အနေအထားမှာ ဘာမဆို ဖြစ်နိုင်သည်။ သူ့နောက်ကြောင်း ရာဇဝင်လည်း ကိုယ်က တိတိကျကျ သိတာ မဟုတ်။ မိန်းမလျှာလို ပျော့ပျော့နွဲ့နွဲ့ပုံမျိုးနဲ့ လူသတ်တဲ့ လူတွေလည်း အများကြီး ရှိသည်။

လတ်တလော အချိုသတ်ထားပြီး နောက်တော့မှ အလစ်မှာ လက်စတုန်း လုပ်ချင်လုပ်နိုင်သည်။ ငါ သေတယ် ဆိုရင် ရွာကလူတွေ သူ့ကို မယုံသင်္ကာ ဖြစ်မှာ သေချာသည်။ စစ်ကြဆေးကြမှာ သေချာသည်။ သို့သော် ဒါတွေက နောက်ဖြစ်မယ့် ကိစ္စ။ လောလောဆယ် အသက်အန္တရာယ် ရှိနေတာက ငါ။ ဘုရား။ သံလုံး ကျောချမ်းသွားသည်။ ကိုယ့်အသက် ကိုယ်ကာကွယ်ရမည်။ သူမလုပ်ခင် ကိုယ်က လက်ဦးအောင် လုပ်ရလိမ့်မည်။ ရွာက လူတွေ လာရင် ဖျားပြီး သေသွားတယ် ပြောမည်။ မသင်္ကာတော့ကော ဘာအရေးလဲ။ ဘယ်သူက ပြဿနာ ဖော်နေမှာလဲ။ ဒါပေမယ့် ငါက ချိုင်းထောက် တစ်ဘက်နဲ့။ ရင်ဆိုင်တိုက်လို့ မဖြစ်ဘူး။ ငါသေသွားမယ်။ သတိထား၊ သတိထားရမယ်။ ဓား ဘယ်မှာလဲ။ သံလုံး ဓားတွေ ကမန်းကတန်း လိုက်ရှာသည်။ ပျာပျာသလဲ ကမူးရှူးထိုး ဖြစ်လာသည်။ မီးဖိုနားမှာ ဓားမတစ်ချောင်း တွေ့သည်။ ကောက်ယူပြီး သူ့ကွပ်ပျစ်ပေါ် တင်ကာ ပုဆိုး တစ်ထည်နှင့် ကောက်ဖုံးထားလိုက်သည်။ နောက် တစ်ချောင်း နောက်တစ်ချောင်း၊ နောက်ထပ် ဓားတစ်ချောင်း၊ ဘယ်ရောက်နေလဲ။ လိုက်ရှာသည်။ မတွေ့။

တဲပြင်က ကိုသိန်းအသံ ကြားရသည်။ သံလုံး ဆတ်ခနဲ ထပြီး ဓားကို ကိုင်ထားသည်။

'ဟေ့ သံလုံး'

သံလုံး မထူး။

'သံလုံးရေ၊ ဟေ့ သံလုံး'

www.burmeseclassic.ocm

www.burmeseclassic.ocm



မတုံ့ပြန်၊ ဘယ်လို တုံ့ပြန်ရမှန်း မသိ။

အငူစွန်းလေးနားမှာ ချိုင်းထောက်ရာတွေ တွေ့ကတည်းက သံလုံး အစအဆုံး မြင်သွားပြီ ဖြစ်ကြောင်း ကိုသိန်း သဘောပေါက်လိုက်သည်။ ဓာတ်ကတော့ ရှုပ်ပြီ။ သံလုံး ဘာလုပ်မည်လဲ၊ မမှန်းဆတတ်။ သတိထားရမည်။ တတ်နိုင်သမျှတော့ မြွေမသေ တုတ်မကျိုး ဖြစ်အောင် ကြည့်လုပ်ရမည်ဟု စဉ်းစားသည်။ သို့သော် လိုလိုမယ်မယ် သောင်ပြင်မှာ တွေ့ရသည့် သစ်သားတုတ် ခပ်တိုတို တစ်ချောင်းကိုတော့ ခါးနောက်က အသာထိုးလာခဲ့သည်။

ကိုသိန်း တဲထဲ လှမ်းပြီး ခေါ်ပြန်သည်။

'သံလုံး မင်း ဘာဖြစ်တာလဲကွ'

ကိုသိန်း ခပ်လှမ်းလှမ်းမှနေ၍ တဲထဲ အသာချောင်းကြည့်သည်။ သံလုံးကို မြင်သည်။ တဲအလယ်တွင် ငူငူကြီး ရပ်လျက်။ ချိုင်းထောက် တစ်ဘက်၊ ဓားတစ်ဘက်။

'သံလုံး အပြင်ထွက်ခဲ့ပါကွ၊ မင်းနဲ့ ငါ အေးအေးဆေးဆေး ဆွေးနွေးရအောင်၊ အရမ်းကာရော မလုပ်ပါနဲ့၊ ငါ အကျိုးအကြောင်း ရှင်းပြပါ့မယ်'

သံလုံး ကြောင်နေသည်။ ဘာပြန်ပြောရမှန်း မသိ။ အပြင်လည်း မထွက်ရဲ။ အပြင်က တစ်ခုခုဆီးပြီး လုပ်လိုက်လျှင်။

'သံလုံး၊ ခေါ်တာ ထူးပါဦးကွ၊ မင်း ဘာဖြစ်နေလဲ၊ ငါ အထဲ ဝင်လာခဲ့ရမလား'

သည်အခါ သံလုံး ရုတ်တရက် ပြန်အော်သည်။ ကြောက်အားလန့်အား ကမူးရှူးထိုးနှင့်။

'မလာနဲ့၊ ခင်ဗျား သစ္စာဖောက်၊ ခင်ဗျား ဝင်လာရင် ကျုပ် ဓားနဲ့ ခုတ်မိလိမ့်မယ်၊ ခင်ဗျား ဒီနားမှာ မနေနဲ့၊ ခပ်ဝေးဝေးဆုတ်ပါ'

'ဒီမှာ မနေလို့ ငါ ဘယ်သွားနေရမလဲကွ၊ အဲဒီ ဓားထားပြီး မင်း အပြင်ထွက်ပါ၊ မင်းကို ငါ ဘာမှ မလုပ်ဘူး၊ မင်းနဲ့ ငါ ပွင့်ပွင့်



လင်းလင်း ဆွေးနွေးကြမယ်'

သံလုံးဆီက အသံမကြားရ၊ စဉ်းစားနေဟန် တူသည်။ ကိုသိန်း ဘေးဘီကြည့်သည်။ တဲပြင်ဘက် ထင်းပုံမှာ ဓားမတစ်ချောင်း။ ကိုသိန်း ထင်းပုံနား သွားကပ်သည်။ အရေးအကြောင်းဆိုလျှင် သည်ဓားမ လှမ်းဆွဲရမည်။ ကိုသိန်း သူ့လက်မှာ ကိုင်ထားသည့် သစ်သားချောင်းကို တဲဝသို့ ပစ်ချလိုက်ပြီး သံလုံးဆီ အော်ပြောသည်။

'အဲဒီမှာဟော့ သံလုံး၊ ငါ ဘာလက်နက်မှ မကိုင်ဘူး၊ မင်း ရဲရဲ ထွက်ခဲ့၊ အပြင်မှာ ဆွေးနွေးမယ်၊ ငါ လုပ်ချင်ရင် မင်း ဘာမှ မတတ်နိုင်ဘူး၊ မင်းက ခြေကျိုးနေတဲ့ လူပဲ၊ ငါ ဒီခေါင်မိုး မီးရှို့လိုက်ရင် မင်း ဘယ်ပြေးမလဲ'

မီးသံကြားတော့ သံလုံးလန့်သွားသည်။ တံခါးဝ ဆတ်ခနဲ ပြေးထွက်လာပြီး တဲရှေ့ရပ်သည်။ သူ့လက်မှာ ဓားနှင့်။ ကိုသိန်းရှေ့ သုံးကိုက်လောက် အကွာမှာ။ သံလုံး ဖြုန်းခနဲ ထွက်လာတော့ ကိုသိန်း လန့်သွားပြီး ထင်းပုံက ဓားကို လှမ်းဆွဲသည်။ သံလုံးက ကပျာကယာ လက်ထဲက ဓားနှင့် ပစ်ပေါက်လိုက်ရာ ဓားနှောင့်က နဖူးကို မှန်ပြီး ကိုသိန်း ယိုင်သွားသည်။ သံလုံး ပြေးသွားကာ ချိုင်းထောက်နှင့် လှဲရိုက်ဖို့ ကြိုးစားသည်။ သံလုံး ဘယ်ခြေထောက် သစ်သား တစ်ချောင်းနှင့် ခလုတ်တိုက်ကာ ဟပ်ထိုးအလဲ ကိုသိန်း ဓားနှင့် လှမ်းခုတ်သည်။ ထင်းခုတ်သော ဓား။ အလေးစီးသည်။ သူ့ဓားက သံလုံး ဘယ်ဘက် ပခုံးနှင့် လည်တိုင်အစပ်မှာ ဒုတ်ခနဲ မြုပ်သွားသည်။ သံလုံး လဲကျသွားပြီးနောက် ပြန်၍ ကုန်းထကာ ပင်လယ်ကမ်းဘက် သွေးရူး သွေးတမ်း ထွက်ပြေးသည်။ သောင်ပြင်မှာ လျှောက်ပြေးနေပြီး ရေစပ် ကျောက်ဆောင်လေး တစ်ခုနံဘေးမှာ လဲကျသွားသည်။ လည်ပင်းက သွေးတွေ ဝေါက်ခနဲ ပန်းထွက်နေသည်။

ကိုသိန်း မင်သက်မိသလို ကြောင်၍ နေပြီးမှ လက်ထဲက ဓားကို ပစ်ချကာ သံလုံးနောက် ပြေးလိုက်သွားသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



'ကိုသိန်း ကျွန်တော့်ကို မသတ်ပါနဲ့၊ တောင်းပန်ပါတယ်၊ ရှိခိုးပါတယ်၊ ကျွန်တော့်မှာ ကလေးတွေနဲ့၊ ကျွန်တော့်ကို သတ်ရင် ခင်ဗျားကို ရွာက လူတွေ သတ်လိမ့်မယ်၊ ကျွန်တော့်ကို မသတ်ပါနဲ့'

သံလုံးပါးစပ်က တတွတ်တွတ် ရွတ်နေသည်။ ကိုသိန်း ဘာလုပ်ရမှန်း ဘာကိုင်ရမှန်း မသိ။ သံလုံး လည်ပင်းရှိ ဟနေသော ဓားဒဏ်ရာမှ သွေးတွေ အရှိန်နှင့် ပန်းထွက်နေသည်။ ဘေးနားမှာလည်း အိုင်ထွန်းနေပြီ။ ကိုသိန်း သွေးပန်းထွက်နေသည့် နေရာကို လက်ဝါးနှင့် ဖိပိတ်သည်။ မရ။ သွေးတွေက ရေပိုက်ပေါက်သလို တရဟော ထွက်နေသည်။ သူ့လက်တွေ တွတ်တွတ်ရဲကာ စိုရွှဲသွားသည်။ ကိုသိန်း သူ့ပုဆိုးအောက်နားကို တစ်ထွာလောက် ပတ်ပတ်လည် ဖြဲချ လိုက်ပြီး ဓားဒဏ်ရာကို အဝတ်စုတ်နှင့် ဖိထားသည်။

'ငါ မသတ်ပါဘူးကွာ၊ မတော်တဆ ဖြစ်သွားတာပါ။ ငါ တောင်းပန်ပါတယ်၊ ငါ့ တစ်သက်လုံး သူများကို နာကျင်အောင် မလုပ်ခဲ့ဖူးပါဘူး၊ အခု ငါ ဘာလုပ်ရမလဲ'

ကိုသိန်း ငိုသံပါကြီးနှင့် အော်ပြောနေသည်။ လက်ထဲက အဝတ်ရွှဲရွှဲစိုကာ သွေးတွေ အပြင်စီးထွက်လာသည်။ ကိုသိန်း တဲဆီ အမြန်ပြေးကာ တွေ့သမျှ ပုဆိုးအကျီတွေ ကောက်ဆွဲလာပြီး သံလုံးလည်ပင်းမှာ ဖိထားသည်။ သံလုံးပါးစပ်က ညည်းညူနေသည်။ အသံကား မသဲကွဲတော့။ ကိုသိန်း သံလုံးကို ပွေ့ချီကာ တဲဆီ သယ်ယူလာပြီး ကွပ်ပျစ်ပေါ် တင်သည်။

သံလုံး ငြိမ်၍ နေသည်။ ဘုရား၊ ဘုရား။ သေများ သွားပြီလား။ လက်ကောက်ဝတ် သွေးစမ်းကြည့်သည်။ ရင်ဘတ် စမ်းကြည့်သည်။ မျက်စိဖြဲ ကြည့်သည်။ မသိ။ သေသလား။ ရှင်သလား။ မေ့မြောနေတာလား။ အသက်ရှူသေးလား။ စောင့်ကြည့်သည်။ ဘုရား၊ ဘုရား မသေပါစေနဲ့။ အကြာကြီး ထိုင်စောင့်ကြည့်နေသည်။ အသက်မရှူ။ လုံးဝမလှုပ်။ လုံးဝမလှုပ်။ သံလုံး သေချေပြီတကား။



ငါ မှားပြီ။ သည်ကိစ္စ ဘယ်လို လုပ်မလဲ။ သံလုံးတို့ ရွာက တံငါတွေ လာလျှင် ဘယ်လို ရှင်းမလဲ။ ဖျားပြီး သေသည်ဟုပဲ ဆိုရမည်။ ဘယ်လိုမှ ယုံမှာမဟုတ်။ မယုံလျှင်လည်း မတတ်နိုင်။ အလောင်းဖော်ကြည့်လည်း အဲဒီအချိန်ကျ အသားတွေ ဆွေးရော့မည်။ ဓားဒဏ်ရာတွေ့ရတော့မည် မဟုတ်။ ကိုသိန်း သံလုံး အလောင်းကို မြေမြှုပ်ရန် တဲပြင်ထုတ်လာသည်။ ငါမှားသည်။ ငါ့အမှားပဲ။ ငါ လောဘကြီးလို့ ဖြစ်ရတာ။ ငါ စိတ်ကောင်းမရှိလို့ ဖြစ်တာ။ သံလုံးက လူကောင်းကလေးပဲ။ သူ့ဘွေးသားဘဝက မလိမ္မာလို့ မှဲ့သွားတဲ့ကောင်လေး။ သားတွေ သမီးတွေလည်း ရှိသေး။ ငါက ဒီပစ္စည်းတွေ ရောင်းပြီး ဘာလုပ်မလဲ။ ဘယ်အရပ်သွားနေမလဲ။ စောင့်မျှော်နေမည့် သားမယား မရှိ။ အဖေ အမေလည်း ကွယ်လွန်ပြီ။ ကိုယ့်ကို စေတနာထားမည့် ဆွေရင်းမျိုးရင်းလည်း မရှိတော့။ ခင်ရာ ဆွေမျိုး။ သည်အရပ်က သည်လူတွေနှင့် သွေးမတော် သားမစပ်ပေမယ့် ဆွေမျိုးရင်းချာလို ရင်းရင်းနှီးနှီး အကျွမ်းတဝင် နေလာခဲ့သည်။

ခုတော့ သည်နေရာမှာ ဆက်နေဖို့ မဖြစ်နိုင်ပြီ။ ကိုသိန်း သံလုံး အတွက် တွင်းတူးစရာ ရှာသည်။ ဓားတစ်လက်။ ကောက်ကိုင်ကြည့်လိုက်သည်။ သံလုံးကို ခုတ်ခဲ့သောဓား။ သွေးတွေ စေးထန်းလျက်။ ငါ လူသတ်ခဲ့ပြီ။ လူသတ်သမား။ ခြေကျိုးနေသည့် လူကို ဓားနှင့် ခုတ်သတ်ခဲ့သည်။ ငါ အရူး။ အလကားကောင်။ ခေါင်းထဲမှာ ထုံ၍ နေသည်။ အလကားပဲ။ သွားပြီ။ ပြီးပြီ။ ဓားကို ပစ်ချပြီး တဲထဲ ဝင်သွားသည်။

ကွပ်ပျစ်မှာ အကြာကြီး ထိုင်ပြီး ငေးနေသည်။ သွားပြီ။ မရတော့ဘူး။ ဘယ်ပြေးမလဲ။ ရွာက လူတွေ၊ တံငါတွေ၊ သံလုံးမယား၊ ကလေးတွေ၊ ကိုသန်းအောင်တို့၊ ကိုဘိုးညွန့်တို့၊ လူတွေ၊ လူတွေ။ လူတံတိုင်းကြီး ဝိုင်းနေသည်။ ငါ သွားပြီ၊ ပြီးပြီ။

တဲထဲမှာ ကြိုးတွေ၊ နိုင်လွန်ကြိုးခွေတွေ။ အကြီးအသေးမျိုးစုံ၊

www.burmeseclassic.ocm

www.burmeseclassic.ocm



လက်ညှိုးလုံး၊ လက်သန်းလုံးမှ လက်ကျင်းဝတ်လောက်အထိ အရွယ်အစားစား ရှိသည်။ အခွေလိုက် အခွေလိုက်။ အပုံလိုက်၊ အပုံလိုက်။ အတိုရှိသည်။ အရှည်ရှိသည်။ လက်ညှိုးလုံးအရွယ် နိုင်လွန်ကြိုး ခပ်တိုတို တစ်ချောင်း ဆွဲယူကာ အပြင်ဘက် ထွက်လာသည်။ သူ့စိတ် တည်ငြိမ်နေသည်။ သို့မဟုတ် သူ့မှာ စိတ်ဆိုတာ မရှိတော့။ စက်ရုပ်တစ်ခုလို သူ လှုပ်ရှားသည်။ သည်အလုပ်က အလွန် လွယ်ကူသော အလုပ်။ အသိဉာဏ်ကင်းမဲ့ချိန်၊ စဉ်းစားဉာဏ် ချွတ်ယွင်းချိန်မှာ လုပ်နိုင်သော အလုပ်။ ကိုသိန်း နိုင်လွန်ကြိုးဖြင့် ကွင်းလျောက်လေး တစ်ခု လုပသေသပ်စွာ လုပ်လိုက်သည်။ ဆွဲကြည့်လိုက်လျှင် လျှောခနဲ။ အထစ်အငေါ့ မရှိ။ လက်မှုအတတ်မှာ မကျွမ်းကျင်ခဲ့သော၊ တစ်သက်လုံးလည်း ဘယ်နေရာမှာမှ အောင်မြင်မှု မရရှိခဲ့သော ကိုသိန်း၏ ဘဝမှာ အအောင်မြင်ဆုံး၊ အပီရိဆုံး၊ အသေသပ်ဆုံး လက်ရာ။

•

တစ်လခန့် အကြာ ကျွန်းသို့ ပထမဆုံး စက်လှေ ဆိုက်ရောက်လာသည်။ သံလုံးတို့ ရှာက တံငါများ။ ကျွန်းမှာ တိတ်ဆိတ်လွန်းသဖြင့် စိုးရိမ်မကင်း ဖြစ်သွားကြသည်။ 'သံလုံးရေ၊ ဟေ့သံလုံး'၊ 'ဗျို့ ကိုသိန်း' အော်ခေါ်ရင်း တဲဆီသို့ ပြေးလာကြသည်။

တဲဘေးတွင် များစွာ မခြောက်သွေ့သေးသည့် အရိုးစု တစ်စု တွေ့ကြသည်။

ထိုနောက်။

တဲနှင့် မလှမ်းမကမ်းဆီက သစ်ကိုင်း နိမ့်နိမ့်တစ်ခုမှာ လေတိုက်တိုင်း တွဲလွဲလွဲနေသည့် အရိုးစုတစ်စု။ 'ကျုပ်တို့ သတ္တိ သိပလားဗျို့' ဟု သွားကြီးဖြဲကာ ရယ်မောပြောဆိုနေသလို။

[မိုးဝေ။ ။ဩဂုတ်၊ ၁၉၈၆]

## ရွှေ

ရွှေနီချောင်းက တကယ်ပင် ရွှေထွက်သော ချောင်း ဖြစ်သည်။

စင်စစ် မြန်မာပြည်တလွှား အခေါင်အဖျားဆုံး နေရာများပါ မကျန်အောင် ဆယ်နှစ်ဆယ်မိုး ရွှေရှာခဲ့သည့် သူ့ အတွေ့အကြုံအရ ဆိုလျှင် ရွှေနီချောင်းရိုးသည် သည်တိုင်းပြည်၌ ရွှေအများဆုံး စုဝေးတည်ရှိရာ နေရာ၊ အလွယ်ကူဆုံး အများအပြားဆုံး ထုတ်ယူရရှိရာ နေရာ၊ အကြီးမားဆုံး အစိုင်အခဲများ တွေ့ရှိရာ နေရာ ဖြစ်ချေသည်။

သို့သော် ရွှေ ဆိုသည်က အန္တရာယ်နှင့် အမြဲတစေ ဒွန်တွဲနေလေ့ ရှိသည်။ ရွှေသိုက်ဟူသည် အန္တရာယ်သိုက်။

ရွှေနီချောင်းမှာက ထူးခြားသော အခြေအနေများကြောင့် ပို၍ အန္တရာယ်များသည်။ သည်နေရာမှာ တွေ့လျှင် သူ့ကို ဘယ်သူကမှ ရိုးရိုးသားသား ရွှေတူးသမား တစ်ယောက်ဟု ယုံမှတ်ကြလိမ့်မည် မဟုတ်။ သည်ဘက်က တွေ့လျှင် ဟိုဘက်လူ။ ဟိုဘက်က တွေ့လျှင် သည်ဘက်လူ။ သည်လိုပဲ ယူဆကြလိမ့်မည်။ သူရောက်နေသည့် နေရာက တောင်ရုံ တန်ရုံ စွန့်စားရှာဖွေသူတို့ ရောက်လေ့ ရှိသည့် နေရာမျိုး

www.burmeseclassic.ocm

www.burmeseclassic.ocm



မဟုတ်။ စဉ်းပင် စဉ်းစားရဲသည့် နေရာမျိုး မဟုတ်။ သည်နေရာသည် ပိတ်ပင်တားမြစ်ထားသည့် နေရာ၊ ကြိမ်းမောင်းခြောက်လှန့်ထားသည့် နေရာ၊ သို့သော် မည်သူမျှလည်း တကယ်တမ်း စိုးပိုင်မှု မရှိသေးသည့် နေရာ။

ထို့ကြောင့်လည်း သည်နေရာက အလွန်အန္တရာယ်များသည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

သို့သော် သူက အန္တရာယ်ဆိုသည်ကို ဂရုစိုက်တတ်သူမျိုး မဟုတ်။ သူဂရုစိုက်သည်က ရွှေ။ မြေကြီးထဲက ရလာမည့်ရွှေ။ ဓားပြ မတိုက် လက်ဖြန့်မခံ၊ လူတကာဆီမှာ ကျွန်မခံဘဲ ကိုယ့်ဘာသာ ကိုယ့် ဉာဏ်ဝီရိယနှင့် တူးဖော်ရရှိလာမည့် ရွှေ။

*

သူ့တစ်သက်လုံး ရွှေနှင့် ရင်းနှီးအကျွမ်းဝင်ခဲ့သည်။ ရွှေ ရှိရာနောက် တကောက်ကောက် သူလိုက်ခဲ့သည်။ သူ့ ခေါင်းထဲမှာ ရွှေသည်သာ အမြဲကြီးစိုးနေခဲ့သည်။

စင်စစ် သူက ရွှေမြေမှာ သန္ဓေတည်၍ ရွှေမြေမှာပင် မွေးဖွား ခဲ့သူ ဖြစ်သည်။ တစ်ချိန်သောအခါက အောက်မြန်မာပြည် ရွှေကျင် သမားတို့ အကြီးအကျယ် စုဝေးခဲ့ရာ နေရာ တစ်ခု ဖြစ်သည့် ပဲခူးရိုးမ အရှေ့တောင်စွန်း ကျွန်းနှစ်ပင်စခန်းသည် သူချက်မြှုပ်ရာ နေရာ ဖြစ်ခဲ့ သည်။

လူမှန်း သိပါပြီ ဆိုကတည်းက လောကမှာ ရွှေသာ ပဓာန ဆိုသော စကားကို မိဘများ နှုတ်ဖျားမှ တစ်ရံမလပ် သူကြားခဲ့ရသည်။ ဆင်းရဲသား မိဘများ။ မဆင်းရဲသင့်ဘဲ ဆင်းရဲခဲ့ရသည့် မိဘများ။ ငွေဂုဏ်မောက်သူများကို ငွေနှင့် အနိုင်ယူပြမည်ဟူသော ဒေါသမာန တို့ဖြင့် ငွေအတွက် ရွှေရှာခဲ့ကြသော မိဘများ။



သူ၏ နှစ်ဘက်သော ဘိုးဘွားများက သုံ့မြို့ရွာအလျောက် ချမ်းသာကြသူတွေ ဖြစ်သည်။ သို့သော် ချမ်းသာမှုထက်မက မာနတက် နေကြသူများ။ ပို၍ ဆိုးသည်က လုပ်ငန်းချင်း ယှဉ်ပြိုင်ဘက် ဖြစ်၍ တစ်ဦးအပေါ် တစ်ဦး အငြိုးအာဃာတ ကြီးမားနေကြသူများ ဖြစ် သည်။ သည်လိုရန်ဘက် မိသားစုနှစ်ခုမှ ပေါက်ဖွားလာသော လူငယ် လုံမငယ် နှစ်ဦး၏ အချစ်ရေးသည်ကား မည်သို့မျှ ဖြောင့်ဖြူးနိုင်စရာ အကြောင်း မရှိခဲ့။ လူငယ်ဘဝ၏ ပြင်းပြ ခိုင်မာသော အချစ်စိတ်မှ ပေါက်ဖွားလာသည့် မိုက်မဲမှု သို့မဟုတ် ရဲဝံ့စွန့်စားမှုတို့ဖြင့် မိဘ၏ အရိပ်အာဝါသနှင့် သြဇာအာဏာများ အောက်မှ သူတို့ထွက်ပြေး တိမ်း ရှောင်ခဲ့ကြသည်။ အတန်းပညာ မည်မည်ရရ မတတ်သေးမီ ကိုယ့် သဘောနှင့် ကိုယ် အိမ်ရာ တည်ထောင်ခဲ့ကြသည့် လူငယ်နှစ်ဦးကို နှစ်ဘက်မိဘက စွန့်ပစ်ခဲ့ကြသည်။ သို့သော် သူတို့ ဂရုမစိုက်ခဲ့ကြပါ။ သူတို့ တတ်ထားသည့် အတန်းပညာက အသက်မွေးဝမ်းကျောင်း ပြုနိုင် လောက်သည့် အဆင့် မရှိသေး။ သို့သော် အတန်းပညာမလိုအပ်ဘဲ ငွေထက် တန်ဖိုးကြီးသည့် ‘ရွှေ’ကို အလွယ်တကူ ရယူနိုင်သည့် နေရာ တစ်ခုက သူတို့ မြို့ကလေးနှင့် မလှမ်းမကမ်းတွင် ရှိနေချေသည်။ ဤသည်က ကျွန်းနှစ်ပင်စခန်း။

ကျွန်းနှစ်ပင်စခန်း၏ သတင်းက သည်နယ်တစ်ခွင်မှာ သင်းပျံ့ ကျော်ကြားလျက် ရှိသည်။ ကျွန်းနှစ်ပင် စခန်းသည် ဖြတ်လမ်းနည်း ငွေရှာလိုသူများ၊ သူဌေးအိပ်မက် မက်နေသူများ၊ ဖဲသမား၊ အရက် သမား၊ ဘိန်းစား၊ အမျိုးမျိုး အပြားပြားသော လူလိမ်လူကောက်များကို သာမက ဆင်းရဲခြင်းမှ လွတ်လမ်းမမြင်သည့် ရိုးရိုးသားသား လက်လုပ် လက်စား မှန်သမျှတို့အား ဖိတ်ခေါ်လျက် ရှိနေချေသည်။

အသစ်စက်စက် ဇနီးမောင်နှံ နှစ်ယောက် ရွှေနယ်မြေမှာ အ တည်းချကာ အများနည်းတူ ပေါက်တူး တစ်လက် ကျင်ခွက် တစ် ခွက်ဖြင့် လုပ်ငန်းခွင် ဝင်ခဲ့ကြသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



သည်နယ်မြေက ရွှေထွက်သော မြေဖြစ်သည်မှာ အမှန်ပင်။ သို့သော် တစ်ရံရောအခါက လူတစ်ဦး တစ်ယောက် သို့မဟုတ် လူတစ်စု အနေနှင့် ပြောစမှတ် ပြုရလောက်အောင် ရခဲ့ဖူးမည် ဖြစ်သော်လည်း ရွှေအကြီးအကျယ် ထွက်သည်ဟု အကျော်ဒေယျ ဖြစ်ပြီးသည့်နောက်ပိုင်း ရွှေတူးသမားတွေ အမြောက်အမြား ရောက်လာ ရှာဖွေကြပြီးသည့်နောက်ပိုင်းတွင်ကား ဘယ်သူမှပင် များများစားစား စိတ်ဝင်စားလောက်အောင် ရသည်ဟူ၍ မကြားရတော့။ တစ်ခါတစ်ရံ ငရုတ်သီးစေ့အရွယ် ဆန်စေ့အရွယ် အဖုံအစကလေးများ ရတတ်တာ ရှိသော်လည်း အဓိကအားဖြင့်ကား မြေစိုင်မြေခဲထုထဲတွင် အလွန်နည်းပါးစွာ ကြဲပြန့်ပါရှိနေသည့် ရွှေမှုန် ရွှေမွှားလေးများကို ကုတ်ကုတ်ကတ်ကတ် ရှာဖွေစုယူနေကြရခြင်းသာ ဖြစ်သည်။ နောက်ဆုံး စာရင်းချုပ် ကြည့်လိုက်သည့်အခါ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ခြင်းအတွက် လုပ်အားခ ရသည် ဆိုရုံလောက်သာ။ တစ်ခြား နေရာများမှာ လုပ်ကိုင်ကြသည့် လက်လုပ်လက်စား ပျံကျသမားများထက် နေ့တွက်ကိုက်သည် ဆိုရရုံသာ။ သို့သော် ကံအားလျော်စွာ တစ်နေ့နေ့မှာ ထူးထူးခြားခြား များများစားစား ရလေမလား ဆိုသည့် မျှော်လင့်ချက်၊ များများ မရသေးမီမှာလည်း သည်နေရာတွင် ရပ်တည် ကျင်လည်ရုံလောက်တော့ မှန်မှန်ရနေသည် ဟူသော ယုံကြည်အားထားချက်ဖြင့် သည်အလုပ်ကိုပဲ စိုက်လိုက်မတ်တတ် လုပ်ခဲ့ကြသည်။ ကြာလာပြန်တော့လည်း သည် အလုပ်အပြင် အခြား ဘာလုပ်ငန်းကိုမှ မမြင်တတ်တော့။ မလုပ်တတ်တော့။

သို့နှင့် ကျွန်းနှစ်ပင် စခန်း အခြေအနေ သိပ်မကောင်းတော့ဟု ဆိုသည့် အချိန်၌ နီးစပ်ရာ လူများနှင့် ရောယောင်ကာ ရွှေဓီးကွက်စခန်း၊ ထိုနောက် လိပ်တောင်ကြော၊ ထိုနောက် ငါးဘတ်အိုင် စသဖြင့် ရွှေ့ရင်း ပြောင်းရင်း သည်အလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကိုင်ခဲ့ကြသည်မှာ နောက်ဆုံး ရေအိုင် စိမ့်စမ်းများမှာ အညောင်းမိခံရသည့် ဒဏ်၊ မကြာခဏ ငှက်ဖျားရောဂါ ဖိစီးနှိပ်စက်သည့် ဒဏ်တို့ဖြင့် လင်မယား



နှစ်ယောက် စလုံး ငယ်ငယ်ရွယ်ရွယ် ဘဝမှာပင် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့သည့် အချိန်အထိ ဖြစ်လေသည်။

သည်အချိန်မှာ တစ်ဦးတည်းသော သားကလေးအဖြစ် ကျန်ရစ်ခဲ့သည့် သူက အသက် ဆယ့်တစ်နှစ်၊ လေးတန်းကျောင်းသား။

အဖေဘက်မှ အဘိုးအဘွားက သူ့ကို ခေါ်ယူစောင့်ရှောက်သည်။ ကျောင်းပညာ တတ်အောင် ဖိဖိစီးစီး ထိန်းကျောင်းပဲ့ပြင်ဖို့ ကြိုးစားသည်။ သို့သော် မိဘနှစ်ပါးထံမှ ရွှေအဖျားက သူ့ထံမှာ စွဲမြဲစွာ ကပ်ပါလာသည်။ မွေးတုန်းက ရွှေစခန်းမှာ မွေးခဲ့၍ မိဘများ ရွှေကျင်ရာနောက် တကောက်ကောက် လိုက်ပါ ကြီးပြင်းခဲ့ရသော ကလေး၊ ကျောင်းပိတ်ချိန်များတွင် မိဘများနှင့်အတူ စမ်းချောင်းထဲမှာ ရွှံ့များသဲများနှင့် ဆော့ကစားရင်း လူကြီး တစ်ယောက်နှင့် မခြား ဝင်ငွေ ရရှိခဲ့ဖူးသည့် ကလေး တစ်ယောက်ကို ကျောင်းပညာသင်ဖို့ တိုက်တွန်းရသည့် အလုပ်မှာ လွယ်ကူသော အလုပ် မဟုတ်ပေ။

ကျောင်းသင်စာကို သူစိတ်ဝင်စား၍ မရ။ သူ့စိတ်က ပြင်ပမှာပဲ ရှိနေသည်။ ကြီးပြင်းခဲ့ရသည့် အနေအထားအရ သူက အရွယ်တူ တန်းတူ ကလေးများထက် စိတ်ပိုင်းဆိုင်ရာ အရ များစွာ ကြီးရင့်သလို ဖြစ်နေသည်။ ရွယ်တူ တန်းတူတွေကို သူပေါင်း၍မရ။ ကျောင်းခန်းပြင်ပ၌ သူ့ထက်နည်းနည်း ကြီးသူ၊ များများကြီးသူများကိုသာ သူစိတ်ဝင်စားနေမိသည်။

အဘိုးအဘွား၏ အချုပ်အချယ် အနှောင်အဖွဲ့ကို သူမကြိုက်နိုင်သကဲ့သို့ တစ်ဘက်ကလည်း ကိုယ့်ဝမ်းကိုယ်ကျောင်းနေထိုင်နိုင်သူတို့၏ လွတ်လပ်မှုကို အမြဲတွေ့မြင်အားကျနေခဲ့မိသည်။ ပြီး ဆုံးပါးသွားခဲ့သည့် မိဘနှစ်ပါး၏ အရိပ်များ။ သည်အရိပ်များက သူ့အပေါ် အမြဲလွှမ်းမိုးလျက် ရှိသည်။ အဘိုးအဘွားသာမက ဘာမှ မသက်ဆိုင်သူတွေကပါ သည် မိဘနှစ်ပါး၏ အမည်နာမကို ထုတ်ဖော်ကာ သူ့ကို မေ့အရိ ဆိုဆုံးမကြသည်။ သည်မိဘ အမည်တွေ ဆွဲထည့်ကာ သူ့ကို ဆူပူ

www.burmeseclassic.ocm

www.burmeseclassic.ocm



မောင်းမဲကြသည်။ မိမိအတွက်နှင့် မရှိသော သူများ ပြစ်တင်ပြောဆိုခံရသည်ကို မကြိုက်။ မရှိတော့သော သူများအတွက် မိမိကို ဆိုကြပြောကြသည်ကိုလည်း သူက လုံးဝမကြိုက်။ သူနှင့် အုပ်ထိန်းသူ လောကနီးစပ်ရာ ပတ်ဝန်းကျင်လောကများအကြား ပဋိပက္ခ ကြီးမားလာသည်။ သည်အခါ လူကြီးမိဘများ အမြင်၌ သူက မိဘနှစ်ပါး၏ မိုက်မွေကို ဆက်ခံမည့် လူမိုက်ကလေး ဖြစ်လာလေသည်။

မိမဲ့ ဖမဲ့၊ မှီခိုနေသည့် အဘိုးအဘွားနှင့်လည်း သဟဇာတ မဖြစ်၊ ပညာတတ် ဖြစ်လာဖို့ အလားအလာလည်း မရှိ၊ ဆိုးဖို့ တေဖို့သာ များသည် ဟူသော အနုတ်လက္ခဏာ ပြသည့် အမြင်များအောက်၌ လူငယ်ဘဝ အစဦးချစ်သူနှင့် သွေလွဲခဲ့ရသည်။ အချစ် ဆိုသောအရာကို အမှန်အမြတ် ယုယပိုက်ထွေးမိစ အချိန်ကာလမှာပင် ဒေါသအာဃာတများ ရင်ကွဲတသမှုများဖြင့် သည်အချစ်ကို မြေမြှုပ် သင်္ဂြိုဟ်ခဲ့မိရသည်။ သို့နှင့် သူ့အသက် ဆယ့်ခြောက်နှစ်ကျော်စ ကာလမှာပင် အဘိုးအဘွား အိမ်ယာမှ သူ ထွက်ခွာခဲ့လေသည်။

သူတန်းတန်းမတ်မတ် ရောက်ရှိသွားသည်က သူ့မိဘများ ရှိစဉ်က လုပ်ကိုင်ခဲ့ဖူးသည့် ရွှေနယ်မြေ နေရာဟောင်းတစ်ခု။ ရွှေပင့်ကူချောင်းဟု ခေါ်သည်။ ရှေးသရောအခါက ထိုနေရာတွင် ကံထူးသူတစ်ဦး ပင့်ကူပုံသဏ္ဌာန် ရွှေတုံးရွှေခဲကြီး တစ်ခု ရရှိဖူးသည်ကို အကြောင်းပြု၍ ခေါ်ဝေါ်ကြသည့် နာမည်။ ရွှေပင့်ကူချောင်း၏ ချောင်းဖျား ချောင်းလက်တက်များ ဖြန့်ကျက်ရာ ဝန်းကျင်သည်ကား နာမည်ကျော်ကြားသည့် ရွှေထွက်ရာ နယ်မြေ တစ်ခု။ ပင့်ကူစခန်းမှာ သူကလေးဘဝကတည်းက သိကျွမ်းလာခဲ့သော လူကြီးသူမများ ရှိသည်။ ရွယ်တူတန်းတူ သူငယ်ချင်းများလည်း ရှိသည်။

သည်က မိသားစု တစ်စုနှင့် အတူနေ အတူစားကာ ရှာဖွေသော လုပ်ငန်းကို စတင်ခဲ့သည်။ သည်မိသားစုက ရွှေသမားများထဲမှာ အရိုးသားဆုံး လူစု ဖြစ်သည်။ စီးပွားမဖြစ်ဆုံး လူစုလည်း ဖြစ်သည်။



အများ သူငါ ရှာနေကြသည့် အပေါ်ယံကြော မြေလွှာများမှာပဲ ပင်ပင်ပန်းပန်း ရှာကြဖွေကြပြီး တစ်နေကုန်၍ နေ့တွက်ကလေး ကိုက်လျှင် ယနေ့အဖို့ လုပ်ရကျိုး နပ်သည်ဟု တင်းတိမ်နေကြသူမျိုးတွေ ဖြစ်သည်။ သူတို့ မိသားစုကို သူ ခင်မင်သည်။ ဆွေမျိုးသားချင်းသဖွယ် ရင်းနှီးချစ်ခင်သည်။ ယုံကြည်စိတ်ချသည်။ သို့သော် ရိုးလွန်းပျော့လွန်းသော သူတို့ စိတ်ဓာတ်ကို သူ သဘောမကျ။ သူ့သဘောက လုပ်ငန်းတစ်ခု လုပ်သည့် နောက်တော့ တကယ်တမ်း ဖြစ်မြောက်အောင် လုပ်စေချင်သည်။ သို့သော် လူဆိုသည်က သူ့သဘာဝနှင့် သူ သာ ဖြစ်ချေသည်။

အစမှာတော့ သူက သည် မိသားစုနှင့် အတူနေသည့် အားလျော်စွာ သူတို့ ပုံစံမျိုးအတိုင်း လုပ်ကိုင်၍ နေခဲ့သေးသည်။ သည်နောက်တော့ သူက သည့်ထက်လောဘကြီးကြီး ရဲရဲဝံ့ဝံ့ အလုပ်လုပ်သူများနှင့် ပူးပေါင်းကာ နက်ရှိုင်းသော တွင်းခေါင်းများ၊ ဥမင်လိုဏ်ခေါင်းများထဲသို့ပါ ဝင်ရောက် တူးဆွ ရှာဖွေလာခဲ့သည်။ အန္တရာယ်ကို မသိ မဟုတ်၊ သူ သိသည်။ လိုဏ်ခေါင်း ပြိုကျကာ အရှင်လတ်လတ် မြေမြှုပ်ခံသွားကြရသည့် ရွှေတူးသမားများအကြောင်းလည်း သူကောင်းကောင်း ကြားဖူးကြားဖူးပြီး ဖြစ်သည်။ သို့သော် သူက အန္တရာယ်ကို တွေးကြောက်ပြီး အလုပ်မလုပ်ဘဲ နေတတ်သူမျိုး မဟုတ်။ စိတ်ကူးနှင့် ရူးနေတတ်သူမျိုးလည်း မဟုတ်။ အကျိုးကျေးဇူး ကြီးမားသည့် မည်သည့်လုပ်ငန်းမဆို အန္တရာယ်နှင့် မရင်းဘဲ မအောင်မြင်နိုင် ဆိုသည်ကို သူ သဘောပေါက်ထားသည်။ ပြီးရွှေရှာသူချင်း တူပေမယ့် သူ့မှာ သူများတကာနှင့် မတူသည့် အလွန်ပြင်းပြသော စိတ်ဓာတ် ရှိခဲ့သည်။ ဘယ်နေရာမှာ များများ ရနိုင်မလဲ။ ဘယ်လိုလုပ်ရင် များများ ရမလဲ။ ဒါကို သူ အမြဲစဉ်းစားသည်။ စဉ်းစားရုံမက စိတ်ကူးရသမျှ တကယ်လည်း ထလုပ်သည်။ ယခု လုပ်ကိုင်ကြည့်နေသည့် နေရာက ဘယ်လိုလဲ၊ ဘယ်လောက်ရသလဲ၊ ဘယ်လောက် အလားအလာ ရှိသလဲ။ ပင်ပင်ပန်းပန်း ခါးတောင့်အောင်၊ ပခုံးကြော ဇက်ကြောတွေ မာအောင် တင်း

www.burmeseclassic.ocm

www.burmeseclassic.ocm



အောင်၊ လက်တွေ ခြေတွေ ပဲကြီးရေခွဲတွန့်ပြီး အဖတ်လိုက် အလွှာလိုက် ကွာကျကုန်အောင် ကုန်းရုန်းလုပ်ပါမှ တစ်နေ့ ငါးဆယ် ခြောက်ဆယ် သို့မဟုတ် ရှစ်ဆယ် တစ်ရာ ဆိုသော ငွေမျိုး ရမည် ဆိုလျှင် သည် အလုပ်သည် ရွှေဟူသော အမည်နာမနှင့် ထိုက်တန်သော အလုပ် မဟုတ်ဟု သူ ခံယူသည်။

ပြီး အသက်မကြီးသေးသော်လည်း အတွေ့အကြုံ ဗဟုသုတ စုံသည့် လူကြီးမျိုးစုံနှင့် လိုက်လံပေါင်းသင်းဖူးသဖြင့် တစ်နေ့ ငါးဆယ်၊ တစ်ရာ ဆိုသော ငွေသည် ဘယ်လောက်မှ အသုံးမခံသည့် အကြောင်း နှင့် ငွေသာများများ ရှိပါက လောကမှာ သုံးစရာ၊ စွံစရာ၊ ပျော်စရာ နည်းလမ်းတွေ များလှကြောင်း သူကောင်းကောင်း သိသည်။ ထို့ကြောင့် မည်သည့် နေရာ ဖြစ်စေ နှစ်ရှည်လများ လုပ်ကိုင်နေ၍မျှ နောင်တစ်နေ့ ချမ်းသာလာဖို့ မသေချာလျှင် သည်နေရာ သည်ဌာနကို ဘာသံယောဇဉ် မှ တွယ်နေစရာ မလို၊ အလျင်အမြန် စွန့်ခွာဖို့သာ ရှိသည်ဟု သူက အပြတ်အသား ခံယူထားခဲ့သည်။

ထို့ကြောင့်၊ သည်စခန်းဌသာ နှစ်ပေါင်းများစွာ မခွာတမ်း လုပ်ကိုင်ကာ အဝေးဆီသို့ အပြောနှင့်ပဲ လွမ်းနေကြသူတွေ၊ နားစွန်နား ဖျား ပြောသံကြားနှင့် တစ်ခြားတစ်ပါး အရပ်ဒေသများမှ လာရောက်ကာ သည်နယ်မြေအခြေအနေကို လေ့လာစမ်းသပ်ကြည့်ကြသည့် နယ်စုံပယ်စုံ ရောက်ဖူးသူတွေနှင့် ရင်းနှီးအောင် ပေါင်းသည်။ သူတို့ထံမှ ရသမျှ မေးသည်။ စုံစမ်းသည်။ သူတို့၏ ကိုယ်တွေ့ ဗဟုသုတသာမက ယုံတမ်းစကားဆန်သည့် ရွှေဒဏ္ဍာရီ ပုံပြင်များပါ မကျန် ရွှေသတင်း မှန်သမျှကို သူ့ခေါင်းထဲမှာ စွဲနေအောင် မှတ်သားသည်။ စဉ်းစားသည်။ စိစစ်သည်။

ထိုနောက်တွင်ကား သည်နယ်တစ်ခွင်မှာပဲ သူများတကာတွေ က သည်တစ်နေရာမှာ ခပ်များများလေး ပိုတွေ့ရသည် ဆိုလျှင် အဲသည် နေရာကလေးကို စုပြုံတိုးဝှေ့လာကြပြီး နောက်ထပ် ဘယ်နေရာ သိပ်



ကောင်းနေသည်ဟု အုတ်အော်သောင်းနင်း သတင်းစကား မကြားရ မချင်း၊ သည်တစ်နေရာမှာ မဖြုတ်တမ်း မရွှေ့တမ်း လုပ်ကိုင်နေတတ် ကြသော်လည်း သူကတော့ တစ်နေ့တွက် သူများတကာလောက် ကိုက် သည် ဖြစ်စေ၊ မကိုက်သည် ဖြစ်စေ၊ တစ်နေရာတွင် ပေမနေဘဲ သူများ မလုပ်သေးသည့် နေရာ၊ မရောက်သေးသည့် နေရာတွေ အနှံ့အပြား လိုက်လံစမ်းသပ်ကြည့်လေသည်။

စမ်းချောင်းအစပ်တွေမှာ စမ်းသည်။ ရေမနီးသည့် လျှိုမြောင် ချောင်ကြားများနှင့် တောင်စောင်း၊ တောင်ကမ်းပါးများက မြေကို ချောင်းနား မြောင်းနား ရောက်အောင် ပင်ပင်ပန်းပန်း သယ်ယူ၍လည်း စမ်းသပ်ကြည့်သည်။ မြစ်ချောင်း ကမ်းပါးများ၊ ရေအောက်ကြမ်းပြင်များ က မြေများကို ငုတ်လျှိုးတူးဆွ ယူ၍လည်း စမ်းသပ်ကြည့်သည်။ သူများတကာတွေက မြို့နား၊ ရွာနား၊ စခန်းနား ကပ်နေသည့် နေရာ များ၊ နေ့ချင်းပြန် သွားလာလုပ်ကိုင်၍ ရသည့် နေရာများမှာ လုပ်တတ် ကြသော်လည်း သူက တစ်ခါတစ်ရံ သူများတကာနှင့် အတော်ဝေးလှမ်း သည့် နေရာများမှာ တစ်ရက်၊ နှစ်ရက်၊ သုံးရက် ဆိုသလို ရိက္ခာနှင့် တကွ သွားနေကာ ရှာတတ်ဖွေတတ်သည်။ သူကချွံ့တွေ၊ သဲတွေ၊ ကျောက်ခဲတွေကြားမှာ ရွှေမှုန် ရွှေမွှားလေး တစ်စက် နှစ်စက် အရောင် လက်ပြီး ပေါ်လာတာ မြင်ရရုံနှင့် စိတ်အားတက်ကြွသူ မဟုတ်။ ဘယ်နေရာမှာ အတုံးအခဲ အဖုအစ ကြီးကြီးမားမားတွေ များများစားစား တွေ့ရမလဲ ဆိုတာ လိုက်ရှာနေခြင်း ဖြစ်သည်။

အစပိုင်းတွင်ကား သူနှင့် စိတ်သဘောချင်း နီးစပ်သူ သူငယ်ချင်း အပေါင်းအသင်း တစ်ယောက်တစ်လေ ပါတတ်သည်။ သို့သော် သူနှင့် ရင်ဘောင်တန်း လိုက်နိုင်သူ သူ့လို စိတ်ဇွဲပြင်းထန်သူမျိုးက ရှားလှ သည်။ သူ့ကို ကြောက်စရာ အံ့ဩစရာ သတ္တဝါ တစ်ကောင်လို မြင် ကာ တဖြည်းဖြည်း အဖော်လိုက်မည့်သူများ ရှောင်ရှားသွားခဲ့ကြသည်။

အဖော်မပါတော့မှ သူက ပို၍ ရဲဝံ့စွန့်စားကာ လူသူမနီးသည့်

www.burmeseclassic.ocm

www.burmeseclassic.ocm



တောအုံ ချုံကြား ချောင်းကြို မြောင်းကြား ဒေသများတွင် တစ်ကြိမ်လျှင် တစ်ပတ် ဆယ်ရက် ဆယ့်လေးငါးရက် ဆိုသလို ကြာရှည်စွာ သွားရောက် ကာ တစ်ကိုယ်တည်း ရှာဖွေသည့် အလေ့အထ ရလာသည်။ တောထဲ တောင်ထဲမှာ အနေကြာတော့ မုဆိုး စိုင်သင် ဆိုသလို တောဓလေ့ တောသဘာဝများ နားလည်လာသည်။ အခေါင်အဖျား နေရာများမှာ တစ်ဦးတည်း တစ်မိသားစုတည်း ဆိုသလို နေတတ်သည့် တောင်ယာသမားများ၊ တောလိုက်မုဆိုးများနှင့် မကြာခဏ တွေ့ဆုံမိကာ သူတို့ထံမှ တောပညာ တောထုံးစံများနှင့် တောတွင်း ရှင်သန်နေထိုင်နည်းများ၊ အန္တရာယ်ကို ရင်ဆိုင်ပုံ ရှောင်ကွင်းပုံ နည်းလမ်းများကို ကျွမ်းကျင် တတ်မြောက်လာသည်။ တဖြည်းဖြည်းနှင့် တောထဲ တောင်ထဲမှာ လိုအပ်သည့်အခါ ဆီမရှိ ဆန်မရှိဘဲ တောရိုင်းသတ္တဝါ တစ်ကောင်လို နေထိုင် နိုင်စွမ်းပင် ရှိလာသည်။

သို့သော် ဆိုခဲ့သည့်အတိုင်း ရွှေ ဆိုသည်က အန္တရာယ်။

သည်တော သည်တောင်ထဲမှာ သည်လူငယ်တစ်ယောက် အနှံ့အပြား သွားလာ ရှာဖွေလျက် ရှိသည်ကို ကိုယ့်အလုပ်ကို ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေသော တောင်ယာသမားများ၊ မုဆိုးများ သိကြသကဲ့သို့ ရွှေတူးသမားများထက်ပင် ဖြတ်လမ်းလိုက်ချင်သည့် ရွှေဓားပြများလည်း သိရှိခဲ့ကြသည်။ သူမြို့နား ရွာနားပြန်လာသည့် အခါများတွင် တစေ့တစောင်း ချောင်းမြောင်းကြသည်။ စူးစမ်းကြသည်။ ဘယ်လောက်ဖိုး ရောင်းသလဲ။ ဘယ်လို ပစ္စည်းမျိုးတွေ ရနေသလဲ။ ရွှေသိုက် တစ်ခုခုကိုများ တွေ့နေပြီလား။

စင်စစ် သူက ရွှေပင့်ကူချောင်း တစ်ဝိုက်မှာ ပြောပလောက်အောင် မရပါ။ တစ်ချို့သော နေရာများမှာ ခပ်များများလေး ရခဲ့တာ ရှိသည်။ သို့သော် ၎င်းနေရာများမှာပဲ စွဲစွဲမြဲမြဲ ဖောက်ချလုပ်လောက်သည်ဟူ၍ကား သူမယူဆသေး။ ထို့ကြောင့် ရွှေ့မြဲ ပြောင်းမြဲ နေရာသစ် ရှာဖွေမြဲ ရှာဖွေလျက်ပင် ရှိသည်။ သို့သော် သူ့မှာ တစ်ကိုယ်တည်း



သမားလည်းဖြစ် တောတွင်းမှာ သုံးစရာ စွဲစရာလည်း မရှိသဖြင့် မြို့တက်လာသည့် အခါများတွင် အတော်လေး စုမိဆောင်းမိလာသလိုဖြစ်ကာ မြို့မှာ ပေါင်းဟောင်း သင်းဟောင်းများနှင့် ပြန်ဆုံသည့်အခါ၌ ရက်ရက်ရောရော ဖောဖောသီသီ သုံးစွဲရုံမျှမက တစ်ခါတစ်လေ မန္တလေးထိ ရန်ကုန်ထိ တက်ကာ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ၊ စားသောက်ဆိုင်တွေ စုံစေအောင် လျှောက်လည် လျှောက်သုံး လုပ်တတ်သေးသဖြင့် ဘေးလူတစ်ချို့က သည်ကောင်လေး ဟန်ကျနေပြီဟု အထင်ကြီးခဲ့ကြသည်။

ထိုနည်းတူ တစ်ဘက်ကလည်း သည်ကောင်လေးလို မလောက်လေးမလောက်စားကလေး၊ အလွယ်တကူ ကိုင်တွယ်၍ ရနိုင်မည့် ကောင်ကလေးဟု အထင်သေးမှားကြပြန်သည်။ သည်အထင်ကြီးမှု အထင်သေးမှုများက တစ်ဦးတည်း ငြိမ်းချမ်းနေသည့် သူ့အနေအထားကို ပျက်ပြားစေခဲ့သည်။

သူ့နောက်က ခြေရာခံလိုက်သူတွေ လိုက်ကြသည်။ သူ့ကို လက်ရဲ ဖမ်းဆီးကာ ကြိမ်းမောင်း ခြောက်လှန့်မေးသူက မေးသည်။ သူ့ထံမှ လုယက်ပြီး အပြတ်ရှင်းဖို့ ကြိုးစားသူက ကြိုးစားသည်။

သို့သော် သူက သာမန် တောတွင်းသား မဟုတ်။ တောတွင်းမှာ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှားကာ ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့သည့် အလေ့အကျင့်ကြောင့် သူ့၌ သန်မာသော ကြွက်သားများနှင့် ကြံ့ခိုင်မာကြောသော စိတ်ဓာတ် ရှိနေသည်။ ပြီး သည်ရွှေရှာသမားလေးကို ခင်မင်နှစ်သက်ခဲ့မိသည့် မုဆိုးကြီး တစ်ယောက် တမင်တကာ သင်ကြားပေးခဲ့သဖြင့် သူက တောတွင်းတိရစ္ဆာန် ရန်သူ၊ လူရန်သူများနှင့် ရင်ဆိုင်ရသည့်အခါ၌ အသုံးပြုရမည့် တိုက်ခိုက်ပုံ နည်းစနစ်များကိုပါ ကျွမ်းကျင်တတ်မြောက်ခဲ့သည်။ ထို့ကြောင့်လည်း ရွှေဓားပြတို့ရန်မှ သူ လွတ်မြောက်နိုင်ခဲ့ခြင်း ဖြစ်၏။

သို့သော် သည်နယ်မြေ သည်တောတောင်ထဲမှာ သုံးကြိမ်

www.burmeseclassic.ocm

www.burmeseclassic.ocm



သုံးခါမျှ တိုက်ခိုက်ခြင်း၊ ထွက်ပြေး တိမ်းရှောင်ခြင်းများ ပြုလုပ်ရပြီး၊ တစ်ကြိမ်တွင် လူမသမာ နှစ်ဦးအား တောထဲ တစ်နေရာစီ ခွဲ၍ မြှုပ်နှံခဲ့ရပြီးသည့်နောက်တွင်ကား သူ့အနေနှင့် ရှေ့ရေး နောက်ရေးကို အလေးအနက်ကို တွေးတော သုံးသပ်ရန် လိုအပ်လာတော့၏။

ရွှေပင့်ကူနယ်မြေမှာ သူအကြောင်းမဲ့ နာမည်ကြီးနေပြီ။ နာမည်ကြီးသည်နှင့်အမျှ အန္တရာယ်က တစ်နေ့တစ်ခြား ကြီးထွားလာပြီ။ သည်နေရာသည် အန္တရာယ်နှင့် ရင်ဆိုင်၍ လုပ်ကိုင်လုပ်ရှားရလောက် အောင် ထိုက်တန်ပါ၏လော။ သည်ချောင်းမကြီးနှင့်တကွ ချောင်းငယ် ချောင်းလက်တက်များ တောင်ပေါ် စမ်းချောင်းများပါမကျန် သူစမ်းသပ် ရှာဖွေခဲ့သည်မှာ နှံ့သလောက် ရှိပြီ။ အချိန်ကာလအားဖြင့်လည်း နှစ်နှစ် ကျော်မျှ ကြာမြင့်ခဲ့ပြီ။ နောက်ထပ် သူစမ်းသပ်ကြည့်ချင်သေးသည့် နေရာကလေး တစ်ချို့တော့ ရှိသေးသည် မှန်၏။ သို့သော် တကယ်စမ်းသပ်ကြည့်လျှင် သည်နေရာတွေလည်း ယခင်နေရာများနှင့် မတိမ်းမယိမ်း လောက်ပဲ ရှိဖို့များနေပြီ။ ပြီး မကြာဘူးဆိုတောင် လေးငါးခြောက်လ တော့ ကြာနေလိမ့်ဦးမည်။ သူ သည်နေရာမှာ ကြာရှည်မနေချင်တော့။ ဆက်ပြီး အချိန်မဖြုန်းချင်တော့။ မြန်မာပြည်မှာ ရွှေထွက်သည့် နေရာတွေ အများကြီး ရှိကြောင်း သူသိထားသည်။ သည်နေရာထက် အများအပြား ရရှိနိုင်သည်။ သူ့မှာ သည်နေရာမှာပဲ တစ်သက်လုံး ရှာဖွေနေဖို့ ဝတ္တရား မရှိ။

စင်စစ် တိုင်းပြည်အနှံ့ လှည့်ပတ်ရှာဖွေသည့် ရွှေသမားတွေလည်း အများအပြားပင် ရှိသည်။ သူကိုယ်တိုင် သည်လိုလူမျိုး အတော်များများနှင့် တွေ့ဖူးသည်။ ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ဖူးသူတွေလည်း ရှိသည်။ လိုအပ်လျှင် ၎င်းတို့နှင့် အချိန်မရွေး ဆက်သွယ်၍ ရနိုင်သည်။ ပြီး သူပြောသံ ကြားဖူးသည့်အလျောက် ဆိုလျှင် မြန်မာပြည်၌ ရွှေရှာဖွေ တွေ့ရှိရသည့် နေရာများသည် ပထဝီ သဘောအရ တစ်နေရာနှင့်တစ်နေရာ သိပ်မခြားနား ဆင်တူရိုးမှားပဲ ဖြစ်သည်။ ရွှေရှာသူတို့



ဝန်းကျင်၊ ရွှေအသိုက်အအုံ၊ ရွှေလူ့အဖွဲ့အစည်းငယ်တို့၏ သဘောသည်လည်း ထိုနည်းလည်းကောင်း။ နေ့စား လုပ်အားသမား၊ တစ်နပ်စား အပြတ်လုပ်မည့်သူများ၊ ဖဲသမား၊ လူလိမ်လူကောက်များ၊ သူခိုးဓားပြများ။ သည်ရပ်သည်ရေ၊ သည်မျက်နှာ အမူအရာမျိုး၊ သည်အကျင့်စာရိတ္တမျိုးချည်းသာ ဖြစ်သည်ဟု ဆိုကြသည်။ တစ်နေရာ၌ လုပ်ဖူးလျှင် နောက်တစ်နေရာ၌ မလုပ်တတ်စရာ မရှိ။ မကျင်လည်ဝံ့စရာ မရှိ။ ပြီး သူ့မှာ သတ္တိ ရှိသည်။ သတိရှိသည်။ ထိုနောက် တစ်ကောင် ကြွက်။

သည်တိုင်းပြည်တွင် အကြီးမားဆုံး ရွှေသိုက်သည် အဘယ်မှာ ရှိမည်နည်း။ ဒါကို သူတွေ့အောင် ရှာရလိမ့်မည်။ သူရှာမည်။

ပထမအဆင့်တွင် နည်းနည်း စုမိဆောင်းမိပြီး ရှိဖို့ လိုသည်။ ဟိုနယ် သည်နယ်မှာ အခြေတကျ မလုပ်ရမီ လှေ့လာဖို့ စူးစမ်းဖို့ ပေါင်းသင်းဖို့ လက်နက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းကလေးများ ဝယ်ဖို့ ငွေလိုသည်။ လက်ထဲမှာ နောက်ဆုံး ကျန်ရှိနေသည့် ရွှေတိုရွှေစက ငွေ တစ်သောင်းခွဲ နှစ်သောင်းဖိုးလောက်တော့ ရှိလိမ့်မည်။ သို့သော် သည်မျှနှင့် မဖြစ်သေး။ မြို့ ဆိုသည်က တောနှင့် မတူ၊ ငွေစကား အလွန်ပြောသည်။ တောထဲမှာ ဦးနှောက်နှင့် ကြွက်သားမျှတစွာ အသုံးချတတ်လျှင် အရာရာ အောင်မြင်သည်။ မြို့မှာက ငွေပါမှ။ များများပါမှ များများ အဆင်ပြေသည်။ ပြီး သူက သည်အချိန်မှာတော့ ငွေနှင့် ပတ်သက်၍ ဈေးဆစ်ဖို့ စိတ်ကူးမျိုး အညံ့ခံဖို့ စိတ်ကူးမျိုး လုံးဝမရှိတော့။ သည်ငွေထက် နှစ်ဆလောက် ထပ်ရမည် ဆိုလျှင်တော့ တစ်ခြားတစ်ပါး မြို့ရွာမှာ လှုပ်ရှားသည့်အခါ ပို၍ လွယ်ကူချောမွေ့လိမ့်မည် ထင်သည်။ ဘယ်လိုလုပ်မည်နည်း။

ပြီးခဲ့သည့် နှစ်နှစ်ကျော်ပတ်လုံး သူစမ်းသပ်ကြည့်ခဲ့သည့်နေရာများထဲမှာ သူမက်မောလောက်အောင် မဖြစ်သော်လည်း အကောင်းဆုံးဟု ယူဆရသော တစ်နေရာရှိသည် သည်နေရာတွင် သေသေချာချာ

www.burmeseclassic.ocm

www.burmeseclassic.ocm



စတည်းချကာ အလုပ်လုပ်လျှင် တစ်လ နှစ်လ ဒါမှမဟုတ် အလွန်ဆုံး သုံးလလောက်နှင့် သည်ငွေလောက်တော့ သေချာပေါက် ရရမည်။

သည်ခရီးအတွက် လျှို့လျှို့ဝှက်ဝှက် စီစဉ်သည်။ ကြာကြာနေရမည် ဆိုတော့ နေရေး ထိုင်ရေးမှာ အထိုက်အလျောက် သက်တောင့်သက်သာ ရှိအောင် စီစဉ်ရမည်။ ရိက္ခာလည်း များများ၊ တစ်ပါတည်း သယ်သွားနိုင်ဖို့ လိုသည်။ ရိက္ခာ ဆိုသည်မှာလည်း ဆန်နှင့် ဆားသာ ဖြစ်သည်။ ကျန်တာတွေ အရေးမကြီး။ တောထဲမှာ အသီးအရွက်အတွက်ရော သားငါးအတွက်ပါ ပူစရာ မရှိ။ နားလည် တတ်ကျွမ်းသူအတွက် တောဆိုသည်မှာ ပစ္စည်းအမျိုးစုံလင်သည့် ဈေးခင်းကြီး တစ်ခုသာ ဖြစ်သည်။ ဈေးထဲမှာ အလကား ချရောင်းနေသည့် ပစ္စည်းတွေကို ရယူဖို့အတွက် သူ့မှာ တောအသိပညာ ရှိသည်။ လက်နက်ကိရိယာလည်း စုံသည်။ ငါးမျှားချိတ် တစ်တွဲ၊ ဓားမြှောင်တစ်ချောင်း၊ ဓားမတိုတစ်ချောင်း၊ ပြီး ပွိုင့်တူးတူး ရိုင်ဖယ်သေနတ်တစ်လက်။ သည်သေနတ်က အကောင် ဗလောင်ငယ်များ ပစ်ခတ်စားသောက်ရန်၊ လူရန်သူနှင့် တွေ့လျှင် ခြိမ်းခြောက်ဟန့်တားရန်၊ လိုအပ်လျှင် ချေမှုန်းရန် အထောက်အကူပြု ကိရိယာ။

ပစ္စည်းပစ္စယများ လျှို့လျှို့ဝှက်ဝှက် စုဆောင်းသည်။ စိတ်ချရသည့် တစ်နေရာမှ လှေတစ်စင်း ငှားသည်။ ညဘက်တွင် လှေကလေးပေါ်သို့ ဆန်ထည့်ထားသည့် ပလတ်စတစ်ပုံးကြီး နှစ်လုံး၊ အဝတ်အစားနှင့် တိုလီမိုလီပစ္စည်းများ ထည့်ထားသည့် ကျောပိုးအိတ်ကြီး တစ်လုံး၊ တာပေါ်လင်စနှင့် ချုပ်ထားသည့် သူ အသုံးပြုနေကျ တဲလိပ်၊ ပြီး ပေါက်တူး၊ ဂေါ်ပြား၊ ကျင်ခွက်၊ ဒန်အိုး၊ ရေဘူးရေခွက် စသည်တို့ကို တင်ပြီး မြစ်ညာသို့ မှန်မှန်လှော်ခတ်လာခဲ့သည်။ နားလိုက် သွားလိုက်နှင့် ခြောက်နာရီခန့် ကြာအောင် လှော်ခတ်ပြီးသည့် နောက် ချောင်းလက်တက်ကလေး တစ်ခုထဲသို့ ကွေ့ဝင်ကာ လှေလှော်၍ ရသလောက် ဆက်လှော်လာခဲ့သည်။ လှေနှင့် ဆက်မသွားနိုင်တော့



သည့် နေရာရောက်မှ လှေကို ရပ်ပြီး ပစ္စည်းများ ချကာ လုံခြုံသည့် တစ်နေရာတွင် သိုဝှက်သည်။ ပြီး လာလမ်းအတိုင်း ပြန်ဆင်းလာခဲ့သည်။

မြို့ပြန်ရောက်ပြီး နောက်တစ်နေ့တွင် ပွိုင့်တူးတူး သေနတ်လက်က ကိုင်ကာ စစ်လွယ်အိတ်ကလေး တစ်လုံး လွယ်လျက် တောဘက် ဝင်ခဲ့သည်။ ရွှေကျင်မည့်နေရာအနီး သူစတည်းချမည့်နေရာကို ရွေးချယ် သတ်မှတ်သည်။ ဝှက်ထားခဲ့သော ပစ္စည်းများကို ၎င်းနေရာသို့ ထမ်းပိုးသယ်ဆောင်သည်။ အကွယ်အကာ ကောင်းသည့် နေရာတစ်ခုမှာ တာပေါ်လင် တဲနိမ့်ကလေး ထိုးလိုက်သည်။ တဲရှေ့ တဲနောက် မလှမ်းမကမ်းဆီလောက်တွင် သစ်ရွက်အုပ်အုပ် ရှိသော သစ်ပင် နှစ်ပင် ရွေးပြီး လင့်စင် တစ်ခုစီ ထိုးသည်။ ပြီးလျှင် သူလုပ်ရှားမည့် နယ်မြေ တစ်ဝိုက်သို့ သူစိမ်းတစ်ရုံဆံများ ရုတ်တရက် ဝင်ရောက်မလာနိုင်စေရန် စည်းဝိုင်း သတ်မှတ်လိုက်သည်။ ထောင်ချောက် စည်းဝိုင်း။

ပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီ ဆိုသည်နှင့် တစ်ပြိုင်နက် လုပ်ငန်း စတင်သည်။ မိမိနယ်မြေ ဝန်းကျင်ကို တစ်နေ့နှစ်ကြိမ် ထောက်လှမ်းခြင်း၊ ထောင်ချောက်များကို စစ်ဆေးခြင်း၊ ချက်ပြုတ်စားသောက်ခြင်းတို့ကို ချန်၍ အချိန်ပြည့်ဆိုသလို ရွှေကျင်သည့် အလုပ်ကိုသာ ဇွဲစိုက်လုပ်ကိုင်သည်။

သည်နေရာ အကောင်းဆုံးဟု သူရွေးချယ်ခဲ့ခြင်းမှာ မှားယွင်းပုံမရ။ ပထမ ရက်သတ္တပတ် တစ်ခုလုံးလောက်ပင် အခြေအနေ အတော်ကောင်းနေသည်။ သည်နှုန်းအတိုင်းသာ ရသွားမည် ဆိုလျှင် အခြားတစ်ပါးအရပ်သို့ မသွားဘဲ သည်နေရာမှာပင် သိန်းဂဏန်း အတော်များများ ရနိုင်နေသည်။ သို့သော် သည်နေရာမှာ နှစ်ရှည်လများ လုပ်နေ၍ ဖြစ်မည်လား။ သူက နာမည်ကြီးနေပြီ။ လျှို့ဝှက်မှု ပျက်နေပြီ။ ပြီးဒါသည် တကယ့်ရွှေသိုက် မဟုတ်သေး။ သည်မျှလောက်ကို တွယ်ပြီး တပ်မက်နေမှု မဖြစ်။ ပြီး သည်မဖြစ်စလောက်ကို အကြီးအကျယ်

www.burmeseclassic.ocm

www.burmeseclassic.ocm



ထင်ပြီး ငမ်းငမ်းတက် လိုက်နေသူတွေက ရှိနေသည်။ ဘယ်လောက်ပင် ပိပိရိရိ သိုသိုသိပ်သိပ် လုပ်သည် ဆိုစေ သူ့ကို အမှတ်မဲ့ မြင်တွေ့လိုက်မိသူတွေ ရှိနိုင်သည်။ လူတွေက တစ်ဆင့် သတင်းပြန့်ပွားကာ အကြံသမားများ နားသို့ ပေါက်ကြားသွားနိုင်သည်။ မဖြစ်။ သည်နေရာသည် လုံခြုံရေးအတွက် သိပ်စိတ်ချရသော နေရာ မဟုတ်။ စိတ်အေးလက်အေး ထိုင်လုပ်နေနိုင်သည့် နေရာမဟုတ်။

သို့သော် သည်လိုပဲ စိတ်မချ တချ လုပ်ကိုင်ရင်း တစ်လခွဲခန့်ကြာသည့် အချိန်၊ နောက်တစ်ပတ်လောက်နေလျှင် သည်နေရာက ခွာတော့မည်ဟု ဆုံးဖြတ်ပြီးသည့် အချိန်တွင် အန္တရာယ်နှင့် ရင်ဆိုင်တွေ့ရလေသည်။

ညနေစောင်း၊ နေညိုချိန်၊ နယ်နိမိတ် စည်းဝိုင်းကို လှည့်ပတ်စစ်ဆေးနေဆဲ လက်ဝဲဘက်မှ ဝုန်းခနဲ အသံတစ်ခု ကြားလိုက်ရပြီး သတ္တဝါ တစ်ကောင် ချုံများကြားက ထခုန်ကာ သူ့အပေါ် တည့်တည့်ကျဆင်းလာသည်ကို လျှပ်တပြက် မြင်လိုက်ရသည်။ လူတစ်ကိုယ်လုံး ထူပူသွားပြီး ရုတ်တရက် ဆိုသလိုပင် ယခင် သင်ကြားထားဖူးသည့် အလေ့အကျင့်အရ ရှေ့သို့ ကျွမ်းပစ်ထိုးကာ ရှောင်မိလိုက်သည်။ လုံးဝလွတ်လွတ်ကျွတ်ကျွတ်ကြီးကား မဟုတ်။ ကျောဘက်က ထူထူပူပူခံစားလိုက်ရသည်။ လူက တလိမ့်ခေါက်ကွေး။ သည်ကြားထဲက လှည့်ကြည့်မိသောအခါ သူ့နောက်ဘက်မှာ ကျား။

ကျားက သူ့အပေါ် ကျော်ကာ ဝရန်းသုန်းကားနှင့် အရှိန်လွန်ပြီး ထိုးကျသွားသည်။ သူ ကမန်းကတန်း ထကာ ကျားနှင့် ဝေးရာဘက် စွတ်ပြေးသည်။ ကိုယ်ဆင်ထားသည့် ထောင်ချောက်တစ်ခုမှာ မိတော့မည့်ဆဲဆဲ သတိပြုမိကာ ဘေးနားကပ် ရှောင်ပြေးရသည်။ ပြေးရင်း စဉ်းစားသည်။ ဘယ်နေရာ ပြေးမလဲ၊ ဘယ်လို ပြေးမလဲ၊ စဉ်းစားရင်း ပြေးရင်းက နောက်ဘက်က ဝုန်းခနဲ အသံတစ်ခု ကြားသည်။ ကိုင်းထောင်ချောက်မှာ ကျားမိနေသည်။ သုတ်ကိုင်း။ ချက်ချင်း သတိရ



သည်။ သစ်ကိုင်းသေးသေး ကြိုးသေးသေးနှင့် ထောင်ထားသော ကိုင်း၊ ကျားဖမ်းဖို့ ထောင်ထားသော ကိုင်း မဟုတ်၊ တောကောင်သေးသေးများဖမ်းမိရုံ၊ လူရန်သူ ဆိုလျှင်လည်း အထိုက်အလျောက် ဟန့်တားနိုင်ရုံထောင်ထားသည့် ကိုင်း။ ကျားတစ်ချက် ရုန်းရုံဖြင့် ချက်ချင်းလွတ်သွားလိမ့်မည်။ မြန်မြန်ပြေး၊ ဘယ်ပြေးမည်လဲ၊ ရှေ့မှာ သစ်ပင်မြင့်မြင့်တစ်ပင်။ ကမန်းကတန်း ပြေးတက်သည်။ အောက်ဆုံး ခွဆုံထက်သူ တက်မိချိန်မှာပင် ထောင်ချောက်သစ်ကိုင်း ကျိုးကာ ကျားသူ့အောက်ရောက်လာသည်။

ကျား ဆိုတာ သစ်ပင် မတက်နိုင်၊ ကျားသစ်သာ တက်နိုင်သည်ဟု မုဆိုးများ ဆိုကြသည်။ သည်ကောင်ကတော့ ကျားအစစ်ပါပဲ။ သို့သော် မတော်တဆ သစ်ပင်တက်တတ်သည့် ကျား ဖြစ်နေလျှင် ခက်မည်။ ကျားဆိုတာ အတက်တော့ တတ်သည် အဆင်းသာ မတတ်ဆိုသော စကားလည်း ရှိသည် မဟုတ်လား။ သူအပေါ်ပိုင်းသို့ ဒရောသောပါး ပြေးတက်သည်။

ကျားတက်မလာ၊ အောက်ဘက်မှာသာ မော့ကြည့်ပြီး တဝေါင်းဝေါင်း ဟိန်းနေသည်။ ပင်စည်ကို ချိတ်တွယ်ပြီး လက်သည်းရှည်ကြီးများနှင့် ကုတ်ခြစ်နေသည်။ ပါးစပ်ကြီး ဖြဲ၍ ဖြဲ၍ ဟိန်းသည်။

သူ အထိုက်အလျောက် သွေးအေးသွားသည်။ ကျားတက်မလာနိုင်တာ သေချာပြီ။ သို့သော် သည်ကောင် ဘယ်လောက် ကြာကြာစောင့်ဆိုင်းနေမလဲ။ သည်ပြဿနာကို ဘယ်လို ဖြေရှင်းရမလဲ။ ခေါင်းအေးအေးထားပြီး စဉ်းစားသည်။ ပွိုင့်တူးတူး သေနတ်။ သည်သေနတ်က ကျားခုန်အုပ်စဉ် လွတ်ကျကျန်ရစ်ခဲ့သည်။ သေနတ်ပါလျှင် ပတ်ခတ်နိုင်မည်။ သို့သော် ပွိုင့်တူးတူးကျည်ဆန်ကို ကျားက ကျည်ဆန်ရယ်လို့မှ အောက်မေ့ပါ့မလား သူ မပြောတတ်။ ဘာပဲပြောပြော မျက်စိတည့်တည့်မှန်အောင် ချိန်၍ ပစ်ခတ်နိုင်လျှင်တော့ ကျားရန်မှ လွတ်မြောက်နိုင်မည် သူထင်သည်။ သို့သော် လောလောဆယ် ရှိသည့်

www.burmeseclassic.ocm

www.burmeseclassic.ocm



အရာကို စဉ်းစားမနေနှင့်။ လက်ငင်းအခြေအနေ၌ လက်နက် ဆို၍ သူ့ခါးမှာ သားရေ ခါးပတ်နှင့် တွဲချိတ်ထားသော ဓားမြှောင် တစ်လက် ရှိသည်။ အလှသက်သက် ထိုးထားခြင်း မဟုတ်။ ဓားမြှောင်ကို သူ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တတ်သည်။ သုံးစွဲခဲ့သည့် အလေ့အကျင့်လည်း များစွာ ရှိသည်။ သို့သော် ကျားတစ်ကောင်ကိုတော့ ဓားမြှောင် တစ်စင်းတည်းနှင့် မတိုက်ခိုက်ဘူးခဲ့။ စင်စစ် သည်ဟာက သူရင်ဆိုင်ဖူးသည့် ပထမဆုံး ကျား ဖြစ်သည်။ တိရစ္ဆာန်ရုံ ပြင်ပမှာ ပထမဆုံး အနီးကပ် ကြုံရဖူးသည့် ကျား။

ကျားက အပင်အောက် မလှမ်းမကမ်းလောက်က ဟောက်လိုက် ဟိန်းလိုက်။ ပင်စည်ကို ကုတ်တွယ်ကာ အပေါ်သို့ ချိတ်တက်လာတော့ မလိုနှင့် ခြိမ်းလိုက် ခြောက်လိုက်။ သစ်ပင်အခေါက်တွေ တဖွားဖွားပဲ့ ကွာကျအောင် ကုတ်ဖဲ့နေသော လက်သည်းရှည်ကြီးများ၊ လူကို အရိုးပါ မကျန်အောင် ကိုက်ဝါးပစ်နိုင်မည့် သွားစွယ်ကြီးများနှင့်၊ အစာအဟာရ အဖြစ် သူ့ကို မျိုချသွားမည့် အာခံတွင်းပေါက်ကြီးကို ကြောက်ဖွယ်လိလိ မြင်တွေ့နေရသည်။

မည်သို့ လုပ်ရမည်နည်း။ လက်နက်ဆို၍ သည်ဓားမြှောင် တစ်ချောင်းတည်း။ ဓားမြှောင်ကို စွန့်ပြီး သုံးမည်လား။ ဓားမြှောင် ဆုံးရှုံးလျှင် ဘာလက်နက်မှ ရှိတော့မည် မဟုတ်။ သို့သော် သည်နည်း မှ လွဲ၍ တစ်ခြားနည်းလမ်းလည်း မရှိတော့။ စိတ်ငြိမ်ငြိမ်ထား လက်ဆ မှန်မှန်ထား၍ အလုပ်လုပ်ရလိမ့်မည်။ အောက်ဆုံးခွဆုံဆီသို့ ဖြည်းဖြည်း ချင်း သူဆင်းလာခဲ့သည်။ သည်ခွဆုံက ကျားအလှမ်း မမီတမီ။ တကယ် တမ်း ထခုန်လျှင်တော့ မီချင် မီနိုင်မည်။ သို့သော် ပင်စည်မှာ ချိတ်တွယ် နေရင်းတော့ ခုန်နိုင်မည် မဟုတ်။ ခုန်မည်ဆိုလျှင် အောက်ခြေ❋မြေကြီး မှ လေးဘက်ထောက် အရှိန်ယူရလိမ့်မည်။ ထို့ကြောင့် လိုအပ်လျှင် အောက်ဆုံးခွဆုံမှ အပေါ်တစ်ထစ်သို့ အလျင်အမြန် ကူးပြောင်းနိုင်အောင် အနေအထား ပြင်ဆင်ထားလိုက်သည်။



သူ ဖြည်းဖြည်းချင်း ဆင်းလာသည်။ ကျားက နောက်ခြေ နှစ်ချောင်းဖြင့် မတ်တတ်ရပ်ကာ ရှေ့ခြေဖြင့် ပင်စည်ကို ကုတ်တွယ် ထားဆဲ။ ပါးစပ်က ဖြဲလိုက် စိလိုက် ဟိန်းလိုက် ဟောက်လိုက်။ သူ အောက်ဆုံးထစ်မှာ ခြေချမိပြီ။ ဆောင့်ကြောင့်ထိုင်သည်။ ကျားနှင့် မျက်နှာချင်း ဆိုင်မိပြီ။ ကျားက တဝုန်းဝုန်း တဝါးဝါး ချောက်ချားဖွယ် ရာ။ အောက်သို့ ရုတ်တရက် ငုံ့ကိုင်းကာ ကျားမျက်လုံးတစ်ဘက်ကို ဓားနှင့် ဆတ်ခနဲ ထိုးဖောက်လျှင် ရနိုင်စရာ ရှိသည်။ သို့သော် ကျား လက်က ဘယ်လောက် မြန်မည်လဲ။ မခန့်မှန်းနိုင်။ ဓားမြှောင် လွတ်ကျရုံ မျှမက လူပါ အောက်သို့ လိမ့်ကျသွားမည် ဆိုလျှင် မျှော်လင့်ချက် မရှိတော့။ ရုတ်တရက် ကျားက မတ်တတ်ရပ်လျက် အနေအထားကပင် လှမ်းခုန်သည်။ မမီ။ သို့သော် သီသီလေး။ သူ့မျက်နှာနှင့် ကျားမျက်နှာ တိုက်မိတော့ မတတ် ဖြစ်သွားသည်။ သူက ကျားမျက်ခွက်ကို ဓား မြှောင်နှင့် ဆတ်ကနဲ တွက်ထည့်လိုက်ပြီး တစ်ပြိုင်နက် ထရပ်သည်။

ကျား ပင်စည်ခြေရင်းသို့ ပြန်ကျသွားပြီးနောက် အရှိန်ယူကာ ခွဆုံဆီသို့ ချက်ချင်း ခုန်အုပ်သည်။ ကျားမျက်နှာကြီး သူ့ဆီ တည့်တည့် ပြေးတက်လာစဉ် ရုတ်တရက် မစဉ်းစားလိုက်ရဘဲ လက်ထဲက ဓား လှစ်ခနဲ ပြေးထွက်သွားသည်။

ကျားကိုယ်လုံးကြီး ပင်စည်နှင့် ဝုန်းခနဲ ရိုက်မိပြီး တစ်ပင်လုံး သွက်သွက်ခါသွားသည်။ သူအပေါ်တစ်ဆင့် တက်ကာ အောက်သို့ ငုံ့ကြည့်သည်။ သူ့ဓားမြှောင် ဘယ်နေရာ စိုက်သွားသလဲ လိုက်ကြည့် သည်။ မမြင်။ ဘေးပတ်ဝန်းကျင်မှာလည်း မတွေ့။ ဘယ်ဘက် လွင့် ထွက်သွားလေသလဲ။ သည်အခိုက် ကျားက ပင်စည်ရင်းမှာ လေးဘက် ထောက်နေရာက ဝရန်းသုန်းကား ထခုန်အော်ဟစ်သည်။ အနီးနားရှိ ချုံပင် သစ်ပင်ငယ်များကို အတင်းတိုးဝေ့လူးလိမ့်သည်။ လိမ့်ရင်း အော်ရင်းက သူ့အပင်အောက် ပြန်ရောက်လာကာ ခုန်အုပ်ရန် ပြင်ပြင် သည်။ မခုန်နိုင်။ တလိမ့်ခေါက်ကွေး အော်ဟစ် ညည်းညူပြန်သည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ကျားပါးစပ် အဟမှာ သူ့ခြေထောက်အရိုးကို မြင်ရသည်။ အသွားက အတွင်းသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်သွားဟန် ရှိသည်။

ကျားမငြိမ်နိုင်။ နည်းနည်းလေးမှ ငြိမ်၍ မရ။ ဝုန်းဒိုင်းကြဲနေသည်။ အာခေါင်မှာ ခါးစူးနေသည့် ကျား။ လည်ချောင်းက ဝေဒနာကို မခံစားလိုတော့သဖြင့် မိမိကိုယ်ကို မသေသေအောင် သတ်ဖြတ်နေသလား ထင်ရသည်။ ပတ်ဝန်းကျင် ချုံပင်ပေါင်းပင် သစ်ပင်ငယ်များအားလုံး မွမွကျဲအောင် ဝရုန်းသုန်းကား အရှုးအမူး ခုန်ပေါက်လူးလိမ့်တိုးဝှေ့တိုက်ခိုက်ခြင်း ပြုသည်။ ငြိမ်သွားလိုက်၊ ထလာပြီး အော်လိုက်ညည်းလိုက်နှင့် နောက်ဆုံး တစ်နာရီလောက် အကြာတွင် ဇီဝိန်ချုပ်သွားလေသည်။

*

မြစ်ကြီးနား၊ မိုးညှင်း၊ ကောလင်း၊ ကသာ၊ ချင်းတွင်းမြစ်၊ ဥယုချောင်း၊ ရွှေကူ၊ ရွှေဘို၊ ရွှေကျင်၊ ပျဉ်းမနား၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ ပြည်၊ ထားဝယ်၊ မြိတ်။ မြန်မာပြည်မှာ ရွှေထွက်သော နေရာတွေများလှသည်။ သည်နေရာ သည်အရပ်တွေမှာ အုတ်အုတ်ကျက်ကျက် ရှာဖွေနေကြသည့် ရွှေစခန်းများ ရှိသည်။ သူတစ်ပါး မတူးသေး မဆွသေးသည့် နေရာများမှာ တစ်ဦးချင်း တစ်စုချင်း လျှို့လျှို့ဝှက်ဝှက် ဝင်ထွက် ရှာဖွေနေသူတွေလည်း အများအပြား ရှိချေသည်။

ထုံးစံအားဖြင့် သည်နေရာတွေသည် မြို့ပြ ရပ်ရွာနှင့် ဝေးလံသော အခေါင်အဖျား နေရာများသာ ဖြစ်၍ သာမန်အားဖြင့် ကြည့်လျှင် တစ်နေရာနှင့် တစ်နေရာ အဆက်အသွယ် ရှိကြလိမ့်မည်ဟု ထင်စရာမရှိ။

သို့သော် ရွှေဆိုသည်က အနံ့ရှိသည်ဟု ဆိုရလိမ့်မည်။ ရွှေတူးသမားများ၊ ရွှေသိုက်ရှာသူများ နှာခေါင်းက အမဲလိုက် ခွေးထက်ပင် အနံ့ခံကောင်းလှသည်။ သူတို့ နှာခေါင်းတွင် ရွှေအနံ့ကို ပြင်းပြင်းထန်ထန် စူးစူးရှရှ ရစမြဲ ဖြစ်သည်။ ရန်ကုန်မြို့လယ် အရက်ဆိုင်စားသောက်ဆိုင်များမှာ ထိုင်ရင်း မြန်မာပြည် အနှံ့အပြား တောအုံချုံကြားက ရွှေကို သူတို့ အနံ့ရနေကြသည်။ ဘယ်နေရာမှာ များများရနေပြီလဲ။



ရန်ကုန်မှာ သည်လို ရွှေအသိုက်အဝန်းကလေးတွေ ရှိသည်။ တစ်နေရာမှာ များများရတာ သေချာနေပြီ ဆိုလျှင် ပြေးကြ၊ သွားကြ၊ ရှာကြ။ အကြောင်းမထူးလျှင် ပြန်လာ၊ ပြန်ထိုင်။ ရွှေပုံပြင် ရွှေသတင်းတွေ မပြီးနိုင် မထပ်နိုင် ပြောကြ ဆိုကြ။ များများစားစား ရလျှင်လည်း နောင် သည်လိုပဲ အလွယ်တကူရဦးမည့် သည်ငွေအတွက် အနှမြောအစုံအမက် မရှိ သုံးလိုက် ဖြုန်းလိုက်။

သူ့မှာ သည်လို ရွှေသမား အသိအကျွမ်းတွေ ရှိနေသည်။ ကျောပြင်က ကျားကုတ်ထားသည့် ဒဏ်ရာ ဒဏ်ချက်တွေ ပျောက်အောင် ဆေးကုပြီးနောက် ရန်ကုန်သို့ သူ လာခဲ့သည်။ ရွှေရောင်းရသည့် ငွေများကို ထိန်းသိမ်းရသည့် တာဝန်ပေါ့အောင် ဘဏ်မှာ အပ်နှံသည်။ တည်းခိုခန်း တစ်ခုမှာ စတည်းချပြီး ရွှေအနံ့ခံကောင်းသည့် ရွှေသတင်းစုံကြားရတတ်သည့် သိဟောင်းကျွမ်းဟောင်းများ အသိုက်အဝန်းထဲ ဝင်ရောက်ပေါင်းသင်းသည်။ သူတို့နှင့်အတူ လည်ရင်း ပတ်ရင်း ပျော်ရင်းပါးရင်းက ရတတ်သမျှ အနံ့ခံသည်။ စူးစမ်းသည်။

သတင်းတွေက သေးသေးမရှိ၊ ကြီးကြီးမားမားချည်း ဖြစ်သည်။

သတင်းကြားသည့် နေရာသို့ မဆိုင်းမတွ ထလိုက်ပြီး ရှာဖွေကြသူတွေလည်း ရှိသည်။ ရထားသည့် သူများထံ ကပ်ရပ်ပြီး အကြံအဖန်လုပ်သူ လိုးဖို့ ဖြတ်ဖို့ ကြံစားသူများလည်း ရှိသည်။ ဘာတစ်ခုမှ တကယ် ထထကြွကြွ မလုပ်ဘဲ အပြောနှင့် မောနေသူတွေ လောဘသွားရာ လိုက်ပါရဲသည့် သတ္တိမရှိ၍ ငြိမ်နားထောင်ရင်း အချိန်ကုန်နေသူတွေလည်း တစ်ပုံတစ်ပင်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ဘာပဲဖြစ်ဖြစ် သူ့လို သဲသဲမဲမဲ ပြင်းပြင်းထန်ထန် စိတ်ဓာတ်ရှိသူမျိုးကား ရှားပါးလှသည်။

သူ မြို့မှာ ကြာကြာမနေပါ။ မြို့ ဆိုသည်က ဟေးလား ဝါးလား ပျော်ပါး ဖြုန်းတီးသည့်နေရာ။ သူကိုယ်တိုင်လည်း ရွှေကိစ္စနှင့် ပတ်သက်သည့် ရောင်းမှု ဝယ်မှု စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်သည့် အချိန်က လွဲလျှင်၊ စည်းမဲ့ ကမ်းမဲ့ ပရမ်းပတာ လွတ်လပ်ချင်တိုင်း လွတ်လပ်စွာ နေထိုင်သည့် နေရာ။ သူ့မှာ ငွေကို နှမြောတွန့်တိုခြင်း မရှိ။ သူက အရက်သေစာကို အရသာတွေ့တတ်၊ နှစ်သက်တတ်သော်လည်း မထိန်းနိုင် မသိမ်းနိုင် မူးယစ်တတ်ခြင်း မရှိ။ ဆန့်ကျင်ဘက်လိင်ကို အခါအားလျော်စွာ ပြင်းပြတပ်မက်ခြင်း ဖြစ်တတ်သော်လည်း ဆင်ခြင်မှု ကင်းမဲ့အောင် စွဲလမ်း တမ်းတတတ်ခြင်း မရှိ။ ထို့ကြောင့် မြို့ပြတွင် သူအပျော်ကျူးသော်လည်း မြို့ပြ၏ ပျော်ပါးမှုတို့သည် သူ့ကို အန္တရာယ် မပြုနိုင်ခဲ့။ မြို့ပြသည် သူ့အတွက် စိတ်လွတ် ကိုယ်လွတ် အပန်းဖြေ အနားယူသည့် နေရာ။ တောတောင်ကန္တာရသည်သာ သူ့အတွက် စည်းကမ်းအပြည့်၊ သတိဝီရိယအပြည့်နှင့် လှုပ်ရှားနေထိုင်ရာ လုပ်ငန်းခွင်။

မြို့ပြမှာ အပန်းဖြေရင်း စူးစမ်းနားထောင်ရင်း ရှေ့ခရီးစဉ် ချမှတ်သည်။ ပထမဦးစားပေး နေရာသို့ သွားရောက် လုပ်ကိုင်ရန် အတွက် ပြင်ဆင်သည်၊ လှုပ်ရှားသည်၊ သွားသည်။ ပြန်သည်။

သို့နှင့်၊ မြို့နှင့်တော တောနှင့်မြို့ ကူးချည်သန်းချည်နှင့် နှစ်ကာလများ ကုန်လွန်ခဲ့သည်။ အတွေ့အကြုံ စုံလင်ခဲ့သည်။ မြန်မာပြည်တစ်လွှားရှိ ရွှေထွက်သည် ဆိုသော နေရာမှန်သမျှ ဆိုသလို သူ ရောက်ခဲ့ သည်။ နားစွန်နားဖျား ပြောသံကြားသည့် နေရာမှန်သမျှ။ တောင်စွန်း မှ မြောက်စွန်း။ အရှေ့စွန်းမှ အနောက်စွန်း။ တစ်ချို့နေရာ တစ်လ နှစ်လ၊ တစ်ချို့ နေရာမှာ ခြောက်လ တစ်နှစ်။ ရောက်သည့် နေရာတိုင်းမှာ သူများတကာ ရှာနေသည့် နေရာတွေမှာ ကြည့်သည်။



မှတ်သားသည်။ လူအများစုဝေးနေသည့် စကားဝိုင်းများမှာ တစ်စွန်းတစ်စ နားထောင်သည်။ တစ်ယောက်ချင်း နှစ်ယောက်ချင်း တီးတိုးပြောနေကြသည်များကို မသိမသာ နားစွင့်သည်။ ရွှေစခန်းများမှာ တွေ့ရမြဲ ဖြစ်သည့် အရက်သမားများ၊ ဘိန်းစားများ၊ ရွှေဘဝပျက်များကို တစ်ဦးချင်း ချဉ်းကပ်၍ မေးမြန်းသည်။ ထိုနောက်တွင် ထုံးစံအတိုင်း အများ ရှာဖွေသည့် နေရာမှ ဖဲ့ထွက်ကာ ချောင်ကြိုချောင်ကြား အစွန်အဖျား နေရာများမှာ တစ်ကိုယ်တည်း စခန်းချလျက် ဟိုနေရာရွှေ့ သည်နေရာပြောင်း အကောင်းဆုံး နေရာကို ရှာဖွေသည်။

သူ့မှာ ပစ္စည်းပစ္စယ မများ။ သူ့ကိုယ်ပေါ်မှာ တစ်နိုင်ဝန်နှင့်။ လူကြား သူကြားထဲက လစ်ခနဲပျောက်သွားလိုက်၊ ပေါ်ချင်သည့်အခါ ဘွားခနဲ ပြန်ပေါ်လာလိုက်မို့ ရောက်သည့် အရပ်မှာ သကာမကင်း ခံရတတ်သည်။ သို့လော သို့လော အထင်ခံရတတ်သည်။ ဥပဒေဘက် သားလား ဘာလား။ ဒါမှမဟုတ် မြေပုံအညွှန်းရထားသူလား။ ထို့ကြောင့် လူအများ စုဝေးရာမှ ခြေရာဖျောက်ကာ တောစခန်းချထွက်ပြီ ဆိုတိုင်း သတိဝီရိယ ကြီးစွာထားပြီး စီစဉ်ရ ပြင်ဆင်ရ လှုပ်ရှားရစမြဲ ဖြစ်သည်။ သို့သော် သည်အထဲကပင် အန္တရာယ်က နယ်မြေ နေရာတိုင်းလိုလိုမှာ အနည်းနှင့်အများ ရင်ဆိုင်ဖြေရှင်းရသည်ချည်း ဖြစ်သည်။

သို့သော် လောကဥ္စ မည်သည့် လုပ်ငန်းမဆို အန္တရာယ်များလေ အကျိုးကျေးဇူး ကြီးမားလေ ဖြစ်သည်။

အန္တရာယ်ကြေးကို အကြီးမားဆုံး ရရှိသည့် နေရာကား ရွှေနီချောင်းဖျား။

ရွှေနီချောင်းဖျား တစ်ခိုသည် ခေတ်အဆက်ဆက် ဘယ်သော အခါကမှ မငြိမ်းချမ်းခဲ့သော နေရာ ဖြစ်သည်။ အန္တရာယ် ထူပြောသော နေရာ ဖြစ်သည်။

ရွှေနီချောင်းရေသည် စိမ့်အေးသည်။ ချောင်းရိုး ပတ်ဝန်းကျင်

www.burmeseclassic.ocm

www.burmeseclassic.ocm



သည် သိပ်သိပ်သည်းသည်း အုံ့အုံ့ဆိုင်းဆိုင်း။ ထို့ကြောင့် ထိုဝန်းကျင်သည် နွေကာလမှာပင် အေးမြသည်။ ဆောင်းအခါ၌ အရိုးခိုက်အောင် အေးသည်။ မိုးတွင်း၌ကား ရေပြည်အစစ်။ သဲသဲမဲမဲ ကြဲသွန် ရွာချသော မိုး။ အသံမစဲ ဟစ်အော် ကြွေးကြော်နေသော မိုး။ စွတ်စိုခြင်း၊ ချမ်းအေးခြင်း။ ထို့နောက် နေရာတကာ တလူးလူး တလွန့်လွန့် လှုပ်ရှားသွားလာနေသော ကျွတ်များ၊ တဝီဝီ ညံစီနေသည့် ခြင်ကောင်များ။ ခြင်ကောင်များက သယ်ဆောင်လာသည့် ငှက်ဖျား။ ဦးနှောက်သို့ပါ ထိုးဖောက် ဝင်ရောက်၍ လူကို ချေမှုန်းတတ်သော ငှက်ဖျားပိုး။

သို့သော် ရွှေနီချောင်းဖျားနှင့် ရွှေနီတောင်ကြောတစ်ဝိုက်မှာ လူတိုင်းအတွက် အကြီးမားဆုံး ရန်သူကား လူ။

ရွှေနီပတ်ဝန်းကျင်ကို ရောက်ပေါက်ဖူးသူ နည်းပါးခဲ့သည်။ ယခု လက်ငင်း အချိန်မှာလည်း ဝင်ထွက်သွားလာနေသူ အလွန်နည်းသည်။ သို့သော် ထိုနည်းပါးလှသော ဖြတ်သွား ဖြတ်လာများထဲတွင် အသေအပျောက်နှုန်းက များပြားလှသည်။ ရွှေနီတောင်ကြောသည် ရန်မီးကြီးမားသည့်နေရာ။ မည်သူမျှ မပိုင်သလို မည်သူ့ကိုမျှလည်း အပိုင်မခံသည့်နေရာ။ တစ်ယောက်တည်း သမားကို ထား၍ အစုအဝေးများ အဖွဲ့အစည်းများပင် လိုအပ်သည့် အချိန် မြန်မြန်ဝင်၊ ပြီးလျှင် မြန်မြန်ထွက်၊ ကြာကြာမနေနိုင်သည့်နေရာ၊ မနေရဲသည့် နေရာ။ သည်နေရာတွင် စစ်ကြောမနေနိုင်၊ စူးစမ်းမနေနိုင်၊ ဘွားခနဲ တွေ့လျှင် ဒိုင်းခနဲ ပစ်၊ ကိုယ်မပစ်လျှင် သူက ပစ်သွားမည်။ သည်လိုနေရာမျိုး။

ရွှေနီချောင်းဖျားမှာ ရွှေအကြီးအကျယ် ရှိနေနိုင်သည့် အကြောင်း သတင်းပေးခဲ့သူက ဘိန်းစားအို တစ်ဦး။ တစ်ချိန်သောအခါက ရွှေရှာသူ တစ်ဦးအဖြစ် ကျောက်ခဲသလဲထဲက ရွှေကို ကျောက်ခဲသလဲလို အလွယ်တကူ ဖြုန်းတီးရင်း ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းကို တစ်လှည့်စီ ခံစားခဲ့ရာက နောက်ဆုံးတွင် ချောင်းဆိုးသွေးပါ ရောဂါသမား ဘိန်းစားတစ်ယောက်အဖြစ် ဘဝနိဂုံးချုပ်တော့မည့် ပုဂ္ဂိုလ်တစ်ဦး။



ဗြိတိသျှခေတ်က ရွှေနီချောင်းဖျားမှ ရွှေတွေ အမြောက်အမြား ရခဲ့ဖူးသည့် ပုဂ္ဂိုလ်ကြီး တစ်ဦးအကြောင်း၊ ၎င်း၏ အဆက်အနွယ် တစ်ယောက်ထံမှ တစ်ဆင့် ကြားခဲ့ရဖူးသည်ကို ယုံကြည်လောက်ဖွယ် တိတိကျကျ ပြောပြခဲ့သည်။ သူ့စေတနာ သူ့ရက်ရောမှုတို့အတွက် ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ဘိန်းစားအိုက မိမိ တစ်သက်လုံး မျိုသိပ်ခဲ့သည့် လျှို့ဝှက်ချက်ကို ဖွင့်ဟခဲ့ခြင်း၊ တစ်နည်းအားဖြင့် ရတနာသိုက်၏ သော့ချက်ကို ပြသပေးခဲ့ခြင်း ဖြစ်သည်။

ဇာတ်လမ်းက တကယ်လည်း ဖြစ်နိုင်သည်။ ပုံပြင်သက်သက်လည်း ဖြစ်နိုင်သည်။ ဖြစ်နိုင်ချေက ငါးဆယ်ရာခိုင်နှုန်း။

သို့သော် ငါးဆယ်ရာခိုင်နှုန်း ဆိုသည်က စွန့်ဦးသူ တစ်ယောက်အတွက် စွန့်စားလောက်သော ကိန်းဂဏန်းဖြစ်သည်။ ရွှေနီဇာတ်လမ်းမှန် မမှန်ကို ကိုယ်တိုင်စစ်ဆေးရန် သူဆုံးဖြတ်လိုက်သည်။

ထုံးစံအတိုင်း နယ်မြေအခြေအနေကို ဦးစွာ စုံစမ်းထောက်လှမ်းရသည်။ နားစွန်နားဖျား ပြောသံကြားစကားနှင့် ရမ်းသွား၍ မဖြစ်။ တိတိကျကျ၊ ခြေခြေမြစ်မြစ် သိထားဖို့ လိုသည်။ ပထဝီ အနေအထား၊ အဝင်အထွက် ခရီးလမ်းပန်း၊ လုံခြုံရေး၊ ပြီး သည်နယ်မြေမှာ လှုပ်ရှားနေသည့် အင်အားစုများ။

အန္တရာယ်နယ်နိမိတ်၏ အစပ်ဟု ဆိုရမည့် ချောင်းသာနယ်မြေသို့ သူရောက်ရှိသည်။ ရွှေနီချောင်းမကြီး နံဘေးတွင် ရှိနေသည့် ချောင်းသာသည် ရွာမကျ၊ မြို့မကျ။ မြို့သေးကလေး။ မော်တော်ကား သွားနိုင်သည့် လမ်းကြမ်းကလေးတစ်ခု၏ အဆုံးမှာ ရှိနေသည့် လှည်းလမ်းဆုံး ခေါင်းပိတ်ဆိုသော နေရာမျိုး။ မြို့နယ်အုပ်ချုပ်ရေး အဆင့်ရှိသော နေရာသည် သူ့နောက်ဘက် မိုင်နှစ်ဆယ်မှာ ရှိသည်။ သူ့ရှေ့မှာ တောင်သူယာခုတ်တို့၏ ရွာသိမ်ရွာငယ်အချို့။ ကျဲရိုင်းတွေ ကြားမှာ အချိန်မရွေး မြေဇာပင် ဖြစ်နိုင်သည့် အရေးကို မတွေးမကြောက်ဘဲ အနေရဲကြသည့် တောင်ယာသမားနှင့် တောလိုက်မုဆိုးတချို့။

www.burmeseclassic.ocm

www.burmeseclassic.ocm



ချောင်းသာက ထမင်းဆိုင် တည်းခိုအိမ် တစ်ခုမှာ စတည်းချကာ မသိမသာ စုံစမ်း ထောက်လှမ်းခြင်း ပြုသည်။ ဟိုအဖွဲ့အစည်းကလိုလို၊ သည်အဖွဲ့အစည်းကလိုလို။ ဟိုကိစ္စ စုံစမ်းသယောင်ယောင် သည်ကိစ္စ စုံစမ်းသယောင်ယောင်။ သို့သော် ဘယ်လိုပဲ အဖုံးတွေ အဖိတွေ၊ အလှည့်တွေ အပတ်တွေပါ စေကာမူ ရွှေ ဆိုသော စကားလုံး မသုံးဘဲ ရွှေသတင်း စုံစမ်း၍မရနိုင်။

စင်စစ် သည်နေရာက လူအတော်များများသည် ရွှေနီချောင်းဖျားမှာ ရွှေတွေ့ရှုးသည် ဆိုတာလောက်တော့ သိကြသည်သာ ဖြစ်သည်။ သို့သော် ခိုင်ခိုင်မာမာ မဟုတ်။ နေရာဌာန တိတိကျကျ သိရသည်လည်း မဟုတ်။ နားစွန်နားဖျား ကြားဖူးနားဝမျှသာ ဖြစ်၍ အန္တရာယ်နယ်မြေထဲ စွန့်စား သွားရောက်လောက်အောင် အထိတော့ ဘယ်သူမျှ စိတ်ဝင်စားခြင်း မရှိခဲ့။ ထို့ပြင် သည်နယ်မြေထဲ အခါအားလျော်စွာ ဝင်ထွက် ဖြတ်သန်းခြင်း ပြုနေကြသည့် အဖွဲ့အစည်းများသည်လည်း ရွှေစကားကို စိတ်မဝင်စား၍လား၊ လုပ်ငန်းတစ်ဘက်နှင့် မအားလပ်၍လား မသိ။ မသေချာ မရေရာသော ရွှေရှာလုပ်ငန်းကို လုပ်ကိုင်သည်ဟု မကြားခဲ့ရဘဲ ရှိသည်။

သို့သော် သူက သူပဲ ဖြစ်သည်။

ရွှေနီချောင်းဖျားကို တောသတ္တဝါ တစ်ကောင်လို သူ လျှို့ဝင်ခဲ့သည်။

ရွှေနီချောင်းမနှင့် ချောင်းလက်တက်များမှာ သူစမ်းသပ်ရှာဖွေသည်။ ရွှေ အစအန တွေ့ရသည်မှန်သော်လည်း အထင်ကြီးလောက်အောင် မရှိသေး။

ခုနစ်ရက်မြောက်သောနေ့။ တစ်ခုသော ချောင်းလက်တက် အဖျားပိုင်းဘက်သို့ အတန်ကြာအောင် ဆန်တက်ခဲ့သည်။ ရေက ခပ်တိမ်တိမ် ခပ်ပါးပါး။ မြေက ဂဝံမြေစပ်စပ်။ ရေတံခွန်သဖွယ် သွန်ဖျာကျနေသည့် နေရာတစ်ခု၏ အောက်နားဘက်တွင် ကြည်လင်သော



ရေအိုင်ကလေး တစ်ခု ဖြစ်ပေါ်နေသည်။ သည်နေရာမှာ ရွှေရှိရမည်ဟု သေချာပေါက် သိထားသည့်အလား သူက ရေအိုင်ကလေးရှိ ဒူးဆစ်လောက်အနက် ရေအိုင်မှာ ရပ်ကာ အောက်ခြေရှိ သဲကျောက်နည်းနည်းကို အပေါ်ယံရှပ်၍ ကော်ယူလိုက်သည်။ သဲနှင့်ရေ ရောမွှေပြီး ကျွမ်းကျင်နေသော လက်က ကျင်ခွက်ကို ဝေ့ကာဝိုက်ကာ နှိမ့်ကာမြှင့်ကာ လှုပ်ရှားသည်။ အပေါ်ယံမှ ကျောက်ခဲသလဲ ကြီးကြီးတွေ ဖယ်ရှားသည်။ ထိန်းချုပ်ထားသည့် ကြားကပင် အရှုထဲ အသည်းထဲကပါ လှုပ်ရှားကာ အသံတစ်ခု ပါးစပ်ထဲမှ ကျယ်လောင်စွာ ထွက်သွားသည်။

ကျင်ခွက်အောက်ခြေက သဲမှုန်ကျောက်မှုန်များကြားမှာ ရွှေရောင်ဝင်းဝင်းကို အထင်းသား မြင်နေရချေသည်။ ကျင်ခွက်တစ်ဝက်စာမှာ သည်လောက်များများ ရတာ သူဘယ်တုန်းကမှ မတွေ့ကြုံစဘူး။ ယခု အပေါ်ယံကြော သဲမြေကို ကျင်ကြည့်ရုံဖြင့် သည်မျှရနေသည်။ သည်နေရာသည် အကြီးမားဆုံး ရွှေသိုက် ဖြစ်သည်ကား သေချာလေပြီ။

ကျင်ခွက်ထဲက သဲမှုန်ရော ရွှေမှုန်တွေပါ ရေအိုင်ထဲဆေးချလိုက်ပြီးနောက် ကမ်းပေါ် ပြေးတက်ကာ သည်နေရာနှင့် နီးနီးနားနားမှာ ခိုအောင်းရမည့် အကောင်းဆုံး နေရာကို ရှာသည်။ ပတ်ဝန်းကျင်နယ်မြေကို စေ့စေ့စပ်စပ် အကဲခတ်သည်။ စင်စစ် သည်နယ်မြေက နာမည်ကြီးမည့်သာ ကြီးရသည်။ သူဝင်ရောက်နေခဲ့သည့် ရက်သတ္တတစ်ပတ်လုံး မည်သည့်အရိပ်အယောင်မျှ သူမတွေ့ခဲ့ရ။ သို့သော် အန္တရာယ်က ကိုယ့်ကို မတွေ့မီ ကိုယ်က ကြိုတင်သိရှိနေဖို့ အရေးကြီးသည်။ အနည်းဆုံး စက္ကန့်ပိုင်း မိနစ်ပိုင်း ဖြစ်စေ ကြို၍ သိပါမှ။ ထို့ကြောင့် စခန်းအနီးရန်သူ ရောက်ရှိလာလျှင် ကြိုတင်သိရှိနိုင်မည့် ကာကွယ်မှုလုပ်ငန်းများ တတ်နိုင်သမျှ ဆောင်ရွက်သည်။ နယ်နိမိတ် အရံအတားများ။

ထိုနောက် အားမြဲသော စမ်းရေအိုင်တွင် ထိုင်လိုက်ထလိုက်နှင့် နေထွက်က နေဝင် ရွှေကျင်သော အလုပ် စတင်လေသည်။ ရွှေက အမှုန်အမွှား သက်သက်မဟုတ်။ အဖုံ့အစ သေးသေးတွေ၊ ပဲကြီးကြီး

www.burmeseclassic.ocm

www.burmeseclassic.ocm



တွေလည်းပါသည်။ ငရုတ်သီးစေ့အရွယ်၊ ဆန်စေ့အရွယ်သာမက ပြောင်းဖူးစေ့အရွယ် အတုံးအခဲတွေလည်းပါသည်။ တစ်ခါတစ်ရံ ရှည်ရှည်လျားလျား တွန့်တွန့်လိမ်လိမ် အတက်အလက်ကလေးများ။ သဲမြေထဲမှာ နှစ်ပေါင်းများစွာ လူမသိ သူမသိ တိမ်မြှုပ်နေခဲ့သော ရွှေများ။ သူက စားဖို့ နားဖို့ပင် သိပ် အချိန်ကုန်ခံမနေတော့ဘဲ အလင်းရောင် ရှိသမျှအချိန်တွေမှာ ရွှေတွေ ရသလောက် ဖော်ထုတ် ယူနိုင်ဖို့သာ အားသွန်ကြိုးပမ်းနေခဲ့သည်။ သားရေရှုံ့အိတ်ထဲမှာ တစ်နေ့တစ်နေ့ ရွှေမှုန်ရွှေစတွေ တိုးပွားသည်ထက် တိုးပွားလာသည်။ အလေးချိန်စီးသထက်စီးလာသည်။

တစ်နေ့ နေမွန်းတည့် သာသာအချိန်။ ပခုံးကြောတွေ တင်းပြီ။ ခါးကြောတွေ တောင့်ပြီး ခါးကလည်း ကိုက်လှပြီ။ သည်လောက်ဆိုလျှင် နားတော့မှဟု စိတ်ကူးနေဆဲမှာပင် ကျောပြင်တစ်လျှောက် ဖိန်းခနဲ၊ ရှိန်းခနဲ၊ ဖျန်းခနဲ ချမ်းသလို စိမ့်သလို ခံစားရသည်။ ရုတ်တရက်ပင် လူက ဖျားချင်သလို နာချင်သလို အားအင်ကုန်ခမ်းကာ နွမ်းနယ်၍ သွားသည်။ ဖျားများ ဖျားမလား။ သည်အရပ်က ငှက်ဖျားဆိုးသည်ဟု ပြောသံကြားဖူးသည်။ သို့သော် မြန်မာပြည်မှာ ငှက်ဖျားမဆိုးသော အရပ်ဟူ၍မှ မရှိဘဲ။ ပြီး သူသည် ဘာကြောင့်မှန်းမသိ၊ သူများတကာ အဖျားတက်သည့်အချိန်မှာ ဖိခဲ့ရ နှိပ်ခဲ့ရ ပြုစုခဲ့ရသော်လည်း သူကိုယ်တိုင်ကား တစ်ခါမျှ ငှက်ဖျားဆိုသည့် ရောဂါဆိုးဒဏ်ကို မခံစားရဖူးခဲ့။

ပြီးခဲ့သော လေးငါးရက်ကပင် သူက နေ့စဉ်လိုလို ဖျားချင်သလို၊ အသားတွေ ပူနေသလို၊ ကိုယ်လက်ကိုက်ခဲသလို ဖြစ်နေခဲ့သည်။ ကိုယ့်နဖူး ကိုယ်စမ်းကြည့်တော့ ပူသလိုလို။ သို့သော် သေသေချာချာကား မဖျား။ အဖျားရှိသည် ဆိုလျှင်လည်း အာဂန္တုဖျား၊ မတ်တတ်ဖျားပဲဟု သူ သဘောထားခဲ့သည်။ နောက် တစ်ရက် နှစ်ရက်လောက် အလုပ်လျှော့လုပ် အနားများများယူ လျှင် ပုံမှန်ပြန်ကောင်းသွားလိမ့်မည်ဟု



သူ စဉ်းစားမိခဲ့သည်။ သို့သော် အလုပ်ကိုကား တကယ်တမ်း လျှော့မလုပ်ဖြစ်ခဲ့။

ရုတ်တရက် ကျောထဲက စိမ့်တက်လာ ကြက်သီးဖြန်းဖြန်းထသွားသည်။ တစ်ကိုယ်လုံး တုန်သွားတွန့်သွားသည်။ တစ်ခေါင်းလုံးလည်း ထူသလို ပူသလို ဖြစ်လာသည်။ ငှက်ဖျားမိလေပြီလား။ သည်နေရာရှိ ငှက်ဖျားကပင် ပို၍ ဆိုးလေသလား။ မိမိကပင် အလုပ်ပင်ပန်းခံ အညောင်းခံ အအေးခံလွန်းသဖြင့် ကိုယ်ခံအား လျော့ပါးခဲ့လေသလား။ စမ်းချောင်းထဲက တက်လာပြီး အဝတ်အစား လဲဝတ်နေဆဲမှာပင် တအားချမ်းစိမ့်ပြီး တဆတ်ဆတ်တုန်လာသည်။ အင်္ကျီထူထူကမန်းကတန်း ဝတ်၊ ရွက်ဖျင် အခင်းပေါ် လှဲပြီး စောင်ကို အမြန်ဆွဲခြုံလိုက်ရသည်။

သည်စဉ်မှာပဲ တအားပိုချမ်းကာ တစ်ကိုယ်လုံး ထိန်းမရအောင်တုန်လာသည်။ မေးတဆတ်ဆတ် တုန်ကာ အပေါ်သွားနှင့် အောက်သွားများ တဂွပ်ဂွပ် အသံမြည်အောင် ရိုက်ခတ်လာသည်။ ကျောပြင်က အေးစက်လိုက်ပုံမှာ ပြောစရာ မရနိုင်။ ရေခဲတုံးကပ်ထားသည်ထက် အေးသေးသည်။ ကျောအအေး လုံအောင် ပက်လက်လှန်သည့် အခါ စောင်က ဖရိုဖရဲ ဖြစ်သွားပြီး ခြေထောက်နှင့် ရင်ဘတ်တွေ တအားအေးလာပြန်သည်။ မရ။ ဘယ်လိုလုပ်၍မှ မရ။ စောင်တင်းတင်း ခြုံကာ ဒူးနှင့် နဖူးထိအောင် တအား ကွေးထားသည်။ ကိုယ့်ကိုကိုယ် တင်းတင်းဖက်သည်။ ဘေးစောင်းလှိမ့်ချသည်။ ပက်လက်လှန်သည်။ မှောက်ခုံမှောက်သည်။ ပါးစပ်က ရောက်ရာ ပေါက်ရာတွေ အော်၍ ညည်းသည်။

တအား ချမ်းနေသည့် ကြားက တစ်ကိုယ်လုံး ပူလောင်နေသည်ဟု ခံစားရသည်။ တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲလာသည်။ ခေါင်းက ကိုက်သည်။ သိသိသာသာ ကိုက်သည်။ ပြင်းပြင်းထန်ထန် ဆိုးဆိုးရွားရွား ကိုက်လာသည်။ မဖော်ပြနိုင်လောက်အောင် အေးစက်ကျောချမ်းခြင်းနှင့် မခံရပ်နိုင်လောက်အောင် ခေါင်းကိုက်ခဲခြင်း နှစ်ခု ခံစားနေရ

www.burmeseclassic.ocm

www.burmeseclassic.ocm



သည်။ ပတ်ဝန်းကျင်ကို မသိနိုင်။ ဂရုမပြုနိုင်။ သူ့အော်သံ ညည်းသံ ဘယ်လောက် ဆူညံနေသလဲ မပြောနိုင်။ ရင်ထဲဝမ်းခေါင်းထဲက လှိုက်တက်လာသည်။ ရုတ်တရက် တအား ပျို့တက်လာသည်။ ဗိုက်ထဲက ကြွက်သားတွေ အူတွေ ညှစ်ဆွဲ ကျုံ့ဆွဲနေသလို ခံစားရသည်။ အန်ချင်သည်။ အန်၍ မရ။ ဗိုက်ထဲမှာ ဘာအစာမှ မရှိ။ မနက်အစောကြီးက စားထားသည့် ငါးကင်တစ်ကောင်နှင့် မျောက်ဥဖုတ် တစ်လုံးက ဘယ်ဆီရောက်သွားပြီ မသိ။ ချဉ်စုတ်စုတ် အရည် အနည်းငယ်စီးသာ ပါးစပ်ထဲက ထွက်၍ လာသည်။

သို့သော် အန်ချင်စိတ်က မရပ်။ မချိမဆံ့ ညှစ်ထုတ်ကာ ခါးသက်သော အရည်များ ထွက်လာသည်။ ခေါင်းက အပြင်းအထန် ကိုက်ဆဲ။ ကျောထဲက အေးစက် စိမ့်ခဲနေသော အရာက တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး တစ်ကိုယ်လုံး ပူနွေးလာသည်။ ပူနွေးသည်ထက် ပို၍ ပူနွေးလာသည်။ စောင်ကို ခွာထုတ်သည်။ အင်္ကျီကို အတင်း ချွတ်သည်။ လုံချည်ပါ ကန်ကျောက် ခွာထုတ်သည်။ ခြစ်ခြစ်တောက် ပူလောင်လာသည်။ ပါးစပ်က ပြောမိပြောရာ အော်မိအော်ရာတွေ လျှောက်အော်နေသည်။

ကိုယ့်ကိုယ်ကို ဘာဖြစ်၍ ဖြစ်မှန်း မသိတော့။ ဒယီးဒယိုင် ထလာသည်။ လုပ်မိလုပ်ရာတွေ လျှောက်လုပ်နေသည်။ သတိက ရှိလိုက် မရှိလိုက်။ သတိရှိသည့် အချိန်မှာလည်း ပူလောင်ခြင်း ခေါင်းကိုက်ခြင်းကိုသာ သိသည်။ တအားထိုးအန်သည်။ ဘာမှမထွက်။ လေနာထနေသော ခွေးတစ်ကောင်လို လေးဘက်ထောက်ကာ ဗိုက်ကြော တစ်ပြင်လုံး လှုပ်ရှားကာ ကိုယ်ကို ရှေ့တိုးနောက်ငင် ယိမ်းထိုးကာ အန်ချသည်။ ဘာမှ ထွက်မလာ။ အရည်အချို့သာ။ ပါးစပ်ထဲမှာ ခါးသလား ချဉ်သလား ခွဲခြား မသိတော့။ ဘယ်လောက် ကြာသွားသည် မသိ။ ပတ်ဝန်းကျင် ဘယ်အရပ်မှာ ရောက်နေသည် မသိ။

ခေါင်းထဲတွင် နည်းနည်း ရှင်းလာသလိုလို။ မရှင်းတရှင်း၊ ဇဝေ



ဇဝါ။ ရုတ်တရက် အလန့်တကြား မိမိအနေအထားကို သတိထားမိပြီး ထိတ်လန့်တုန်လှုပ်သွားသည်။ သူက ရေထဲမှာ ရောက်နေသည်။ လက်ထဲမှာ ကျင်ခွက်နှင့်။ သူသည် အဖျားတက် သတိလစ်ကာ ကယောင်ချောက်ချားနှင့် စမ်းချောင်းထဲ ဆင်းပြီး ရွှေကျင်နေချေသည်တကား။ ငါ ရူးသွား ပြီလား၊ ရွှေရူး ရူးသွားပြီလား တွေးမိပြီး အကြီးအကျယ် တုန်လှုပ်သွားသည်။

ကုန်းပေါ် ကမန်းကတန်း ပြေးတက်လာသည်။ တဲအနီး သစ်ပင်ခြေရင်းမှာ လှဲချသည်။ မလှမ်းမကမ်းရှိ လုံချည်ကို ကောက်ဆွဲကာ ရင်ဘတ်ပေါ် တင်ထားသည်။ ဇောချွေးတွေ ပြန်သလို ချွေးတွေ ဘယ်စီးညာစီး စီးကျလာသည်။ မျက်စိထဲ စီးဝင်သည်။ ပါးစပ်ထဲ စီးဝင်သည်။ ခေါင်း၊ ရင်ဘတ်၊ ခြေလက်၊ တစ်ကိုယ်လုံးက အရည်တွေ အရေပြားမှ စိမ့်ထွက်လာသလို ထင်ရသည်။ အားမရှိ အင်မရှိ လှုပ်ရှားချင်စိတ်မရှိတော့။ သို့သော် ကိစ္စကြီးတစ်ရပ် ပြီးမြောက်သွားခဲ့သည့်နှယ် သက်သာ ပေါ့ပါးသွားသလို ခံစားရသည်။ သည့်နောက် တဖြည်းဖြည်း ငြိမ်သက်ကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားလေသည်။

ညဦးနက်သန်းခေါင်အချိန်လောက်တွင် အကြီးအကျယ် ချမ်းအေးပြီး သူ နိုးလာသည်။ သည်တော့မှ တဲထဲ စမ်းတဝါးဝါးနှင့် ဝင်ပြီး အင်္ကျီ လုံချည်ဝတ် စောင်ခြုံကာ ပြန်လှဲနေရသည်။ မနေ့က ရုတ်တရက် အကြီးအကျယ် ဖျားခြင်းနှင့် ကယောင်ချောက်ချား ရူးသွပ်သော လူတစ်ယောက်ပမာ ဖြစ်သွားခြင်းကို သတိရကာ အကြီးအကျယ် ထိတ်လန့်သွားသည်။ ဒါသည် အန္တရာယ်။ အလွန်ကြီးမားသည့် အန္တရာယ်။ တောထဲမှာ မထင်မရှား တစ်ကိုယ်တည်း သေဆုံးသွားနိုင်သည့် အနေအထား။ သည်အဖြစ်ကို တွေးတော တုန်လှုပ်နေရသဖြင့် တော်တော်နှင့် ပြန်အိပ်မပျော်နိုင်ဘဲ ရှိသည်။ အရုဏ်တက်ခါနီးမှ မေ့ခနဲ ပျော်သွားပြီး မိုးစင်စင်လင်း၍ မျက်နှာတည့်တည့် နေပြောက်ထိုးမှ သူနိုးလာသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



လူက နန်းသလို ရှိသည်။ သို့သော် အဖျား မရှိတော့။ ငှက်ဖျား၊ အတော်ပြင်းတဲ့ ငှက်ဖျားပဲဟု သူ သဘောပေါက်သည်။ သည် တစ်ရက်နှင့် မပြီးဘဲ ဖျားလိုက်ပျောက်လိုက်နှင့် တာရှည်နေနိုင်သည်။ အနီးအပါးမှာ ကြည့်ရှုစောင့်ရှောက်မည့် သူ မရှိသဖြင့် တစ်ကြိမ်အဖျား တက်တိုင်း တစ်ကြိမ် အသက်အန္တရာယ် ရှိနေသည်။ အခြားအရပ်တွေမှာ မဖျားမနာခဲ့သဖြင့် သူ့ကိုယ်သူ ငှက်ဖျားပြီးသည်ဟု ထင်ကာ ဆေးမဆောင် ဝါးမဆောင် နေခဲ့ခြင်းမှာ သူ့အမှား ဖြစ်နေပြီ။ ဘယ်သို့ လုပ်မည်နည်း။ မြို့သွားပြီး ဆေးကု၊ ကာကွယ်ဆေး ဘာညာဆောင်၊ ပြီးမှ သည်ကို တစ်ခေါက် ပြန်လာမည်လော။ သည်တောခေါင်ခေါင် သည်ချောင်ကလေးထဲမှာ တစ်ယောက်တည်း ငြိမ်ကုပ်နေသည့်အခါ အချိန်အတော်အတန် ကြာသည် ဆိုစေဦး များစွာ ကိစ္စမရှိ။ မတော်တဆ ကိုယ့်ဆီ တည့်တည့် မတ်မတ် ရောက်လာမှသာ ရန်သူနှင့် ရင်ဆိုင်တွေ့စရာ ရှိသည်။ ပြီး ကိုယ့်နေရာမှာ ကိုယ်လုပ်ထားသည့် အရံအတားများလည်း ရှိသေးသည်။

သို့သော် သည်နေရာနှင့် ချောင်းသာအကြား အသွားအလာ အဝင်အထွက် ကိစ္စက အန္တရာယ်များသည်။ သည်ကိစ္စ ဂရုပ်ရမှာ သူဝန်လေးသည်။ ပြီး တစ်ရက်ကလေး ဖျားရုံနှင့် အကြောက်လွန်ပြီး သည်နေရာက ထွက်ပြေးရမည်လား။ နောက် တစ်ကြိမ် ပြန်လာဖို့ ဆိုသည်က ရေရာသော ကိစ္စ မဟုတ်။ ပြဿနာပေါင်းစုံ ကြုံလာရနိုင်သည်။ တစ်ခေါက်ရောက်တုန်းမှာ ပြည့်ပြည့်ဝဝ ရအောင် ယူသွားရလိမ့်မည်။ နောက်တစ်ကြိမ် ထပ်လာ မလာ ဆိုသည့် ကိစ္စကို နောက်ကိစ္စ ထားရလိမ့်မည်။

ရွှေမှုန်ရွှေစတွေ ထည့်ထားသော သားရေအိတ်ကို ယူသည်။ အိတ်က အတော်အလေး စီးနေပြီ။ အနည်းဆုံး တစ်ပိဿာ ငါးဆယ်ခြောက်ဆယ် သို့မဟုတ် သည့်ထက်မက ရှိနိုင်သည်။ အမှုန်အမွှားထက်



အတုံးအခဲ အဖဲ့အစတွေက အလေးချိန် ပိုများနိုင်သည်။ လိပ်ပြာပုံလိုလို အတွန့်အတက်များနှင့် ခပ်ပြားပြား ရွှေစကြီးကို နှိုက်ယူသည်။ ရွှေတုံးက အလေးချိန် ခုနစ်ကျပ်သား၊ ရှစ်ကျပ်သားခန့် ရှိမည်။ တစ်ချို့လူများမှာ ဆယ့်ငါးကျပ်သား၊ နှစ်ဆယ်သား အတုံးများပင် ရဖူးကြောင်း ပြောသံ ဆိုသံ ကြားဖူးသည်။ သူကတော့ ထိုမျှ ကြီးမားသော သဘာဝ ရွှေရိုင်းတုံးကို မြင်ပင် မမြင်ဖူးခဲ့။ ယခု သူရထားသော ရွှေတုံးက သူ မြင်ဖူးသမျှ အကြီးဆုံး။ သည်နေရာ ရောက်ပြီး သုံးရက်မြောက်သောနေ့မှာ ရခဲ့သည်။ ကျင်ယူ၍ ရခဲ့ခြင်း မဟုတ်။ စမ်းချောင်းထဲက တက်ခါနီး ကိုယ်လက် သန့်စင်စဉ် သည်အတိုင်း ကောက်ရခဲ့ခြင်း ဖြစ်သည်။ သို့သော် နောက်ထပ် သည်လို အတုံးအခဲမျိုး တွေ့ရလေဦးမလားဟု စမ်းချောင်းရိုးအတိုင်း အစုန်အဆန် လိုက်ရှာသော်လည်း ခြေတိုတာ ဇက်ညောင်းတာသာ အဖတ်တင်သည်။ ဘာ တစ်ဖဲ့တစ်စမှ မရတော့။ သည်နေ့ထိ နောက်ထပ် ရသမျှထဲတွင် အကြီးမားဆုံး အတုံးအဖဲ့သည်ပင် သူ့ဆယ်ပုံ တစ်ပုံ မရှိချင်။ သူက လိပ်ပြာရွှေပြားကြီးကို သေသေချာချာ ပွတ်သပ်ကြည့်ရှုပြီး အင်္ကျီ ရင်ဘတ်အိတ်ထဲ ထည့်ကာ အိတ်ဖုံးကြယ်သီး တပ်ထားလိုက်သည်။ ထိုနောက် သားရေအိတ်ကလေးကို ကျစ်ကျစ်လျစ်လျစ် စည်းနှောင်ထုပ် ပိုးကာ တဲအနီး ချုံပုတ်တစ်ခုအောက်၌ တွင်းခပ်နက်နက် တူး၍ မြှုပ်ထားလိုက်သည်။ သူအကယ်၍ ဆက်ပြီး ဖျားနာခဲ့သည် ရှိသော် ဖျားတုန်း နာတုန်း ရောက်ရှိလာသူ တစ်စုံတစ်ယောက် တွေ့ရှိ မသွားအောင် ကြိုတင်ကာကွယ်သည့် သဘော ဖြစ်သည်။

သည့်နောက်တွင် သူက အဖျားကို မေ့ထားလိုက်ကာ စားရေးသောက်ရေး ပြင်ဆင်သည်။ စမ်းချောင်းထဲ ဆင်းပြီး ရွှေစုသော အလုပ်ကို ပြန်လုပ်သည်။ မြေမြှုပ်ထားသည့် အထုပ်ထဲတွင် ရှိနှင့်ပြီးသလောက် နောက်ထပ်၍ ရလျှင် တော်တော့မည်ဟု သူပိုင်းဖြတ်လိုက်သည်။

သို့သော် သူက မေ့ထားသော်လည်း အဖျားက သူ့ကို မမေ့။

www.burmeseclassic.ocm

www.burmeseclassic.ocm



တစ်ရက်ခြား အဖျားတက်သည်။ တစ်ကြိမ်ထက် တစ်ကြိမ် အဖျား ပိုကြမ်းလာသလို ထင်ရသည်။ တစ်ပတ်ခန့် ကြာသွားသည်။ မဖြစ်တော့။ သည်နေရာက ထွက်မှ ဖြစ်တော့မည်ဟု သူ ဆုံးဖြတ်သည်။ ရွှေထုပ်နှင့် သွားရမည့် ခရီး။ လူကလည်း မကျန်းမာ။ အထူး သတိထားရလိမ့်မည်။ ခရီးအစပိုင်းက တောင်တွင်းပိုင်း သက်သက်။ ရှုသူ တွေ့ရဖို့ အကြောင်း နည်းသည်။ တွေ့ရလျှင်လည်း ရိုးရိုး လူမဟုတ်၊ လက်နက်ကိုင်ဆောင်သူများသာ ဖြစ်မည်။ ကိုယ်က ကြိုကြိုတင်တင် သိမြင်ပြီး လွတ်လွတ်ကျွတ်ကျွတ်ကြီး ရှောင်နိုင် တိမ်းနိုင်မှ။ သည်နောက် ချောင်းသာနှင့် နီးလာသော အပိုင်းတွင် ရွာငယ်အချို့ ရှိသည်။ တောင်ယာ တဲတွေ ဟိုတစ်တဲ သည်တစ်တဲ ရှိသည်။ ဖြတ်သွား ဖြတ်လာ လုပ်နေသည့် ရိုးရိုးလူတွေ ရှိသည်။

သည်ဟာတွေကိုလည်း ကွင်းရ ရှောင်ရဦးမည်။ ချောင်းသာမြို့ ကလေးထဲကို မိုးပေါ်က ကျလာသည့် လူတစ်ယောက်လို လှစ်ခနဲ ဝင်နိုင်ရမည်။ ပြီး ပထမဆုံး ထွက်သောကားနှင့် သည်နေရာက တတ်နိုင်သမျှ အလျင်အမြန် လစ်ရလိမ့်မည်။ ချောင်းသာအထိ သွားရမည့် ခရီးက သန်သန်မာမာ နဂိုအနေမှာပင် တစ်နေကုန် တစ်နေခမ်း သွားရမည့် ခရီး။ ယခုအတိုင်း ဆိုတော့ လမ်းမှာ တစ်ညပင် အိပ်ရလိမ့်မည် ထင်သည်။ လမ်းမှာ အနည်းဆုံး တစ်ကြိမ် အဖျားတက်နိုင်သည်။ မတတ်နိုင်တော့။ သည်နေ့ အဖျားတက်ပြီးပြီ။ နက်ဖြန် အဖျားလွတ်မည့်နေ့။ သည်တစ်ည အိပ်ရေးဝဝ အိပ်ပြီး နက်ဖြန် နံနက် ဝေလီဝေလင်းက စ၍ ထွက်မည်ဟု သူဆုံးဖြတ်လိုက်သည်။

သို့သော် သန်းခေါင်လောက်မှာ သူနိုးလာပြီး တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေသည်ကို သူ သိလိုက်ရသည်။ သည်အချိန် ဖျားရမည့် အချိန် မဟုတ်။ အဖျားက ပုံစံပြောင်းသွားပြီလား။ ခေါင်းကြီး တစ်ခုလုံး အုံခဲနေသည်။ နားသယ်က တဒိတ်ဒိတ်နှင့် ခုန်တိုးနေသည်။ ချမ်းသည်။ ရေခဲတုံးကပ်သလောက် မအေး။ ကိုယ်ပူသလို အေးသလို။



တစ်ကိုယ်လုံးလည်း တောင့်တင်းကိုက်ခဲလျက်။

မေ့ခနဲ ပျော်သွားလိုက်၊ မနိုးတစ်နိုး သတိမရတရ ဖြစ်ကာ ယောင်လိုက် ယမ်းလိုက်။ မိုးစင်စင် လင်းသွားသည်။ နောက်နေ့ တစ်နေ့လုံး အပြင်းဖျားသည်။ နောက်တစ်ည။ ဘယ်လောက်ကြာနေပြီ သူ သေသေချာချာ မသိတော့။ ဝါးကျည်တောက် နှစ်ခုထဲက သောက်ရေတွေ ကုန်ပြီ။ စမ်းချောင်းအစပ်မှာ လေးဘက်တွားကာ ရေငုံ့သောက်ရင်း မိမိ အခြေအနေကို ရုတ်တရက် သတိပြုမိကာ အကြီးအကျယ် ထိတ်လန့်စ ပြုသည်။ သူ အချိန်မရွေး သေသွားနိုင်သည်။ အရိုးစု တစ်စု။ မြေကြီးထဲမှာ ရွှေထုပ် တစ်ထုပ်။ မဖြစ်။ သည်နေရာမှာ ဆက်နေ၍ မဖြစ်။ လူနေအိမ်ခြေရှိရာ ရောက်အောင် အမြန်ဆုံး သွားရမည်။ ဘယ်လိုလူမျိုး နှင့် တွေ့တွေ့၊ လူနှင့် တွေ့ဖို့ အရေးကြီးသည်။ လူရှိရာ အမြန်ဆုံး ရောက်ဖို့ အရေးကြီးသည်။

ခြေလက်မခိုင် ဒယီးဒယိုင်နှင့် သူထွက်လာသည်။ ပတ်ဝန်းကျင်ကို မြင်သလို မမြင်သလို။ သူဘာလုပ်နေသလဲ။ သူ့ဘာသာ သိသလို မသိသလို။ ယိုင်တိယိုင်ထိုးမှာ ခလုတ်တိုက်ပြီး လဲကျသည်။ မှောက်လျက်အတိုင်း ငြိမ်နေသည်။ ဘာကိုမှ စူးစိုက်နိုင်စွမ်း မရှိသော ဦးခေါင်းထဲမှာ 'ရွာရောက်အောင်သွား' ဟု တိုက်တွန်းနှိုးဆော်သံ တစ်ခုက ကျယ်လောင်စွာ မြည်ဟည်းလာသည်။ လေးဘက်ထောက်ထကာ သူ ဆက်လှမ်းသည်။ အလဲလဲ အပြိုပြို။ မေ့လိုက် လျော့လိုက်။ သတိရလျှင် ထသွားလိုက်။ တစ်ကိုယ်လုံး အပွန်းအပဲ့ အပြဲအယဲတွေ။ ဖုန်အလိမ်းလိမ်း သွေးအလိမ်းလိမ်း။ မျက်စိမမြင် နားမကြား ပါးစပ်ဟာမရ၊ သေတစ်ပိုင်း ရှင်တစ်ပိုင်း၊ အသက်ငင်နေသည့် တောရိုင်းသတ္တဝါ တစ်ကောင်လို။

တစ်နေ့လား တစ်ညလား တစ်ကမ္ဘာလား သူ မသိနိုင်။ နား ထဲမှာ ခွေးဟောင်သံသဲ့သဲ့ ကြားရသည်။ သူ အိပ်ပျော်နေသလား၊ လဲကျနေ သလား။ ပက်လက်လား မှောက်ခုံလား။ အာရုံစူးစိုက်၍

www.burmeseclassic.ocm

www.burmeseclassic.ocm



မရ။ လင်းလာတော့ မလို။ မှောင်သွားတော့မလို။ ခွေးဟောင်သံ စူးစူးဝါးဝါး ကျယ်လောင်စွာ ကြားရသည်။ မျက်စိထဲမှာ လူတစ်ယောက်လား နှစ်ယောက်လား၊ မသဲကွဲလိုက်။ ဘာပဲ ဖြစ်ဖြစ် လူတွေ့ပြီ။ ခေါင်းထဲမှာ လုံးဝ မှောင်မိုက်၍ သွားသည်။

*

တောင်ယာတဲကလေး။ ခွေးတစ်အုပ်၊ ကလေးနှစ်ယောက်နှင့်တောင်ယာ တစ်ပိုင်း မုဆိုးတစ်ပိုင်း လုပ်ကိုင်စားသောက်နေသည့် လင်မယား နှစ်ယောက်။ သူ့ကို ပြုစုကြသည်။ ရေတိုက်သည်။ တောဆေးတောဝါး တိုက်သည်။ ဆန်နည်းနည်း ဆတ်သားခြောက်နည်းနည်းနှင့် ဆန်ပြုတ် ကျွေးတိုက်သည်။

တဲမှာ နှစ်ရက်ကြာသည်။ ဖျားဆဲ။ သို့သော် အစာဝင်ရေဝင် သဖြင့် ကိုယ်ခံအား အနည်းငယ် ပြည့်တင်းလာသည်။ အမြင်ကြည် လင်လာသည်။ စဉ်းစားနိုင် တွက်ချက်နိုင်လာသည်။ သူ့ကို ပြုစုနေကြ သူတွေသည် လူကောင်းတွေ ဖြစ်သည်။ တစ်သက်လုံး လုပ်လာခဲ့သည့် လုပ်ရိုးလုပ်စဉ် အလုပ်များက လွဲ၍ တစ်ခြား ဘာမှ မလုပ်တတ် မကြံ တတ်သူတွေ၊ လုပ်ဖို့ ကြံဖို့ စိတ်မကူးကြသူတွေ ဖြစ်တာ သေချာသည်။ သူ့အင်္ကျီအိတ်ထဲမှာ လေးလံသော အတုံးအခဲ တစ်ခုရှိနေတာ သူတို့ မသိချင် မမြင်ချင်၍ မရနိုင်။ သူသတိလစ်မေ့မြောစဉ်က အိတ်ထဲ နှိုက်ပြီး ကြည့်နိုင်သည်။ ရွှေတုံးမှန်း သိပြီး အပိုင်ယူချင် ယူသွားနိုင်သည်။ သူ့ကို သည်အတိုင်း တွင်းတူးပြီး မြှုပ်ထားလိုက်လျှင် ပြီးသွားနိုင်သည့် ကိစ္စ။ သည်လူတွေကို ပွင့်ပွင့်လင်းလင်း ပြောဆို အကူအညီ တောင်း၍ ရနိုင်သည်။

ချောင်းသာမှာ ကျန်းမာရေးမှူး ရှိသည်။ ဆေးကု၍ ရနိုင်သည်။ သို့သော် ချောင်းသာမှာ မနေချင်။ လုံခြုံမှု မရှိ။ စပ်စုလာကြလိမ့်



မည်။ ချောင်းသာ အထက်က မြို့ကလေးမှာ ဆေးရုံကောင်း ရှိသည်။ အဲသည်အထိ သွားပြီး ဆေးရုံတက်တာ ပိုကောင်းလိမ့်မည်။ မြို့သွား မည် ဆိုလျှင် ကားနှင့် သွားရမည်။ ကားခ ပေးရမည်။ သူ့မှာ ငွေ စက္ကူ အချို့ ပါသော်လည်း တောထဲက စခန်းမှာ ကျန်ခဲ့ပြီ။ တောင်သူ လင်မယားနှင့် ဆွေးနွေးရသည်။ အကူအညီ တောင်းရသည်။ အလွန် စိတ်ကောင်း နှလုံးကောင်း ရှိသော လူများ၊ တစ်ခါမှ မတွေ့ဘူး မသိ ဘူးသည့် သူစိမ်းတစ်ယောက်အတွက် အပင်ပန်းခံ ကူညီဖို့ ဝန်မလေး ကြသူများ။

သူက နည်းနည်း ထနိုင် ထိုင်နိုင်သော်လည်း ဝေးဝေးလံလံ လမ်း လျှောက်နိုင်သော အင်အား မရှိ။ လင်မယားနှစ်ယောက် သူ့ကို စောင် ပုခက်နှင့် သယ်ယူရန် စီစဉ်ကြသည်။ တဲမှာ ကလေးတွေချည်း ထားခဲ့ ကာ နောက်တစ်နေ့ ဝေလီဝေလင်းမှာ သူ့ကို ချောင်းသာသို့ ထမ်း ခေါ်ခဲ့သည်။ သူတို့မှာ ပါလာသော ဆတ်သားခြောက်၊ ချေသား ခြောက်တွေကို ကားဂိတ် ထမင်းဆိုင်မှာ ရောင်းချပြီး မြို့သွားဖို့ ကားခ ရအောင် စီမံကြသည်။ မိုင်နှစ်ဆယ် ခရီးကို တမေ့တမျော ကားစီးပြီး နောက် ညနေစောင်းလောက်မှာ မြို့သို့ရောက်သည်။ သူက ဆေးရုံဝနားမှာ ကျန်ရစ်ခဲ့ပြီး တောင်သူလင်မယားကို ရွှေသွားရောင်းခိုင်းသည်။ မြို့သို့ မလာခင် တဲမှာကတည်းက သူ့ရွှေပြားကြီးမှ အစသေးသေး နှစ်ခု ဖဲ့ရောင်းရန် သူစီစဉ်လာခဲ့ပြီး ဖြစ်သည်။

သဘာဝ ရွှေရိုင်းစတွေ တွေ့လျှင် ရွှေဝယ်သူက စိတ်ဝင်စား သွားမှာ သေချာသည်။ သည်သတင်း ပျံ့နှံ့သွားမှာလည်း သေချာသည်။ သို့သော် မတတ်နိုင်။ တစ်ခြား နည်းလမ်းမရှိ။ ဆေးကုဖို့ ငွေလိုသည်။ ဆက်လက် လှုပ်ရှားဖို့ ငွေသားလိုသည်။ ကျေးဇူးရှင် လူရိုးလူကောင်း မိသားစုကိုလည်း အထိုက်အလျောက် ကျေးဇူးတုံ့ပြန်ရလိမ့်မည်။ အသနား သခင် ကျေးဇူးရှင်များ။

ရွှေဖိုး ခြောက်ထောင်ကျော်ကို ယူပြီး တောင်သူလင်မယားဆေး

www.burmeseclassic.ocm

www.burmeseclassic.ocm



ရုံသို့ ပြန်ရောက်လာသည်။ ဆေးရုံဝတွင် သူတို့ကို ငွေ တစ်ဝက် ခွဲပေးကာ နောင်အခါ ထပ်၍ ကျေးဇူးဆပ်ဦးမည့် အကြောင်း ပြောဆို၍ သူတို့ကို ပြန်စေသည်။ လူက မောနေသော်လည်း ကိစ္စက မပြီးသေး။ အိတ်ထဲက ရွှေပြားကြီးကို ဆေးရုံဝင်၊ တစ်နေရာမှာ အပေါ့အပါး သွားသလိုနှင့် မြေကြီးထဲ အသာမြှုပ်ထားရသည်။ ထိုနောက်မှ ဆေးရုံကလေးထဲ ဒယီးဒယိုင်နှင့် ဝင်ကာ ဆေးရုံရှိ တစ်ဦးတည်းသော ဆရာဝန်ထံ မိမိမှာ ရပ်ဝေးမှ ဧည့်သည်တစ်ဦး ဖြစ်၍ ဆေးရုံကပင် ကြည့်ရှုစောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံပြီး အိတ်ထဲက ငွေများကိုပါ ရေတွက်၍ အပ်နှံသည်။

ကံကောင်းသည်လား၊ ကံဆိုးသည်လား မသိ။ ဆေးရုံရောက်ပြီးမှ သုံးရက်ခန့် လူမှန်း သူမှန်း မသိအောင် အပြင်းအထန်ဖျားသည်။ သို့သော် တစ်ပတ်အတွင်းမှာပင် အဖျားလုံးဝ ကင်းရှင်းသွားကာ တဖြည်းဖြည်း လူလည်း ထနိုင်သွားနိုင် ဖြစ်လာသည်။ သို့သော် ကောင်းကောင်းကြီး မလန်းဆန်းသေး။ မူးနောက်နောက် ရီဝေဝေနှင့် ခြေမသယ်ချင် လက်မသယ်ချင် ဖြစ်နေသေးသည်။ သေသေချာချာ နာလန်ထအောင် အားအင် ပြည့်ဖြိုးအောင် ဆိုလျှင် နည်းနည်း အချိန် ယူရလိမ့်ဦးမည်။ သည်ဆေးရုံမှာပဲ ဆက်နေပြီး အားပြည့်သည့်အခါ ဆေးရုံကဆင်း၊ တောထဲတန်းသွား ရွှေထုပ် ပြန်ယူတာ ကောင်းမလား စဉ်းစားသည်။ မလွယ်။ မသေချာ။ သည်မှာ ကြာရှည်နေ၍ မကောင်း။ ဆေးရုံသေးသေးလေး။ လူနာနည်းနည်းလေး။ အားလုံးက သူ့ကို စိတ်ဝင်စားနေကြသည်။ မေးကြ မြန်းကြ စပ်စုကြသည်။ ပုလိပ်စစ် မစစ်ရုံတမည်။ တတ်နိုင်သမျှ ရှောင်ကာ တိမ်းကာ ဖြေကြားနေရသည်။ ရှောင်မလွတ်လျှင် ပြောင်လိမ်ပြောင်ညာ။ ကြာလျှင် ဘယ်လို ပြဿနာတွေ တက်လာကြမည် မသိ။ ဆေးရုံသေးသေး မြို့သေးသေးလေး။ သူ့အကြောင်းတွေ မြို့ထဲမှာလည်း တစ်စွန်းတစ်စ ပြောနေလောက်ပြီ။ အာဏာပိုင်တွေ ရှိသည်။ စီးပွားရေး စွန့်စားသူတွေ ရှိသည်။ ချောင်းသာ



က တောင်ယာ လင်မယားက ရိုးရိုးအအ။ သူတို့ထံက တစ်ဆင့် ဇာတ်လမ်း အစအဆုံး ပေါ်သွားနိုင်သည်။ သည်ဆေးရုံမှာ ကြာရှည်နေခြင်းသည် အန္တရာယ်ကို ထိုင်စောင့်နေတာနှင့် အတူတူ ဖြစ်လိမ့်မည်။ မနေရဲတော့။ အမြန်ဆုံး ဆေးရုံက ဆင်းပြီး ရန်ကုန် တန်းလစ်လာခဲ့သည်။

*

ရန်ကုန်မှာ ဆေးဆက်ကုသည်။ အားမွေးသည်။ အားရှိမည့် အစာအာဟာရတွေ စားရင်း လေ့ကျင့်ခန်း လုပ်ရင်း တောထဲက ကိစ္စ စဉ်းစားရသည်။ ရွှေနီချောင်းဖျားမှာ နောက်ထပ် ရှာဖွေဦးမည်လော။ သို့ တည်းမဟုတ် မြှုပ်ထားခဲ့သည့် ရွှေထုပ်ကိုပဲ သွားဖော်ပြီး ပြန်လာခဲ့ရမည်လော။ အန္တရာယ် ကြီးလှသည် ဆိုကာ ဘယ်သူမှ မဝင်ရဲ မထွက်ရဲခဲ့သော နယ်မြေကို တစ်ယောက်တည်း ဝင်ကာ ရက်ပေါင်းများစွာ နေခဲ့သော်လည်း ဘာအန္တရာယ်မှ မကြုံကြိုက်ခဲ့ရ။ သို့သော် ယခု တစ်ခေါက် ပြန်သွားမည့် အချိန်၌မူ စဉ်းစားစရာတွေ ရှိလာခဲ့သည်။ နံပါတ်တစ် ငှက်ဖျား။ ဆရာဝန်ကတော့ ကာကွယ်ဆေးများ ပေးထားသည်။ ယနေ့ထိ ဆေးမပြတ် စားနေဆဲ ဖြစ်ပြီး တောထဲသွားလျှင် သည့်ထက်တိုး၍ စားဦးမည်ဟု မှတ်သားထားသည်။ သို့သော် မတော်တဆ ကာကွယ်ဆေး စားထားသည့် ကြားက ထပ်ဖျားလျှင် မည်သို့ လုပ်မည်နည်း။ ဆရာဝန်က သည်ဆေးတွေ စားထားလျှင် စိတ်ချရသည် ဆိုသော်လည်း မိမိကတော့ စိတ်မချတချ။ နောက်တစ်ချက်၊ ဆေးရုံတက်ခါနီး ရွှေရောင်းခဲ့သည့် ကိစ္စ။ သည်တောထဲက ငှက်ဖျားမိပြီး ထွက်လာသည့် လူတစ်ယောက်မှာ ရွှေရိုင်းအတုံးလိုက် ပါလာသည်ဟူသော သတင်းက နယ်ခံ ရွှေသမားများ လောကမှာ ပျံ့နှံ့သွားမှာ သေချာသည်။ ပြီး ရွှေနီကြောကို ပိုင်သလို မပိုင်သလို ဖြစ်နေကြသည်

www.burmeseclassic.ocm

www.burmeseclassic.ocm



အင်အားစုများထံသို့လည်း သူတို့နယ်မြေမှာ ရွှေသိုက်တစ်ခု ရှိသည်ဟူသော သတင်းက ပေါက်ကြားသွားနိုင်သည်။ ရွှေ ဆိုသည်က အလွန်ဆွဲအားကောင်းသော အရာ အလွန် လှုံ့ဆော်အား ကြီးမားသောအရာဖြစ်သည်။ အေးချမ်းသော နယ်မြေဒေသဆိုလျှင်ကား ခုလောက် ရှိလျှင်ရွှေနီကြော တစ်ခွင်၌ ရွှေတူးသမားတွေ ထောင်ချီ၍ ရှိနေရောမည်။ သို့သော် ယခု အခြေအနေမှာတော့ သည်လူတွေ ဘယ်လို လှုပ်ရှားကြမည် ဆိုတာ မှန်းဆ၍ မရနိုင်။ ဘာက စလုပ်ရမှန်း မသိသဖြင့် ရွှေသတင်းကို တစ်ယောက် တစ်ယောက် လက်တို့ပြောရင်းနှင့်ပဲ သည်အတိုင်း ငြိမ်ထိုင်နေကြမည်လား။ သို့မဟုတ် မိမိလိုပဲ တောထဲ တောင်ထဲ အနှံ့ အပြား လျှောက်သွားပြီး စွန့်စား ရှာဖွေကြလေမည်လား။ မတော်တဆ သူ့ နေရာကလေး ရောက်သွားကြမည် ဆိုလျှင်တော့ ခြေရာ လက်ရာ တွေ တွေ့သွားကြမှာ မုချ။ သို့သော် သည်အတိုင်း ရမ်းရှာကြမည်ဆိုလျှင်မူ သည်တော သည်တောင်က ကျယ်ဝန်းလှသည်။ ချောင်းရိုး၊ ချောင်းလက်တက်တွေ စမ်းချောင်းကလေးတွေ များလွန်းလှသည်။ ပြီး မည်သူမျှ လွတ်လွတ်ကျွတ်ကျွတ် ပြောင်ပြောင်တင်းတင်း သွားလာ လှုပ်ရှားနိုင်ကြသည် မဟုတ်။

သို့သော် ဘာပဲဖြစ်ဖြစ် ရွှေနီချောင်းသည် လျှို့ဝှက်ချက် မဟုတ်တော့သည်ကား သေချာနေပြီ။ သည်နေရာမှာ အေးအေးဆေးဆေး အလုပ်လုပ်ဖို့ ခက်သွားပြီ။ မြှုပ်ထားခဲ့သော ကိုယ့်ပစ္စည်းကို အသာပြန်ယူမှ။ ခပ်မြန်မြန် ပြန်ယူမှ။ ကြာလေ အခြေအနေ ပိုမိုရှုပ်ထွေး ခက်ခဲလာလေ ဖြစ်မည်။

ပြန်သွားဖို့ ရက်သတ်မှတ်သည်။ အစီအစဉ် ချသည်။ ရထားစီး၊ မော်တော်စီး၊ ကားစီး။ ချောင်းသာအထိ စီးမလား၊ မဖြစ်။ ကားဂိတ်က လူတွေ၊ ထမင်းဆိုင်က လူတွေ မှတ်မိမည်။ ထင်ထင် ရှားရှားကြီး ဖြစ်သွားမည်။ ချောင်းသာမရောက်မီ လေးမိုင်ခန့်အလိုမှာ လမ်းခွဲကလေး တစ်ခု ရှိသည်။ ကားလမ်းမနှင့် တစ်မိုင်ခန့်ဝေးသည့် ရွာခပ်ကြီးကြီး



တစ်ရွာသို့ သွားသည့် လမ်းခွဲ။ ထိုရွာသို့ သွားမည့်ဟန်ဖြင့် လမ်းခွဲမှာပဲ ဆင်းပြီး ကျန်သည့် ခရီးကို ခြေကျင်နှင်ကာ ချောင်းသာ မရောက်မီ တောထဲ ကွေ့ဝင်မည်ဟု ဆုံးဖြတ်လိုက်သည်။ ပြန်ထွက်လာတော့လည်း ၎င်းနည်းအတိုင်း ပြန်ထွက်ပြီး သည်လမ်းဆုံကပဲ ကားစောင့်စီး။ ခပ်ပြင်းပြင်း ခရီးနှင်လိုက်လျှင် တောထဲမှာ နှစ်ရက်။ ရှောင်ရ တိမ်းရ စောင့်ဆိုင်းရလျှင် သုံးရက်။ သုံးရက်တွင် ချွေချွေတာတာ စားသောက်ရမည့် ရိက္ခာ တစ်ပါတည်း ယူသွားရမည်။ တောထဲမှာ အဆင်ပြေမည့် မြို့က အစားအစာများ။ ပြီး လက်နက်။ လက်နက် အရေးကြီးသည်။

*

ခရီးထွက်ခါနီး သုံးလေးရက်အလို။ ပေါင်းဟောင်း သင်းဟောင်း သုံးလေးယောက်နှင့် ဆုံမိ၍ နှုတ်ဆက်စကား ပြောရင်းက သူတို့နှင့်အတူ စားသောက်ဆိုင် တစ်ခုသို့ လိုက်ပါသွားခဲ့သည်။ ဆိုင်က သန့်ပြန့်သားနားသည်။ ညှော်ခံကြိုဆိုသည့် မိန်းကလေးများက နုနုရွရွ လှလှပပ။ မသွက်လွန်း မဖြူးလွန်း၊ မယဉ်မရိုင်း။

မိန်းကလေး တစ်ယောက် သူတို့စားပွဲနား ရောက်လာပြီး တုံ့ခနဲ ရပ်သွားသည်။ သူမော့ကြည့်သည်။ ဆယ်နှစ်နီးပါး ကြာခဲ့ပြီ။ အသွင်အပြင်တွေလဲ ပြောင်းလဲတန်သလောက် ပြောင်းလဲခဲ့ပြီ။ သို့သော် သည်မျက်နှာက ဘယ်အချိန် ဘယ်ဌာနမှာ တွေ့သည် ဆိုစေ၊ လျှပ်တစ်ပြက်၏ တစ်ဝက်မျှလောက်သာ တွေ့လိုက်ရသည် ဖြစ်စေဦး၊ မမှတ်မိစရာ မရှိ။ စင်စစ် လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း သူ့နှလုံးသားနှင့် သူ့ ဦးခေါင်းထဲမှာ အဘယ်ဆန့်ကျင်ဘက် လိင်၏ ရုပ်ပုံလွှာမှ ကြီးစိုးလွှမ်းမိုးခြင်း မရှိခဲ့။ သူ့အား ဖိစီး နှိပ်စက်နိုင်ခြင်း မရှိခဲ့။ သို့သော် ဆုံးရှုံးခဲ့လေပြီးသော တစ်ဦးတည်းသော ချစ်သူ၏ ပုံရိပ်ကမူ မှော်သင့်ခြင်း၊ တမ်းတခြင်း၊ ဆုတောင်းခြင်းများ မရှိပါဘဲလျက်ပင် သူ၏

www.burmeseclassic.ocm

www.burmeseclassic.ocm



နေ့လယ်အိပ်မက်၊ ညဉ့်အိပ်မက်များထဲတွင် မကြာခဏ ပြက် ပြက်ထင် ထင် ပေါ်လွင်၍ လာတတ်ခဲ့သည်။ တစ်နေ့သောအခါ ပြန်လည် ဆုံဆည်းရမည့် အဖြစ်ကို မသိစိတ်က နိမိတ်ဖတ်နေချေသည်လား။

'မေဇော်' အာမေဋိတ်လား၊ နှုတ်ဆက်ခေါ်ဝေါ်သံလား မသိ။ သူ့နှုတ်က ထွက်သွားပြီး စားပွဲမှ ထလိုက်သည်။

'အောင်ကျော်' သူမ၏ အသံမှာ ဝမ်းသာခြင်း၊ ရှက်ရွံ့ခြင်းဖြင့် တုန်ယင်နေသည်။

သူက မေဇော်လက်ကို ဆုပ်ကိုင်ကာ စားပွဲလွတ် တစ်လုံးဆီသို့ ခေါ်လာခဲ့သည်။ ဘာကစ ပြောရမှန်း မသိ။ ဘာတွေ မေးရမှန်း မသိ။ သူ့ရင်ထဲမှာ နှစ်ပေါင်း များစွာ တိတ်တဆိတ် အားယူစုရုံးနေခဲ့သော အင်အားစုတစ်ခုက ရုတ်တရက် အပြင်းအထန် ပေါက်ကွဲလျက် ရှိသည်။

'တစ်ခါမှတောင် မတွေ့ရဘူးနော်၊ အောင်ကျော် ဘယ်တွေ ရောက်နေလဲ၊ အခုကော ဘယ်မှာနေလဲ' သူမက စတင်သည်။

'မြန်မာပြည်အနှံ့ ရောက်နေခဲ့တာပဲ။ အခုတော့ ရန်ကုန်မှာ'

'ဘယ်သူနဲ့'

'ဘယ်သူမှ မရှိဘူး၊ တစ်သက်လုံး တစ်ယောက်တည်း နေလာတာ ဒီနေ့အထိပဲ၊ စားတော့ ထမင်းဆိုင်၊ အိပ်တော့ တည်းခိုခန်း'

'အခုဘာတွေ လုပ်နေလဲဟင်၊ အလုပ်အကိုင်ကို ပြောတာ'

'အခု လောလောဆယ်မှာတော့ ဘာမှ မလုပ်ဘူး၊ အနားယူနေတယ်၊ ဒါပေမယ့် အလုပ်တော့ ရှိတယ်၊ ရာထူးရာခံနဲ့ အလုပ်မျိုးတော့ မဟုတ်ဘူး၊ ဂုဏ်သရေရှိတဲ့ အလုပ်မျိုးလဲ မဟုတ်ဘူး၊ ဒါပေမယ့် အလုပ်တော့ အလုပ်ပါပဲ၊ သားစာ မယားစာ ရှာပေးနိုင်တဲ့ အလုပ်မျိုးပါ၊ ပင်ပန်းတယ်၊ အန္တရာယ်လဲ များတယ်၊ ဒါပေမယ့် စားပြတိုက်တဲ့ အလုပ်မျိုး၊ သူတစ်ပါး ပစ္စည်း ခိုးဝှက်တဲ့ အလုပ်မျိုးတော့ မဟုတ်ဘူး'

မရည်ရွယ်သော်လည်း သူ့အဖြေမှာ မကျေနပ်သံကလေး နည်းနည်း ပါသွားပုံရသည်။ မေဇော် ဆက်မမေး။ တစ်ဘက်လှည့်ပြီး



ငေးနေသည်။

'မေဇော်ကော၊ ရန်ကုန်ကို ဘယ်လို ရောက်လာတာလဲ၊ ဒီဆိုင်မှာ လုပ်တာကော ဘယ်လောက်ကြာပြီလဲ'

မေဇော် လှည့်မလာ။

'အခု အဒေါ်ဝမ်းကွဲတစ်ယောက်နဲ့ နေတယ်၊ ကမာရွတ်မှာ'

'အိမ်ထောင်တွေ ဘာတွေ'

မေဇော် ခေါင်းငုံ့ရင်း ခေါင်းခါသည်။

'ဒါဖြင့် ကိုယ်နဲ့ လိုက်ခဲ့'

မေဇော် မော့ကြည့်သည်။

'ဘယ်ကို'

'တို့နှစ်ယောက် အတူနေလို့ ရတဲ့နေရာ တစ်ခုပေါ့၊ ခုချက်ချင်း စီစဉ်လို့ ရတယ်'

မေဇော် ခေါင်းခါသည်။ 'မဖြစ်ဘူး'

'ဘာလို့ မဖြစ်တာလဲ၊ ဘယ်လို အခြေအနေမျိုး ရှိနေလို့လဲ၊ ဒါမှမဟုတ် ကိုယ့်ကို မယုံလို့လား၊ အားမကိုးနိုင်လို့လား၊ ဒါမှမဟုတ် ဟိုတုန်းကတည်းကပဲ မေ့လိုက်မှန်းလိုက်ပြီမို့လား'

'ဟင့်အင်း မဟုတ်ပါဘူး၊ ဘယ်တုန်းကမှ မမုန်းဘူး၊ မေ့လဲ မမေ့ဘူး၊ အဲဒီတုန်းက ချိန်းထားတဲ့ ညက လိုက်ဖို့ အဆင်သင့် ပြင်ထားတာ အမေ သိသွားပြီး နောက်တော့ လူကြီးတွေ ဝိုင်းပြောတဲ့ စကားတွေ မငြင်းနိုင်တာနဲ့ ရင်နာနာနဲ့ပဲ အောင်ကျော့်ကို အဆက်အသွယ်ဖြတ်ခဲ့မိတာပါ၊ အဲဒီအတွက် ဒီနေ့ထိ ဝမ်းနည်းလို့ မဆုံးဘူး၊ အဲဒီတုန်းက အကြောင်းတွေကို ပြန်တောင် မတွေးချင်ဘူး၊ တတ်နိုင်သလောက် မေ့ပျောက်ပြီး ထားခဲ့တယ်။ ဒါပေမယ့် အောင်ကျော့်ကိုတော့ ဘယ်တော့မှ မမေ့ခဲ့ပါဘူး၊ အောင်ကျော်သာ တို့ကို စိတ်နာစရာ ခုန်းစရာ ရှိပါတယ်'

'ဟင့်အင်း ကိုယ် မင်းကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူး၊ စိတ်လဲ

www.burmeseclassic.ocm

www.burmeseclassic.ocm



မနာခဲ့ဘူး၊ မေဇော့် အပြစ်မှ မဟုတ်ဘဲ၊ ကိုယ်နားလည်ပါတယ်၊ ပတ်ဝန်းကျင်ကြောင့် ဖြစ်ခဲ့ရတဲ့ ကိစ္စတွေပဲ၊ တို့က ဒီကြားထဲမှာ ဓားစာခံ ဖြစ်ခဲ့ရသူတွေပဲ၊ မေဇော် အခု တစ်ခါတည်း လိုက်ခဲ့မယ် မဟုတ်လား၊ မနက်ဖြန်ကျတော့ တရားရုံးမှာ လက်ထပ်မယ်'

သူ့ရင်ထဲမှာ အချစ်လှိုင်းတံပိုးတွေ ရှန်းကန် ထကြွနေသည်။ မခံစားရတာ ကြာလေပြီ ဖြစ်သော၊ နောက်ထပ် မဖြစ်ပေါ်တော့ပြီဟု တစ်ခါတစ်ရံ အောက်မေ့တမ်းတခြင်းပင် ဖြစ်ဖူးသော ထူးခြားဆန်းကြယ်သည့် ခံစားမှု၊ နှလုံးသားတွင်း ရုပ်ကြွင်းဘဝမှ အသစ်တစ်ဖန် ကြီးထွား ရှင်သန်လာခဲ့ပြီ။

သူ မေဇော့်အဖြေကို စောင့်စားနေသည်။

'ဘယ်လိုလဲ မေဇော်'

မေဇော် ခေါင်းငုံ့နေသည်၊ ခေါင်းခါနေသည်။

'မဖြစ်ဘူး မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ မေဇော်၊ ဘာတွေ အခက်အခဲရှိနေလို့လဲ၊ အခု အချိန်မှာတော့ မိဘ သဘောမတူမှာတွေ ဘာတွေလဲ တွေးပူစရာ မလိုတော့ဘူး ထင်တယ်ကွာ၊ ကိုယ်လဲ မိန်းမတစ်ယောက်ကို တင့်တောင့် တင့်တယ် ထားနိုင်တဲ့ အခြေအနေ ရှိနေပါပြီ'

'မဟုတ်ပါဘူး၊ တို့ မတရားဘူး'

'ဘာ မတရားတာလဲ'

'တို့ဘက်က အပြစ်အနာအဆာတွေ အများကြီးနဲ့'

'ဘာအပြစ်တွေလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ခိုးရာလိုက်ဖို့ ချိန်းထားပြီး မလိုက်ခဲ့တာ၊ အဲဒါ ထည့်မတွက်နဲ့ ခွင့်လွှတ်ပြီးပြီ နောက်ထပ် ဘာဖြစ်သေးလဲ၊ လောလောဆယ် ငြိစွန်းနေတာတွေ ဘာတွေ ရှိနေလို့လား'

'ဟင့်အင်း မရှိပါဘူး၊ ဒါပေမယ့် တို့က ဒီနေရာမှာ လုပ်နေတဲ့...'



'ဒီနေရာမျိုးတွေမှာ ဘာတွေ ဘယ်လောက်ထိ ဖြစ်နိုင်တယ် ဆိုတာ ကိုယ် သိပါတယ်၊ အခု ဒီနေရာက ထွက်သွားမယ်၊ ဒါပြီးရင် ဒီကိစ္စ ပြတ်ပြီ၊ အဲသလို ဖြစ်နိုင်သလား၊ ဖြစ်မလား'

'စဉ်းစားပါဦး အောင်ကျော်ရယ်၊ တစ်သက်လုံး ကိစ္စ၊ နောင် တစ်နေ့ကျတော့ စိတ်အနှောက်အယှက် ဖြစ်စရာတွေ ဖြစ်လာ...'

'ဒီမှာ မေဇော်၊ ကိုယ့်ကို ဘာမှ စဉ်းစားခိုင်းမနေနဲ့၊ မင်းလဲ ဘာမှ စဉ်းစားမနေနဲ့တော့၊ စဉ်းစားရမယ့် အချိန် မဟုတ်တော့ဘူး၊ စဉ်းစားနေဖို့ အချိန်လဲ မရှိတော့ဘူး၊ မင်း အခု ကိုယ်နဲ့တစ်ခါတည်း လိုက်ခဲ့မလား၊ တစ်ခုခုပြော၊ ကြိုက်တာပြော'

မေဇော် ငြိမ်သက်နေသည်။ အတန်ကြာမှ 'မနက်ဖြန် ပြောမယ်'

'တစ်ညလုံး အချိန်ယူပြီး စဉ်းစားဦးမလို့လား၊ အလျှင်တစ်ခါလို မနက်ဖြန်လို့ ချိန်းခဲ့ပြီး ထွက်ပြေးမလို့လား'

'ဒီလို မပြောပါနဲ့ အောင်ကျော်၊ မပြေးပါဘူး စိတ်ချပါ။ မမျှော်လင့်ဘဲ ရုတ်တရက် ပြန်တွေ့ရတော့ ရင်ထဲမှာ ဝမ်းသာတာ အံ့သြတာတွေ၊ စိတ်မကောင်း ဖြစ်မိတာတွေ ရောထွေးပြီး ဘယ်လို ပြောရမှန်း မသိအောင် ဖြစ်နေတယ်။ မနက်ဖြန် အေးအေးဆေးဆေး တွေ့ပြီး ပြီးခဲ့တဲ့ ဆယ်နှစ်ဆယ်မိုးက အကြောင်းတွေ ပြောကြမယ်။ ပြီးတော့ ရှေ့အတွက် ဘယ်လို စီစဉ်ကြမလဲ ဆိုတာ တိုင်ပင်ကြတာပေါ့၊ မဟုတ်ဘူးလား။ ပြီးတော့ အခု တစ်ခါတည်း လိုက်လို့ ဘယ်ကောင်းမလဲ၊ အိမ်က လူတွေ အားနာစရာ။ သူတို့အတွက် စိတ်ပူစရာလဲ ဖြစ်နေမယ်'

'အင်း ကောင်းပြီ၊ အဲဒီတော့ အခု အိမ်လိုက်ပို့မယ်၊ အိမ်က လူတွေကို အကျိုးအကြောင်း ပြောပြီး အဆင်သင့် ပြင်ထား၊ မနက်ဖြန် ကျတော့ ကိုယ်လာခေါ်မယ်၊ အဲဒါ အပြီးခေါ်တာပဲ၊ ဟာ နေဦး ဒီကြားထဲ သူတို့နဲ့ ခဏ ပြန်နေဖို့လိုဦးမယ်၊ ဒီလို၊ ကိုယ့်မှာ ဒီရက်ပိုင်း အတွင်း အရေးတကြီး သွားစရာ ကိစ္စ တစ်ခု ရှိတယ်၊ စောစောကတော့ ခုတစ်ရက် နှစ်ရက်အတွင်း သွားမလို့ဘဲ၊ ခုအတိုင်း ဆိုရင်တော့

www.burmeseclassic.ocm

www.burmeseclassic.ocm



ရက်နည်းနည်း ရွှေ့ထားရလိမ့်မယ်၊ ဒါပေမယ့် သွားတာတော့ သွားရမှာပဲ၊ ကဲ ဒီလိုလုပ်ရအောင်၊ မနက်ဖြန်ကျမှပဲ ကိုယ့်အလုပ်ကိစ္စတွေ အေးအေးဆေးဆေး ပြောပြမယ်၊ ပြီးတော့မှ အဆင်ပြေသလို စီစဉ်ကြတာပေါ့'

အတူလာသူ အပေါင်းအသင်းများကို အကျိုးအကြောင်းနောက်မှ ပြောပြမယ်ဟု ပြောဆို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ပြီး မလှမ်းမကမ်းက ဆိုင်တစ်ဆိုင်မှာ ညစာ စားကြသည်။ ပြီး မေဇော်ကို သူ့အဒေါ် တစ်ဝမ်းကွဲ ဆိုသူ အိမ် လိုက်ပို့သည်။

ထိုညက သူတော်တော်နှင့် အိပ်မပျော်။ တစ်သက်ပတ်လုံး သူ့ဘဝမှာ ညအိပ်မပျော် ဆိုတာမျိုး မရှိသလောက် ရှားခဲ့သည်။ သို့သော် သည်ညမှာတော့ သူ့မှာ တွေးစရာ တောစရာတွေ များလွန်းနေသည်။ စိတ်ကြည်နူးစရာတွေ စိုးရိမ်ပူပန်စရာတွေ ရောပြွမ်းလျက် ရှိနေသည်။ ရှေ့ရေး၊ အခြေချမည့် အရေး၊ မြှုပ်ထားခဲ့သည့် ရွှေထုပ်၊ ရွှေရှာသည့်အလုပ်၊ သူအိပ်မပျော်မီ နောက်ဆုံးအကြိမ် နာရီကြည့်မိတော့ နံနက် သုံးနာရီခွဲ။

ခုနစ်နာရီကျော်လောက်မှာ အိပ်ရာက နိုးလာပြီး ကမာရွတ်သို့ ကမန်းကတန်း ထပြေးသည်။ တွေ့မှ တွေ့ရပါဦးမလား၊ ရင်ထဲမှာ တထင့်ထင့်။ မေဇော်က အဆင်သင့် စောင့်ကြိုနေသည်။

'တွေ့မှ တွေ့ပါတော့မလားလို့ ပူလိုက်ရတာ'

'ဒီကလဲ လာမှ လာပါတော့မလားလို့ တွေးနေတာ၊ တွေ့တွေ့ချင်း အပူတပြင်း ဖြစ်ပြီး အေးအေးဆေးဆေး စဉ်းစားတော့မှ စိတ်တစ်မျိုး ပြောင်းသွားလေသလားလို့'

'ဟင့်အင်း ဘယ်ပြောင်းလိမ့်မလဲ၊ တစ်သက်လုံး အတူနေမယ့်အကြောင်းတွေ၊ သားစဉ်မြေးဆက်တွေအထိ တွေးနေမိလို့ တစ်ညလုံး မအိပ်နိုင်ဘဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်၊ ကဲ အခု ဘယ်သွားကြမလဲ'



'မသိဘူးလေ၊ သူပဲ ခေါ်သွားမယ် ခေါ်သွားမယ် ပြောနေတာ မဟုတ်လား၊ အခုတော့ ဘယ်ခေါ်ရမှန်း မသိတော့ဘူးလား'

'မဟုတ်ဘူး၊ အဲဒီခေါ်တာက တစ်သက်လုံးအတွက်ကို ပြောတာ၊ အခုလောလောဆယ်က စကား အေးအေးဆေးဆေး ပြောရအောင် ဘယ်နား သွားရင် ကောင်းမလဲ မေးတာ၊ ကိုယ်က ရန်ကုန်မှာ တည်းခိုခန်းရယ်၊ ရုပ်ရှင်ရုံရယ်၊ ထမင်းဆိုင်ရယ်လောက်ပဲ သိတာ၊ ရည်းစားတွေ ဘာတွေနဲ့ သွားဖူး လာဖူးတာ မဟုတ်ဘူး'

BURMESE CLASSIC .com

'အဲဒါကြောင့် သွားဖူးတဲ့ လူကို ဆရာ တင်နေတာလား'

'အင်းလေ အဲဒီ သဘောပဲပေါ့'

'အလကား စတာ၊ အဟုတ်မှတ်ပြီး အထင်ကြီးမနေနဲ့၊ အေးအေးဆေးဆေး စကား ထိုင်ပြောလို့ ရတဲ့ နေရာ ဘယ်နေရာ ဖြစ်ဖြစ် သွားပေါ့'

နှစ်ယောက်သား လမ်းလျှောက်ရင်း ကမာရွတ်ရပ်ကွက် လမ်းသေး လမ်းမြောင်တွေကြားက ထွက်ကာ ပြည်လမ်းမကြီးဘက် ရောက်လာသည်။ အင်းလျားကန်ပေါင်ရိုးထက် တက်လမ်းလျှောက်ကြသည်။ နံနက် စောစော ဖြစ်၍ နေပူရှိန် မရှိ။ လေက ညှင်းညှင်းသက်သက်။ ကန်ရေအနံ့ကို ရှူရှိုက်ရသည်။ အင်းလျားလမ်း ဗာဒံရိပ်အောက်က စားသောက်ဆိုင် တစ်ဆိုင်နား ရောက်လာသည်။ အေးအေးလူလူ သန့်သန့်ပြန့်ပြန့်။ သည်ဆိုင်ကလေးမှာ ထိုင်ကာ နံနက်စာ အတူ စားကြသည်။ စားပြီးတော့ ဘယ်ဆက်သွားမလဲ တိုင်ပင်ကြသည်။

'အင်းလျားကန် နံဘေးမှာပဲ အေးအေးဆေးဆေး ထိုင်စကားပြောကြတာ မကောင်းဘူးလား'

မေဇော်က ဆိုသည်။

လာခဲ့သည့် လမ်းအတိုင်း ပြန်လျှောက်ခဲ့ကြသည်။ သစ်ရိပ်ကောင်းကောင်း သန့်သန့်ရှင်းရှင်း ရှိသည့် တစ်နေရာမှာ ထိုင်ကြသည်။

စကားတွေ ပြောကြသည်။ ငယ်ငယ်တုန်းက အကြောင်း၊ ရှေး

www.burmeseclassic.ocm

www.burmeseclassic.ocm



ဟောင်း နှောင်းဖြစ်များ။ ကွဲကွာနေသည့် နှစ်ကာလများအတွင်းက ကျင်လည်ခဲ့ရသည့် ဘဝများ။

အောင်ကျော် မြို့က ထွက်သွားပြီးနောက် မေဇော် ကျောင်းဆက်တက်သည်။ ဆယ်တန်းတက်နေဆဲ အိမ်က လက်ထပ်ရန် စီစဉ်သည်။ သူက ငြင်းသည်။ အကြောက်အကန် ငြင်းသည်။ နောက်ဆုံး မိဘများ လက်လျှော့သွားသည်။ ဆယ်တန်း စာမေးပွဲကျသည်။ နောက်နှစ်။ တောင်းရမ်းလာသူ၊ မိဘများ သိပ်သဘောကျနေသူ တစ်ဦးနှင့် လက်ထပ်ဖို့ အတင်းအကျပ် တိုက်တွန်းကြပြန်သည်။ သူ ခေါင်းမာစွာ ငြင်းပြန်သည်။ အောင်ကျော်နှင့် မပြတ်သဖြင့် သည်လောက် ငြင်းနေသည်ဟု အိမ်က ဆူပူကြိမ်းမောင်းလာသည်။ မဖြစ် ဖြစ်အောင် စီစဉ်မည်ဟု ဆိုကြသည်။ သည်အခါ မေဇော်အိမ်က ထွက်ပြေးသည်။ သူငယ်ချင်း တစ်ယောက်အိမ်မှာ ပုန်းခိုသည်။ သူငယ်ချင်း၏ မိဘများက မိမိတို့တာဝန် ဖြစ်မှာ စိုးသဖြင့် သူ့မိဘများထံ သွား၍ အခြေအနေ အကျိုးအကြောင်း ပြောပြကြသည်။ သူ့ကို ဖျောင်းဖျောင်းဖျဖျ ပြန်ခေါ်ယူကြသည်။ လက်ထပ်ဖို့ ကိစ္စ မပြောကြတော့။

သို့သော် သူနှင့် မိဘများအကြား စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှု ပြတ်တောက်သလောက် ရှိသွားသည်။ နောက်နှစ် တစ်နှစ်လုံး အိမ်တွင်းအောင်းပြီး စာကိုပဲ အာရုံစိုက်နေခဲ့သည်။ စာမေးပွဲအောင်သည်။ ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ရောက်သည်။ အဆောင်နေသည်။ ကျောင်းပိတ်ချိန်လည်း အိမ်မပြန်။ အပြင်ဆောင်မှာ ပြောင်းနေသည်။ ဒုတိယနှစ် ကျောင်းတက်နေဆဲ အမေဆုံးသည်။ ခြောက်လခန့်အကြာမှာ အဖေ နောက်အိမ်ထောင် ပြုသည်။ သူက အိမ်သို့ လုံးဝ မပြန်တော့။ ပိုက်ဆံလိုလျှင် မှာသည်။ အဖေက သူ့တာဝန် ကျေပွန်အောင် ဆောင်ရွက်သည်။ ဒုတိယနှစ် စာမေးပွဲကျသည်။ သူစိတ်လေနေသည်။ ရည်းစား မကျတကျ တစ်ယောက် နှစ်ယောက် သုံးလေးယောက်။ ဘယ်သူ့ကိုမှလည်း တကယ်တမ်း နှစ်နှစ်ကာကာ မချစ်ခဲ့။ အလေးအနက်



မထားခဲ့။ စာမေးပွဲကျသည်။ အိမ်က ပြန်လာဖို့ ခေါ်သည်။ သူမပြန်ချင်။ ရန်ကုန်မှာ ဆက်နေနိုင်အောင် အလုပ်ရှာသည်။ မရ။ အိမ်က ပြန်လာဖို့သာ မှာသည်။ အပြန်ခရီးစရိတ်နှင့် လိုချင်တာများ ဝယ်ခဲ့ရန် ဟူ၍ ငွေများများ ပို့လိုက်သည်။ ပြန်မလာဘူး ဆိုလျှင်လည်း နောက်ထပ် ငွေပို့တော့မည် မဟုတ်ဟု အပြတ် စာရေးလိုက်သည်။

သူအကျပ်တွေ့သည်။ ချက်ချင်း မပြန်သေးဘဲ ပေ၍ နေသည်။ ပိုက်ဆံကုန်သည့်အခါ ရှိသည့် ပစ္စည်းအချို့ ရောင်းချ သုံးစွဲနေသည်။ သည်အချိန်မှာ ယခု အတူနေသည့် အဒေါ်ဝမ်းကွဲ ဆိုတာနှင့် သွားတွေ့ခြင်း ဖြစ်သည်။ သည်အဒေါ်က ရန်ကုန်ရောက်နေတာ နှစ်အတန်ကြာပြီ။ ဇာတိမြို့မှာ နေစဉ်ကမူ ဆွေမျိုး ဆိုပေမယ့် သိပ်ရင်းရင်းနှီးနှီး ဆက်ဆံ ပေါင်းသင်းနေခဲ့သည်တော့ မဟုတ်။ သို့သော် ယခု ပြန်တွေ့ကြသည့်အခါမှာတော့ အဒေါ်က ရင်းရင်းနှီးနှီး ပျူပျူငှာငှာ။ သူ့အိမ်မှာ နေဖို့ ခေါ်သည်။ ရုတ်တရက်တော့ မနေဖြစ်သေး။ မကြာခဏ သွားလိုက် ပြန်လိုက်။ သို့သော် နောက်ဆုံး နေရေးစားရေး ခက်ခဲလာသည့် အချိန်၌ အလွယ်တကူ တံခါးဖွင့်ထားသည့် သည်အိမ်မှာပဲ ခိုလှုံခဲ့ရသည်။ အဒေါ်မှာ သူနှင့် ရွယ်တူလောက် သမီး တစ်ယောက် ရှိသည်။ ခုနစ်နှစ်အရွယ် သားကလေး တစ်ယောက် ရှိသည်။ ယောကျ်ား မရှိ။ ဆုံးသွားတာ လေးငါးနှစ် ရှိပြီ။ အဒေါ် နေပုံ ထိုင်ပုံက တစ်မျိုး။ အနေအထိုင်နှင့် ပတ်သက်၍ ဘာဘာညာညာတွေ သိပ်မစဉ်းစား။ ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်ဘဲ ကိုယ့်သဘောနှင့် ကိုယ် စိတ်လွတ် ကိုယ်လွတ်နေသည့် သဘောမျိုး။ သမီးဖြစ်သူကလည်း မအေနှင့် တစ်သဘောတည်း ဖြစ်သည်။ အဒေါ်က မော်လမြိုင်ဘက် သွားလိုက် ပြန်လိုက် ကုန်ကူးသည်။ သမီးက စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်သည်။ စားဝတ်နေရေး အထိုက်အလျောက် ပြေလည်ကြသည်။

အဒေါ်မိသားစုက သူ့ကို ချစ်ကြသည်။ ကြည်ဖြူကြသည်။ ကျွေးထား မွေးထားသည်။ သို့သော် ကြာလာသည့်အခါ သူ့ကိုယ်တိုင်

www.burmeseclassic.ocm

www.burmeseclassic.ocm



၈

က သူများအိမ်မှာ အလကား ထိုင်စားနေရသည်ကို အားနာလာသည်။ အဒေါ်ကလည်း သူ့မှာ ကိုယ်ပိုင်ငွေလေး ဘာလေး ရှိလာအောင် သမီး လုပ်နေသည့် ဆိုင်မှာပင် ဝင်လုပ်ပါလားဟု တိုက်တွန်းသည်။ 'ပိုက်ဆံရှာတာ ရှက်စရာ မဟုတ်ပါဘူးကွယ်၊ ဒါက ဟိုဟာမျိုး လုပ်စားတာမှ မဟုတ်ဘဲ၊ ပြီးတော့ သူတို့ဆိုင်က သန့်သန့်ပြန့်ပြန့် လှလှပပ ဝတ်စားပြီး ဣန္ဒြေရရ လုပ်နေကြတာ၊ စမ်းပြီးလုပ်ကြည့်၊ နောက်ကျတော့ မလုပ်ချင်လဲနေပေါ့' ဟု ဆိုသည်။

သည်လိုနှင့် နောက်ဆုံးတော့ သည်အလုပ်ထဲ ရောက်ကာ ထွက်လိုက် ဝင်လိုက် ဟိုရောက်လိုက် သည်ရောက်လိုက်နှင့် ယခု နောက်ဆုံး သည်ဆိုင်မှာ အောင်ကျော်နှင့် တွေ့သည်အထိ ဖြစ်လေသည်။

'ကဲ ဘယ်လိုလဲ ဆရာကြီး၊ အကြောင်းစုံ သိရပြီ ဆိုတော့' မေဇော်က မေးသည်။

'အကြောင်းစုံ သိရတော့ ကိုယ့်အတွက် အများကြီး သက်သာသွားပါတယ်'

သည်နောက်တော့ အောင်ကျော်က သူ့ဘဝ ဇာတ်ကြောင်းကို ပြောပြသည်။ နှစ်ပေါင်းများစွာ ရှာဖွေခဲ့သည့် ရွှေတူးသမားဘဝ။ အကြွယ်ဝဆုံး ရွှေသိုက်ကို မတွေ့တွေ့အောင် သဲသဲမဲမဲ လိုက်ရှာနေခဲ့သည့် တစ်ကိုယ်တော် ရွှေရှူးသမားဘဝ။

'ဘာ့ကြောင့်များ ဒီအလုပ်ကိုပဲ ဒီလောက် စွဲစွဲလမ်းလမ်းကြီး ဖြစ်နေရတာလဲ အောင်ကျော်ရယ်၊ ဒီလို ဇွဲနပဲမျိုး ဒီလို စိတ်ထက်သန်မှုမျိုးနဲ့ ဆိုရင် မြို့ပေါ်မှာ တစ်ခြား ဘာအလုပ် လုပ်လုပ် ကြီးပွားနိုင်ပါတယ်'

'ဟုတ်တယ် မေဇော်၊ ကိုယ်လဲ ဒါကို သဘောပေါက်တယ်၊ ရွှေရှာတာထက် အဆမတန် ကြီးပွားချမ်းသာနိုင်တဲ့ အလုပ်မျိုးတွေ မြို့ပေါ်မှာ အများကြီး ရှိတယ် ဆိုတာ ကိုယ်တဖြည်းဖြည်း နားလည်လာတယ်၊ မြို့ပေါ် စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး သေသေ



ချာချာ မလေ့လာရသေးလို့ ဘယ်ဟာလုပ်မယ် ဆိုတာ တိတိကျကျ မရွေးချယ်ရသေးပေမယ့် ကိုယ်အကြမ်းဖျင်း စဉ်းစားထားတာတွေတော့ ရှိပါတယ်။ ဒါပေမယ့် ဒီရွှေရှာတဲ့ အလုပ်ဟာ ကိုယ့်အတွက် အသက်မွေးကျောင်း စီးပွားရေးလုပ်ငန်းသက်သက် မဟုတ်ဘူး၊ မဖြစ်မနေ လုပ်ကို လုပ်ရမယ့် တာဝန်ဝတ္တရား တစ်ခု ဖြစ်နေတယ်၊ အဖေနဲ့ အမေဟာ ရွှေရှာရင်း ဆုံးပါးခဲ့ကြတယ်။ သူတို့ဘဝကို အရှုံးနဲ့ ပိုင်းသွားခဲ့ရတယ်၊ ရွှေမက်ပြီး ရွှေငတ်ပြီး ရွှေရူးထပြီး သေသွားကြတယ်လို့ မစာမနာ ပြောတာတွေခံခဲ့ရတယ်၊ သူတို့ရဲ့ ဂုဏ်သိက္ခာကို ဆယ်ဖို့ ကိုယ့်မှာ တာဝန်ရှိနေတယ်။ သူတို့ရဲ့ ရှုံးကြွေးကို ဆပ်ဖို့ဟာ ကိုယ့်အတွက် မွေးရာပါ တာဝန်ပဲ၊ ဒီနေ့အထိ လုပ်ခဲ့သမျှဟာ လောဘသက်သက်နဲ့ လုပ်နေတာ မဟုတ်ဘူး၊ ကိုယ့်အတွက် ရွှေဟာ တိုက်ပွဲပဲ၊ မရှိတော့တဲ့ လူတွေအတွက် တိုက်နေတာ၊ ကိုယ့်ကိုယ်နဲ့ ကိုယ်တိုက်နေတာ၊ ကိုယ့်ဝိညာဉ်နဲ့ ကိုယ်တိုက်နေတာ၊ အနိုင်ရတဲ့ အထိ တိုက်နေတာ'

ပြောရင်း ဒေါမာန်ပါလာသည်။ အမှန်တော့ သည်စကားတွေက သူ့ဦးခေါင်းထဲ သူ့ရင်ထဲမှာ ကြိမ်ဖန်များစွာ ပြောခဲ့သော စကားတွေ ဖြစ်သည်။ သူ့ကို မနေမနား တွန်းပို့မောင်းနှင်ခဲ့သော စကားတွေ ဖြစ်သည်။ သို့သော် မည်သူ့ကိုမျှတော့ နှုတ်မှ ဖွင့်ဟမပြောခဲ့စဘူး။ ဖွင့်ဟပြောလောက်သည့် လူနှင့်လည်း မကြုံခဲ့စဘူး။

'တို့ နားလည်ပါတယ် အောင်ကျော်၊ အောင်ကျော့်ရင်ထဲမှာ ဘယ်လို ခံစားမှုမျိုးတွေ ရှိတယ် ဆိုတာ တို့အသိဆုံးပါ၊ ဒါပေမယ့် တိုက်ပွဲက ဘယ်လောက်အထိ တိုက်နေရဦးမှာလဲ၊ ဘယ်အခါမှာ နိုင်တယ်လို့ ဆိုမလဲ'

မေဇော့်ကို သူ စူးစူးစိုက်စိုက် ကြည့်သည်။

'မပူပါနဲ့ မေဇော်၊ ကိုယ်နိုင်တော့မှာပါ၊ နိုင်ပြီလို့ ကြေညာနိုင်မယ့် အချိန် မဝေးတော့ပါဘူး၊ မြန်မာပြည်မှာ အပေါများဆုံး ရွှေသိုက်

www.burmeseclassic.ocm

www.burmeseclassic.ocm



ကို ကိုယ်တွေ့ထားပြီ၊ အနည်းအကျဉ်းလဲ တူးတန်သလောက် တူးဖော်ထားပြီးပြီ၊ ကိုယ် ခရီးထွက်စရာ ရှိတယ် ဆိုတာ ဒီကိစ္စပဲ'

သည့်နောက် သူက မေဇော်အား ရွှေနီချောင်းဖျား အကြောင်း ပြောပြသည်။ အတွေ့အကြုံများ၊ အခက်အခဲများ၊ ငှက်ဖျား။ ပြီး ရွှေနီချောင်းဖျား တစ်နေရာက ရွှေထုပ်။

မေဇော် မလှုပ်မယှက်။ မျက်တောင်မခတ်၊ စကားတစ်ခွန်းမှ ပင် ဝင်မထောက်။ သူ့စကားကို တစ်လုံးတစ်လေမျှ လွတ်သွားမှာပင် စိုးရိမ်သည့်အလား သေသေချာချာ စူးစိုက် နားထောင်နေသည်။

တောထဲမှာ ကျန်ရစ်သည့် ရွှေထုပ်ကို သွားယူရမည်။ တောထဲက သူ စခန်းချသည့်နေရာမှာ ခြေစလက်စ မကျန်အောင် ရှင်းလင်း ဖျောက်ဖျက်ပစ်ရမည်။ ရွှေနီသိုက်သည် သူတစ်ဦးတည်းသာ သိသော ရတနာသိုက် အဖြစ် ကျန်ရစ်မည်။ အခြေအနေပေးလာသည့်အခါ ထပ်မံ သွားရောက် တူးဖော်ရမည်။ သည်ကြားထဲတွင်တော့ ယခုရလာမည့် ပစ္စည်းကိုပဲ ထုခွဲကာ မေဇော်နှင့် မြို့ပေါ်မှာ အတူတကွ လုပ်ကိုင် စားသောက် နေထိုင်ကြမည်။ သို့သော် တောထဲသွားရမည့် သည် နောက်ဆုံး တစ်ခေါက်က အန္တရာယ် ပြွမ်းတီးသည်။ ဘယ်လို အခြေ အနေ ကြုံရမည်ကို မမှန်းဆနိုင်။ အစိုးမရသော အနေအထား။ ထို့ ကြောင့် ရန်ကုန်ပြန်ရောက်လာတော့မှ မေဇော်နှင့် တရားဝင် လက်ထပ် မည်။ ဘဏ်တွင် အပ်နှံ စုဆောင်းထားသည့် ငွေများကိုတော့ သူမသွား မီ မေဇော့်လက်ထဲ လွှဲပြောင်းပေးအပ်ထားခဲ့မည်။

မေဇော် ခေါင်းခါသည်။ မဖြစ်။ မဖြစ်နိုင်။ သူလက်မခံနိုင် တူးတူးခါးခါး ငြင်းဆန်သည်။

'ဟင့်အင်း၊ တို့ဘက်က တစ်ဘက်စောင်းနင်းကြီး ဖြစ်သွား ပေါ့၊ လူတကာ ပြောစရာ ဖြစ်မယ်၊ ကိုယ့်ဘာသာကိုယ်လဲ လိပ်ပြာလုံ မလုံနိုင်ဘူး၊ မဖြစ်ပါဘူး၊ တစ်ခြားနည်း စီစဉ်ပါ'

'တစ်ခြားနည်း မရှိဘူး၊ ဒီလိုပဲ စီစဉ်စရာ ရှိတယ်'



အောင်ကျော်က ဆိုသည်။

'ဟင့်အင်း၊ မဟုတ်သေးဘူး၊ ဒီကိစ္စကို သေသေချာချာ စဉ်းစား ရဦးမယ်၊ စဉ်းစားစရာတွေ ရှိနေပြီ'

'ဘာ စဉ်းစားစရာတွေလဲ'

'အခု လက်ငင်းအခြေအနေရော၊ ရှေ့ကြောင်းနောက်ကြောင်း တွေရော စဉ်းစားရမယ်၊ ဒီည စဉ်းစားပြီး နက်ဖြန်မှ တို့သဘောထား ကို ပြောမယ်'

*

နောက်တစ်နေ့ ပြန်တွေ့ကြသောအခါ မေဇော်က ရွှေနီချောင်းဖျားသို့ သူပါ လိုက်မည်ဟု ဆိုလိုက်လေသည်။

အောင်ကျော်က အခက်အခဲပေါင်း များစွာ ရှိသည့် အကြောင်း ပြောပြသည်။ မေဇော်လိုက်ရန် မဖြစ်နိုင်။ ခရီးကြမ်းသည်။ ဘေးရန် များသည်။ သည်အန္တရာယ်များအကြား ကိုယ့်ချစ်သူကို လုံးဝ ခေါ်မသွား နိုင်ကြောင်း အပြတ်ငြင်းသည်။

သို့သော် မေဇော်က မရ။

'အန္တရာယ်များလို့ကို တစ်ယောက်တည်း မသွားစေချင်တာ၊ နှစ်ယောက်သွားတော့ အဖော်မရဘူးလား၊ မတော်တဆ ငှက်ဖျားပြန် အနေရင် ဘယ့်နှယ်လုပ်မလဲ၊ ဒီတစ်ခါ ထပ်ဖြစ်ရင် သေမှာ'

'ကိစ္စ မရှိပါဘူး၊ ကာကွယ်ဆေး သောက်ထားတာပဲ'

'သောက်တာတော့ သောက်တာပေါ့၊ ဒါပေမယ့် သူ့ဆေးက ဘယ့် အရေးကျရင် စွမ်းမှန်းမသိ မစွမ်းမှန်း မသိ၊ အို ဘာပဲဖြစ် ဖြစ် တို့လိုက်ရမှ ဖြစ်မယ်၊ မလိုက်စေချင်ရင် သူလဲ မသွားနဲ့၊ အခုရှိ တဲ့ ငွေနဲ့လဲ မြို့ပေါ်မှာ ဘာလုပ်စားစား လူတန်းစေ့တော့ နေလို့ ရတယ်'

www.burmeseclassic.ocm

www.burmeseclassic.ocm



'ဒီလိုတော့လဲ ဘယ်ဖြစ်ဦးမလဲ၊ နှစ်ပေါင်းများစွာ ပင်ပန်းဆင်းရဲခံခဲ့ရတဲ့ ကိစ္စ၊ အခုဟာက ရှာဖွေရ တူးဆွရမယ့် ကိစ္စ မဟုတ်ဘူး၊ ကိုယ့်ပစ္စည်း ကိုယ်ယူပြီး ပြန်လာ။ ဒါပဲ။ ပြီးပြီ။ အလွန်ဆုံး လေးငါးရက်ပဲ။ ဒီကိစ္စမှာ ကိုယ့်အတွက် အဖော်မလိုဘူး၊ အကူအညီ မလိုဘူး၊ တစ်ယောက်တည်း လုပ်နေကျ ကိစ္စ၊ ကိုယ်တစ်ယောက်တည်း ဖြစ်တယ်၊ မေဇော်ပါရင် ကိုယ့်အတွက် တာဝန်တောင် ပိုကြီးသေးတယ်။ အေးအေးဆေးဆေး ရန်ကုန်မှာပဲ ထိုင်စောင့်နေပါ။ ကိုယ် ချက်ချင်းပြန်ရောက်လာမှာ။ မေဇော့်ကို အန္တရာယ် မဖြစ်စေချင်လို့ပါကွာ'

မေဇော်က ပြော၍ မရ။

'ဟင့်အင်း၊ မရဘူး၊ အန္တရာယ်ရှိတယ် ဆိုလို့ကို လိုက်ချင်တာ၊ ဟိုတစ်ချိန် အခြေအနေမှဲ့ ဘဝတုန်းက ကတိပေးပြီး ရှောင်သွားခဲ့တဲ့ အပြစ် တစ်ခု ကိုယ့်ဘက်မှာ ရှိနေတယ်၊ အခု အခြေအနေ ကောင်းတဲ့ အခါမှာ ကိုယ်က အဆင်သင့် ဝင်ခံစားမယ် ဆိုရင် အပြစ်နှစ်ခု ဖြစ်မယ်။ ဒီလို အဖြစ်မခံနိုင်ဘူး။ ဟိုအလျင် နှစ်ပေါင်းများစွာတုန်းက ဒိုးတူပေါင်ဖက် မလိုက်ပါ မလုပ်ကိုင်ခဲ့ရပေမယ့် အခု နောက်ဆုံးအကြိမ်မှာတော့ လိုက်ခဲ့ပါရစေ၊ ဖျားချင်ဖျား၊ နာချင်နာ၊ ဘယ်လိုအန္တရာယ်မျိုးပဲ တွေ့တွေ့ ရင်ဆိုင်ရဲပါတယ်၊ ရင်ဆိုင်ချင်ပါတယ်၊ တို့လိုက်တဲ့အတွက် အကူအညီမရတောင် အနှောင့်အယှက်တော့ မဖြစ်စေရပါဘူး။ ဒီခရီးမှ မလိုက်ရရင် အောင်ကျော်နဲ့ လက်ထပ်ဖို့ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ပါဘူး၊ လင်ကို တစ်သက်လုံး မျက်နှာပူပူနဲ့ ပေါင်းသင်း နေရမယ့် အဖြစ်မျိုး မလိုချင်ဘူး'

'မေဇော့် သဘော ကိုယ်နားလည်ပါတယ်ကွာ၊ ဒါမျက်နှာပူစရာ မဟုတ်ပါဘူး၊ ခရီးက ကြမ်းတမ်းလို့ပါ။ ရန်ကုန် မဟုတ်ဘူး၊ တောတောင်ထဲ သွားရမှာ'

'တောထဲသွားတာများ အဆန်းလုပ်လို့၊ ဒီကလဲ တောသူမပါ ရန်ကုန်သူ မဟုတ်ပါဘူး၊ ရန်ကုန်မှာလဲ ကိုယ်ပိုင်ကား စီးနိုင်တဲ့ လူ



တွေသာ လမ်းမလျှောက်နိုင်ချင်နေမယ်၊ ကားမစီးနိုင်တဲ့ လူတွေမှာ တစ်နေ့ တစ်နေ့ ဘတ်စကား တိုးစီးရတာ လူတွေကြားထဲ တိုးလားဝှေ့လားနဲ့ အပြေးအလွှား သွားလာရတာ တောကမှ သက်သာဦးမယ်၊ လူတွေဆီက ချေးစော် ချေးစော်က နံ့သေး။ တောထဲမှာ လေကောင်းလေသန့် ရှူပြီး သွားရမှာ'

'ငှက်ဖျား ရှိသေးတယ်'

'ကာကွယ်ဆေး စားထားမယ်'

'စောစောကတော့ ကာကွယ်ဆေးက စွမ်းချင်မှ စွမ်းမယ်ဆို'

'အင်းလေ၊ ဆေးမစွမ်းလို့ ဖျားတော့လဲ တစ်ယောက် တစ်လှည့် ပြုစုကြတာပေါ့'

'မဟုတ်သေးပါဘူးကွာ၊ တော်ကြာ ရန်သူနဲ့ တိုက်လား ခိုက်လား၊ ပြေးလား လွှားလား လုပ်ချင်လုပ်ရဦးမှာ'

'အဲဒါ စိတ်မချလို့ လိုက်တာပေါ့၊ နှစ်ယောက်ဆိုတော့ မျက်စိလေးလုံး နားလေးဘက်နဲ့ ရန်သူလာရင် ပိုပြီး မြင်နိုင် ကြားနိုင်တာပေါ့၊ ပြီးတော့ မိန်းမအားနည်းတာ ရှိသလို မိန်းမ တစ်ပန်းသာတာတွေလဲ ရှိပါတယ်။ တို့ မကြောက်တတ်ပါဘူး၊ အသက်သေစရာ ရှိတော့လဲ နှစ်ယောက်အတူပေါ့'

'ဒါလောက် မလွယ်သေးဘူးကွာ၊ မင်းက နမူးတွေ ဒူးတွေ မတွေ့ဘူးလို့ ပြောနေတာ ဒါ ကလေး ကစားတာ မဟုတ်ဘူး'

'ကလေး ကစားတာ မဟုတ်မှန်း သိပါတယ်၊ အန္တရာယ် ရှိတာလဲ သိတယ်၊ ပင်ပန်းမှာလဲ သိတယ်၊ ဒါပေမယ့် တို့လဲ အညံ့စားကြီး မဟုတ်ပါဘူး၊ တော်ရုံတန်ရုံ ပင်ပန်းတာလောက် မမှုပါဘူး၊ ကြောက်တတ်တဲ့ အမျိုးအစားလဲ မဟုတ်ပါဘူး၊ ဘယ်တော့သွားမလဲ၊ သွားဖို့သာ စီစဉ်ပါ'

'မဖြစ်သေးပါဘူးကွာ၊ ကိုယ် စဉ်းစားဦးမယ်' အောင်ကျော်ဘာလုပ်ရမှန်း မသိ၊ ဇဝေဇဝါ။

www.burmeseclassic.ocm

www.burmeseclassic.ocm



'ဘာမှ စဉ်းစားမနေနဲ့တော့ အောင်ကျော်ရယ်၊ တို့ ဘာအန္တရာယ်မှ မတွေ့နိုင်ပါဘူး၊ တို့ နှစ်ယောက် အတူသွားမယ်၊ တောထဲက ပစ္စည်းကို ယူပြီး ပြန်လာမယ်၊ ပြီးရင် ရန်ကုန်မှာပဲ နေပြီး ဘာအလုပ် လုပ်မလဲ၊ ဘယ်နားမှာ နေမလဲ၊ အဲဒါ စီစဉ်မယ်၊ အလျင်တုန်းက ကွဲကွာနေတဲ့ နှစ်တွေအတွက် အတိုးချပြီး ပျော်ပျော်ရွှင်ရွှင်နေကြမယ်၊ တစ်ယောက်တည်းတော့ ဘယ်နည်းနဲ့မှ မလွှတ်နိုင်ဘူး'

အောင်ကျော် လက်လျှော့လိုက်ရသည်။

*

မူလစိတ်ကူးထားသည့်အတိုင်း ချောင်းသာ မရောက်မီ လမ်းခွဲကလေးမှာ သူတို့ ဆင်းခဲ့ကြသည်။ အချိန်က နံနက် ဆယ်နာရီလောက်။ ရွာသွားလမ်းမှ တောလမ်းဘက် ဖဲ့ဆင်းခဲ့သည်။ တောတွင်းခရီးအတွက် ပြင်ဆင်သည်။ လိုအပ်သော ပစ္စည်းပစ္စယတွေ၊ ထုပ်စရာ ရှိတာထုပ်၊ ထည့်စရာ ရှိတာ ထည့်သည်။ ထို့နောက် စတင် ချီတက်ကြသည်။ အောင်ကျော်က ဂျင်းအင်္ကျီ ဘောင်းဘီနှင့်၊ ခါးမှာ ဓားမြှောင် တစ်ချောင်း၊ ပစ္စတို တစ်လက်၊ ရေဘူး တစ်လုံး။ မဇော်က စစ်အင်္ကျီနှင့်လုံချည်တိုနှင့် ခြေညှပ်ဖိနပ်နှင့် ကျောမှာက သားရေအိတ် တစ်လုံးကို စစ်သားကျောပိုးအိတ်သဖွယ် လွယ်လျက်။ အိတ်တွေထဲမှာ အဝတ်အစား အပိုနှစ်စုံစီအပြင် သုံးရက်စာ ချွေတာစားရမည့် စားနပ်ရိက္ခာများ တွက်ချက်ပြီး ထည့်ယူလာသည်။ ဘီစကစ်၊ ကိတ်မုန့်ခြောက်၊ ပေါင်မုန့်ခြောက်၊ ချိုချဉ်၊ ငါးသေတ္တာ၊ ဝက်အူချောင်း၊ ဝန်ကျဉ်းကျဉ်းနှင့် အဆာပြေ အာဟာရ ဖြစ်မည့် အရာများ။

အစပိုင်းမှာတော့ ရွာသိမ် ရွာငယ်ကလေးများကို ကွေ့ကာ ပတ်ကာ ရှောင်ကာ တိမ်းကာ။ နောက်တော့ အိမ်ဆိုတာ မရှိ တောင်ယာတဲပင် မမြင်ရသည့် တကယ့်တောထဲ ရောက်လာသည်။ အန္တရာယ်



နယ်မြေ။ အထူး သတိထားသွားရမည့် နေရာ။

မဇော်ကို ခေါ်သွားမိသဖြင့် ခရီးမတွင်သည်ကတော့ အမှန်ပင်။ သူ့ဘာစ်ကိုယ်တည်း သွားစဉ် လာစဉ်တုန်းကတော့ သူက တစ်နေရာမှ တစ်နေရာ လှစ်ခနဲ ဖြတ်ခနဲ သွားလာမြဲ။ ပတ်ဝန်းကျင်ကို လျင်မြန်စွာ ထောက်လှမ်းပြီး၊ ထောက်လှမ်းရင်း ရွေ့လျားမြဲ ဖြစ်သည်။ အသံဗလံ၊ ပတ်ဝန်းကျင် သစ်ပင်သစ်ခက် ထူးခြားချက်။ ထို့နောက် ခြေရာ။

တော၌ ယဉ်ပါးသူ၊ တောအတွေ့အကြုံ ကြွယ်ဝသူအဖို့ တောတွင်းက ခြေရာများ၊ သစ်ကိုင်း သစ်ခက် အကျိုးအပဲ့များ၊ ကျောက်တုံးကျောက်ခဲများပေါ်က ခြစ်ရာ ဖဲ့ရာများသည် တောတွင်း သတင်းစာကြီး တစ်စောင်ပင် ဖြစ်လေသည်။ သည်နေရာမှာ ဘယ်တုန်းက ဘယ်သူတွေ ဘာရည်ရွယ်ချက်နဲ့ သွားခဲ့ကြသလဲ။ ဘာတွေ လုပ်သွားကြသလဲ။ အလျင်လူကို သူသိသလို သူ့ကိုလည်း နောက်က လာမည့် သူများ သိကြမှာပင် ဖြစ်သည်။ ခြေရာလက်ရာ များများ မကျန်အောင်သာ တတ်နိုင်မည်။ လုံးဝ ခြေရာဖျောက်ဖို့ ဆိုသည်က လွယ်ကူသော အလုပ်မဟုတ်။ အထူးသဖြင့် မဇော် ပါလာသည့်အတွက် သည်ကိစ္စမှာ လုံးဝ မဖြစ်နိုင်တော့။

နောက်တစ်နာရီ၊ နောက်တစ်နေ့၊ နောက်တစ်ပတ်အတွင်း သည်နေရာမှ ဖြတ်သန်းသွားလာမိကြမည့် သူများသည် ယနေ့ ယခုအချိန် သည်နေရာ၌ ယောက်ျား တစ်ယောက်နှင့် မိန်းမ တစ်ယောက် ခရီးနှင်ခဲ့ကြသည့် အကြောင်းကို သတင်းစာထဲ ဖတ်မိသလို အရှင်းသား သိမြင်ကြမည်သာ ဖြစ်သည်။ တောတွင်း သတင်းစာ အဖတ်ကောင်းသူများ ဆိုပါမူ သည်ခြေရာလမ်းကြောင်းကို တောက်လျှောက် လိုက်ကြည့်ရုံဖြင့် ယောက်ျား ဖြစ်သူ၏ ကျွမ်းကျင် လိမ္မာပုံနှင့် အဖော် မိန်းမဖြစ်သူအတွက် ဂရုစိုက် လွှန်ကဲနေပုံများကိုပါ တွေ့မြင်နိုင်မည် ဖြစ်သည်။

ယောက်ျား ခြေရာနှင့် မိန်းမခြေရာ။ မိန်းမက သွားလိုက်

www.burmeseclassic.ocm

www.burmeseclassic.ocm



နားလိုက်။ ယောကျ်ားက တစ်ယောက်တည်း ရှေ့တိုးလိုက် နောက်ပြန်လာလိုက်။ ဆောဘီကို ကွေ့ဖွဲ့၍ ထောက်လှမ်းလိုက်၊ တစ်ခါတစ်ရံလည်း ခပ်ဝေးဝေးအထိ အတူတကွ ချီတက်လိုက်။ ခရီးအစပိုင်း မိန်းမ နားနေ ထိုင်နေခဲ့သည့် နေရာများမှာ ပျင်းပျင်းရိရိနှင့် ချိုးပြီး ချထားခဲ့သည့် သစ်ကိုင်းခြောက်သေးသေး အစအပိုင်းလေးများ နီးရာ သစ်ရွက်စိမ်း တစ်ရွက်ကို ခြွေယူကာ အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဖွဲ့ရွဲ့ထားသည်များ၊ ကျောက်တုံးကြီးကြီးမှာ ကျောက်ခဲသေးသေးနှင့် တောင်ခြစ် မြောက်ခြစ် ရေးခြစ်ထားသည်များ။ နောက်ပိုင်းမှာတော့ သည်လောက်အထိ ထင်ထင်ရှားရှား ပေါ့တီပေါ့ဆ လက်ရာခြေရာများ မတွေ့ရ။

အောင်ကျော်က သွားရင်း လာရင်းပင် မေဇော်အား တောထဲမှာ သတိထားရမည့်အချက်များ၊ ဆင်ခြင်ရမည့် အရာများကို သင်ကြားလာသည်။ တောထဲမှာ သိုသိုသိပ်သိပ် ပိပိရိရိ သွားပုံ လာပုံ နည်းလမ်းများ။ ကိုယ့်အကြောင်း ကိုယ့်ဘဝ ကိုယ့်အင်အားကို ဖော်ညွှန်းနိုင်သည့် ခြေစလက်စများ တတ်နိုင်သမျှ မပေါ်အောင် သတိပြုရမည့် အချက်များ။ ဘီစကစ်မုန့်အဖုံးအစများ ချိုချဉ်စက္ကူပတ်များ ပစ်စလက်ခတ် မကျန်ရစ်ဖို့၊ ဓားနှင့် ဟိုအကိုင်း သည်အကိုင်း ဟိုအပင် သည်အပင် မခုတ်မိ မထစ်မိဖို့။

သင်သာ သင်ရသည်။ သင်ရင်း သွားရင်း သွားရသည်မို့ အများတွေက နောက်မှာ တသီတတန်းကြီး ကျန်ရစ်သည်။ သို့သော် မတတ်နိုင်။ ခပ်မြန်မြန်သွား၊ ခပ်သုတ်သုတ်ပြန်။ ပြန်သည့်အခါ သည်လမ်းနှင့် ခပ်ဝေးဝေးဘက်က လှည့်ပြီးပြန်။ သည်လိုပဲ လုပ်စရာ ရှိတော့သည်။

တစ်မနက်လုံး တစ်နေ့လည်လုံး တောက်လျှောက်ပင် ခရီးနှင်ခဲ့သည်။ အောင်ကျော် လမ်းကြောင်း ရှာတုန်း နံ့သားနံ့ဘီ ကြည့်ရှု အကဲခတ်တုန်း အချိန်များမှာ မေဇော် ခေတ္တခဏ နားခွင့်စားခွင့်ရသည်။



ညနေစောင်းစ ခြေအတော်လေး ကျလာ၍ အောင်ကျော်ကို ခဏနားကြရအောင်လို့ ပြောမည် ကြံဆဲမှာပင် စမ်းချောင်းလေး တစ်ခု နံဘေးရောက်လာပြီး အောင်ကျော်က ဒီနေရာမှာ ခဏ စခန်းချမယ်ဟု ဆိုလိုက်သည်။

စမ်းရေက အနက်သား။ ဒူးသာသာ၊ ပေါင်လယ်လောက် ရှိမည်။ ရေက အရောင်မရှိ။ ပကတိ ကြည်လင်သည်။ အောက်ခြေသဲပြင်ကို တိုးလျှိုပေါက် မြင်ရသည်။ ကြည့်ရုံဖြင့်ပင် အေးစိမ့်နေမည့် အသွင်ပေါ်သည်။

တောထဲမှာ နေရိပ်ရသဖြင့် မပူလောင်လှသော်လည်း ဟိုချုံသည်ချုံက အမှုန်အမွှားများ၊ ခြင်ကောင် ဖြုတ်ကောင်များကြောင့် တစ်ကိုယ်လုံး ယားယံအိုက်စပ်နေသည်။ ချွေးစေးတွေနှင့် ညစ်ပတ်နေသလို ခံစားနေရသည်။ မေဇော် စမ်းချောင်းနံဘေးက သစ်ပင်တစ်ပင် ခြေရင်းမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'ဘယ်လိုလဲ၊ အတော်ပင်ပန်းနေပြီလား' အောင်ကျော်က မေးသည်။

'မပင်ပန်းပါဘူး၊ ရပါတယ်' မေဇော်က ဆိုသည်။

'ပင်ပန်း မပင်ပန်းတော့ လူပုံကြည့်ရင် သိသာပါတယ်၊ ကဲ မပင်ပန်းဘူး ဆိုရင်လဲ ဒီနားမှာ ဆယ့်ငါးမိနစ်လောက်တော့ နားကြမယ်၊ စမ်းရေအိုင်လေး နံဘေးမှာ ပျော်ပွဲစား ထွက်တဲ့ သဘောမျိုးပေါ့'

အောင်ကျော်က အိတ်တွေထဲက စားစရာတွေ ထုတ်သည်။ သစ်ကိုင်းခြောက်ကလေးများ ကောက်ကာ စမ်းချောင်းအစပ် သစ်ရိပ်အုပ်အုပ်၊ ချုံအုပ်အုပ် တစ်နေရာမှာ မြေပြင်ကို ရှင်းလင်းကာ မီးဖိုကလေးဖိုသည်။ မီးခိုးအူ မနေဘဲ မီးရဲရဲ တောက်လာသည်။ ငါးသေတ္တာဘူး တစ်ဘူး ဖောက်ပြီးနောက် ဝက်အူချောင်း သုံးလေးချောင်းကို ဓားဘက်နှင့် ထိုးကာ မီးကင်သည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



'အနီးအပါးမှာ လူရှိရင်တော့ ဒီနေရာမှာ တရုတ်ဆိုင် အသစ်ဖွင့်နေပြီ ထင်ပြီး လာတော့မှာပဲ' မေဇော်က ဝက်အူချောင်းနံ့ကို ရှူရှိုက်ရင်း ဆိုလိုက်သည်။ 'ဆရာကြီး တောစည်းကမ်းတွေ တစ်ချို့တစ်ဝက်တော့ မေ့ကုန်ပြီ ထင်တယ်'

'မိန်းမနဲ့ ပတ်သက်လာရင် လူတိုင်း အနည်းနဲ့အများတော့ စည်းကမ်းပျက်တတ်တယ် ထင်တာပဲ၊ စေတနာကိုး၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့၊ စောစောက ကိုယ်ကြည့်ထားသလောက်တော့ ညှော်နံ့ရလောက်တဲ့ ပတ်ဝန်းကျင်မှာ လူသူ မရှိနိုင်ပါဘူး'

'ဟုတ်လား၊ ဒါဖြင့် တစ်ခု ခွင့်ပြုပါဦး၊ လူတစ်ကိုယ်လုံး အိုက်စပ်နံ့စော်နေပြီ၊ စမ်းချောင်းထဲ ရေဆင်းချိုးလို့ ရမလား၊ ရေတွေနောက်နေတာ လူတွေ့သွားမလားဟင်'

'အမယ်၊ မနည်းတိုးလာပြီပဲ၊ ရေနောက်မှာတွေ ဘာတွေတောင် စိုးရိမ်တတ်လာပြီ၊ ကိစ္စ မရှိပါဘူး၊ ဒီနားထိ ရောက်လာတဲ့ သူကတော့ ရေနောက်နေတာ မတွေ့လဲ ဒီနားမှာ စခန်းချသွားတယ် ဆိုတာ သေချာပေါက် သိသွားမှာပဲ၊ စိတ်အေးလက်အေးသာ ချိုးပါ၊ သီချင်းတွေ ဘာတွေ ဆိုချင်ရင်လဲ နားဝင်ကောင်းရုံ ခပ်တိုးတိုး ဆိုလို့ ရပါတယ်။

'ကျယ်ကျယ် ဆိုရင်'

'ကျယ်ကျယ် ဆိုရင်တော့ တောထဲမှာ ခါတိုင်းသီချင်း ဆိုနေကျ ငှက်ကလေးတွေက တို့ထက် အသံကောင်းတဲ့ အဆိုတော် ရောက်လာပြီ ဆိုပြီး ကြောက်ကြောက်လန့်လန့်နဲ့ ထပျံပြေးလိမ့်မယ်၊ အဲဒီအခါ ဟိုခပ်ဝေးဝေးဆီမှာ ရှိနေနိုင်တဲ့ အမဲလိုက် မုဆိုးတို့၊ တောကျွမ်းတဲ့ မနုဿမုဆိုးတွေက ဒီနေရာမှာ ငှက်တွေအတွက် ကြောက်စရာ လန့်စရာ တစ်ခုခု ရှိနေပြီ ဆိုတာ သိသွားမှာပေါ့၊ တောထဲမှာ တောသတ္တဝါတွေ အကြောက်ဆုံး အလန့်ဆုံး သတ္တဝါဟာ လူပဲ'

'အဲဒါက သင်ခန်းစာ နံပါတ် ဘယ်လောက်လဲ တောဆရာကြီးရဲ့၊ သူများ သီချင်း ဆိုသံ သေသေချာချာ နားမထောင်ဘူးသေးဘဲနဲ့



အထင်သေးနေလိုက်တာ၊ တကယ် ဆိုပြလိုက်ရင် ငှက်ကလေးတွေ ထပျံ မသွားမယ့်အပြင် ဒီနားတောင် ဝိုင်းအုံလာကြမှာ၊ တော်ပါပြီ၊ မဆိုတော့ပါဘူး၊ ရေထဲပဲ ဆင်းမယ်၊ ကဲ ဟိုဘက်လှည့် ဆရာကြီး' ပြောပြောဆိုဆို မေဇော် သူ့ကို ကျောခိုင်းကာ ရေထဲ ဆင်းဖို့ ပြင်ဆင်သည်။

'ဟိုဘက်မှာ ဘာရှိလို့တုန်း' အောင်ကျော်က တမင်တကာ ဟိုဟိုသည်သည် ကြည့်သည်။ ပြီးမှ 'ဘာမှ မရှိပါလား' ဆိုပြီး ပြန်လှည့်လာသည်။ မျှော်လင့်ထားသည့် ကြားကပင် အောင်ကျော် အံ့အားသင့်သွားသည်။

'ထိုင်ကြည့်မနေနဲ့သွား၊ သူများ ရှက်တယ်'

'မကျေနပ်ဘူးလား၊ မကျေနပ်ရင် ဟိုဘက်လှည့်နေ၊ ကိုယ်လဲ ရေချိုးရမယ်၊ သိပ်အိုက်လာပြီ'

လူ့အဖွဲ့အစည်း၏ အသုံးအဆောင် ပစ္စည်းများ ကမ်းစပ်မှာ စုပြုံကျန်ရစ်သည်။ စမ်းချောင်းကလေး၌ ယဉ်ကျေးမှု အညစ်အကြေး ကင်းစင်သည့် ကျောက်ခေတ် လူသားနှစ်ဦး၊ သဘာဝ မူရင်းအတိုင်း၊ အရိုင်းပကတိ။ ဒေဝဥယျာဉ်ထဲက ကန္ဒ ဦးလူ အာဒံနှင့် ဧဝလို အချည်းစည်းသော ကိုယ်ဖြင့် ခန္ဓာရော ဝိညာဉ်ပါ တစ်သားတည်း ပေါင်းစည်းလျက်။

တိတ်ဆိတ်သော တောတွင်း တီးတိုး ညည်းတွားသံများ ဆူညံသွားသည်။ သစ်ကိုင်းထက်က ငှက်ငယ် နှစ်ကောင် တကယ်ပင် ထပျံ ပြေးသွားလေသည်။

*

ဆယ့်ငါးမိနစ် နားမည် ဆိုသော စမ်းချောင်းကလေးမှာ တစ်နာရီခြကြာသွားသည်။ ကျောပိုးအိတ်ကလေး ခေါင်းအုံးကာ နှစ်နှစ်ခြိုက်ခြိုက်

www.burmeseclassic.ocm

www.burmeseclassic.ocm



အိပ်ပျော်နေသော မေဇော့်ကို ကြည့်ပြီး နှီးရမှာ သူ သနားနေသည်။ သို့သော် သနားနေ၍ မပြီး။

'မေဇော် ထတော့လေ' သူက ယုယုယယ ထွေးပိုက်ရင်း မေဇော့်နားနား ကပ်၍ တိုးတိုးလေး နှီးသည်။

'အိပ်ချင်တယ်ကွာ၊ ခဏလေးနော် ခဏလေး၊ ဆယ်မိနစ်' မေဇော် မျက်စိ မဖွင့်ဘဲ ဆိုသည်။

'ဟေ့ ဆယ်မိနစ် လုပ်မနေနဲ့ဒါ ရန်ကုန်က ဟိုတယ် မဟုတ်ဘူး၊ အင်းလျားကန်စောင်း မဟုတ်ဘူး၊ တောထဲမှာ၊ ရန်ကုန်ပြန်ရောက်တော့မှ အိပ်' ဆိုပြီး တင်ပါးကို ဖျပ်ခနဲ ရိုက်လိုက်သည်။

မေဇော် ထထိုင်ပြီး အောင်ကျော်ကို မျက်စောင်းထိုး ကြည့်သည်။ ထို့နောက် စမ်းချောင်း အစပ်နား သွား၍ မျက်နှာသစ်ပြီး ပြုံးကာ၊ 'ကဲ သွားမယ်၊ ရယ်ဒီပဲ ဆရာကြီး'

လမ်းမှာ နောက်ထပ် မရပ်နားဘဲ တော်လျှောက်ဆက်၍ ချီတက်ကြသည်။ မှောင်ရီပျိုးစ အချိန်ကျတော့မှ အောင်ကျော်က ညအိပ်စခန်းချမည့် နေရာကို ရွေးချယ်သည်။ ညစာကို မီးမဖိုဘဲ စား၍ရသော အစာများဖြင့်ပင် စားသောက်လိုက်ကြသည်။ တောထဲမှာ ညက လျင်မြန်စွာ ရောက်လာသည်။ အတန်ကြာတော့ အောင်ကျော်က အိပ်စရာ နေရာလေး ပြင်ပေးပြီး 'ကဲ မေဇော်၊ အိပ်ချင်အိပ်တော့'

'ဟင် အစောကြီး ရှိသေးတယ်၊ ဘာလို့အိပ်နိုင်းနေတာလဲ'

'မှောင်ထဲမှာ ဘာလို့ ဒီအတိုင်း ထိုင်နေမလဲ၊ အစောကြီး အိပ်ပြီး အစောကြီး ထလျှောက်ရမှာ၊ မေဇော် နေ့လည်ကတည်းက အိပ်ချင်နေတာ မဟုတ်လား'

'နေ့လည်က အိပ်ချင်ပေမယ့် အခုမှ မအိပ်ချင်တော့တာ'

'မအိပ်ချင်တာ သေချာတယ်နော်၊ အဲဒါဆို ကိုယ်အလျင် အိပ်မယ်၊ မေဇော်က ကင်းစောင့်၊ ဖြစ်မလား'

'ဒီအနားမှာ ဒီလိုပဲ ထိုင်စောင့်ရမယ်လား၊ တစ်ယောက်တစ်



လှည့်စီ အိပ်ရမယ် ဆိုတဲ့ သဘောပေါ့'

'ဟုတ်တယ်၊ မြို့ရောက်မှပဲ အတူဖက်ပြီး အိပ်ကြတာပေါ့ကွာ၊ အခုတော့ တစ်ယောက်တစ်လှည့်စီ အိပ်ရမှာပဲ၊ မေဇော် အလျင်အိပ်ချင်အိပ်ပါ။ တကယ် မအိပ်နိုင်သေးဘူး ဆိုရင်တော့ အလကား ထိုင်နေမယ့်အစား ကိုယ်အိပ်လိုက်မယ်လို့ ပြောတာ၊ မေဇော် အိပ်ချင်လာတဲ့ အချိန်ကျတော့ ကိုယ့်ကိုနှိုး၊ သည်ကြားထဲမှာ ပတ်ဝန်းကျင်ကို သတိထားနားစွင့်၊ ထူးခြားရင် ကိုယ့်ကိုနှိုး၊ ကြောက်ရင်လဲ နှိုး၊ အားမနာနဲ့၊ ဒါပေမယ့် မည်းမည်းမြင်တိုင်းလဲ ကြောက်မနေနဲ့ပေါ့၊ ဟုတ်တယ် မဟုတ်လား'

'အမယ် ဖြစ်ပါတယ်၊ ဒီလောက်လဲ မကြောက်တတ်ပါဘူး'

'မကြောက်တတ်တာ ကောင်းပါတယ်။ ဒါပေမယ့် သတိတော့ ထားရမယ်၊ ကိုယ်ပြောပြမယ်၊ တောထဲမှာ ညဘက်ကျတော့ မျက်စိကို သိပ်အားကိုးလို့ မရဘူး၊ နားသာ အဓိက၊ မီးရောင်တွေ ဘာတွေ မြင်ရတော့ ပြောပေါ့၊ ဒါပေမယ့် ဒီတောထဲ ညဘက် လာမယ့် လူတွေထဲမှာတော့ လက်နှိပ်ဓာတ်မီး တဝင်းဝင်း၊ ဆေးလိပ်မီး တရဲရဲနဲ့ လာတဲ့ လူမျိုး ရှိမှာ မဟုတ်ဘူး။ အဲဒီတော့ အသံကိုသာ သတိထားနားစွင့်၊ တောမှာ သူ့သဘာဝ အသံတွေ တောရဲ့ နဂိုသံတွေ ရှိတယ်၊ အခုကြားနေရတယ်၊ တတီတီနဲ့ ပုရစ်အော်သံတွေ၊ တအားဆူပြီး မြည်နေတာ ပုစဉ်းရင်ကွဲသံတွေ၊ ပြီးတော့ ဟိုနားမှာ အိပ်တန်းတက်တဲ့ ငှက်သံတွေ။ ဒီထက် မှောင်လာရင် ငှက်သံတွေ အခုလို ကြားရမှာ မဟုတ်ဘူး။ ဇီးကွက်သံ တစ်ခုပဲ ကြားရစရာ ရှိတယ်။ သစ်ပင်တွေကြားလေတိုးတဲ့ အသံ၊ သစ်ရွက်ကြွေတဲ့ အသံ ဒါတွေ ကြားရမယ်၊ ခပ်ကြာကြာလေး ထိုင်နားထောင်ရင် နဂိုသံကို မှတ်မိမယ်၊ နဂိုသံကို သိနေရင် ထူးထူးခြားခြား အသံတစ်ခု ပေါ်လာတာနဲ့ ဒါ ပုံမှန် မဟုတ်ဘူး ဆိုတာ ချက်ချင်း သိမယ်၊ ကိုယ့်ကို အန္တရာယ်ပေးနိုင်တဲ့ လူတို့တိရစ္ဆာန်တို့ လှုပ်ရှားသွားလာရင် မြေကြီးပေါ်မှာပဲ လှုပ်ရှားရမယ်၊ အဲဒီအခါ ဘာသံ

www.burmeseclassic.ocm

www.burmeseclassic.ocm



ကြားရမလဲ၊ သစ်ရွက်ကို တက်နင်းမိတဲ့ အသံ၊ သစ်ကိုင်းခြောက်ကလေး ချွတ်ခနဲ ကျိုးသွားတဲ့ အသံ၊ ဘယ်လောက် ခြေသံလုံတဲ့ လူဖြစ်စေ ကိုယ်ဖော့ပြီး မလာနိုင်ဘူး။ တောထဲမှာ ရှိသမျှ အမှိုက်ကို ရှင်းပြီး မသွားနိုင်ဘူး။ နားစွင့်နေရင် ကြားကို ကြားရမယ်။ အဲဒီတော့ ဘာမှ မစိုးရိမ်နဲ့။ ပြောမယ့်သာ ပြောရတာပါ၊ တကယ်က ဒီနေ့ည ဒီနေရာမှာ အန္တရာယ် ရောက်လာစရာ အကြောင်း မရှိနိုင်ပါဘူး၊ စိတ်ချရအောင် သတိထားနေရတဲ့ သဘောပဲ၊ ကဲ ကိုယ်အိပ်တော့မယ်နော်၊ မေဇော် အိပ်ချင်ပြီ ဆိုတာနဲ့ နှိုး၊ နောက် တစ်နာရီမှာ အိပ်ချင်ရင် တစ်နာရီမှာ နှိုး၊ နာရီဝက်မှာ အိပ်ချင်ရင် နာရီဝက်နဲ့ နှိုး၊ ကိုယ့်ကို လုံးဝ အားမနာနဲ့'

မေဇော့် ပါးနှစ်ဖက်ကို နမ်းပြီးနောက် အောင်ကျော် ကျောပိုးအိတ်ပေါ် ခေါင်းချလိုက်သည်။ ထိုနောက် ချက်ချင်း ပြန်ထလာပြီး

'ကိုယ့်ဘေးနားမှာ ငြိမ်ငြိမ်လေး ထိုင်နေနော်၊ ဟိုနား သည်နား ထမသွားနဲ့၊ တတ်နိုင်သမျှ မရွေ့နဲ့၊ တစ်ခုခု ထူးခြားရင် အသာလှုပ်နှိုး၊ အသံမပြုနဲ့ ကြားလား' ဆိုပြီး ပြန်လှဲချလိုက်သည်။

ငါးမိနစ်အတွင်း အောင်ကျော် အိပ်ပျော်သွားသည်။

သူတစ်ရေးနိုးလာတော့ သန်းခေါင်ကျော်နေပြီ။ မေဇော် သူ့ကို မနှိုး။ သူ့ နံဘေးတွင် ထိုင်ကာ သစ်ပင်ကို မှီရင်း ယိုင်တိယိုင်ထိုး အိပ်ပျော်နေသည်။ သူထထိုင်တော့မှ ဖျပ်ခနဲ လန့်နိုးသည်။

'ကြည့်စမ်း မေဇော်၊ အိပ်ချင်ရင် ကိုယ့်ကို နှိုးပါလို့ ပြောထားသားပဲ'

သူက ခပ်တိုးတိုး ပြောသည်။ 'ကဲသေသေချာချာ အိပ်တော့'

သူ့အနား တိုးကပ်ကာ ကျောပိုးအိတ် ခေါင်းအုံးလျက် မေဇော် အိပ်ပျော်သွားသည်။ သူက လေးနာရီလောက် အိပ်လိုက်ရသဖြင့် လုံးဝ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

နှစ်ပေါင်းများစွာ ကွဲကွာပြီးမှ မေဇော်နှင့် ပြန်လည် ဆုံဆည်း



ရသည့်အဖြစ်ကို တွေးတောကာ ကျေနပ်နှစ်သိမ့်နေမိသည်။ ယခုတော့ မိမိနံဘေးတွင် တိုးဝှေ့ကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသော ချစ်သူနှင့်။ မေဇော့် လက်မောင်းသား အိအိကို ပွတ်သပ်ရင်း ပိုင်ဆိုင်ရခြင်းအတွက် ဝမ်းမြောက်ကြည်နူးစိတ်တွေ ဖိတ်လျှံလာသည်။ စမ်းရေအိုင်ကလေးက ပျော်ပွဲစားပွဲကို သတိရလာသည်။ ရင်ထဲမှာ လှိုင်းဂယက်တွေ လှုပ်ရှားထကြွလာပြန်သည်။

အဝေးတောတန်း တစ်နေရာမှ မျောက်တစ်အုပ် ရုတ်ရုတ်သဲသဲ အော်သံ ကြားရသည်။ စိတ်ကူးယဉ်ကမ္ဘာလေး ပျက်သွားသည်။ အချစ်လှိုင်းတံပိုးတွေ ချုပ်ငြိမ်းသွားသည်။ တောထဲမှာ ကိုယ်ချည်း ရှိသည် မဟုတ်။ သတိ ဝီရိယထားဖို့ လိုသည်။ ပတ်ဝန်းကျင်ကို သတိနှင့် စောင့်ကြည့်ဖို့ လိုသည်။ ချစ်သူဘဝမှ ကျွမ်းကျင်သော ညကင်းသမားအဖြစ်သို့ ပြောင်းလဲသွားသည်။

*

ညဥ့်အမှောင်ပြယ်စ အလင်းရောင် မပီသသေးမီမှာပင် မေဇော်ကို နှိုးသည်။ ပတ်ဝန်းကျင်နယ်မြေနှင့် ရှေ့ခရီးလမ်းကို အတန်ကြာ လှည့်ပတ်ထောက်လှမ်းခြင်း ပြုပြီးနောက် ပြန်လာသည့်အခါ မေဇော်က သူ့ဘာသာ မီးလေး တစ်ပုံဖိုကာ သတ္တုခွက်နှင့် ရေနွေးကျိုချက်၍ နေပြီ။

သူက မနီးမဝေးမှ ရပ်တန့်ကာ ကြည်နူးဝမ်းသာစွာ ငေးမောကြည့်နေမိသည်။ 'နေအရုဏ်တက်စ၊ နှင်းမှုန်ရီ မသန်းသော်လည်း အေးမြသော နံနက်ခင်း၊ တောတွင်း သစ်ပင်တစ်ပင်အောက်တွင် ချစ်သူနှင့် အတူ စားသောက်ရန်အတွက် နံနက်စာ ပြင်ဆင်ပြုလုပ်နေသည့်လုံမပျို၏ ရုပ်လွှာသည် လက်ရာမြောက်လှသော ပန်းချီကား တစ်ချပ်နှယ် လှပလွန်းနေသည်။

'မိန်းမဟူသည် နံနက်စောစော လှတတ်သော သဘောမရှိ'

www.burmeseclassic.ocm

www.burmeseclassic.ocm



ဟု၍ ကမ္ဘာဦး လူသားမှ အစပြုလျက် လူမျိုးတစ်ရာ တစ်ပါး ယောက်ျား သားတို့ ဆိုခဲ့ကြသော်လည်း မေဖော်ကတော့ ချွင်းချက် ဖြစ်နေသည်။ အရုဏ်ဦး ရောင်နီကြောင့်လား၊ မီးဖိုအလင်းရောင် ထင်ဟပ်၍လား မသိ၊ သူ့မျက်နှာက နှင်းဆီသွေးရောင် နီမြန်းနေသည်။ ပါးပြင်ပေါ် သို့ ဆံနွယ်အခွေအလိပ်ကလေးများ ကပိုကရို ဝေ့ဝဲကျရောက်နေဟန်က ရတ်ခြည်းပင် စွဲမက်ချစ်ခင်စရာ ကောင်းသည်။

'ဘယ်လိုလဲ ဆရာကြီး၊ ဒီအတိုင်းပဲ ရပ်ကြည့်နေတော့မှာလား၊ ဘာတွေများ အထူးအဆန်း တွေ့နေလို့လဲ' မေဖော်က သူ့ရင်ထဲက ခံစားချက်တွေကို အလိုလို သိနေသည့်အလား၊ မျက်လွှာပင့် မကြည့်ဘဲ ပြောလိုက်သည်။

'တောထဲမှာ သူယောင်မယ်နဲ့တွေ့နေရသလား၊ ဥစ္စာစောင့်မ ကိုယ်ထင်ပြနေတာလားလို့'

မေဖော် သူ့ကို ချစ်စနိုး မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

'ကြည့် မဦးမချွတ်တွေ ပြောရော့မယ်၊ လာ ဒီကို ကော်ဖီ သောက်ရအောင်'

ဘီစကစ်၊ ကိတ်ခြောက်၊ ကော်ဖီမည်းတို့ဖြင့် နံနက်စာ စားကြ သည်။ ပြီး စခန်းနေရာကို တတ်နိုင်သမျှ ခြေရာ လက်ရာ ဖျောက်ဖျက် ကာ ထွက်ခဲ့ကြပြန်သည်။

လမ်းမှာ ကြာကြာမနား။ တစ်ဆက်တည်း ဆိုသလို ချီတက်ခဲ့ ကြသည်။ နေရှိန်မြင့်လာပြီ။ မေဖော့် မျက်နှာလေး ရဲရဲနီကာ ချွေးတွေ စီး၍ နေသည်။

'ဘယ်လိုလဲ မေဖော်၊ မောနေပြီလား၊ ဆယ်မိနစ်လောက် နား ချင် နားဦးလေ၊ ကိုယ့်စခန်းရောက်ဖို့တော့ နီးလာပြီ။ နောက် နှစ်နာရီ ကျော်ကျော် အလွန်ဆုံး နှစ်နာရီခွဲလောက်ပဲ သွားရမယ်'

မေဖော် သစ်မြစ်တစ်ခုပေါ်မှာ ထိုင်ကျန်ရစ်သည်။ အောင်ကျော် မနားဘဲ ရှေ့ဘက် ထောက်လှမ်းရန် ထွက်သည်။ တစ်မိနစ်အတွင်း



မှာပင် အန္တရာယ်၏ အရိပ်ကို ထင်ထင်ရှားရှား စတွေ့ရလေသည်။

လူခြေရာ။ တစ်ယောက်မဟုတ်။ သုံးလေးယောက်ခြေရာ။ စစ်သုံး ဘွတ်ဖိနပ်ခြေရာများ ပါသည်။ ခြေညှပ်ဖိနပ်များလည်း ပါသည်။ ခြေရာက များစွာ မကြာသေး။ မနေ့က သို့မဟုတ် တစ်နေ့က ဖြစ်နိုင် သည်။ ခြေရာလမ်းကြောင်းကို လိုက်ကြည့်သည်။ သူတို့ သွားနေသည့် လမ်းကြောင်း၊ သူရွေးချယ်ထားသည့် လမ်းကြောင်းနှင့် ဖွေစောင်းကလေး ဖြစ်သွားသည်။ ဦးတည်သည့် နေရာက သူ့စခန်းဘက်လည်း ဖြစ်နိုင် သည်။ သို့သော် ၎င်းအတိုင်း မကွေ့မကောက် တစ်ဖြောင့်တည်း သွားမည် ဆိုလျှင်တော့ သူ့စခန်းနှင့် လွဲချော်သွားနိုင်သည်။ ဘယ် ရည်ရွယ်ချက်နှင့် ဘယ်ကို ဦးတည်သွားနေကြသနည်း။ မှန်းဆမရနိုင်။ လမ်းကြောင်းနောက် အတန်ကြာ လိုက်၍ လေ့လာကြည့်ရှုသည်။ ဘွတ်ဖိနပ်စီးသူ သုံးယောက်။ ညှပ်ဖိနပ်သမား နှစ်ယောက်။ ခေတ္တရပ် နားသည့် နေရာများမှာ သေနတ်ဒင်နှင့် ထောက်မိသည့် အရာများလည်း တွေ့ရသည်။

နောက်ကြောင်း ပြည့်လှည့်ကာ မေဖော်ကို ပြန်ခေါ်၍ ဆက် လက်ထွက်ခွာသည်။ အခြေအနေကို ပြောပြသည်။ ရှေ့ခရီးကို ပို၍ သိုသိုသိပ်သိပ်၊ တိုးတိုး ကိတ်တိတ်။ လတ်လတ်ဆတ်ဆတ် ခြေရာတွေ လမ်းကြောင်းတွေ ထပ်၍ တွေ့လာသည်။ ချောင်းသာဘက်က လာသည့် လမ်းကြောင်းတွေ မဟုတ်။ ဆန့်ကျင်ဘက် အရပ်က လာသူတွေသာ ဖြစ်ရမည်။ တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများ။ သည်နယ် တစ်ဝိုက်မှာ လှုပ်ရှားသည့် အုပ်စုက သုံးလေးစု ရှိသည်။ ဘယ်သူ့ အဖွဲ့အစည်းလဲ။ တစ်ဖွဲ့တည်းလား။ နှစ်ဖွဲ့သုံးဖွဲ့လား။ သူ့ စခန်းကို တွေ့သွား၍၊ ဒါမှမဟုတ် သူ့သတင်း ပေါက်ကြားသွား၍ သည်နယ် တစ်ဝိုက်မှာ မွှေနှောက်လှုပ်ရှားခြင်းလော။ ခြေရာတွေကတော့ များနေပြီ။

ခြေရာများလျှင် လူများပြီ။ မိမိတို့မှာ လက်နက်ဆို၍ ပစ္စတို တစ်လက်၊ ဓားမြှောင်နှစ်ချောင်းပဲ ရှိသည်။ လူနှစ်ယောက်။ တစ်ယောက်

www.burmeseclassic.ocm

www.burmeseclassic.ocm



က မိန်းမ။ သတိထားနိုင်လွန်းမှ တော်မည်။ တစ်နေရာမှာ ခေတ္တ ရပ်ကာ မဖော်အား ပစ္စတို သေနတ်ကို ကိုင်တွယ်ပုံ၊ ပစ်ခတ်ပုံ နည်းလမ်းများ သင်ကြားပြသသည်။ ခရီးမထွက်မီ ရန်ကုန်မှာ သေနတ် ရလာကာစက တစ်ကြိမ် ပြသဖူးသည်။ ယခု သေချာအောင် ထပ်ပြ ပြီး ကိုယ်တိုင် ကိုင်တွယ် စမ်းသပ်ကြည့်စေသည်။ ထိုနောက် သွားလမ်း ပြန်လမ်း၊ တောင်တောင်သစ်ပင်၊ အရှေ့အနောက်၊ တောင်မြောက်၊ အရေးကြုံ၍ ပြေးလွှားရလျှင် သို့တည်းမဟုတ် မိမိသေဆုံး ပျောက်ဆုံး ခဲ့လျှင် ချောင်းသာဘက်အရောက် ပြန်ရန် လမ်းကြောင်း။ အနောက်ရှုး ရှုးကိုသာ လျှောက်၊ ချောင်းသာကားလမ်းကို ပေါက်ရမည်။

နေမွန်းတည့်ခါနီး အချိန်။ ရွှေစမ်းချောင်းရှိရာ လျှိုထဲသို့ စီးမိုး မြင်နိုင်သည့် တောင်ကြားပေါ် ရောက်လာသည်။ နေရာကို မှန်းဆ၍ သိနိုင်သော်လည်း စမ်းချောင်းကို မမြင်နိုင်။ သူစခန်းချခဲ့သည့် နေရာကို မမြင်နိုင်။ သစ်ပင်တွေက သိပ်သိပ်သည်းသည်း အုပ်မိုးနေသည်။ သည် နေရာမှာ စစ်တပ် တစ်တပ်လုံး ခိုအောင်းနေလျှင်ပင် သိနိုင်မည်မဟုတ်။ သတိကြီးစွာ ထားကာ တောင်ကြောပေါ်က ဆင်းလာခဲ့သည်။ သူ့စခန်း နေရာ တည့်တည့် ဦးတည်၍။

နားထဲမှာ အသံတွေ ရတ်တရက် ကြားလိုက်ရသည်။ လူသံ၊ စကားပြောသံ။ တောထဲတောင်ထဲ သည်လို လျှိုမြှိုးထဲမှာ အသံက အတော်ဝေးဝေးထိ သွားတတ်သည်။ သူ့စခန်းနေရာလောက်က ထွက် ပေါ် လာသော အသံများ။ စကားလုံးတော့ မသဲကွဲ။ ဘာဖြစ်ဖြစ် လူ ရှိနေပြီ။ အနည်းဆုံး နှစ်ယောက်။ သည့်ထက် ပိုနိုင်သည်။

အသံကြားရသော်လည်း လူကို မမြင်နိုင်။ ရှေ့မှာ ကုန်းတန်း ကလေး တစ်ခု ကာဆီးနေသည်။ သစ်ပင်တွေ ရှိသည်။ ချုံပင် နိမ့်နိမ့် တွေ ရှိသည်။ ကုန်းတန်းကလေးကို ဖြည်းဖြည်းချင်း တက်ကာ ချုံပင် အကိုင်းအခက်များကြားက ချောင်းမြောင်းကြည့်လိုက်သည်။

သူ့စမ်းရေအိုင်ကလေး။ ရေထဲမှာ လူနှစ်ယောက် ရွှေကျင်နေကြ



သည်။ တစ်ဘက်ကမ်းပေါ်မှာ လူတစ်ယောက်။ ခါးမှာ သေနတ်တစ် လက် ချိတ်လျက်။ လက်မှာ မောင်းပြန် ရိုင်ဖယ် သေနတ် တစ်လက် ကိုင်ဆောင်လျက်။ သူ့နောက်ဘက်မှာ ရွက်ဖျဉ်တဲ ခပ်ကြီးကြီး တစ်လုံး ရှိသည်။ တဲဘေး သစ်ပင် တစ်ပင် ခြေရင်းမှာ ရိုင်ဖယ်သေနတ် နှစ် လက်ထောင်ထားသည်။ သည်ဘက်ခြမ်းမှာ တဲသေးသေး တစ်လုံး။ သူ ကျန်ခဲ့သော တဲဖြစ်သည်။ အနေအထား နည်းနည်း ပြင်၍ နေရာ ချထားသည်။ တစ်ဘက်ကမ်းက တဲကြီး နံဘေး ကွက်လပ်မှာ မီးဖို ရှိသည်။ မီးဖိုနံဘေးမှာ စားအိုး သောက်ခွက်များနှင့် ဟိုသည် ပြန့်ကျဲ နေသော ပစ္စည်းပစ္စယများ။ ကြည့်ရသည်မှာ လူသုံးယောက်တည်းတော့ ဟုတ်ပုံမရ။ တဲထဲမှာ အနားယူနေတာ သို့မဟုတ် အိပ်နေတာ ရှိနိုင် သည်။ ဟိုဘက်ခြမ်း တဲအတွင်းပိုင်းကို ကောင်းကောင်း မမြင်ရ။ ရိက္ခာ ထွက်ရှာနေတာ၊ ဒါမှမဟုတ် ကင်းလှည့်နေတာလည်း ဖြစ် နိုင်သည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ပစ္စည်းလေးတော့ ခပ်မြန်မြန် ယူရလိမ့် မည်။ ကံကောင်းသည် ဆိုရမလား။ သူရွှေထုပ် မြှုပ်ခဲ့သော နေရာက သည်ဘက်ကမ်း တဲကလေးမှာ ဖြစ်သည်။ တစ်ဘက်ကမ်းက လူနှင့် ဆိုလျှင် တဲတစ်ခုလုံး ကွယ်နေနိုင်သည်။ ပြီး အနည်းဆုံး ကိုက်သုံး ဆယ်လောက်တော့ ဝေးနိုင်သည်။ မဖော်က လက်ကုတ်ပြီး အခြေ အနေကို မေးသည်။ သူက မဖော်အား အနောက်ဘက် တောင်စောင်း ခုလတ်တွင် ထင်ထင်ရှားရှား မြင်နေရသော ညောင်ပင်ကြီး တစ်ပင် ကို လက်ညှိုး ထိုးပြသည်။

'အဲဒီ ညောင်ပင်ကို ရောက်အောင်သွား၊ အသံလုံလုံသွား၊ ခပ် မြန်မြန်သွား။ အဲဒီအပင်အောက် အလွယ်တကူ လူမမြင်မယ့်နေရာမှာ ငြိမ်ငြိမ်ထိုင်စောင့်၊ ကိုယ် လိုက်လာမယ်၊ ရော့ သေနတ်ယူသွား၊ လူ နဲ့ တွေ့ရင် ဘာမှ အမေးအဖြေ လုပ်မနေနဲ့၊ လက်နှစ်ဘက်နဲ့ တင်းတင်း ကိုင်ပြီး အသေသာပစ်သတ်'

www.burmeseclassic.ocm

www.burmeseclassic.ocm



မေဇော် သေနတ်ကိုင်ကာ အောင်ကျော်ကို တစ်ချက်ကြည့်ပြီး ဘာမှ မပြောဘဲ လှည့်ထွက်သွားသည်။ အောင်ကျော် ကုန်းတန်းကလေး အောက်ဘက်က ကွေ့ပတ်ကာ သူ့တဲကလေးရှိရာသို့ ပုန်းလျှိုး၍ သွားသည်။ ရေထဲက လူနှစ်ယောက်က သူတို့အလုပ်ကို စိတ်ဝင်စားစွာ လုပ်နေဆဲ။ သေနတ်နှစ်လက်နှင့် လူက သေနတ်သေားချကာ စီးကရက် တစ်လိပ် ထုတ်၍ မီးညှိနေသည်။ အခြေအနေက ကောင်းသည်။ သူက တဲကလေးကို အကာအကွယ် ယူကာ ရွှေထုပ်မြှုပ်သည့် ချုံဖုတ်နား ချဉ်းကပ်သည်။ ထို့နောက် လက်စွဲတော် ဓားမြှောင်ဖြင့် မြေကို အသာအယာ တူးဆွသည်။ အထုပ်က တစ်ထွာသာသာ အနက်မှာပဲ ရှိသည်။ မြေစိုင်ခဲတွေ ဖယ်ရှားကာ သူက ရွှေထုပ်ကို ဆွဲထုတ်လိုက်သည်။ ရွှေထုပ်က လက်ထဲမှာ အဖိုးတန်စွာ အလေးချိန် စီးလျက်ရှိသည်။ ရွှေထုပ်ကို ဘယ်လက်နှင့် ဆကြည့်ပြီး ဓားမြှောင်ကို အိတ်ထဲ ပြန်ထည့်ကာ ကျေနပ်စွာဖြင့် အသာ နောက်ပြန်ဆုတ်မည်အပြုတွင် ရုတ်တရက် အမိန့်ပေးသံ နာခံလိုက်ရသည်။

'ဟေ့ကောင် မလှုပ်နဲ့၊ ငြိမ်'

အမိန့်ပေးသံက မမာကျော။ ခပ်တိုးတိုး ခပ်အုပ်အုပ်။ ခိုးကြောင်ခိုးဝှက်။

အသံလာရာဘက် လှည့်ကြည့်သည်။ သူ့လက်ဝဲဘက်က ချုံတွေ ကြားထဲတွင် သေနတ်သမား တစ်ယောက်။ မောင်းပြန်ရိုင်ဖယ်နှင့် သူ့ကို တည့်တည့်မတ်မတ် ချိန်ထားသည်။ သူက တစ်ဘက်ကမ်းက လူစုကို အာရုံစိုက်နေချိန်တွင် သူ့ကို ချုံကြားထဲမှ နေ၍ မြွေ တစ်ကောင်လို ငြိမ်သက်စွာ ချောင်းမြောင်း စောင့်ကြည့်နေခဲ့သော ကင်းသမား။ ချုံထဲက ထလာသည်။

'မင်းလက်ထဲက ဘာထုပ်လဲ'

'ရွှေ'

သူ့ဖြေသံကို ကြားသွားဟန် တူသည်။ စမ်းချောင်းထဲမှ တစ်စုံ



တစ်ယောက်က လှမ်းအော်သည်။ 'ဟေ့ ဘထူး၊ ခေါ်သလားဟေ့'

ကင်းသမား မဖြေ။

'အထုပ် ငါ့ဆီပစ်လိုက်'

အောင်ကျော် ရွှေထုပ်ကို ဘယ်ဘက်လက်ဖြင့်ပင် အရှိန်ခပ် ပြင်းပြင်းလေး ပစ်ထည့်ပေးလိုက်သည်။ ကင်းသမား အားနေသည့် ဘက်လက်ဖြင့် အမိအရ ဖမ်းယူသည်။ သည်အခိုက်မှာပင် ကျင့်သားရထားသည့် အောင်ကျော့် ညာလက်က အလိုအလျောက် လျင်မြန်စွာ လှုပ်ရှားသည်။ ရွှေထုပ်တူးသော ဓားမြှောင်က ကင်းသမား၏ ရင်ညွန့်တည့်တည့်ကို ထိမှန်ကာ အတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားသည်။ အော်သံလို ရှိုက်သံလို အွတ်ခနဲ တစ်ချက် မြည်သွားပြီး လူက တောင့်တောင့်ကြီး ရပ်နေသည်။ လက်က သေနတ် အလျင်လွှတ်ကျသည်။ ထိုနောက် လူက ချုံကြားထဲ သစ်ပင်လဲသလို ပစ်ကျသွားသည်။

'ဟေ့ ဘထူး' လူနှစ်ယောက် ပြိုင်တူ ခေါ်သံနှင့်အတူ လှုပ်ရှားသံများ ကြားရသည်။ အောင်ကျော် သေနတ်တစ်ဘက် ရွှေထုပ် တစ်ဘက် ကောက်ကိုင်ကာ ချုံပင်သစ်ပင်တွေကြားမှ ဒရောသောပါး ပြေးလာခဲ့သည်။ နောက်ဘက်က အသံကြားရာ မှန်းပြီး ပစ်လိုက်သည့် သေနတ်သံများ ဆူညံသွားသည်။ သစ်ကိုင်း တစ်ကိုင်း ဓားနှင့် ခုတ်ပိုင်းချလိုက်သလို ကျိုးပြတ်ကာ သူ့နံဘေးကျလာသည်။ သူက သစ်ပင်ကြီးကြီး တစ်ပင်နောက် ဒိုင်ဗင်ထိုးချ အကာအကွယ် ယူကာ နောက်က လိုက်လာသူများဘက်သို့ လေးငါးချက် ဆင့်၍ ပစ်ခတ်လိုက်သည်။ ပြီး ရွှေထုပ်ကို ကျောပိုးအိတ်ထဲ ကမန်းကတန်း ထိုးထည့်ကာ ရပ်နားမနေဘဲ အကာအကွယ် ရနိုင်မည့် ကုန်းစောင်းကလေး တစ်ခုဆီသို့ တရကြမ်း ပြေးလွှားကျော်ဆင်းသည်။ ကုန်းကလေးနောက်မှ ဝပ်ကာ ရန်သူများဘက်သို့ နောက်ထပ် သုံးလေးချက် ဆက်တိုက် ပစ်ခတ်ပြီး နောက် မေဇော် စောင့်ဆိုင်းနေမည့် ညောင်ပင်ဆီသို့ အရှိန်ထိုး

www.burmeseclassic.ocm

www.burmeseclassic.ocm



ဆုတ်ခွာ ထွက်ပြေးလာခဲ့သည်။

'မဖော်' ညောင်ပင်နား ရောက်တော့ သူက လှမ်းခေါ်သည်။ ချုံပင်များကြားက ထွက်လာသည့် မဖော့်မျက်နှာက ဖြူရော်ရော်။

'မဖော် မကြောက်နဲ့လာ၊ ကိုယ့်ပစ္စည်း ရလာပြီ'

မဖော့်လက်ကို ဆွဲကာ တောင်ကြောပေါ် တစ်ဆက်တည်း တက်လာခဲ့သည်။ တောက မရှင်းလင်းလှ။ နှစ်ယောက်တွဲသွား၍ မရ။

'မဖော် ရှေ့ကသွား၊ တောင်ထိပ်အထိ ရောက်အောင် တက်ရမယ်'

သူက ခေတ္တရပ်ကာ အောက်ဘက်ဆီ လှမ်းမျှော်သည်။ နားစွင့်သည်။ အောက်ဘက်မှာ အသံတွေက နေရာနှစ်ခုမှ ကြားနေရသည်။ သူတို့ လွတ်ထွက်မသွားအောင် နှစ်စုခွဲ၍ ညှပ်ပူးညှပ်ပိတ် လိုက်ကြမည့်ပုံမျိုး။

ဘာပဲဖြစ်ဖြစ် လူစုခွဲသည် ဆိုလျှင် အင်အားနည်းသွားမည်။

သူတောင်ပေါ် ဆက်တက်သည်။ တောင်က အမြင့်ကြီး မဟုတ်။ မဖော့်ကို မီလာသည်။ ကြောက်အား လန့်အားနှင့်သာ ပြေးနေရသော်လည်း မဖော် မောလှပြီ။ မဖော့်လက်ကို ဆွဲကာ ဖေးမကာ တွန်းကာဖြင့် တောင်ထိပ်အရောက် ဆက်တက်ခဲ့သည်။ တောင်ထိပ်ကြောပေါ် ရောက်ပြီ။ တစ်ဘက်တောင်စောင်းအတိုင်း ဆက်ပြီး ဆင်းပြေးမလား၊ ရန်သူက အောက်ခြေမှ နှစ်ဘက်ညှပ်ပြီး ပတ်လိုက်ကြမည် ဆိုလျှင် တောင်အောက်အရောက်မှာ နှစ်စုလုံးနှင့် တစ်ပြိုင်တည်း သွားဆုံမိနိုင်သည်။ လက်ဝဲဘက် တောင်ကြောအတိုင်း စုန်ဆင်းရန် သူဆုံးဖြတ်လိုက်သည်။ အကယ်၍ ရန်သူနှင့် တိုက်ရလျှင်လည်း တစ်စုချင်း တိုက်ရတာ သက်သာလိမ့်မည်။ ကံကောင်းထောက်မ၍ သည်ဘက်အစုကို လွတ်အောင် ရှောင်တိမ်းနိုင်လျှင်တော့ လျှိုတွေ တောင်တွေကြား ပုန်းလျှိုးရင်း တောင်ဘက်စူးစူးသို့ အတော်ဝေးဝေးထိ ဆက်သွားမည်။ ပြီးမှ အနောက်ဘက် ချိုးကွေ့ကာ ကားလမ်းမရောက်သည်



အထိ မဖော် ပင်ပန်းခံနိုင်လျှင် ခံနိုင်သလောက် အခြေအနေကြည့်ပြီး အမြန်ဆုံး ချီတက်ရမည်။

တောင်ဘက်ကြောအတိုင်း သတိထားရင်း ဆင်းလာခဲ့သည်။ တောင်ကြောက အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ ခရီး တစ်ဝက်လောက်တွင် ဇရာမ သစ်ပုတ်ပင်ကြီး တစ်ပင်။ ပင်စည်ခြေရင်းရှိ ကျားကန်မြစ်ကြီးများက ကြီးမားကြံ့ခိုင်လှသည်။ အကွယ်အကာကောင်းသည်။ လုံခြုံသည်။ မြစ်ပျဉ်းကြီး နှစ်ခုကြားမှာ သူတို့ ထိုင်ချလိုက်ကြသည်။ မဖော် ပင်ပန်းလှပြီ။ တစ်ကိုယ်လုံး ချွေးစေးတွေ အမှုန်အမှိုက်တွေနှင့် ယားယံနေပြီး အာတွေ နှုတ်ခမ်းတွေလည်း ခြောက်နေပြီ။ သူ့ရေဘူးလေးမှာ ရေတစ်စက်မှ မရှိ။ ပြေးပွဲကြီး မစမီ ညောင်ပင်အောက်မှာ စောင့်နေစဉ်ကတည်းက ကုန်ခဲ့ပြီ။ အောင်ကျော့်ထံက ရေဘူးတောင်းယူပြီး မော့သောက်သည်။ သူ့ရေဘူးမှာလည်း ရေက လက်နှစ်လုံးလောက်သာ ရှိနေသည်။

'ဖြည်းဖြည်းသောက်၊ သီးနေမယ်၊ နည်းနည်းလဲ ချန်ဦးနော်'

မဖော် ရေနှစ်ကျိုက် သုံးကျိုက် ဆက်တိုက် မော့သောက်ပြီး စိတ်ထိန်းကာ ဘူးဆို့ဖြင့် ပြန်ပိတ်ပြီး အောင်ကျော့်လက်ထဲ ပြန်ထည့်ပေးလိုက်သည်။ အောင်ကျော် ရေဘူးကို လှုပ်ကြည့်သည်။ ရေက အလွန်ဆုံး တစ်ငုံစာလောက်သာ ကျန်တော့သည်။ သူက ရေဘူးကို ခါးမှာ ပြန်ချိတ်ထားလိုက်သည်။

'သူ မသောက်ဘူးလား'

'ရပါတယ်၊ ကိုယ်က ရေမဆာတတ်ဘူး၊ စမ်းချောင်းရောက်မှပဲ ရေဘူးဖြည့်ရင်း သောက်တော့မယ်'

မဖော် သစ်မြစ်ကြီးကို မှီကာ ငြိမ်၍ နားနေသည်။ အောင်ကျော် ဆုတ်လမ်း တက်လမ်းကို ချိန်ဆနေသည်။ သူတို့ နားနေသည့်နေရာ တောင်ဘက် မလှမ်းမကမ်းမှ ရှိခနဲ လက်ခေါက်မှုတ်သံ တစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ချက်ချင်းပင် တောင်ကြော

www.burmeseclassic.ocm

www.burmeseclassic.ocm



မြောက်ဘက်ပိုင်း ခပ်လှမ်းလှမ်း တစ်နေရာမှ ပြန်၍ အချက်ပေးသံ တစ်ချက် ကြားလိုက်ရသည်။ ရန်သူက တောင်အောက်က မစောင့်ဘဲ တောင်ကြောပေါ် တက်လိုက်လာချေပြီ။ နှစ်စု ညှိနှိုင်းပြီးသား။ သည်တော သည်တောင်မှာ လှုပ်ရှားနေကျ ကျွမ်းကျင်သူများနှင့် တူသည်။ မိမိတို့က နှစ်စုကြားမှာ ညှပ်မိတော့မလို ဖြစ်နေပြီ။ အနောက်ဘက် ခြမ်း မတ်စောက်သော တောင်စောင်းအတိုင်း ဆင်းပြေးရမည်လား။ တစ်ယောက်တည်း ဆိုလျှင်တော့ ကိုယ်က ရှေ့ရောက်နေသည်မို့ အလွယ်တကူ လွတ်အောင် ပြေးနိုင်မည်။ ယခုက မေဖော်နှင့်။ သည် အပင် အကွယ်က စောင့်မည်။ တောင်ဘက်အစုနှင့် အလျင်တွေ့ရလျှင် ကိုယ်က လက်ဦးအောင် တိုက်မည်။ နောက်တစ်စု ရောက်မလာခင် မြန်မြန်လာကြပါစေဟုပဲ မျှော်လင့်ရင်း ပစ်ခတ်ရမည့် အနေအထားကို စဉ်းစားသည်။

သစ်ပုတ်ပင်ကြီးရှေ့ဘက် မလှမ်းမကမ်းတွင် သစ်ပင်ခပ်ကြီး ကြီး တစ်ပင်။ အောက်ခြေတစ်ဝိုက်မှာလည်း ချုံပင်တွေ စုရုံးပေါက်နေ သည်။ အကွယ်အကာရသည်။ သစ်ပုတ်ပင်လိုလည်း ထင်ထင်ရှားရှား သတိထားစရာ ဖြစ်မနေ။ မေဖော်ကို လက်တို့ကာ အသာ ဝပ်တွားပြီး နေရာရွှေ့လာခဲ့သည်။ သစ်ပင်နောက် ရောက်ပြီး တောင်ဘက်ခြမ်း ချုံပင်များကြားက ချောင်းမြောင်းကြည့်သည်။ ခဏမှာပင် အသံများ ကြားရသည်။

လူတစ်ယောက်။ ချုံပင်များကြားက ထွက်လာတာ မြင်ရသည်။ လက်မှာ ရိုင်ဖယ်သေနတ်က အသင့်အနေအထားဖြင့်။ ရှေ့နားက သစ်ပင် တစ်ပင်မှာ ပြေးကပ်သည်။ သစ်ပုတ်ပင်ကြီးကို သတိထားမိ သွားသည်။ နောက်ဘက်ကို လက်ပြသည်။ နောက်လူ တစ်ယောက် ပေါ်လာသည်။ ပထမလူက သစ်ပုတ်ပင်ကို လက်ညှိုးညွှန်ကာ နှစ်ဘက် ညှပ်ဝိုင်းရန် လက်ဟန်ခြေဟန် ပြသည်။

တစ်ယောက်က သူတို့ ပုန်းနေသည့်အပင်ရှေ့နား လေးငါးကိုက်



အကွာလောက် ရောက်လာသည်။ သည်ဘက်ကို လုံးဝ လှည့်မကြည့်။ အလွယ်တကူ ပစ်ချ၍ ရနေပြီ။ သို့သော် နောက်တစ်ယောက်က ဟိုဘက် ခပ်လှမ်းလှမ်း ရှေ့ဘက်ခပ်ကျကျမှာ ရှိနေသည်။ သစ်ပင်တွေ က ကြားမှာ ခံနေသည်။ သည်လူ့ကိုပါ အပြတ်မရှင်းနိုင်လျှင် အပြန် အလှန် ပစ်ခတ်နေရမည်။ သည်အတွင်း နောက်တစ်စု ရောက်လာလျှင် မလွယ်။

အောင်ကျော် မေဖော့်လက်က ပစ္စတိုကို လှမ်းယူပြီး သူ့ဆီက ရိုင်ဖယ် မေဖော့်ထံ အသံမကြားအောင် ပေးထားလိုက်သည်။ ပစ္စတို ကို ဘယ်လက်နှင့် ကိုင်ထားပြီး ခါးက ဓားမြှောင်ကို ထုတ်ယူသည်။ သစ်ပင်ကြီးနောက်မှာ မတ်တတ်ရပ်ကာ အသင့်ပြင်သည်။ ချုံပင် အကိုင်းအခက် အချို့ လှုပ်ရှားကာ အသံအနည်းနည်း ထွက်သွားပြီး ရှေ့နားက ပုဂ္ဂိုလ် သည်ဘက်လှည့်လိုက်သည်။ အားနှင့် ပစ်ထည့်လိုက် သော ဓားက နံရိုးနှစ်ချောင်းကြား စိုက်ဝင်သွားသည်။ အော်သံက ဗလုံးဗထွေး။

အော်သံကြားသဖြင့် ဟိုဘက်လူနောက်သို့လှည့်လာပြီး ချက်ချင်း သတိရကာ နီးရာ သစ်ပင် တစ်ပင်နောက် ပြေးဝင်သည်။ သို့သော် စိတ်သွားသလောက် လူကမမြန်၊ တစ်စက္ကန့်သာသာမျှ အကွယ်အကာ ကင်းမဲ့သွားသည်။ အောင်ကျော့်လက်မှ ပစ္စတိုသေနတ်က အရှယ်နှင့် မလိုက်အောင် ပြင်းထန်စွာ မြည်ဟိန်းပေါက်ကွဲကာ ပုန်းရှောင်သူ၏ လက်ျာ နံပါးသို့ ကျည်ဆန် နှစ်တောင့် ဆောင့်ဝင်ရောက်ပြီး လူက တစ်ဘက်သို့ ပစ်ကျသွားသည်။

အောင်ကျော် အနီးရှိ လူထံမှ သူ့ဓားမြှောင်ကို ပြန်နုတ်ယူပြီး နောက် မေဖော်ကို ဆွဲကာ တောင်ဘက်စောင်းအတိုင်း ပြေးဆင်းလာခဲ့ သည်။ အောက်ဘက် လျှိုထဲမှာ ချုံပင်သစ်ကိုင်းများ၊ ကျောက်တုံး ကျောက်ခဲများကြား ခက်ခက်ခဲခဲ တိုးဝှေ့သွားရသည်။ လျှိုထဲက ထွက် ပြီး ကွက်လပ်ကလေး တစ်ခုကို တွေ့ပတ်ကာ အပင် အကွယ်အကာ

www.burmeseclassic.ocm

www.burmeseclassic.ocm



ရှိသော တောင်ကုန်းကလေး တစ်ကုန်းပေါ်သို့ တက်သည်။ ကုန်းကလေး အထက်မှာ ခဏ နားပြီး နောက်ဘက်က အသံဗလံကို နားစွင့်သည်။ မြောက်ဘက် အစုတွင် ဘယ်နှစ်ယောက် ပါမည်လဲ။ သေသေချာချာ မပြောနိုင်။ တစ်ယောက်တည်းလား၊ သို့မဟုတ် နှစ်ယောက်၊ သို့မဟုတ် နောက်ထပ် လူရှိဦးမည် ဆိုလျှင် အလွန်ဆုံး သုံးယောက် ရှိနိုင်သည်။ ဘယ်နှစ်ယောက်ပဲဖြစ်ဖြစ် တောင်ဘက်အစု ကျဆုံးနေတာ တွေ့လျှင် သူတို့နောက် လိုက်သည့်အခါ နည်းနည်းတော့ သတိထားကြလိမ့်မည်။ သတိထားလျှင် နှေးကွေးနေမှာနှင့် ဆိုလျှင် သူမသာ ကိုယ်မသာဘဲ ရှိမည်။ မဖော့်ကို တတ်နိုင်သမျှ မညှာမတာ ခေါ်ယူသွားရလိမ့်မည်။

တက်လိုက် ဆင်းလိုက် ကွေ့လိုက် ပတ်လိုက် တိုးဝှေ့လိုက်နှင့် သူတို့ ဆက်လက် ထွက်ခွာလာခဲ့သည်။ နာရီဝက်၊ တစ်နာရီ၊ တစ်နာရီခွဲ၊ နောက်က လိုက်လာသံ မကြားရသေး။ အောင်ကျော် သစ်ကိုင်းထူသည့် သစ်ပင် မြင့်မြင့်တစ်ခုပေါ် တက်ကာ အရပ်ရှစ်မျက်နှာကို စေ့စေ့စပ်စပ် ချောင်းမြောင်းကြည့်ရှုသည်။ ထူးခြားသော လှုပ်ရှားမှု တစ်စုံတစ်ခုမျှ မတွေ့ရ။ အန္တရာယ်က လွတ်မြောက်ပြီဟု ဆိုရမည်လား။

ပြန်ဆင်းလာသည်။ မဖော်က အခြေအနေ မေးသည်။ မဖော်ပင်ပန်းလှပြီ။ အန္တရာယ် ရှိသည် ဆိုစေ၊ တစ်နေရာမှာ ပုန်းအောင်း၍ပဲ ဖြစ်ဖြစ်၊ နားချင်နေပြီ။ ပြီးတော့ ရေ၊ ရေငတ်လွန်းလှပြီ။ အာတွေ ခြောက်နေ နှုတ်ခမ်းတွေ ဆေးထန်နေသည်။ စကားပင် ကောင်းကောင်း မပြောနိုင်။ ဘူးထဲမှာ ရေက တစ်စက်မျှပင် မရှိတော့။ သောက်ရေအိုး အဟောင်းလို ခြောက်သွေ့၍ နေပြီ။ လမ်းမှာ လျှိုတစ်ခုထဲ ဖြတ်လာစဉ်က အိုင်သေးသေး တစ်ခု မြင်၍ ရေခပ်ရန် သတိရခဲ့သော်လည်း နောက်က အန္တရာယ်ကို ကြောက်သဖြင့် မရပ်မနားဘဲ တအားပြေးခဲ့ရသည်။ သို့သော် ယခု ရောက်ရှိနေသည့် နေရာနှင့် မနီးမဝေးမှာ ရေရနိုင်သည့် နေရာ တစ်ခုရှိတာကို သူ သတိရသည်။ မဖော့်ကို



ဖေးမကာ တောင်စောင်း နှစ်ခုကြား မိုးတွင်းအခါ တောင်ကျရေ ဒလဟော ကျ၍ နွေအခါ ခြောက်သွေ့တတ်သော စမ်းဟောင်းကလေး ရှိရာသို့ လာခဲ့သည်။ စမ်းရိုးကလေးအတိုင်း တဖြည်းဖြည်း တက်လာပြီး တစ်နေရာ၌ ကျောက်တုံးကြီးကြီး တစ်ခုအနားတွင် ရေအိုင်ကလေး တစ်ခု တွေ့ရသည်။ အိုင်ထဲမှာ သစ်ရွက်ကြွေများ ရှိသော်လည်း အတော်ပင် ကြည်လင်သည်။ အောင်ကျော်က ရေနောက်မသွားအောင် ရေဘူးကို အသာနှစ်၍ ရေဖြည့်သည်။ ပြီး မဖော့်ကို ဘူးမှ မော့သောက်စေသည်။ သူက လက်ခုပ်နှင့်ပဲ ခပ်ကာ နှစ်ကြိမ် သုံးကြိမ် သောက်သည်။

ရေအိုင်ကလေးအနီး ကျောက်ဆောင်ကျောက်ခဲများကြား သဲမြေမှာ တိရစ္ဆာန် ခြေရာအချို့ကိုတွေ့ရသည်။ သည်နေရာက တောသတ္တဝါကလေးများ ရေသောက်ရာ နေရာ။ တစ်ပြိုင်တည်းမှာပဲ သည်လိုနေရာမျိုးမှာ သားကောင်ကို စောင့်တတ်သော မုဆိုးတို့၏ အလေ့အထကို သတိရပြီး ထိတ်ခနဲ ဖြစ်သွားသည်။

သစ်ကိုင်းခြောက် ကျိုးသည့် အသံ တစ်ခု ကြားလိုက်ရပြီး နောက်တွင် သေနတ်မောင်းတင်သံက တစ်ဆက်တည်း ထွက်ပေါ်လာသည်။

'နှစ်ယောက်လုံး လက်မြှောက်ထား၊ ဖြည်းဖြည်း ထရပ်'

ရှေ့ဘက် ချုံစပ်ကြားမှာ လူတစ်ယောက် ဝမ်းလျားမှောက်ရင်း အမိန့်ပေးနေသည်။ သေနတ်ပြောင်းဝ တစ်ခုက သူနှင့် တန်းတန်းမတ်မတ်။

အမိန့်အတိုင်း နာခံလိုက်ရသည်။

'ခါးက သေနတ်ဖြုတ်ပြီး အောက်ဘက် အသာချလိုက်၊ မဖြစ်နိုင်တာ မကြံစည်နဲ့'

သူ ပြောသည့်အတိုင်း လုပ်လိုက်ရသည်။

နောက်ဘက်က ခြေသံများ ကြားရပြီး လူနှစ်ယောက် ပေါ်လာ

www.burmeseclassic.ocm

www.burmeseclassic.ocm



သည်။ လက်မှာရော ခါးမှာပါ သေနတ်ကိုယ်စီနှင့်။

'ကဲကောင်းချင်တော့ တည့်တည့်မတ်မတ်ကို လာတွေ့တာပဲ၊ ကဲ ကဲ လာ၊ ဒီဘက်ကို လာကြ' နောက်ထွက်လာသူ တစ်ယောက်က ဆိုပြီး သစ်ပင် ဝါးပင် ကင်းရှင်းသည့် ကွက်လပ်ကလေး တစ်ခုဘက်သို့ ခေါ်လာခဲ့သည်။

'မင်းပြန်လာတယ် ကြားလို့ တို့လိုက်လာတာ၊ ဒီနယ်မှာ တို့မသိဘဲ ဘာမှ လုပ်လို့ မရဘူးကွ' စောစောက ပုဂ္ဂိုလ်ကပင် ဆိုသည်။ သူက သည်အဖွဲ့မှာ ခေါင်းဆောင် ဖြစ်ပုံရသည်။ 'မင်းက လူလည်ကျပြီး ချောင်းသာ မရောက်ခင် သရက်ပင်စုက လမ်းခွဲဆင်း သွားလို့ တို့နဲ့ နည်းနည်းလွဲသွားတယ်၊ ဒါပေမယ့် အခု ဒီမှာ ပြန်တွေ့ ပြီ ဆိုတော့လဲ ပြီးတာပါပဲ'

သည်အစုက ချောင်းသာအနီးတစ်ဝိုက်တွင် လှုပ်ရှားသူများ ဖြစ်ပုံရသည်။ အဝတ်အစား အဆင်အပြင်က မြို့နည်းနည် ဆန်ချင်သည်။ သူပုန်လား ဓားပြလား။

'ကဲဟေ့ သူတို့ နှစ်ယောက်လုံးကို သေသေချာချာ စေ့စေ့စပ်စပ် ရှာကြစမ်းကွာ' ခေါင်းဆောင်က အမိန့်ပေးသည်။ 'ပြီးတော့မှ အေးအေးဆေးဆေး မေးစရာ ရှိတာတွေ မေးရမယ်၊ သတ္တိကတော့ အာဂသတ္တိပဲ၊ အလျှင်တစ်ခေါက် တောထဲကို တစ်ယောက်တည်း လာတယ်၊ အခု မိန်းမပါ ခေါ်လာတယ်၊ ဘယ်လို သဘော ဘယ်လို ရည်ရွယ်ချက်လဲ' သူက တစ်ယောက်တည်း မေးသလို ပြောနေသည်။

တပည့် နှစ်ယောက်က အောင်ကျော်တို့ ကိုယ်ပေါ်က ကျောပိုးအိတ်၊ ရေဘူး၊ ဓား စသည့် ပစ္စည်းပစ္စယများ အားလုံး ထုတ်ချခိုင်းသည်။ ပြီးကိုယ်ပေါ်မှာ ဖွက်ထားသော လက်နက် ရှိမရှိ ရှာဖွေသည်။

'ရှင်းပါပြီ၊ စစ်လို့ ရပြီ ဆရာ' ရှာဖွေသူ တစ်ဦးက ဆိုသည်။ ပြီးနောက် အောင်ကျော်တို့ နှစ်ယောက် အနီး သေနတ်အသင့်ကိုင်၍ ရပ်နေလိုက်သည်။ သည်အချိန်တွင် နောက်တစ်ယောက်က ကျောပိုး



အိတ်များကို ဖွင့်ကာ အတွင်းက ပစ္စည်းများကို ကြည့်နေသည်။

'ကဲ မောင်ရင်၊ အရေးကြီးတာ အလျှင်မေးမယ်၊ မင်းတို့ အခု ရန်သူနဲ့ တွေ့ပြီး ပြေးလာတာ မဟုတ်လား၊ တို့ ခပ်စောစောက သေနတ်သံတွေ ကြားလိုက်တယ်။ အဲဒါ ရန်သူ့အင်အား ဘယ်လောက်ရှိသလဲ၊ ဘယ်နားမှာလဲ၊ မင်းတို့နဲ့ ဘယ်လို တွေ့ပြီး ဘာတွေ ဖြစ်ခဲ့သလဲ ပြောစမ်းကွာ'

အောင်ကျော် ဘာပြောရမလဲ စဉ်းစားနေသည်။ အာရုံကလည်း ကျောပိုးအိတ်ထဲ ရှာဖွေနေသူထံမှာ။

'ကဲ ပြောကွာ၊ မင်းတို့ကို လိုက်ပစ်တာ မဟုတ်ဘူးလား'

အောင်ကျော် အဖြေမပေးရသေးမီပင်

'ဟာ ဆရာ၊ ဒီမှာ အထုပ် တစ်ထုပ်၊ တော်တော်လေးတယ်၊ ရွှေလား မသိဘူး' ဆိုပြီး ကျောပိုးအိတ်ထဲ ရှာနေသူက ရွှေထုပ်ကို မြှောက်ပြသည်။ အိတ်ကလေးကို ချည်နှောင်ထားသော ကြိုးစကို ဖြေနေသည်။ ကြိုးက တင်းတင်းချည်ထားသဖြင့် ရုတ်တရက် ဖြေ၍ မရ။ အားလုံးက သည်အိတ်ပေါ်မှာ အာရုံရောက်နေသည်။ သို့သော် ခေါင်းဆောင် လုပ်သူက သတိရှိသည်။

'ကျော်မြ၊ မင်း ဒီကောင်ကို သေသေချာချာ ချိန်ထား၊ မလှုပ်စေနဲ့' စောစောကတည်းက ချိန်ထားသူအား ထပ်၍ သတိပေးလိုက်ပြီးနောက် ရွှေထုပ်ကို သူကိုယ်တိုင် ဖြေသည်။ အိတ်ထဲကို ကြည့်သည်။ လက်နှင့် နှိုက်ကြည့်သည်။ ရွှေမှုန်ရွှေစများ။ အိတ်ကို လက်နှင့် ဆကြည့်သည်။ 'မနည်းဘူး၊ တစ်ပိသာ ကျော်တယ်၊ နှစ်ပိသာနီးပါး ရှိမယ်' ထိုနောက် အောင်ကျော်ဘက် လှည့်ပြီး 'ကြည့်ရတာ ကိုယ့်လူက တောထဲမှာ ဒီအထုပ် ကျန်ခဲ့လို့ ပြန်လာယူတာ ထင်တယ်၊ ဆောရီးကွာ၊ နှမြောစရာပဲ၊ ဒါပေမယ့် အရေးမကြီးပါဘူးကွာ၊ ဒါက နမူနာလောက်ပဲ ရှိမှာပါ၊ အရေးကြီးတာက ဒါတွေ ဘယ်နေရာက ရသလဲ တို့ကို လိုက်ပြပါ။ များများရရင် တို့ချည်း မယူပါဘူး။ မင်းတို့အိုလဲ

www.burmeseclassic.ocm

www.burmeseclassic.ocm



ဝေစုပေးမှာပေါ့ကွာ

အောင်ကျော် ငြိမ်နေသည်။ စိတ်ငြိမ်ငြိမ်ထားကာ အခြေအနေကို သုံးသပ်နေသည်။ ယခု အနေအထားမှာ ဘာမှ မလုပ်နိုင်သေး။ လှုပ်ရှားသည်နှင့် တစ်ပြိုင်နက် ကျည်ဆန်နှင့် ရင်ဆိုင်ရဖို့များသည်။ သို့သော် ရွှေသိုက် နေရာ မသိရသေးမီတော့ သူ့ကို အသေလုပ်ဦးမည် မဟုတ်ဟု ယူဆနိုင်သည်။ မေဖော်ကိစ္စ။ မေဖော့်ကို မည်သို့ လုပ်ကြမည် မသိ။ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာတော့ တတ်နိုင်သမျှ အချိန်ဆွဲပြီး အခွင့်အရေး စောင့်ဖို့သာ ရှိသည်။ လစ်သည့် အချိန်ကျလျှင် အသေအကြေ အပြတ်အသတ် တိုက်ခိုက်ရလိမ့်မည်။

'ကဲ ဘယ်လိုလဲ၊ ထကွာ' ခေါင်းဆောင်လုပ်သူက စိတ်မရှည်ဟန်ဖြင့် ဆိုသည်။

'ကျွန်တော် မပြနိုင်ဘူး'

'ဒီလိုမပြောနဲ့လေ၊ နည်းနည်း စဉ်းစားပါဦး'

'စဉ်းစားပြီး ပြောတာပဲဗျ'

'မင်းစဉ်းစားပုံက ဘယ်လိုလဲကွ၊ နည်းနည်းပါးပါးတော့ လိုက်လိုက်လျောလျော ရှိမှပေါ့၊ မင်းက တို့လက်ခုပ်ထဲက ရေမို့ တို့ သတ်ချင်ရင် မင်းတို့ နှစ်ယောက်လုံးကို အချိန်မရွေး သတ်ပစ်နိုင်တယ်' ခေါင်းဆောင်က လေအေးအေးနှင့် ခြိမ်းခြောက်နေပြန်တယ်။

'ခင်ဗျား ပြောတာ မှန်တယ်၊ ကျုပ်တို့က သတ်ရင် သေရမယ့်လူတွေ၊ ဒါပေမယ့် နေရာပြပြီးရင်လဲ ချက်ချင်း သတ်မှာပဲ မဟုတ်လား၊ သေမှာချင်း အတူတူ အပင်ပန်းခံပြီး လိုက်ပြမနေနိုင်ဘူး'

'သိပ်လဲ သတ္တိ ကောင်းမနေပါနဲ့ ကိုယ့်လူ၊ မင်းကောင်မလေး မသနားဘူးလား'

မေဖော့် မျက်နှာ သူလှမ်းကြည့်သည်။ မေဖော် ထိတ်လန့်တုန်လှုပ်နေပုံက အထင်အရှား။

'သနားပေမယ့် ဘာတတ်နိုင်မှာလဲ၊ မပြရင်လဲ သတ်မှာပဲ၊



ပြပြီးရင်လဲ သတ်မှာပဲ၊ ကဲ ဒါဖြင့် ဒီလိုလုပ်၊ ကျွန်တော် ခင်ဗျားတို့ကို လိုက်ပြမယ်၊ သူ့ကို လွှတ်ပေးလိုက်၊ ဒီနေရာက သူ့ဘာသာသူ ပြန်ပါစေ'

'ဒီလိုတော့လဲ ဘယ်ဖြစ်ဦးမလဲ ကိုယ့်လူ၊ သူရှိနေမှ မင်းကို ပြောလို့ ဆိုလို့ ဆွေးနွေးလို့ လွယ်ကူတော့မပေါ့၊ မင်းရွှေတွင်းနေရာ ပြပြီးပြီ ဆိုရင် သူ့ကို ချက်ချင်း လွှတ်ပေးဖို့ ကတိပေးတယ်ကွာ။ မိန်းကလေး တစ်ယောက်ကို မလိုအပ်ဘဲ မသတ်ပါဘူးကွာ။ အထူးသဖြင့် ခုလို ချောချောလှလှလေးဆို ပိုတောင် ဂရုစိုက်သေးတယ်၊ မသတ်ပါဘူးကွ၊ မင်းကိုလဲ မသတ်ဘူး၊ နှစ်ယောက်လုံး လွှတ်ပေးမယ်၊ ငါ ကတိပေးတယ်၊ နေရာသာ လိုက်ပြ'

'ခင်ဗျားစကားကို ကျွန်တော် ဘယ်လို ယုံရမလဲ' အောင်ကျော်က မေးသည်။ 'ကျွန်တော်တို့လဲ ခင်ဗျားတို့ လက်က လွတ်ပြီး ခင်ဗျားတို့ကိုလဲ ရွှေရှိတဲ့ နေရာ ကျွန်တော် ပြပေးနိုင်မယ့် နည်းလမ်း စဉ်းစားကြည့်ပါ၊ အဲဒီလို နည်းလမ်းမျိုး ရှာလို့ ရရင် အလုပ်ဖြစ်မယ်'

သည်တွင် ကျော်မြက ဝင်ပြောသည်။ 'ဒီကောင် သက်သက် အချိန်ဆွဲနေတာ ဆရာ၊ သူ့ကောင်မလေးကို နမူနာ ပြလိုက်ရင် ကောင်းမယ်'

'ငါ့တပည့် စိတ်မရှည်တော့ဘူးနဲ့ တူတယ်၊ ဟုတ်တယ် မင်းပြောတာ မှန်တယ်ကွ၊ ဒီကောင်က တို့ တကယ်မလုပ်ဘူး ထင်နေသလား မသိဘူး၊ ကဲ ထွန်းအောင် လုပ်ပြလိုက်စမ်းကွာ'

ထွန်းအောင် သေနတ်မောင်းကို ဖြောင်းခနဲ ဆွဲတင်ပြီး မေဖော့်နားသယ်စပ်နား ထိုးချိန်လိုက်သည်။ သေနတ်ပြောင်းက ခေါင်းကိုပင် ထိုးမိတော့မလို။ အောင်ကျော်ပင် ရုတ်တရက် လန့်သွားသည်။

'ဟေ့ ဟေ့ အရမ်းမလုပ်ပါနဲ့ကွာ' ခေါင်းဆောင်က ရယ်သလိုလှောင်သလို ပြောသည်။ 'မတော်တဆ ကျည်ထွက်သွားလို့ တစ်ခါတည်း ကိစ္စ ပြတ်သွားပါဦးမယ်၊ ကိုယ့်လူက ခေါင်းမာမယ့် ပုံကွ၊

www.burmeseclassic.ocm

www.burmeseclassic.ocm



ဒါလေ ပြပြီး ဖြည်းဖြည်းချင်း ဆွေးနွေးယူရမှာ၊ ကဲ ကောင်မလေးကို ကြိုးနဲ့ တုပ် သစ်ပင်မှာ ချည်ကွာ၊ အလွယ်တကူ မသေအောင် ခြေထောက် တစ်ချောင်းချင်း လက်တည့်စမ်းပြီး ပစ်ရမှာ၊ မိန်းကလေး တစ်ယောက် ဒီလို အသေဆိုးနဲ့ သေရမှာကိုတော့ ဘယ်ယောက်ျားကမှ ကြည့်ရက်နိုင်မှာ မဟုတ်ဘူး၊ ဟဲ ဟဲ တို့က လွဲရင်ပေါ့ကွာ'

ထွန်းအောင် ရိုင်ဖယ်သေနတ် လက်က ကိုင်ထားရင်းပင် မေဇော်ကို ချည်ရန်အတွက် အနီးရှိ ချုံမှ နွယ်ကြိုး တစ်ပင် သွားဆွဲနေသည်။ မေဇော် တုန်တုန်ယင်ယင်နှင့်။ မျက်နှာက သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ပြူးကျယ်နေသော မျက်လုံးများက အောင်ကျော်ကို အားကိုးတကြီး ကြည့်နေသည်။

'နေကြပါဦးဗျာ' အောင်ကျော် ပြောလိုက်သည်။

'ကျွန်တော် ပြမယ်'

ခေါင်းဆောင်လုပ်သူ ပြုံးလိုက်သည်။ သို့သော် ကြာကြာ မပြုံးရ။ သေနတ်သံ တစ်ချက် ဒိုင်းခနဲ ကျယ်လောင်စွာ ထွက်ပေါ်ကာ ပြုံးနေသော မျက်နှာကို တိုက်ရိုက်ထိမှန်သည်။ မြင်ကွင်းက အော်ဂလီဆန်ချင်စရာ၊ ထိတ်လန့်တုန်လှုပ်စရာ။ ခေါင်းတစ်ခြမ်း ပွင့်ထွက်သွားသည်ဟု ထင်ရပြီး ဖြူညစ်ညစ် ပျော့စိစိ အရာများ သားပတ်ဝန်းကျင်မှာ ပြန့်ကျဲသွားသည်။ ပထမ သေနတ်သံနှင့် တစ်ဆက်တည်း ကပ်၍ ထွက်ပေါ်လာသော ကျည်တစ်ချက်က ကျော်မြကို ထိမှန်သည်။ ရူးရူးဝါးဝါး အော်ဟစ်ပြီး ကျော်မြ လဲကျသွားသည်။ အောင်ကျော် ချက်ချင်း သတိဝင်ကာ မေဇော်ကိုပါ ဆွဲပြီး နောက်ဘက် လျှိုထဲ ခုန်ဆင်းသည်။ သူ့ခေါင်းနားကပ်ပြီး ကျည်ဆန်အချို့ ဝဲပျံသွားသည်ကို သတိထားလိုက်မိသည်။ သည့်နောက်တွင် သည်ဘက်ကပါ ပြန်လှန် ပစ်ခတ်သည့် သေနတ်သံများဖြင့် တစ်တောလုံး ဆူညံသွားတော့သည်။ သူတို့အထက်နားတွင် ထွန်းအောင် ကုန်းစောင်းကလေးကို အကာအကွယ်ယူကာ အဆက်မပြတ် ပတ်ခတ်နေသည်။ မလှမ်းမကမ်းတွင် စောစော



က ဒဏ်ရာ ရထားသော ကျော်မြထံမှလည်း တစ်ချက်တစ်ချက် ပစ်ခတ်သံ ကြားရသည်။

တစ်ဘက်မှ အော်သံတစ်ချက် ကြားရပြီး သေနတ်သံကျဲသွားသည်။ စောစောက နှစ်သံ။ နှစ်ယောက်၊ ယခု တစ်သံပဲ ကြားရသည်။ ၎င်း တစ်သံလည်း တိတ်သွားသည်။ ဆုတ်ခွာပြေးသလား မသိ။ ထွန်းအောင် နေရာရွှေ့သည်။ ဆုတ်ခွာသူနောက် လိုက်ဖို့ ပြင်သည်လား ရန်သူကင်းရှင်းပြီဟု ယူဆသလား မသိ၊ နေရာမှ ကုန်းထသည်။ သည်တွင် အကွက်ကောင်းကို စောင့်ပြီး ပစ်လိုက်သော ကျည်ဆန်က ညှပ်ရိုးအထက် လည်တိုင်စပ်ကို ထိမှန်ကာ ထွန်းအောင် နောက်ဘက်သို့ ကျွမ်းပြန်ကျသွားသည်။ သေနတ်က သူ့ဘေးမှာ။ အောင်ကျော် အသာဝပ်တက်ကာ ထွန်းအောင် သေနတ်ကို လှမ်းဆွဲယူသည်။

သည်အခိုက် ကျော်မြဘက်မှ လှုပ်ရှားသံများ ကြားရသည်။ နောက်ဘက်ရှိ ချုံပင်နွယ်ပင်တွေအကြား ဝရုန်းသုန်းကား တိုးဝှေ့ပြေးသွားသံ။ အောင်ကျော် ကုန်းစောင်းကလေး ထိပ်နား ရောက်သည်အတိ ဝပ်တွားတက်ကာ သစ်ပင်တစ်ပင်နောက် အကာအကွယ်ယူရင်း ပတ်ဝန်းကျင်ကို အကဲခတ်သည်။ ရှေ့နားကွက်လပ်တွင် သူတို့ကို ဖမ်းသည့်အဖွဲ့မှ ခေါင်းဆောင်လုပ်သူ လဲကျသေဆုံးနေသည်။ သူ့ခေါင်းက ပုံပျက် ပန်းပျက်။ အနီးအနားမှာ ကျောပိုးအိတ် ရေဘူး စသည့် ပစ္စည်းပစ္စယများ။ ရွှေထုပ်ကို ကြည့်သည်။ မမြင်၊ မတွေ့။ ခေါင်းဆောင်ကို သေနတ်မှန်တော့ သူ့လက်က ရွှေထုပ် လွတ်ကျသည်။ သူ့အနီးပဲ ရှိရမည်။ ယခု မရှိ။ ဧကန္တ ပစ်နေခတ်နေသည့်ကြားက ကျော်မြ ရွှေထုပ်ကို မရအရ ယူပြီး ထွက်ပြေးသွားဟန် ရှိသည်။ နောက်ဆုတ်ပြီး ကျော်မြ ပြေးသည့်ဘက်ကို ပတ်လိုက်မည် စိတ်ကူးဆဲမှာ သေနတ်သံ နှစ်ချက်ဆင့်၍ ထွက်ပေါ်လာသည်။ ကျည်ဆန်တစ်တောင့်က သူကွယ်နေသည့် သစ်ပင်ကို ထိမှန်ပြီး အစအနများ လွင့်စင်ထွက်သွားသည်။ နောက်ကျည်တစ်တောင့်က သူ့ရှေ့မြေကြီးထဲ စိုက်ဝင်သွားသည်။ အောင်

www.burmeseclassic.ocm

www.burmeseclassic.ocm



ကျော် ဘေးသို့ တစ်ပတ် နှစ်ပတ် လိမ့်လိုက်ပြီး နောက်ဘက် လျှိုထဲ အသာပြန် လျှောဆင်းသည်။ ရန်သူက ရှေ့ဘက် သစ်ပင်ချုံပင်များ ကြားက ပုန်းကွယ်၍ ပစ်ခတ်နေခြင်း ဖြစ်သည်။ နေရာကိုတော့ သေသေချာချာ သတိမထားမိလိုက်။

သူက လျှိုထဲမှ ချုံပင်အကိုင်းတစ်ကိုင်း ချိုးဖဲ့ယူပြီး မေဇော်ကို ပေးသည်။ ပြီး လုပ်ရမည့် အစီအစဉ်ကို ပြောပြသည်။ မေဇော်နှင့် သူ တစ်ယောက်နှင့် တစ်ယောက် လေးငါးကိုက်အကွာလောက် ခွဲလျက် ကုန်းစောင်းလေး နောက်ဘက် တစ်နေရာဆီမှ အထက်သို့ တဖြည်းဖြည်း တွားတက်သည်။ သူက ကုန်းစောင်းအထက် ခေါင်းပြူမိခါနီး အနေအထားလောက် အရောက်တွင် မေဇော်ထံ လှမ်း၍ အချက်ပြလိုက်သည်။ မေဇော်က ရှေ့ဘက်ကုန်းစောင်းအထက်နားရှိ ချုံပင်တစ်ပင်ကို တုတ်ချောင်းနှင့် လှမ်းထိုးသည်။ ချုံပင် လှုပ်သွားသည်နှင့် တစ်ပြိုင်နက် သေနတ်သံများ ဆက်တိုက် ထွက်ပေါ်လာပြီး ချုံဖုတ်တစ်ခုလုံး ဖွာလန်ကြဲသွားသည်။ သစ်ကိုင်း သစ်ရွက်တွေကြားက ပစ်ခတ်နေသော ရန်သူကို အောင်ကျော် ပီပီသသ မြင်လိုက်ရသည့် အခိုက်မှာပင် သူ့လက်က သေနတ်မောင်း ခလုတ်ကို ဆက်တိုက် ညှစ်ဆွဲလိုက်သည်။ ကျည်ဆန် အပြုလိုက် သေနတ်ပြောင်းထဲမှ ဆောင့်ကန်ထွက်သွားပြီး ပစ်မှတ်ကို တည့်တည့်ကြီး ထိမှန်သည်။

ရှင်းသွားပြီ။ အောင်ကျော် ဘေးဘီကို အကဲခတ်ရင်း နေရာမှ ဖြည်းဖြည်းထသည်။ ပြီးမေဇော့်ဆီကို လျှောက်သွားသည်။ မေဇော့် ကြည့်ရသည်က ချောက်ချောက်ချားချား ဖြစ်နေပုံပင်။

'မေဇော် သိပ်ကြောက်နေလားဟင်၊ ပြီးသွားပါပြီကွာ'

မေဇော် သူ့ကို မျက်လုံးအဝိုင်းသားနှင့် မော့ကြည့်သည်။ သူက မေဇော့် ပါးကလေး တစ်ဘက်ကို အသာနမ်းလိုက်ကာ 'မေဇော် ခဏလေး ထိုင်နေနော်၊ ကိုယ်အခု ပြန်လာမယ်' ဆိုပြီး ထရန် ပြင်သည်။

'ဘယ်သွားမလို့လဲဟင်၊ မေဇော့်ကို တစ်ယောက်တည်း ထားခဲ့



မလို့လား'

မေဇော် သူ့လက်ကို ဆွဲထားသည်။

'ဘာအန္တရာယ်မှ မရှိတော့ပါဘူး မေဇော်၊ မကြောက်ပါနဲ့၊ ကိုယ်တို့ ပြန်ရဦးမယ်လေ၊ ဒီအနီးအနား နည်းနည်း အကဲခတ်ကြည့်ရုံတင်ပါ၊ ချက်ချင်း ပြန်လာမယ်'

မေဇော့် လက်ချောင်းကလေးများကို ဖြုတ်ချကာ သူ ထလိုက်သည်။ မေဇော်ဆွဲထားနိုင်သည့် အင်အား ရှိပုံ မပေါ်။ သူ့ကို မော့ကြည့်ပြီး ကျန်ရစ်သည်။

ကျော်မြ ထွက်ပြေးသွားသည့် နေရာဘက်သို့ သူလိုက်ကြည့်သည်။ ချုံတွေကြားထဲ တိုးဇော့သွားသည့် လမ်းကြောင်းကြီးက အထင်းသား ပေါ်နေသည်။ လမ်းကြောင်း တစ်လျှောက်မှာ သွေးစက်များ၊ တစ်နေရာမှာ လဲကျသေးသည့်ဟန် သစ်ရွက်ခြောက်များ ကြေမွပေကျံလျက်။ သွေးရူးသွေးတန်းနှင့် ရမ်းသမ်းပြီး ပြေးသွားပုံရသည်။ အောင်ကျော် လမ်းကြောင်းအတိုင်း အပြေးအလွှားလိုက်သည်။ ရုတ်တရက် မျက်စိက အရေးကြီးသော အရာကို သွားမြင်သည်။ ရွှေထုပ်။ သူက အထုပ်ကို ကောက်ယူပြီး ရှေ့သို့ လှမ်းကြည့်သည်။ ရှေ့ဘက်နား ဆယ်ကိုက် ကိုးကိုက်အကွာလောက်မှာ ကျော်မြ၊ ချုံထဲ ခေါင်းထိုးကာ ကားရားကြီး အသက်ပျောက်နေသည်။

အောင်ကျော် ခပ်သုတ်သုတ် နောက်ကြောင်း ပြန်ပြေးလာခဲ့သည်။ သူ့ကို မြင်တော့ မေဇော် နေရာမှထကာ ပြေးဖက်သည်။

'ကဲ အားလုံး ပြီးသွားပြီ၊ ဒီတောထဲက မြန်မြန်ဆန်ဆန် ထွက်ပြီး ကားလမ်းအရောက်သွားဖို့ပဲ ရှိတော့တယ်'

အောင်ကျော် ရွှေထုပ်တစ်ဖက် သေနတ်တစ်ဘက်နှင့် မေဇော့်ကို ပြန်လှန် ဖက်ထားရင်းက ဆိုလိုက်သည်။

မေဇော် အောင်ကျော့်ရင်ခွင်မှ ခွာပြီး ကျောပိုးအိတ်တွေ ချထားသည့်ဘက် လှည့်လိုက်သည်။ လူက ဆတ်ခနဲ တစ်ကိုယ်လုံး တောင့်ပြီး

www.burmeseclassic.ocm

www.burmeseclassic.ocm



မျက်လုံးတွေ ပြူးကျယ်သွားသည်။ ကုန်းစောင်းကလေးတွင် လဲကျနေသည့် ထွန်းအောင် မသေသေး။ မသေမရှင် မသိတသိ အနေအထားမှာ ပစ္စတို သေနတ်ကို သူတို့ဘက် တည့်တည့် ချိန်ပြီး မောင်းဆွဲတင်နေသည်။ မောင်းကို ဆွဲ၍ မရတာ၏။ အောင်ကျော် မေဇော့်ကို ဘေးသို့ တအား တွန်းပစ်ခဲ့ပြီး ထွန်းအောင်ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်သည်။ နားနားကပ်၍ သေနတ်သံ တစ်ချက် ကျယ်လောင်စွာ မြည်ဟိန်းပေါက်ကွဲသွားပြီး ထွန်းအောင်လက်က အန္တရာယ်သေနတ် လွတ်ကျသွားသည်ကို သူသိလိုက်သည်။ သို့တည်းမဟုတ် ပိကျလာသည့် အရှိန်ကြောင့်လား သို့တည်းမဟုတ် သေနတ်မောင်းညှစ်ရာမှာ ရှိသမျှ အားကလေး အကုန်ပါသွားသလား မသိ၊ ထွန်းအောင် မလှုပ်ရှား၊ လုံးဝငြိမ်သက်သွားသည်။

အောင်ကျော့် ညာဘက်လက်မောင်းမှာ သွေးတွေနှင့်။ အင်္ကျီလက်မောင်း ပင့်ပြီး လက်နှင့် ပွတ်သပ်ကြည့်သည်။ ကျည်ဆန်က လက်မောင်း အတွင်းသားကို ရှပ်၍ ဖွဲ့စားသွားခြင်း ဖြစ်သည်။

'ရှပ်မှန်သွားတာပါ၊ ဘာမှ မဖြစ်ပါဘူး'

သူက မေဇော် သိအောင် ပြောလိုက်သည်။ ပြီးနောက်ဘက်သို့ လှည့်ကြည့်သည်။

'မေဇော်' သူလန့်အော်သည်။

မေဇော် လဲကျနေသည်။ လှုပ်ရှားခြင်း မရှိ။ သူပြေး၍ ပွေ့သည်။ ထူသည်၊ လှုပ်နိုးသည်၊ ခေါ်သည်။

'မေဇော်၊ မေဇော်'

မေဇော့်ခန္ဓာကိုယ်မှ သွေးများ ယိုစီးထွက်လာသည်။ သူ့ လက်မောင်းကို ရှပ်မှန်သွားသော ကျည်ဆန်က မေဇော့် ကျောရိုး အလည်တည့်တည့်လောက်ကို ထွင်းဖောက်ဝင်သွားခဲ့သည်။ မေဇော့်ကို မြေမှာ အသာအယာချသည်။ သေသေချာချာ ကြည့်သည်။ မေဇော် မသေသေး။ အသက်ရှူနေသေးသည်။ မျက်စိက အပွင့်သား။



'မေဇော်၊ မေဇော်'

နားနားကပ်၍ ခပ်တိုးတိုး ခေါ်ကြည့်သည်။

'အောင်ကျော်'

မေဇော် သတိရလာပြီ။ သူ့ကို ခေါ်သည်။

'မှောင်သွားတယ်'

မပီမသ ဝိုးတဝါး ဆိုသည်။

အောင်ကျော် ဘေးဘီ ကြည့်သည်။ ဘယ်မှာ မှောင်လို့လဲ။ ဘာကြောင့် မှောင်တာလဲ။ 'မေဇော် မေဇော်' ဟု နားနားကပ်ခေါ်သည်။ လှုပ်၍ ခေါ်သည်။ မျက်နှာလေးကို ထူမ၍ ခေါ်သည်။ မျက်လုံးများက အကြောင်သား၊ အပွင့်သား။ ဘာမှ မမြင်ရတော့သော မျက်လုံးများ။ မေဇော့်ကို အသာပြန်ချသည်။ အသက်ရှူနေသေးသလား၊ ရင်ဘတ် လှုပ်နေသေးသလား။ စောင့်ကြည့်သည်။ အကြာကြီး စောင့်ကြည့်သည်။ ဟင့်အင်း၊ မရှိတော့။ သွားပြီ။ မေဇော့် ကျောပိုးအိတ်ကလေးကိုယူကာ ခေါင်းအောက်က ခုပေးထားလိုက်သည်။ ရုတ်တရက်ပင် သူ့ဘဝ တစ်ခုလုံးသည်ရော သည်လောကကြီး ဆိုတာသည်ပါ ဘာတစ်ခုမှ အဓိပ္ပာယ်မရှိ ဖြစ်သွားသည်။ သည်ကိစ္စတွေ အားလုံး ဘာအဓိပ္ပာယ် ရှိသလဲ။ ဘာကြောင့် ဖြစ်ခဲ့ရလေသလဲ။

မေဇော့် နံဘေးတွင် ထိုင်ကာ အိပ်နေသေးဟန် ရှိသော မေဇော့် လက်ချောင်းကလေးများကို ကိုင်တွယ် စမ်းသပ်ကြည့်နေမိသည်။ မနိုးတော့။ အသက် ကင်းမဲ့ခဲ့ပြီ ဖြစ်သော လက်ချောင်းကလေးများ။

ရင်ထဲမှာ တင်းကျပ်မွန်းနစ်၍ လာသည်။ အခံရခက်လှသော ဝေဒနာ၊ မခံတတ်သော ဝေဒနာ။ ရင်ကွဲပက်လက် အော်ဟစ်ပစ်လိုက်ချင်သည်။ အသံမထွက်။ မငိုဘူး၍လား၊ မငိုတတ်၍လား။ မျက်ရည်က စီးကျမလာ၊ ဆို့နင့်ခြင်းသာ ပြင်းထန်၍ လာသည်။ သူမခံနိုင်။ ခေါင်းကို တအားယမ်းခါကာ နေရာမှ ထသည်။ မေဇော်က လဲလျောင်းလျက်။

ဘေးပတ်ဝန်းကျင်က မသန့်ရှင်း။ လူဆိုး သူခိုးတွေ သည်အနား

www.burmeseclassic.ocm

www.burmeseclassic.ocm



မှာ ပိုးလိုးပက်လက် ပြန့်ကျဲလျက် ရှိသည်။ သူက သူတို့ ပစ္စည်းပစ္စယများ အားလုံးကို ကျောပိုးအိတ်နှစ်လုံးမှာ ထည့်ပြီး ကိုယ်ပေါ်၌ သိုင်းလွယ်သည်။ ပြီး မေဇော်ကို ပွေ့ချီကာ သည်နေရာနှင့် လွတ်ရာကျွတ်ရာသို့ သယ်ဆောင်လာခဲ့သည်။

*

သစ်ပင်ရိပ်ကလေး၊ မြေပြင်က ညီညီညာညာ ပုံ့ပုံ့ပျူးပျူး၊ ချုံပင်ပေါင်းပင် မရှိ။ မြက်ပင်နုကလေးများ ပေါက်ရောက်နေသည်။ မေဇော်အတွက် သည်နေရာကို သူ ရွေးချယ်လိုက်သည်။

တစ်သက်လုံး ကိုင်စွဲလာခဲ့သော ဓားမြှောင်ကို ထုတ်သည်၊ မေဇော်အတွက် မကျဉ်းလွန်း မကျယ်လွန်းသော မြေနယ်နိမိတ်ကို သတ်မှတ်သည်။ ပြီးလျှင် မေဇော် အစဉ်ထာဝရ နေထိုင်ရမည့် နေရာကို တူးဆွဖော်ထုတ်ခြင်း ပြုလေသည်။ ညောင်းသည် ညာသည် မသိ၊ အချိန်ကာလ မည်မျှ ကုန်ဆုံးသွားသည် မသိ။ ညီညာ သပ်ရပ်သော မြေတိုက်ခန်းကလေး တစ်ခု ရရှိအောင် မရပ်မနား တူးဖော်သည်။ အောက်ခြေကြမ်းပြင်၌ အဝတ်တစ်ချို့ ဖြန့်ခင်းသည်။ ပြီးလျှင် မေဇော်အား မြေတိုက်ကလေးထဲသို့ အသာပွေ့ ချီ၍ ချသည်။ နံရံမှ ပဲ့ကျသော မြေစိုင်အစအနလေးများကို ကိုယ်ပေါ်က ဖယ်ရှားသည်။ ငြိမ်သက်နေသော မေဇော်မျက်နှာလေးကို ကြာရှည် ကြာမြော ကြည့်၍ နေပြီးနောက် သားရေအိတ်အထုပ်ကို ဖြေကာ အထဲက ရွှေမှုန်ရွှေစတွေ လက်နှင့် နှိုက်ယူပြီး မေဇော်အိမ်ကလေးထဲသို့ အနှံ့အပြား ကျဲချသည်။

'မင်းအတွက် ဝေစုပဲ မေဇော်'

ညနေစောင်း၏ အဝါရောင် နေခြည်အောက်၌ မေဇော်တစ်ကိုယ်လုံးသည် ရွှေမှုန်ရွှေစတို့ဖြင့် တဖိတ်ဖိတ် လက်လျက် ရှိသည်။ သည်နေရာကလေးသည် မြန်မာပြည်တွင် သဘာဝ ရွှေရိုင်းအများဆုံး စုဝေးရာ



နေရာလေး ဖြစ်ခဲ့ပြီ။

မေဇော့် ကိုယ်ပေါ်သို့ ကျန်ရှိသည့် ဝတ်စုံအပိုများ အားလုံး ခြုံလွှမ်းပေးလိုက်သည်။ ပြီးလျှင် မလုပ်ရက် မကိုင်ရက်စွာဖြင့်ပင် အိမ်ဂေဟာလေးကို လုံခြုံအောင် ပိတ်ဆို့ပေးလိုက်သည်။

ရင်ထဲမှာ မွန်းကျပ် ဆို့နင့်လာသည်။ ခေါင်းထဲမှာ အုံ့ခဲ၍ လာသည်။ သူက စိတ်ဝေဒနာကို ရုပ်ခန္ဓာအားဖြင့် ငြင်းဆန်ဖယ်ထုတ်သည့်နှယ် ခေါင်းကို တအားယမ်းသည်။ တစ်ကိုယ်လုံး လှုပ်ယမ်းပစ်သည်။

နေရာမှ ထကာ ကျောပိုးအိတ်ကို ကောက်လွယ်သည်။ မေဇော့်အား လက်ဝှေ့ယမ်းလျက် နှုတ်ဆက်သည်။ ထိုနောက်၌ ရွှေနီကြောကို အစဉ်ထာဝရ ကျောခိုင်း၍ ပြန်ခဲ့သည်။

[မြတ်လေး။ ။နိဝင်ဘာ၊ ၁၉၈၇]

www.burmeseclassic.ocm

www.burmeseclassic.ocm

## နောက်ဆုံးတိုက်ပွဲ

ပင်လယ်ရေက ကြည်လင်နေသည်။ အထူးသဖြင့် ဤ ပင်လယ်ကွေ့ထဲတွင် လှိုင်းလေနည်းသည်၊ ရေပေါ် ရေအောက် လှုပ်ရှားမှု နည်းသည်၊ ထို့ကြောင့် ပို၍ ကြည်လင်သည်။ နေရောင်တောက်ပသော ယခုလို အချိန်မျိုးတွင် ရေငုပ်မျက်မှန် တပ်ထားသူ တစ်ယောက်အတွက်မူ ကျောက်စွန်းပင်လယ်ကွေ့ထဲရှိ ရေအောက် ကမ္ဘာသည် ကြည်လင်သည် ဆိုသည့် စကားနှင့် မလုံလောက်။ အပြင် သဘာဝတွင် မြင်တွေ့ရသမျှထက် လင်းလက် တောက်ပနေသည်။ အသွေးအရောင် ကြွနေသည်။ ရေကမ္ဘာကို ရေသူ ရေသား မျက်စိနှင့် မြင်နေရသည်ဟု ဆိုရမည်။

သူ့မျက်မှန်က နိုင်ငံတကာ ရေငုပ်သမားသုံး မျက်မှန်မျိုး မဟုတ်ပါ။ ဒေသခံ ဗောင်းငုပ်သမားများ သုံးသည့် လက်လုပ်မျက်မှန် အသေးစားလေး ဖြစ်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် အရေးကြီးသည်က ရေလုံဖို့၊ မျက်စိနှင့် ရေမထိဖို့သာ ဖြစ်သည်။ မျက်ကြည်လွှာနှင့် ရေအကြား မှန်တစ်ချပ် ခံပေးထားနိုင်လျှင် ရေအောက်ကမ္ဘာကို အမြင်သစ်နှင့် မြင်ရမည်။

သူ့ဘေးနားက ငါးသေးသေးမွှားမွှားလေးတွေ လူးလာလှုပ်ခတ်

www.burmeseclassic.ocm

www.burmeseclassic.ocm



ဖြတ်သန်းသွားနေကြသည်။ တစ်ထွာလောက် လက်တစ်ဝါးလောက်ရှိသည့် ငါးတွေလည်း တစ်ကောင်တစ်လေ ပါသည်။ ငါးသည်မ၏ လင်ပန်းထဲတွင် ရှိနေလျှင် ဘယ်လိုမှ စိတ်ဝင်စားစရာ မရှိမည့် အကောင်မျိုး၊ ညှီးငယ်စုတ်ပြတ်နေမည့် အကောင်မျိုး၊ သူ့နယ်မြေသူ့ ဒေသ၌ ဝံ့ဝံ့စားစား လှုပနေကြသည်။ ရွှေရောင် ငွေရောင် ကတ္တီပါရောင်၊ ရောင်မျိုးစုံသည်။ ဝါတစ်ပိုင်း ရွှေတစ်ပိုင်းလည်း ရှိသည်။ အစက်အပြောက်နှင့်လည်း ရှိသည်။ မြင်းကျားလို ကန့်လန့်စင်းတွေလည်း ရှိသည်။ အမြီးဖွားဖွား ဆူးတောင် ယပ်တောင်များ ဖြည်းညင်းစွာ လှုပ်ယမ်းကာ စိတ်အေးလက်အေး သွားလာ နေကြသည်။ တစ်ချက်တစ်ချက် ဖျတ်ခနဲ သုတ်ခနဲ ပြေးသည်။ ပြီး ငြိမ်သက်စွာ လှုပ်ယမ်းကာနှင့်။ ရေထဲမှာ တိတ်တိတ်ဆိတ်ဆိတ် လှုပ်ရှားနေသည့် မြင်နေကျ ငါးကြီးများနှင့် မတူသော သတ္တဝါ တစ်ခုကို စိုးကြောက်ကြပုံမရ။

ကျောက်ဆောင်ကြား တစ်နေရာတွင် ကဏန်းတစ်ကောင် အလုပ်ရှုပ်နေသည်။ လောဘကြီးသော ကဏန်း။ ကျောက်ဆောင်နံဘေးတွင် ကပ်ငြိနေသော ရေညှိ ရေမှော်များကို ဘယ်ရော ညာပါ ဖဲ့ကာ ပါးစပ်ထဲ ထိုးထည့်နေသည်။ လက်တွေကလည်း အများသား။ လူကြီးအလစ်မှာ မုန့်တွေ အများကြီး တွေ့၍ ပလုတ်ပလောင်း ခိုးစားနေသော ကလေးတစ်ယောက်နှင့် တူလှသည်။ သူနှင့် မလှမ်းမကမ်းရှိ ကဏန်း နှစ်ကောင်က ပို၍ ထူးခြားသည်။ တစ်ကောင်က အခြားတစ်ကောင်ကို ရန်ရှာနေသည်လား။ အတင်းဆွဲခေါ်နေသည်လား။ ပွေ့ဖက်ဖို့ ကြိုးစားနေသည်လား။ လက်တွေ ရှုပ်နေသည်။ တစ်ကောင်က အဆက်အဆံ မလုပ်လိုဟန်၊ ရုန်းထွက်နေဟန်။ သို့သော် ခဏနေတော့ ရှောင်ခွာ ရုန်းထွက်ဟန် ပြုသည့် ကဏန်းကောင် ပြန်လှည့်လာသည်။ နှောင့်ယှက်သည့် အကောင်နှင့် မျက်နှာချင်းဆိုင်သည်။ လက်ဖွေ့သမားနှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေခြင်းမျိုး။ အဲသည်လိုလည်း မဟုတ်သေး။ ကုန်းပေါ်မှာ ကဏန်းသွားသည့်အခါ



မှောက်ခုံ၊ သို့မဟုတ် လေးဘက်ထောက် (ကဏန်းမှာ လက် ၁၀ ချောင်းဆိုတော့ ၁၀ ဘက်ထောက်၊ အဲ လက်မနှစ်ချောင်းတော့ ထောင်ထားတတ်သည်) ယခုပုံစံက မြင်းနှစ်ကောင် မျက်နှာချင်းဆိုင် ပတတ်ရပ်ပြီး ရင်ချင်းအပ် သည့် ပုံမျိုး။ ကဏန်းအနေနှင့် ကုန်းပေါ်မှာ မတတ်နိုင်၊ ရေထဲမှာ ဆိုလျှင်သာ နေနိုင်မည့် ပုံစံမျိုး။ ကဏန်း ဝမ်းဗိုက်အောက်ပိုင်းက အကြေးခွံလို အချပ်လွှာတွေ အာ၍ လာသည်။ ဟ၍ လာသည်။ မြင်ကွင်းက ရင်မောဖွယ်၊ စိတ်လှုပ်ရှားဖွယ် ဖြစ်လာသည်။ ကဏန်းတို့ မျိုးရိုး စဉ်ဆက်၏ တာဝန် ဝတ္တရားကို ထမ်းဆောင်ကြခြင်းပေတည်း။ တစ်ခုတော့ ရှိသည်။ သတ္တဗေဒ လေ့ကားတွင် ကဏန်းကို အောက်ဆုံးထစ်လောက်မှာ ထားကြသည်။ သို့သော် မျိုးပွားသည့် ဝတ္တရား ထမ်းဆောင်ပုံ၌ကား ကဏန်းသည် ဝတ်ကျေတန်းကျေ မဟုတ်။ ခံစားချက်ပါသည်။ အဆင့်အတန်း မြင့်လှသည်။

ရေငုပ်သမား မောဟိုက်စွာ ရေပေါ်သို့ ပြန်တက်လာသည်။ နေမြင့်လာပြီ။ ရှေ့ကိုက် ၁၀၀ ခန့် အကွာက ကျောက်ဆောင်စုဆီ သွားရဦးမည်။ ထိုနေရာ၌ သူ့အသိ သို့မဟုတ် သူစိတ်ဝင်စားနေသော ပုဂ္ဂိုလ်နှစ်ဦး ရှိသည်။ ကျောက်ဆောင်အောက်ပိုင်း ကျောက်လိုဏ်ဂူခေါင်းထဲမှာ နေသည့် ဘဝဲ တစ်ကောင်၊ ထို့နောက် ကျောက်ဆောင်တန်းအနီး ပတ်ဝန်းကျင်မှာ ကျက်စားတတ်သည့် ငါးတစ်ကောင်။ ငါးက ငါးကြီးဟု ဆိုရမည်။ အရှည်အလျားက သူ့အရပ်နှင့် မတိမ်းမယိမ်း။ အလေးချိန်ကတော့ သူ့ထက် အများကြီး စီးလိမ့်မည်။ ခေါင်းကြီးကြီး ပါးစပ်ပြဲပြဲ။ အရေပြား ပြောက်ပြောက်ကျားကျား။ သည်ဒေသတွင် ငါးတောက်တူ ဟု ခေါ်ကြသည်။ လူတွေ ကြောက်သော ငါးဖြစ်သည်။ ငါးတွေကြောက်သော ငါးလည်း ဖြစ်သည်။ လူရော ငါးပါ ဘာမဆို စားသည်ဟု နာမည်ကြီးသည်။

စင်စစ် ရေငုပ်သမားအနေနှင့် သူ့အသိဟု ဆိုခဲ့သော သတ္တဝါနှစ်ဦးနှင့် သိပ်ရင်းနှီးလှသည်တော့ မဟုတ်။ ဘဝဲနှင့်လည်း လက်ဆွဲ

www.burmeseclassic.ocm

www.burmeseclassic.ocm



မနှုတ်ဆက်ဘူးသေး။ ငါးတောက်တူနှင့်လည်း ထိတွေ့ ပွတ်သပ်ဖူးခြင်း မရှိသေး။ တစ်ဦးနှင့် တစ်ဦး အန္တရာယ် မပြုနိုင်လောက်သော အကွာ အဝေးမှ အပြန်အလှန် စောင့်ကြည့် အကဲခတ်ဖူးခြင်းသာ ဖြစ်သည်။ သူက သည်သတ္တဝါနှစ်ဦးနှင့် ဖြည်းဖြည်းချင်း ရင်းနှီးမှုရအောင် ကြိုးစားကြည့်နေသည်။ သို့သော် သူတို့ကလည်း တစိမ်းတရံဆံနှင့် အလွယ်တကူ အကျွမ်းဝင်တတ်သူများ ဟုတ်ပုံမရ။ အထူးသဖြင့် ငါးတောက်တူအား ကိုင်တွယ်ပွတ်သပ်ကြည့်ခွင့် ရဖို့ ဆိုသည်မှာ ကုန်းပေါ်မှာ လောက်သာ ဖြစ်နိုင်လေမလားဟု သူတွေးမိသည်။ ပြီး တွေ့ကြ ဆုံကြရတာလည်း ကြာသေးသည် မဟုတ်။ ဘဝနှင့် သူစတွေ့သည်မှာ တစ်လခန့် ရှိပြီ။ ငါးတောက်တူနှင့် တွေ့ရသည်မှာတော့ ယနေ့ တွေ့လျှင် ငါးရက်မြောက်။ ယနေ့ထိ သူနှင့် နီးစပ်လိုဟန် မပြကြသော်လည်း ရန်ပြုဖို့ကား မည်သူမျှ မကြိုးစားကြသေး။

တကယ်တော့လည်း သူက အန္တရာယ်ကို ကြောက်သူမဟုတ်။ သူ့ဘဝ သက်တမ်းတစ်လျှောက်လုံး အန္တရာယ်နှင့် ဆော့ကစားခဲ့သည်။ အန္တရာယ်ကို သူ၏ စိတ်ကျန်းမာရေး ကိုယ်ကျန်းမာရေးအတွက် လေ့ကျင့်ခန်း လုပ်ဖက်လို သဘောထားခဲ့သည်။ သို့သော် သူ့တစ်သက်လုံး ရင်းနှီးကျွမ်းဝင်ခဲ့သည့် အန္တရာယ်သည် ရေထဲက အန္တရာယ် မဟုတ်။ ရေထဲသို့ သူရောက်ရှိလာသည်မှာ သုံးနှစ်မျှသာ ရှိသေးသည်။ သုံးနှစ် ဆိုသည်မှာ သူ့သက်တမ်းနှင့် နှိုင်းစာသော် တိုတောင်းလွန်းလှပါသည်။ ယင်းမတိုင်မီ ယင်းထက် ဆယ်ဆမကသော ကာလအတွင်း၌ကား သူသည် လူသူမနီးသော တောတောင် ကန္တာရထဲတွင် စွန့်စားခဲ့သူ၊ အန္တရာယ် အသွယ်သွယ်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။

သူ့ကို ဗသိန်း ခေါ်ကြသည်။ တောထဲတွင် ဘုရင်တစ်ဆူလို မင်းမူခဲ့သဖြင့် ကျားဗသိန်းဟု တစ်ချို့က ခေါ်ကြသည်။ ဗသိန်းကား ရခိုင်ရိုးမ အပါအဝင် မြန်မာနိုင်ငံ အနောက်ပိုင်းဒေသ တောတောင်များကို အမှီပြု လှုပ်ရှားခဲ့သည့် မြေအောက် လက်နက်ကိုင် အဖွဲ့အစည်း



ခေါင်းဆောင် တစ်ဦး ဖြစ်ခဲ့သည်။ တောကျွမ်းသည်။ စစ်ရေးစစ်ရာ ကျွမ်းသည်။ စိတ်ရှည်လက်ရှည် စနစ်တကျ အလုပ်လုပ်တတ်သည်။ သားကောင်ကို ကျားချောင်းသလို သေသေချာချာ ချောင်းပြီး ပိုင်လောက်သည့် အခါမှ ခုန်အုပ် ဖမ်းဆီးတတ်သည်။ အပြတ်ချေမှုန်းတတ်သည်။ စစ်ဆင်မှု၊ စစ်ရေး စီမံခန့်ခွဲမှုတွင်သာ တော်သည်မဟုတ်။ တစ်ဦးချင်း တိုက်ခိုက်သတ်ပုတ်ရာ၌လည်း ထူးချွန်သည်။ အရပ် ငါးပေ ရှစ်လက်မခန့် ရှိ၍ ဗမာထဲတွင် အရပ်အမောင်း ကောင်းသူ တစ်ဦး ဖြစ်သည်။ တောင့်တင်း ကြံ့ခိုင်သော ကိုယ်ကာယ ရှိသည်။ ငယ်စဉ်က အားကစား လိုက်စားခဲ့သည်။ နောက်နှစ် သုံးဆယ်ပတ်လုံး တိုက်ပွဲဝင်နေသည့် လက်တွေ့ ဘဝ အလေ့အကျင့် ရှိသည်။ ထို့ပြင် အချိန်ရတိုင်း ဗလာ အသတ်အပုတ်၊ လက်နက်နှင့် အသတ်အပုတ် နည်းပညာမျိုးစုံကို လေ့ကျင့်ခဲ့သည်။ ထို့ကြောင့် ကျားဗသိန်း နာမည်ကြီးသည်။ ရောက်ရာ နယ်မြေဒေသတွင် ဖိန့်ဖိန့်တုန်အောင် ကြောက်ကြသည်။

သို့သော် ကျားဗသိန်းဘဝမှာ အစဉ်ထာဝရ အောင်မြင်မှု ရနေသည်တော့ မဟုတ်ပါ။ လူတစ်ကိုယ် စွမ်းရုံနှင့် မပြီးသည့် အကြောင်းကြောင်းများကြောင့် ရှုံးနိမ့်ပြေးလွှားရခြင်းများလည်း အလီလီ အလာလာ ရှိခဲ့ပါသည်။ ထိုအခါ စဉ်းစားတွေးတောစရာတွေ ရှိလာခဲ့သည်။ အတွေး အခေါ် အယူအဆ၊ ကာလဒေသ ပယောဂများ။ ဤသို့ဖြင့် ကျားဗသိန်းသည် မိမိ၏ စွန့်စားတိုက်ခိုက်မှု မှန်သမျှ အချည်းနှီး အလဟဿ ဖြစ်တော့ကြောင်း သိလာသည့် ကာလ၊ တစ်ဘက်ကလည်း အခွင့်အရေးပေး ဖိတ်ခေါ်လာသည့် ကာလ၌ တောတောင်ကို စွန့်ခွာကာ မြို့ရွာသို့ ပြန်လည် ရောက်ရှိလာခဲ့ပေသည်။

လွတ်လပ်သူ တစ်ဦး ဖြစ်လာခဲ့ပြီးသည့်နောက် ယခင်က လျှို့လျှို့ဝှက်ဝှက် သွားလာလှုပ်ရှားခဲ့သည့် မြို့ရွာများသို့ ပြောင်ပြောင်တင်းတင်း စိတ်လွတ်ကိုယ်လွတ် လည်ပတ်သွားလာခဲ့သည်။ မြို့မာပြည်တစ်လွှားရှိ ထင်ရှားသော နေရာဌာနများသို့ ရောက်သည်။ ရခိုင်

www.burmeseclassic.ocm

www.burmeseclassic.ocm



မြောက်ဖျားမှ တောင်ဖျားအထိ မြို့ရွာနယ်ပယ်များကိုကား အနှံ့အပြား သွားရောက်ခဲ့လေသည်။ ကျောက်ချွန်း ပင်လယ်ကွေ့ရှိ အသိမိတ်ဆွေ တစ်ဦးထံမှာ လေးငါးရက်ခန့် နေပြီးသည့်အခါ သည်နေရာကို အလွန် သဘောကျသွားသည်။ နောက် တစ်ကြိမ် ဆုံးဖြတ်ချက် မပြောင်းမချင်း သည်နေရာမှာပင် အခြေချနေထိုင်တော့မည်ဟု ဆိုသည်။ ပင်လယ် ကမ်းခြေ၌ အုန်းခြံကြီး တစ်ခု ဝယ်ယူသည်။ ခြံလုပ်ငန်းလုပ်မည့် လုပ်သားမိသားစု နှစ်စုကို ခြံလယ်ဘက်တွင် နေစေ၍ ပင်လယ်ကမ်း အနီး မျက်နှာစာဘက်တွင် မိမိအတွက် ဘန်ဂလို အိမ်တစ်လုံး ဆောက် လုပ်ကာ ဘက်စုံ အားကိုးရသည့် တပည့် လက်ဟောင်း တစ်ဦးနှင့် အတူ နေထိုင်ခဲ့သည်။

ကျားဗသိန်းတွင် အိမ်ထောင်မရှိ။ သူ့ဘဝမှာ မိန်းမပေါင်း များစွာနှင့် တွေ့ခဲ့ဖူးသည်။ သို့သော် မည်သူနှင့်မျှ အိမ်ထောင်မကျခဲ့။ အလွန်ဆုံး တွေ့ကြုံဆုံဆည်းခဲ့ခြင်းမျှလောက်သာ ဖြစ်သည်။ သူ့သွေး သူ့သားနှင့် လူသားပေါင်း တစ်ကျိပ်ခန့်မျှ ပေါက်ဖွားစေခဲ့သည်။ သို့ သော် မိမိကိုယ်ကို အနှောင်အဖွဲ့ အပြစ်မခံခဲ့။ အစဉ်ရွေ့ပြောင်း လှုပ်ရှား နေရသော ဘဝနှင့် ကြီးမားသော တန်ခိုးအာဏာက အဲသည်အနေ အထားကို ခွင့်ပြုခဲ့သည်။ ကျောက်ချွန်း ပင်လယ်ကွေ့တွင် အခြေတကျ နေသောအခါ အိမ်ထောင်မကျလိုက်ရသော အမျိုးသမီး တစ်ချို့ ရောက် လာကြသည်။ အဖေဟု ခေါ်ဝေါ်သူများ ရောက်လာကြသည်။ ကျား ဗသိန်း မည်သူ့ကိုမျှ ပိုက်ထွေးပိုက်ခြင်း မပြုပါ။ ငြင်းဆန်ပြုစုခြင်းလည်း မပြုပါ။ လက်တစ်ကမ်း အကွာအထိ ရင်းနှီးစွာ ဆက်ဆံခဲ့သည်။ သင့်တင့်လျောက်ပတ်သလောက် ထောက်ပံ့ပေးကမ်းခဲ့သည်။ လိုအပ် နေသူကို လိုအပ်နေသလောက် ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ပြီး ဝေး လှမ်းသော နေရာများ၌ပင် အကြည်သို မပျက်နေတတ်ကြအောင် စီမံ နိုင်ခဲ့သည်။

သူ့မှာ ချွတ်ယွင်းချက်လို့ ဆိုရမည့် အရာ တစ်ခုတော့ ရှိသည်။



အရက်သောက်တတ်ခြင်း။ တောထဲ တောင်တဲတွင် နေစဉ်က စွဲစွဲမြဲမြဲ မသောက်ခဲ့ဘူးပါ။ သောက်ဖို့ အခွင့်အရေးလည်း သိပ်မရပါ။ ထိန်းသိမ်း ဖို့ ဝတ္တရားကလည်း ရှိသည်။ တစ်ခါ တစ်ရံ တစ်နှစ်နေ၍ တစ်ခါ နှစ်ခါ မသောက်ဖြစ်ပါ။ သို့သော် ဘာကြောင့်မှန်း မသိ။ တစ်ခါတစ်လေ သာ သောက်ရသော်လည်း အရက်ကို သူ ကြိုက်သလို ရှိသည်။ အရ သာ တွေ့တတ်သည်။ မြို့ပေါ် ရောက်သောအခါ ဧည့်ခံပွဲ အကြီးအသေး မှန်သမျှ၊ နေအိမ်မှာ ဖိတ်ကျွေးသည့် ထမင်းစားပွဲမှန်သမျှ အရက်မပါ သော ပွဲ တစ်ပွဲမှ မရှိသည်ကို အံ့သြစွာ သူ တွေ့ရသည်။ အရက်သောက် သည့် အတတ်ကို ကျားဗသိန်း အလွန်လျင်မြန်စွာ တတ်မြောက်လာ သည်။ ကျန်းမာရေး လေ့ကျင့်ခန်း မှန်မှန်လုပ်သည့် ကြားက အရက် ကိုလည်း မှန်မှန်သောက်ဖြစ်လာသည်။

ယခုဆိုလျှင် ကျောက်ချွန်း ပင်လယ်ကွေ့မှာ သူနေလာခဲ့တာ သုံးနှစ်နီးပါး ရှိပြီ။ ရောက်စကမူ ကျားဗသိန်းသည် နေ့စဉ် နံနက် တိုင်း မိမိအိမ်မှနေ၍ ပင်လယ်ကွေ့ လက်ဝဲဘက်အစွန်းရှိ ကျောက် တောင် ခြေရင်းအထိ အသွားအပြန် ပြေးလေ့ ရှိသည်။ ညနေပိုင်းတွင် ရေကူးချင်ကူးသည်။ သို့မဟုတ် ပင်လယ်ကွေ့ အတွင်းရှိ ကမ်းနီး ကမ်းဝေး ကျောက်ဆောင်စွန်းများအကြား ဓားတစ်ချောင်း၊ မှိန်းသေ နတ် တစ်လက်နှင့် သွားကာ စူးစမ်းလေ့လာပြီး အပြန်တွင် မိမိ စားရန် စိတ်ကြိုက် ငါးတစ်ကောင် ပစ်ခတ်ယူလာတတ်သည်။ သူ့မှိန်း သေနတ်က နိုင်ငံခြားကလာသည့် သေနတ် မဟုတ်။ သို့သော် သူကိုယ် တိုင် ပုံစံထုတ်ပြီး ယခင် သေနတ် အမျိုးမျိုး လုပ်ခဲ့ဖူးသည့် ကျွမ်းကျင် သူတစ်ဦးကို လုပ်ခိုင်းခဲ့သော သေနတ်ဖြစ်သည်။ ခိုင်မာ တောင့်တင်းပြီး ချွန်မြသော မှိန်းဆူး သုံးချောင်းပါသည်။ အားကောင်းသည်။ ထိရောက် သည်။ ကုန်းပေါ်မှာ ဆိုလျှင် လူသတ်နိုင်သော လက်နက်ဖြစ်သည်။

*

www.burmeseclassic.ocm

www.burmeseclassic.ocm



ဘဝဲ။

ဘဝဲက ကျောက်ဆွယ် ကျောက်စွန်း တစ်ခု၏ အောက်ဘက် လိုဏ်ခေါင်းလို နေရာ တစ်ခုမှာ နေသည်။ မကြာခဏ မြင်နေရသည့် ရေကမ္ဘာပြင်ပက ပုဂ္ဂိုလ်ကို ပြူးကြောင်သော မျက်လုံးများနှင့် ကြည့်နေသည်။ တွေ့ရာ နေရာကို တွယ်ကပ်ထားနိုင်သော စုပ်ခွက်များ ပါသည့် ရှည်လျားသော လက်တံတစ်ချောင်းက ကိုင်တွယ် စမ်းသပ်လိုသည့် ဟန် ရှေ့သို့ ဆန့်တန်းထားသည်။ နောက်ထပ် လက်တံ တစ်ချောင်းက လည်း ၎င်း၏ အောက်ဘက်ပိုင်းမှာ မသိမသာ လှုပ်ရှားလျက် ရှိသည်။ ကျန် လက်တံများကတော့ ကျောက်ဆောင် အကြိုအကြားမှာ အခိုင်အမာ ကုပ်တွယ်ထားမည်မှာ သေချာသည်။ လက်တံက ရှည်လျား သွယ်တန်းသည်။ လက်ကောက်ဝတ်နီးပါး တုတ်ပြီး အလျားငါး တောင်ခန့် ရှိနိုင်သည်။ သို့သော် တစ်ခုလုံး ကြွက်သားချည်း ဖြစ်သည်။ သူ့အင်အားကို မှန်းဆ၍ မရ။ အထူးသဖြင့် ရေအောက်မှာ ပို၍ မှန်းဆလို့ မရ။ ကျားဗသိန်း သည်လက်ကို ကိုင်တွယ်ကြည့်ချင်သည်။ နှုတ်ဆက်ချင်သည့်သဘော၊ လေးစားသည့် သဘော။ ကမ္ဘာတစ်လွှားက အလွန်ကြီးမားသော ဘဝဲကြီးများ အကြောင်း သူကြားဖူးသည်။ လက် တစ်ချောင်း တစ်ချောင်း ၁၅ တောင် အတောင် ၂၀ ရှည်လျားသည့် အကောင်မျိုး။ တော်ရုံတန်ရုံ အိမ်ခပ်သေးသေးကို ထိပ်က ခွစီးပြီး တစ်အိမ်လုံး ရစ်ပတ်ချုပ်နှောင်ထားနိုင်လောက်သည့် အကောင်မျိုး။ သို့သော် ဒါက ကမ္ဘာမှာ၊ စာထဲမှာ။ သူကိုယ်တိုင် တွေ့ဖူးသမျှမှာတော့ သည်ကျောက်ဆောင်က ဘဝဲသည် အကြီးဆုံး။ သည်ပင်လယ်တစ်ဝိုက် မှာ သူ ဘဝဲတွေ တွေ့ဖူးပေါင်း များလှပြီ။ ဘယ်ကောင်မျှ သူ့ လောက်မကြီး။ သူ့ တစ်ဝက်လောက်ရှိသည့် အကောင်ပင် မတွေ့ရ။ သေးသေးမွှားမွှား ကောင်လေးတွေသာ ဖြစ်သည်။ သည်ကောင်မျိုးတွေ ကို ဤဒေသရှိ တံငါများက ဘဝဲဟုပင် မခေါ်ကြ။ တစ်ချို့လူများ ခေါ်သလို ရေသရဲဟုလည်း မခေါ်။ သူတို့က သည်အကောင်ကို



ကြောက်စရာလို့ မထင် စားစရာဟုသာ သဘောထားကြသည်။ ခေါ်သည့် နာမည်ကလည်း ကြည့်၊ ရေမျောက်တဲ့။ သူကိုယ်တိုင်လည်း သည်ရေမျောက် ခေါ်ခေါ်၊ ရေသရဲ ခေါ်ခေါ် ဘဝဲအသေးစားလေးတွေကို ဖမ်းယူစားသောက်ခဲ့ဖူးလှပြီ။ သည်အကောင်ကြီးကိုလည်း သူ့မှိန်းနှင့် ပစ်ခတ်ပြီး ဖမ်းယူလျှင် ရနိုင်စရာ ရှိသည်။ သို့သော် နည်းနည်းတော့ ခက်နိုင်သည်။ အန္တရာယ်လည်း ရှိနိုင်သည်ဟု သူမြင်သည်။ ပြီး စား၍ ကောင်းမည်လည်း မဟုတ်။ နောက်ပြီး ဂုအောင်းသည့် ကေသရာဇာ ခြင်္သေ့ တစ်ကောင်လို သူလည်း ရေဇလာ ကမ္ဘာမှာတော့ သူ့နည်းနှင့် သူ ဘုရင်တစ်ဆူ။ သူ့သတ္တိ၊ သူ့စွမ်းအားနှင့် လေးစားစရာ သတ္တဝါ တစ်ကောင်ဟု မြင်သည်။ သည်လို ပုဂ္ဂိုလ်နှင့် အချည်းနှီး ရန်သူ မဖြစ်သင့်။ အပြန်အလှန် လေးစားမှု သဘောနှင့် ဆက်ဆံချင်သည်။ ရင်းနှီးမှု ရချင်သည်။ ထို့ကြောင့် ကျားဗသိန်း စိတ်ရှည်လက်ရှည် လာရောက် တွေ့ဆုံနေခြင်း ဖြစ်သည်။

နေ့တိုင်း လိုဏ်ခေါင်းရှေ့မှာ ရေအနည်းဆုံး သုံးခါငုပ်သည်။ ဘဝဲနှင့် သုံးခါ မျက်လုံးချင်း ဆိုင်ကြသည်။ သည်နေရာမှာ ရေက နည်းနည်း နက်သည်။ ပြီး ကျောက်ဆွယ်ကျောက်စွန်းတွေ ရှိနေပုံက လည်း ရန်းကန်လှုပ်ရှား၍ သိပ်မကောင်းသည့် အနေအထားမျိုး။ ဘဝဲ၏ လက်တံကို ကိုင်တွယ် နှုတ်ဆက်လိုသော်လည်း သူက ချက်ချင်း ပြန်မဖြုတ်လျှင် ခက်မည်။ ခါးမှာ ဓားအိမ်နှင့်တကွ တွဲချိတ်ထားသော ဓားမြှောင်ကတော့ အလွန်ထက်သည်။

သို့သော် ဘဝဲလက်တစ်ချောင်းကို အလွယ်တကူ တိခနဲ နေအောင် ဖြတ်နိုင် မဖြတ်နိုင် စမ်းသပ်မကြည့်ရသေး။ ပြီး သည်လို စမ်းသပ်ရသည့် အဆင့်မျိုးလည်း မရောက်ချင်။ နောက်တစ်နေ့ကျရင် တော့ ယခုထက် တစ်ဆင့်တက်ပြီး ဘဝဲကို ငါးတစ်ကောင်လောက် မှိန်းဆူးထိပ်မှာ တပ်ပြီး ကျွေးကြည့်ဦးမည်ဟု စိတ်ကူးသည်။ သူ ယူသွား တုံ့ပြန်မည် မသိ။

www.burmeseclassic.ocm

www.burmeseclassic.ocm



ကျောက်ဆောင် တစ်ဘက်စွန်းဘက်သို့ သူ ကူးခတ်လာခဲ့သည်။ သည်အနားတွင် ငါးပေါသည်။ ငါးကလေးများ လူးလာ လှုပ်ခတ်။ ရုတ်တရက် ငါးငယ်တစ်အုပ် သူ့ဘေးက ဖြတ်ပြေးသည်။ ကြောက်အားလန့်အား ပြေးလာကြသည့်ပုံမျိုး။ နောက်မှ ငါးကြီးနှစ်ကောင်၊ နောက်တစ်ကောင်။ စောစောက ငါးအုပ်နောက်လိုက်၍ ပွဲတော်တည်နေကြသည့် အကောင်များ။ တစ်ကောင်က သူ့ရှေ့ နှစ်ကိုက်သာသာလောက်လောက်တွင် ရပ်နေသည်။ အစာဝသွား၍လား။ အရောင်က နီရွှေရွှေ၊ ဖွေးဖွေးလက်လက်၊ တစ်တောင်သာသာခန့် ရှိမည်။ သည်နေရာ တစ်ဝိုက်တွင် ပေါများလှသည့် ကျောက်ငါးတစ်ကောင်။ ကင်ပြီး ချဉ်ငန်စပ်နှင့် တို့စားလျှင် အလွန်ကောင်းသည်။ ကျောရိုးနားကပ်နေသည့် အသား မြှောင်းကို သည်အတိုင်း အစိမ်းလှီးပြီး လက်တစ်ဆစ်လောက် အတုံး သေးသေးတွေ တုံးကာ သံပရာသီးများများ ညှစ်ပြီး မြည်းလျှင်လည်း အရသာရှိသည်။ ပစ်လိုက်လျှင် လွဲစရာ မရှိသည့် အကွာအဝေးမှာ။

ရုတ်တရက် မျက်စိထောင့်က မလှမ်းမကမ်းတွင် လှုပ်ရှားနေသည့် အရာတစ်ခုကို သွားမြင်သည်။ ကြီးမားသော ထုထည်နှင့် ပြောက်ပြောက်ကျားကျား ခန္ဓာကိုယ် တစ်ခု။ ခုတလော သူနှင့် တွေ့နေသည့် ငါးတောက်တူ ဖြစ်သည်။ ဘဝဲနှင့်လောက် နီးနီးကပ်ကပ် ကြာကြာရှည်ရှည် မတွေ့ဘူးသေး။ သည်ပုဂ္ဂိုလ်၏ လှုပ်ရှားပုံကို လေ့လာရဦးမည်။

သူက ရေလှုပ်ရှားမှု မရှိအောင် ကျောက်ဆောင် နံဘေးကို ကိုင်တွယ်ကာ ရေပေါ်သို့ အသာတက်သည်။ အသက်ဝအောင် ရှူသည်။ ပြီး နဂိုနေရာသို့ ညင်သာစွာ ငုပ်လျှိုးလာခဲ့သည်။ စောစောက ကျောက်ငါး နေရာမရှေ့။ မလှမ်းမကမ်းမှာ ငါးတောက်တူ။ ကျောက်ငါးကို မြင်ပြီး စူးစိုက်ကြည့်နေပုံမျိုး။ တရွေ့ရွေ့နှင့် မသိမသာ ရှေ့တိုးလာနေသည်။ သားကောင်ကို အသာချောင်းပြီး ခုန်အုပ်မည့်ဟန် ပြင်နေသော ကျားတစ်ကောင်လို။ သူလည်း ကျားပဲဟု ကျားဗသိန်း တွေးမိပြီး



သဘောကျသွားသည်။

ကျောက်ငါးက အိပ်ပျော်နေသလား။ ကျောခိုင်းဖြစ်၍ မမြင်လေသလား။ ဘေးမှာ ရန်ဝိုင်းနေသည်ကို နည်းနည်းလေးမျှ ရိပ်မိဟန်မရှိ။ ငါးငါးချင်း စားပွဲကို အနီးကပ် မြင်ရတော့မည်။ သူက လိုလိုမည်မည် မှိန်းသေနတ်ကို အသင့်ပြင်သည်။ ငါးတောက်တူ သူ့လှုပ်ရှားမှုကို သတိပြုမိဟန် ရှိသည်။ ရုတ်တရက် သူ့ဘက် ခေါင်းလှည့်လိုက်သည်။ အမြီးယမ်းသွားသည်။ ပြီး ပြန်ငြိမ်သည်။

သည်အချိန်မှာ ကျောက်ငါး လှုပ်ရှားသည်။ အန္တရာယ်ကို သိသွားဟန်ဖြင့် သည်နေရာက ဖျတ်ခနဲ ပြေးထွက်မည် ပြုသည်။ ကျင့်သားရနေသည့် သူ့လက်က ချိန်ပြီး မောင်းဖြုတ်ပြီး ဖြစ်သွားသည်။ ကျောက်ငါး မှိန်းဆူးထိပ်တွင် တန်းလန်း။ တစ်ခဏမျှ လှုပ်ရှားပြီး ငြိမ်သက်သွားသည်။ လက်နက်က သူ့ထက် အားပြင်းလွန်းနေသည်။ မှိန်းဆူးက ပါးဟက် တစ်ခုလုံး အပြင်ထိ ဖောက်ထွက်သွားသည်။ ငါးတောက်တူ သည်မြင်ကွင်းမျိုး မြင်ဖူးဟန်မတူ။ သူ့သဘော မည်သို့ရှိသည်မသိ။ ချာခနဲ လှည့်ထွက်သွားသည်။

✱

ရေချိုးတစ်ပုံး နှစ်ပုံး သဲစင်ရုံလောက် လောင်းသည်။ အဝတ်အစားလဲပြီး ပုလင်းနှင့် ဖန်ခွက်ယူ၍ အိမ်ရှေ့ဝရန်တာက ကြိမ်ကုလားထိုင်မှာ ထိုင်သည်။ တပည့်ကျော်က ရေနံဆီသုံး ရေခဲသေတ္တာထဲမှ ရေခဲဗန်းကလေး တစ်ခု ထုတ်ယူလာပေးသည်။ ဖန်ခွက်ထဲသို့ မော့ဝီစကီလက်နှစ်လုံးသာသာ ငှဲ့လိုက်ပြီး ရေခဲသုံးတုံး ထည့်သည်။ တစ်ချက်နှစ်ချက် လှုပ်၍ ရေခဲ အရာမယွင်းမီမှာပင် သူတစ်ငုံ ငုံလိုက်သ[illegible]ပြီး နည်းနည်းလှုပ်၍ နောက်တစ်ငုံ။ ထိုနောက် ဖန်ခွက်ကို [illegible]ဘက်နှင့် ကိုင်ကာ ပင်လယ်ပြင်ဆီ ငေးမျှော်နေသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ခဏကြာတော့ တပည့်ကျော် ရောက်လာပြန်သည်။ ငါးကင် သီတံ နှစ်ချောင်း။ လက်တစ်ဆစ်ခန့် ငါးအသားတုံးကလေးများကို အပေါ်ယံ တင်းရုံ ခြောက်ရုံလောက် ကင်ထားသည်။

တစ်ဖဲ့တစ်လေက နည်းနည်းပင် စိုနေသေးသည်။ ပြီးရောက် ရည် ပန်းကန်လေး တစ်လုံး၊ ဆားခွက်ကလေး တစ်ခွက်။ တပည့်ကျော် ကို ကြည့်၍ ပြုံးပြသည်။ တပည့်ကျော်က ပြန်ပြုံးပြသည်။ ဘာစကားမှ မပြောကြ။ ဝီစကီနောက်တစ်ငုံ ငုံလိုက်ပြီး ဖန်ခွက်ကို ချကာ သီတံမှ ငါးကင်တစ်ဖဲ့ ဖြုတ်ယူသည်။ ဆားတစ်ပွင့် နှစ်ပွင့်တို့၊ ရောက်ရည်နှင့် တို့ပြီး စားလိုက်သည်။ ချဉ်ချဉ်ငန်ငန် အရသာနှင့် ငါးကင်၏ ချိုသော အရသာကို ခံစားရသည်။ အာရုံ၌ လှည့်ထွက်သွားသော ငါးတောက် တူကို မြင်ယောင်သည်။ မရည်ရွယ်ဘဲ သူ့အစာကို လုစားမိသလို ဖြစ်သွားသည်။ အားနာသလို၊ ရှက်စွံ့သလို၊ စိတ်ထဲမှာ သိပ်မကောင်း။

ခုတလော သူခံစားတတ်နေသည်။ စိတ်မကောင်း ဖြစ်တတ်နေ သည်။ သူ့နှလုံးသား ပျော့ညံ့ သလို ဖြစ်နေသည်။ မူလက ကျားဗဟိန်း သည် ကိုယ်ကာယ ကြံ့ခိုင်သလို စိတ်နှလုံး မာကျောသူ ဖြစ်သည်။ ခံစားမှုကို ပွားများတတ်သူ မဟုတ်၊ အလေးဂရုပြုတတ်သူ မဟုတ်။ သူက သချာသမား၊ ယုတ္တိဗေဒသမား။ အကျိုးအကြောင်းနှင့် ဝေဖန် ဆင်ခြင်မှုကို အားပြုသူ။ လူရေးလူမှုကို သချာတွက်သလို အကွက်ချ၍ လုပ်တတ်သူ။ အရေးနိမ့်၍ ဝမ်းနည်းအားငယ်ခြင်း မရှိသလို အောင်မြင် မှုမှာ ယစ်မူးနစ်မျောတတ်သူလည်း မဟုတ်။

သူ့မှာ ခိုင်မာပြတ်သားသော ယုံကြည်ချက် ရှိခဲ့သည်။ သည်ယုံ ချက်အတွက် ချီတက်သည့် ခရီးလမ်းမှာ သူတွေဝေခြင်း မရှိခဲ့။ ဘာပဲ လုပ်လုပ် လိပ်ပြာသန့်သန့်နှင့် လုပ်ခဲ့သည်ချည်း ဖြစ်သည်။ ထို့ကြောင့် သူ့မှာ စိတ်အနှောင့်အယှက်မရှိ။ နောင်တရခြင်း၊ ဝမ်းနည်းခြင်း မရှိ။ သူ့ နှလုံးသားတွင် ပွန်းတီးပဲ့ရှခြင်း ဟူ၍ မရှိခဲ့။

သို့သော် အကြောင်း တစ်ခု ရှိလာခဲ့သည်။ လွန်ခဲ့သော တစ်နှစ်



ကျော်ခန့်က ဖြစ်သည်။ သူ့မှာ အခက်အခဲတွေ ရှိနေသည်။ မြို့ရွာနေ လူတို့ ထုံးစံအတိုင်း ငွေကြေးပြဿနာ။ ပေးရကမ်းရ ထောက်ပံ့ရသည့် စရိတ်တွေ ရှိသည်။ လုပ်ဖော်ကိုင်ဖက်တွေ၊ သွေးရင်း သားရင်းတွေ။ ပြီး မိမိကိုယ်တိုင် အရက်ကောင်းကောင်း ကြိုက်တတ်သွားခြင်းကလည်း အကြောင်း တစ်ကြောင်း ဖြစ်မည်။ မြို့ရွာမှာ ငွေရှာသည် ဆိုတာက လုပ်နေကျ မဟုတ်သော လူတစ်ယောက်အတွက် သိပ်လွယ်ကူသည် တော့ မဟုတ်။ အုန်းခြံဝင်ငွေကလည်း ပုံသေဝင်ငွေ သဘောမျိုး ဖြစ် သည်။ သည်ခြံထဲက ဝင်ငွေ တစ်ဆ နှစ်ဆ တိုး၍ ရလာဖို့ မဖြစ်နိုင်။ ပြီး တကယ်မှာလည်း သူက စီးပွားရေးလုပ်ငန်း ဆိုသည်ကို စိတ်ပါ လက်ပါ ရှိသည် မဟုတ်။ အုန်းခြံအလုပ်ကိုပင် ယုံကြည်ရသော လုပ် သားများနှင့် ကုန်သည် မိတ်ဆွေများထံ အပ်နှံထားကာ သူတို့ လုပ်ကိုင် ရောင်းချပေးသမျှ ရယူနေခဲ့သည်သာ ဖြစ်သည်။

သို့သော် တစ်ခုရှိသည်။ ကြီးကြီးမားမား ငွေရပေါက်ရလမ်း တစ်ခု။ ရတနာသိုက်ဟု ဆိုနိုင်သည်။ ကြိုက်သည့် အချိန် တူးဖော်၍ ရ သည်။ သို့သော် ခရီးတော့ နည်းနည်းသွားရမည်။ အနှောင့် အယှက် အနည်းအကျဉ်း ရှိချင်ရှိနိုင်သည်။ မရှိချင်လဲ မရှိနိုင်။ ဘာပဲ ဖြစ်ဖြစ် ကျားဗဟိန်း ဆိုသည်က အခက်အခဲကို တွေးကြောက်တတ်သူ မဟုတ်။ သည်အခက်အခဲကို ဘယ်လို ကျော်ဖြတ်မလဲ ဆိုသည်ကိုသာ စဉ်းစား တွက်ချက်တတ်သော လူမျိုး။ သို့သော် မပြတ်သားချင်စရာ အကြောင်းတစ်ခုတော့ ရှိနေသည်။ သည်ငွေနှင့် ပတ်သက်ပြီး သူစိတ် မဖြောင့်၊ လိပ်ပြာမသန့်။

*

ရတနာသိုက်က တကယ့် ရတနာသိုက် ဖြစ်သည်။

လွန်ခဲ့သော ငါးနှစ်ခန့်။ ရခိုင်ရိုးမ အလယ်ပိုင်း အနောက်

www.burmeseclassic.ocm

www.burmeseclassic.ocm



ကြားလမ်းအနီး အကြီးအကျယ် ညှပ်ပူးညှပ်ပိတ် ထိုးနှက်ခြင်း ခံရသည့် အချိန်၊ လူစုခွဲပြီး ကစဉ့်ကလျား ထွက်ပြေးတိမ်းရှောင်ရသည့် အချိန်တွင် ဗသိန်းနှင့် လက်ထောက်နှစ်ဦး တပ်ဖွဲ့ရန်ပုံငွေများကို တောတွင်း တစ်နေရာ၌ မြှုပ်နှံခဲ့ကြသည်။ ငွေသားမပါ။ ရွှေငွေ ကျောက်မျက်ရတနာချည်း ဖြစ်၍ ဆယ့်ငါးသိန်းဖိုးခန့် ရှိသည်ဟု အကြမ်းဖျင်း သတ်မှတ်ခဲ့ကြသည်။ ၎င်းပစ္စည်းများကို ကျည်ဆန်သေတ္တာ တစ်ခုတွင် သိမ်းဆည်း ထားခဲ့၍ တစ်ခါတစ်ရံ သယ်ယူပြောင်းရွှေ့ကြရသည့်တိုင် လက်အောက်ငယ်သားများ အနေနှင့် အဖိုးတန် ရတနာများ ဖြစ်မှန်း မသိခဲ့။ ရန်ပုံငွေကို တရားဝင် သိရှိသူမှာ ဗသိန်းအပါအဝင် ငါးဦးသာ ရှိသည်။

၎င်းအနက် နှစ်ဦးမှာ မြှုပ်နှံခဲ့ရသည့်အချိန်၌ စခန်းတွင် မရှိ။ ဗသိန်းနှင့် လက်ထောက် နှစ်ဦး ငယ်သားများ အလစ်တွင် အသာလျှိုကာ ရတနာသေတ္တာကို ဖက်ခဲ့သည်။ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီးနောက် ဗသိန်း အသက်နှင့်ကိုယ် အိုးစားမကွဲဘဲ လွတ်မြောက်ခဲ့သည်။ ရတနာမြှုပ်ရာတွင် ပါသော လက်ထောက်တစ်ဦး ထိုတိုက်ပွဲတွင် ကျဆုံးသည်။ နောက် နှစ်နှစ်ပတ်လုံး ရခိုင်ရိုးမ မြောက်ပိုင်းတွင် လှည့်ပတ်ပြေးလွှားနေရသည်။ ရတနာနေရာကို ပြန်လည် ချဉ်းကပ်ဖို့ အခွင့်အလမ်း လုံးဝမရ။ အသက်ရှင် ရပ်တည်နေနိုင်ရေးကို အဓိက ဦးစားပေးနေရသည်။ ထိုသို့သော အခြေအနေတွင် အခွင့်အရေးပေးလာသောအခါ ကျားဗသိန်းနှင့်အဖွဲ့ မြို့ပြသို့ ပြန်လည် ဝင်ရောက်ခဲ့သည်။ ထိုအချိန်၌ ရန်ပုံငွေကိစ္စကို သိသူ နှစ်ဦးသာ ကျန်တော့သည်။ သူကိုယ်တိုင်နှင့် သူနှင့် အတူ ရတနာမြှုပ်နှံရာ ပါခဲ့သူ မောင်သိုက်။

မြို့ရောက်ပြီးနောက် ရရှိသည့် အကူအပံ့များ၊ မိဘ အမွေအနှစ်များဖြင့် ကျောက်ချွန်းပင်လယ်ကွေ့ရှိ အုန်းခြံကို ဝယ်သည်။ အိမ်ဆောက်သည်။ မောင်သိုက်လည်း မြို့ရောက်ပြီး များမကြာမီ အိမ်ထောင်ကျသည်။ သူတို့ နှစ်ဦး မကြာမကြာ ဆုံတွေ့ကြသည်။ မောင်သိုက်က ကျောက်ချွန်းအုန်းခြံနှင့် ၁၀ မိုင်ခန့်သာ ဝေးသည့် မြို့ကလေးပေါ်မှာ။



ကျားဗသိန်းက မောင်သိုက်အား ရန်ပုံငွေကိစ္စကို ဖြည်းဖြည်း စီစဉ်ရမည့်အကြောင်း၊ လတ်တလောတွင် မိမိတို့ အနေဖြင့် တောထဲသို့ သွားရောက်ဖို့ ခက်သေးကြောင်း၊ အချိန်တန်သည့်အခါ ရတနာများကို မိမိတို့ နှစ်ဦး ဖော်ယူထိန်းသိမ်းပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဖြင့် တိုးပွားအောင် ဆောင်ရွက်ကာ မိမိတို့ လူများအား စနစ်တကျ ကူညီထောက်မသွားမည့်အကြောင်း ပြောဆိုထားခဲ့သည်။

*

တောထဲက ထွက်လာခဲ့တာ နှစ်နှစ်နီးပါးခန့် ကြာသည့်အချိန်။

မောင်သိုက် မချောင်လည်ပါ။ အခြားသူများလည်း သိပ်အဆင်မပြေကြပါ။ ပြီး မိမိမှာလည်း လိုအပ်နေပြီ။ သည်အချိန်သည် မြေအောက်က ရတနာကို ဖော်ရမည့် အချိန်ဟု သူဆုံးဖြတ်သည်။ မြေကို တူးဆွလျှင် ရတနာတွေနှင့် အတူ ပြဿနာတွေပါ ပေါ်လာလေမည်လားဟု အယူသည်းသူတို့၏ အတွေးမျိုး မတွေးစဘူး တွေးမိကာ စိတ်ထင့်သွားသေးသည်။ သို့သော် လုပ်တော့မည် ဆိုသည်နှင့် ၎င်းလုပ်ငန်း အစီအစဉ်ကိုသာ ကျကျနန ချမှတ်ဖို့ ပြင်ဆင်တတ်သည့် အလေ့အကျင့်ကြောင့် ကြာကြာ တွေးပူ မနေခဲ့ပါ။ တစ်ထစ်ချင်း စနစ်တကျ သေသပ်ပိရိအောင် စီစဉ်သည်။ လူမြင် သူမြင် သွားရမည့် ယုတ္တိတန်သော ဟန်ပြခရီး၊ ထို့နောက် လုံးဝ ခြေရာဖျောက်ရမည့် အစိတ်အပိုင်း၊ မမျှော်လင့်ဘဲ တွေ့ကြုံနိုင်သည့် အခက်အခဲမျိုးစုံ၊ ၎င်းဆိုင် ဖြေရှင်းရန် နည်းပရိယာယ်များ။ သည်ကိစ္စများနှင့် ပတ်သက်၍ အချက်အလက်များ တိတိကျကျ ကြိုတင် ရရှိထားရန် ထောက်လှမ်းမှု လုပ်ငန်းများ ဆောင်ရွက်ရသည်။

ပြီး လက်နက်။ ကျားဗသိန်း လက်နက်မပါဘဲ လှုပ်ရှားလေ့ မရှိပါ။ အန္တရာယ် ဆိုသည်က ဘယ်လိုမှ မထင်မှတ်ဘဲလည်း ပေါ်လာ

www.burmeseclassic.ocm

www.burmeseclassic.ocm



နိုင်သည် မဟုတ်လား။ သို့အတွက် လက်နက်ရဖို့ လုပ်ရသည်။ ဒါလည်း ခက်သည်တော့ မဟုတ်ပါ။ ဗသိန်း အမြော်အမြင်ကြီးပါသည်။ အမြုပ် အနှံ့ ဝါသနာပါခဲ့သူလည်း ဖြစ်သည်။

မြို့ပေါ်တက်ဖို့ စိတ်မကူးသေးသည့် အချိန်ကပင် မိမိလုပ်ရှားရာ နယ်မြေ ဒေသများအတွင်း နည်းပရိယာယ် အမျိုးမျိုး သုံး၍ လုပ်ကိုင်ရသည့်အခါမျိုးတွင် အရေးကြုံလျှင် အဆင်သင့် ရှိစေရန်ဟူ၍ ကြိုတင် ပြင်ဆင်သောအားဖြင့် နေရာ သုံးလေးခု၌ လက်နက်ခဲယမ်း အနည်းငယ်စီ မြုပ်နှံ သိုမှီးထားခဲ့သည်။ ထို့ကြောင့် ခြေရာဖျောက် ခရီးစဉ် အစပိုင်းသည် အနီးဆုံး လက်နက်သိုက်ရှိရာသို့၊ ထိုနောက်မှ ရတနာများရှိရာ ဆင်နှာမောင်း တောင်စခန်း။

စနစ်ကျပါသည်။ သို့သော် တကယ်တမ်း လှုပ်ရှားကြပြီ ဆိုသောအခါ မည်မျှ စနစ်ကျသည် ဆိုစေ၊ ပိရိသေသပ်သည် ဆိုစေ၊ သတိပြုသူများအတွက်ကား အစအန ပေါ်ခဲ့သည်။ ပြဿနာဖော်သူက ကျော်ထူး။

ကျော်ထူးကို သူနဂိုကတည်းက သိပ်မကြိုက်ပါ။ ကျော်ထူးသည် အလုပ်ကို လိုတာထက် နည်းနည်း ပိုလုပ်ချင်သည့်သူ၊ အခွင့်သာတိုင်း လက်မထောင်ချင်သူဟု သူမြင်သည်။ သို့သော် မိမိလက်အောက် ငယ်သား တစ်ဦးကို ရှင်းလင်းပစ်ရခြင်းအတွက် သူ စိတ်မကောင်း။ အခြေအနေကတော့ ကိုယ် မရှင်းလျှင်လည်း သူက ရှင်းမည့် အခြေအနေ။ မိမိကိုယ်ကို ကာကွယ်ရသည့် အနေအထား။

သို့သော် ရုံးပြင်ကနားမှာ ပြေလည်အောင် ဖြေရှင်း၍ ရနိုင်သည့် အနေအထားမျိုး မဟုတ်။ ပြဿနာ ဖြစ်ရသည့် အကြောင်းက မကောင်း။ လုံးဝ မကောင်း။ ကိုယ်ကျိုးစွန့်ပါသည် ဆိုသည့် လူ တစ်ယောက် ငွေကြေး ကိစ္စနှင့် လူသတ်သည်ပဲကိုးဟု လက်ညှိုးထိုးကြလိမ့်မည်။ သည်လို ကိစ္စမျိုးနှင့် ရုံးပြင်ကနား ရောက်ဖို့ ဆိုသည်ကို သူ လုံးဝ စဉ်းစားလို့ မရ။ ပြီး ထွက်ပြေး၊ တိမ်းရှောင်ဖို့ ဆိုပြန်လျှင်



လည်း တပည့်တပန်းနှင့် အသိုင်းအဝိုင်းနှင့် မဟုတ်ဘဲ တစ်ကိုယ်တည်း ငွေထုပ်ပိုက်၍ ဓားပြတစ်ယောက်လို တိမ်းရှောင်ရမည့်အဖြစ်။ သိက္ခာကျလွန်းလှသည်။ သူ မစဉ်းစားချင်ပါ။

*

ဘာပဲဖြစ်ဖြစ် ပြဿနာက ပေါ်နှင့်ခဲ့လေသည်။

ရတနာသေတ္တာတွင်း နှုတ်ခမ်းဘေး ရောက်သည်နှင့် တစ်ပြိုင်နက် 'လုံးဝမလှုပ်နဲ့' ဟူသော အမိန့်သံကို နားခံလိုက်ရသည်။ အမိန့်ပေးသူက ကျော်ထူး။ တစ်ဦးတည်း မဟုတ်၊ အဖော် တစ်ယောက်ပါသည်။ ဘညွန့်။ သူတို့ အဖွဲ့ထဲကပင် ဖြစ်သည်။

ကျော်ထူးက ဗသိန်းအဖွဲ့မှာ တတိယတန်း ခေါင်းဆောင်အဆင့်လောက် ရှိသည်။ ဗသိန်းနှင့် မောင်သိုက်တို့ အားလုံး မြို့ပေါ်ရောက်လာကြကတည်းက သူ စောင့်ကြည့်နေခဲ့သည်။ သည် လူနှစ်ယောက် အခြေအနေ ထူးခြားပြီ ဆိုသည်နှင့် တစ်ပြိုင်နက် ဆင်နှာမောင်းတောင်က စခန်းဟောင်းနေရာကို သွားတော့မည်ဟု သေချာပေါက်တွက်ကာ သည်နေရာမှ စောင့်ဆိုင်းခဲ့ခြင်း ဖြစ်သည်။

ရန်ပုံငွေကိစ္စကို သိခွင့်ရခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးသည် တစ်ကွဲတစ်ပြားစီ ပြေးလွှားနေရချိန် အဖွဲ့အစည်း၏ ရှေ့ရေးရော မိမိတို့၏ အသက်ဘေးပါ မသေမချာ မရေမရာ အချိန်တွင် သည်ကိစ္စအတွက် ရတက်မအေး ဖြစ်ခဲ့သည်။ သို့နှင့် အကယ်၍ ငါသေခဲ့သော် ငါ့မိသားစုအတွက် မမေ့ပါနှင့်ဟူ၍ မိမိ၏ အယုံကြည်ရဆုံး တပည့်ရင်း ဖြစ်သူ ကျော်ထူးအား တီးတိုးမှာကြားခဲ့လေသည်။ ကျော်ထူး သည်ကိစ္စကို သိထားသော်လည်း ဘာမှ မလုပ်တတ်ပါ။ ကျားဗသိန်းနှင့်လည်း သွား၍ မဆွေးနွေးရဲပါ။ မိမိအား လက်ခံ ဆွေးနွေးမည်ဟုလည်း မထင်ရဲ။ သူ့ကို ပြောသွားသော ဆရာကလည်း နေရာအတိအကျ မပြောနိုင်။

www.burmeseclassic.ocm

www.burmeseclassic.ocm



သူကိုယ်တိုင်ကလည်း မြှုပ်စဉ်က ပါဝင်ခဲ့သူ မဟုတ်။ ဆင်နှာမောင်းတောင်ကြောမှာ မြှုပ်ခဲ့သည်ဟုသာ သိခဲ့ရသူ ဖြစ်သည်။ သို့နှင့် ကျားဗသိန်းတို့ ခရီးထွက်ဖို့ ပြင်ဆင်သည် ဆိုသည်နှင့် တစ်ပြိုင်နက် ကျော်ထူး ဆင်နှာမောင်းတောင်စခန်းဟောင်း နေရာသို့ ကြိုတင်လာရောက်ကာ အပိုင်စောင့်ခဲ့ခြင်း ဖြစ်သည်။

ကျော်ထူးနှင့် သူ့လူသေနတ် ကိုယ်စီနှင့် ချိန်ထားသည်။ ကာဘိုင်တွေ ဘာတွေ ရတတ်သည် ဆိုတော့ ကျော်ထူးလည်း အလကားကောင် မဟုတ်တာတော့ သေချာသည်။ သို့သော် ကျော်ထူးမိုက်သည်။ ညံ့လည်း ညံ့သည်။ ဆရာ့ဆရာ ကျားဗသိန်းကို ယှဉ်နိုင်မည်ဟု ထင်ခြင်းမှာ မိုက်မဲခြင်းကြောင့် ဖြစ်သည်။ ကျော်ထူး သူ့ကို သေနတ်နှင့်ချိန်ပြီ ဆိုကတည်းက အသေလုပ်တော့မည် ဆိုတာ ကျားဗသိန်း သိသည်။

သို့သော် ကျော်ထူး ညံ့ပါသည်။ သတ်ရမည့်သူကို ချက်ချင်းမသတ်ဘဲ တရားဟောနေခြင်းမှာ ဗသိန်း၏ စစ်သဘောတရားအရ မှားယွင်းသည်။ ကျော်ထူး နားမလည်ပါ။ သေခါနီး ဆရာကြီးကို အကျိုးအကြောင်းတွေ သဘောပေါက်အောင် ရှင်းပြနေရုံမက သူဝင်လုသည့် ကိစ္စကို အထင်အမြင် သေးမှာ စိုးသည်ထင့်၊ ဝါဒသဘောတရားတွေ စကားလုံးကြီးတွေနှင့် ကျားဗသိန်းကို အပုပ်ချနေ ဟိန်းဟောက်နေလိုက်သေးသည်။ ကျားဗသိန်းနှင့် မောင်သိုက် အခြေခံ တိုက်ကွက်တွေ မမေ့သေးပါ။ သို့သော် တိုက်ပွဲဖတ်ဝတ် ဂျာကင်ဝတ်ဝတ် နောက်ဘက်ခါးကြားမှာ သေနတ်တစ်လက် အမြဲဖွက်ပြီး ထိုးထားတတ်သော သူတို့ဆရာကြီး၏ အလေ့အထကို ကျော်ထူး မေ့နေသည်။ ဆရာ့ အရှိန်ကြောင့် ပျာနေတာလည်း ဖြစ်နိုင်သည်။

ကျားဆရာကို ကျောလိုက်ရသဖြင့် ဘဝင်မြင့်သွားတာလည်း ဖြစ်နိုင်သည်။ ‘ဟေ့ကောင် ကျော်ထူး၊ ငါ့ကို တရားဟောမနေနဲ့၊ မင်းလိုချင်တာ ဒါပဲ မဟုတ်လား ရော့ ယူသွား’ ဆိုပြီး ဗသိန်း ကျည်ဆန် သေတ္တာကို ဆောင့်ကန်ပစ်လိုက်သည်။ ချောက်ကမ်းပါး



အောက်သို့ လိမ့်ကျတော့မလို ဖြစ်နေသော သေတ္တာကို အာရုံရောက်သွားခိုက် ကျော်ထူး ရင်ဘတ်ကို ကျည်ဆန်တစ်တောင့် ထိုးဖောက်ဝင်ရောက်လာသည်။

ကြောင်တောင်ငေးကြည့်နေသော ဘညွန့်၏ ခန္ဓာကိုယ်ထဲ သေနတ် နှစ်လက်မှ ကျည်ဆန်များ အဆက်မပြတ် တိုးဝင်သွားကြသည်။ လူပ်ရှားနေသော ကျော်ထူး၏ ဦးခေါင်းကို ကျည်တစ်တောင့် အနီးကပ် ပစ်သွင်းသည်။ ဆင်နှာမောင်း တောင်ကြောမှာပင် ကျော်ထူးတို့ နှစ်ယောက်ကို မြှုပ်နှံသည်။ သူတို့ လက်နက်များကို တစ်နေရာ သတ်မှတ်၍ မြှုပ်နှံခဲ့သည်။ ပြီးလျှင် ကျားဗသိန်းနှင့် မောင်သိုက် နေရာရွှေ့ကာ တိုင်ပင်နှီးနှောကြသည်။

ကျော်ထူးတို့ ထွက်လာသည့် ကိစ္စကို အနည်းနှင့်အများ သိသူတွေ ရှိနိုင်သည်။ အနည်းဆုံး သူတို့ မိသားစု တစ်စွန်းတစ်စ သိနိုင်သည်။ သူတို့ ပျောက်ပြီ ဆိုလျှင် မေးကြ မြန်းကြနှင့် သတင်း အစအန ထွက်နိုင်သည်။ ထိုအခါ စုံစမ်းစစ်ဆေးခြင်းတွေ ရှိလာမည်။ သည်အတွက် ပြင်ဆင်ထားရမည်။ သူတို့ စည်းဝါးရိုက်ကြသည်။ ရတနာများကို နှစ်စုခွဲထုတ်ပြီး ကျည်ဆန်သေတ္တာခွံကို မြေမြှုပ်ခဲ့သည်။ အပြန်ခရီးတွင် ပို၍ သတိထားသည်။ လူနှင့် တွေ့နိုင်သည့် နေရာမှန်သမျှ အပင်ပန်းခံ၍ ကွင်းရှောင်ခဲ့ကြသည်။

လမ်းမှာ နောက်ထပ် အနှောင့်အယှက် မရှိ။ ချောချော မောမော ပြန်ရောက်သည်။ ကျားဗသိန်းနှင့် မောင်သိုက် ကိုယ့်နေရာကိုယ် ဟန်မပျက် ဆက်နေသည်။ ရတနာများကို တစ်ယောက်တစ်စု သိမ်းဆည်းသည်။ သိုသိုသိပ်သိပ် နေထိုင်ရင်း ဝေငှထောက်ပံ့ရေး အစီအစဉ်ကို အခြေအနေ အေးသွားသည့် အချိန်အထိ အကန့်အသတ် မရှိ ရွှေ့ဆိုင်းရန် ဆုံးဖြတ်ကြသည်။

*

www.burmeseclassic.ocm

www.burmeseclassic.ocm



တစ်လခန့်ကြာသောအခါ ကျားဗသိန်းထံသို့ စုံစမ်းရေး သမားနှစ်ဦး ရောက်ရှိလာသည်။ ကျော်ထူးနှင့် ဘညွန့် မြေပေါ်မှ ပျောက်သွားသည့် ကိစ္စအတွက် လာရောက်မေးမြန်းခြင်း။ ဘယ်ရောက်သွားသလဲ၊ ဘာလုပ်ကြသလဲ၊ ဘာဖြစ်မည်ထင်သလဲ။ ကျားဗသိန်း မသိပါ။ ကျော်ထူးတို့က အများကြီး အဆင့်နိမ့်သည်။ သူတို့နှင့် နောက်ပိုင်း မတွေ့ပါ။ ပျောက်နေကြသည် ဆိုသော သတင်းကိုမူ မိမိလည်း ကြားသည်။ သို့သော် ဘာလုပ်ကြသလဲ မိမိမခန့်မှန်းတတ်ပါ။ မိမိကိုယ်တိုင်လည်း သိချင်နေပါသည်ဟု ဖြေကြားခဲ့သည်။

စုံစမ်းသော ပုဂ္ဂိုလ်များ ပြန်သွားကြသည်။ ပတ်သက်သည့် လူကြီးတစ်ဦးအဖြစ် သာမန် စုံစမ်းမေးမြန်းခြင်းလား၊ မိမိအား လာရောက် အကဲခတ်ခြင်းလား မသိနိုင်။ သိအောင် စုံစမ်းလျှင် ကောင်းမည်လား။ ကျားဗသိန်းလို ပုဂ္ဂိုလ်အနေနှင့် သူ့လူနှစ်ယောက် ဘာဖြစ်သလဲ စုံစမ်းခြင်းမှာ သင်္ကာမကင်း ဖြစ်စရာ မရှိ။ သဘာဝကျသော အလုပ် ဖြစ်သည်။ ဘယ်လို စုံစမ်းမည် ဆိုသော ကိစ္စ စီစဉ်ဖို့သာ ရှိသည်။

သို့သော် ခက်နေသည်။ ကျားဗသိန်း ခေါင်းထဲတွင် အပြင်းအထန် လှုပ်ရှားတိုက်ခိုက်သည်။ အကြိတ်အနယ် ဝေဖန်ငြင်းခုံသည်။ ဆုံးဖြတ်ချက် မကျ။ လူက မလှုပ်။ လှုပ်ရှားရမှာ ဝန်လေးနေသည်။ ဆုံးဖြတ်ခြင်းနှင့် လှုပ်ရှားခြင်းတွင် သေနတ်မောင်း ဖြုတ်ခြင်းနှင့် ကျည်ဆန်ထွက်ခြင်းလို လျင်မြန်သည် ဆိုသော ကျားဗသိန်း၏ ခန္ဓာကိုယ်ယန္တရားမှာ အတားအဆီး အပိတ်အဆို့တွေ ရှိနေပြီ။

ပြဿနာကို မသိချင်ယောင် ဆောင်ကာ ရှောင်တိမ်းဖို့ ကြိုးစားခြင်းမှာ သူ့ပင်ကို သဘာဝ မဟုတ်။ သို့သော် သည်တစ်ကြိမ်မှာတော့ သူက တစ်ဖတ်သတ် ပြည်ဖုံးကား ချဖို့ ကြိုးစားခဲ့ပြီ။ ဘာကိုမှ စုံစမ်းခြင်း မပြုတော့။ မည်သူ့ကိုမျှလည်း ညွှန်ကြားခိုင်းစေခြင်း မပြုတော့။ ရန်သူနှင့် တွေ့သော ခရုကောင်လို တံခါး အလုံပိတ်ပြီး အခွံထဲမှာ ငြိမ်



နေလိုက်သည်။ အိမ်ရှေ့ ပင်လယ်နှင့် ကျောက်ဆောင် ကျောက်တန်းများမှ တစ်ပါး ဘယ်ကိုမှ မသွား။ ကြိမ်ကုလားထိုင်မှာ ငြိမ်ငြိမ်ထိုင်သည်။ အရက်ကိုကား ခါတိုင်းထက် တိုး၍ သောက်ဖြစ်လာခဲ့လေသည်။

သည်ကြားထဲတွင် ကျော်ထူးမိန်းမကတစ်ဆင့် ပျံ့လွင့်လာသော တီးတိုးစကားသည် သူတို့ နားသို့ ရောက်လာသည်။ အဖွဲ့ရန်ပုံငွေများကို ဗသိန်းတို့ ဆရာတပည့် ဘုံးသွားသည်၊ ဝေစုခွဲဖို့ ကြိုးစားသော ကျော်ထူးတို့ကို တောထဲမှာ ဖြောင်ပစ်ခဲ့သည်၊ ဟူ၍။ သည်လောက် ပျံ့လာမှတော့ သည်စကားကို ဥပဒေ အသိုင်းအဝိုင်းကလည်း ကြားပြီး ဖြစ်မည်ပေါ့။ အခိုင်အမာ မပြနိုင်သဖြင့်သာ လွှတ်ထားခြင်း၊ သို့မဟုတ် စောင့်ကြည့်နေခြင်း ဖြစ်ရမည်။

မိုးရွာ၍ တောင်ကမ်းပါးယံ ပြိုကျရာတွင် ကျော်ထူးတို့ အလောင်း ပေါ်လာသည်။ သစ်တောဘက်က လူတွေ တွေ့ခြင်းဖြစ်သည်။ အရိုးစုနှင့် အဝတ်အစားများ၊ ပြီး သူတို့ ခန္ဓာကိုယ်မှ ကျည်ဆန်ရှစ်တောင့်၊ ပါးစပ်ထဲမှ ရွှေသွားတစ်ချောင်းနှင့် အင်္ကျီအိတ်ထဲက မီးခြစ်တစ်လုံးကို ကြည့်ပြီး ကျော်ထူးတို့ပဲ ဖြစ်ရမည် ဟု ဆုံးဖြတ်ကြသည်။ ကျားဗသိန်း တစ်ကြိမ် အမေးခံရပြန်သည်။ အဖြေက ထိုနည်း လည်းကောင်း၊ မသိသည့် အကြောင်း။

*

အန္တရာယ် အခြေအနေတွင် ကိုယ့်ဘက်က ကာကွယ်ဖို့ ကိစ္စကို ဘာမှ ပြင်ဆင် လှုပ်ရှားခြင်း မပြု၊ စိတ်ပါလက်ပါ ဆွေးနွေးတိုင်ပင်ခြင်းလည်း မပြုဘဲ သည်အတိုင်း ငုတ်တုတ် ထိုင်နေသော သူ့ဆရာကို ကြည့်ပြီး မောင်သိုက် အံ့သြနေသည်။ ဘာကြောင့် ပြောင်းလဲသွားလေသလဲ။ ပို၍ အရေးကြီးလာလျှင် ရှောင်ကြ တိမ်းကြဖို့ဆိုသည်

www.burmeseclassic.ocm

www.burmeseclassic.ocm



ကိစ္စကို ဗသိန်း စိတ်မဝင်စား။ သည်နေရာက ခွာဖို့ သူ လုံးဝ စိတ်ကူးဟန် မတူ။ သူ့ဆရာကို ကြည့်၍ မောင်သိုက် စိုးရိမ်ချင်သည်။ အားငယ်ချင် လာသည်။

သို့သော် မသေချာ မခိုင်မာ၍ဘဲလား မသိ၊ မည်သူမျှ ရှာလား ဖွေလား ဖမ်းလား ဆီးလား မလုပ်ကြပါ။ ကျားဗသိန်း ကျောက်ချွန်း ပင်လယ်ကွေ့မှာပင် တစ်ဖဝါး မခွာ နေထိုင်သည်။ လာသူကို လက်ခံ တွေ့ဆုံသည်။ မိမိက မည်သူ့ထံမျှ သွားရောက်ခြင်း မရှိ။ မည်သူနှင့်မျှ အဆက်အသွယ်လည်း မလုပ်။ တစ်ခုတော့ ရှိသည်။ အရက်ကောင်း ကောင်းလေးများ ရှာဖွေ ဝယ်ခြမ်းပေးပို့နေကျ မိတ်ဆွေ တစ်ဦး နှစ်ဦး နှင့်တော့ အဆက်အသွယ် မပြတ် ရှိရသည်။

သို့သော် အကောင်းမှချည်း သောက်သည်တော့ မဟုတ်။ အရောင်မပါသည့် အရက်များလည်း သူသောက်တတ်နေပြီ။ အနီးပါး နားမှ ချက်လုပ်သည့် ရပ်ဖြစ် ရွာဖြစ် သန့်သန့်ကလေးများလည်း သူ မြည်းစမ်းပြီး ကြိုက်တတ်လာသည်။ သည်လိုနှင့် တစ်နှစ်နီးပါး ကြာသွားသည်။ ကျားဗသိန်း လူတွေနှင့် စိမ်းသွားခဲ့သည်။ သို့သော် ရေဇလာမှ သတ္တဝါတွေနှင့်ကား ပို၍ ရင်းနှီး ကျွမ်းဝင်လာခဲ့ပေသည်။

*

ပင်လယ်ကမ်းခြေ၌ နေရောင်ခြည် လင်းလက်တောက်ပနေသည်။ ကျား ဗသိန်း ကုလားထိုင်မှာ ထိုင်လျက် ပင်လယ်ပြင်ကို ငေးကြည့်နေသည်။ ညက လူရင်း တပည့်တစ်ယောက် လျှို့လျှို့ဝှက်ဝှက် ရောက်လာပြီး သတင်းတစ်ခု ပြောသည်။ မောင်သိုက်ကို ရန်ကုန်မှာ ရွှေချောင်းတွေနှင့် ဖမ်းမိသည် ဆိုသော သတင်း။

အမှုအေးပြီ ထင်ပြီး မောင်သိုက် ပစ္စည်းများကို ထုခွဲရန် ကြိုး စားခဲ့ခြင်း ဖြစ်သည်။ မိမိကို တိုင်ပင်ခြင်း မပြုခဲ့။



အိမ်ရှေ့သဲသောင်ပြင်တွင် လူနှစ်ယောက် ဟိုကြည့်လိုက် သည် ကြည့်လိုက် ခရုခွံ ကောက်လိုက်နှင့် လမ်းလျှောက်လာနေသည်။ လွယ် အိတ်ကိုယ်စီနှင့်။ တံငါသည်နှင့် မတူ။ ခရီးသွားနှင့်လည်း မတူ။ သည်နေရာနှင့် မဆိုင်သော လူများ ဖြစ်ကြောင်း သေချာသည်။ သူ့ အိမ်ရှေ့မှ ကျော်၍ ပင်လယ်ကွေ့ တစ်ဘက်စွန်း ကျောက်တောင်ဆီ သို့ ဦးတည်သွားနေကြသည်။

ကျားဗသိန်း ပင်လယ်ပြင် ဝတ်စုံလဲသည်။ ဘောင်းဘီတို၊ ရေငုပ်မျက်မှန်၊ မှိန်းသေနတ်နှင့် ခါးက ဓားမြှောင်။ ဖန်ခွက်တွင် ရမ် လက်သုံးလုံးခန့် ရေလက်တစ်လုံးခန့် ထည့်ပြီး နှစ်ကျိုက် ဆက် တိုက်မော့သည်။ ရေစပ်သို့ ရောက်သည့်အချိန်တွင် ကမ်းကွေ့ လကျ်ာ ဘက် အစွန်းမှ ကားသံ ကြားရသည်။ ဂျစ်ကားတစ်စီးနှင့် လင့်ရိုဗာကား တစ်စီး၊ နှစ်စီးလုံး အပြာရောင်။ အုန်းပင်တွေကြားမှ မောင်းလာနေကြ သည်။ သူ့အိမ်သို့ လာကြတာပဲ ဖြစ်လိမ့်မည်။ ကျားဗသိန်း ဆက်ကြည့် မနေဘဲ သွားနေကျ ကျောက်ဆောင်ဆီသို့ ကူးခတ်လာခဲ့သည်။

*

ဘဝဲက တစ်နေရာဆို တစ်နေရာပဲ စွဲစွဲမြဲမြဲ နေသည်။ ကျားဗသိန်းကို မျက်လုံး ကြောင်ကြောင်နှင့် ကြည့်နေသည်။ လက်တံတွေ အားလုံး ကျောက်ဆောင်ကြားမှာ ဝှက်ထားသည်။ ခင်ဗျားက နေ့တိုင်း လာတာ ပဲကိုးဟု ပြောချင်သလားမသိ။ ကျားဗသိန်း သူ့ကို အတန်ကြာ စူး စိုက်ကြည့်နေသည်။ ထို့နောက် 'ခင်ဗျား ကြိုက်မလား မသိဘူး၊ ကျုပ် ခင်ဗျားအတွက် ငါးတစ်ကောင် သွားရှာလိုက်ဦးမယ်' ဟု စိတ်ထဲက ပြောခဲ့ပြီး ကျောက်ဆောင်တန်း တစ်ဝိုက်မှာ ငါးလိုက်ရှာသည်။

သိပ်မကြာပါ။ ရေထဲက နေခြည်မှာ အရောင်အဝါ [illegible] ပြောက်နှင့် ငါးနီမတစ်ကောင် တွေ့လိုက်ရသည်။ တစ်[illegible]သာခန့်

www.burmeseclassic.ocm

www.burmeseclassic.ocm



ရှိမည်။ လမ်းသလားနေသော ငါးနီမ မှိန်းဆူးထိပ်မှာ ဖျပ်ဖျပ် ခါသွားသည်။ ငါးတန်းလန်းနှင့် မှိန်းဆူးကို ကိုင်ကာ ရေပေါ် ရောက်သည့် အခိုက် ခြံဘက်သို့ လှည့်ကြည့်မိသည်။ အိမ်ဘေး ကွက်လပ်မှာ ကားပြာ နှစ်စီး ရပ်ထားတာ မြင်လိုက်ရသည်။

ကျားဗသိန်း ဘဝဲဆီသို့ ပြန်လာသည်။ ဘဝဲက မူလ အနေအထားအတိုင်း။ သူက မှိန်းသေနတ်ကို သိုင်းလွယ်ကာ မှိန်းဆူးထိပ်မှာ ကန့်လန့်ခံနေသည့် ငါးနီမကို ဘဝဲဆီသို့ အသာထိုးပေးသည်။ မှိန်းဆူးက အရှည် တစ်တောင်ကျော်လောက်ပဲ ရှိသည်။ ဘဝဲ လှုပ်ရှားသည်ကို မြင်လိုက်ရပြီး သူ့ဆီမှ မည်းပြာပြာ အရည်များ ရုတ်တရက် ပန်းထွက်လာသည်။ ချက်ချင်းဆိုသလို ရေက နောက်ကျိမှုန်မှိုင်းသွားသည်။ အန္တရာယ်ကို ကာကွယ်လိုက်ခြင်း။ ဘဝဲတို့၏ သဘာဝ လက်နက်တစ်ခု။ ဗသိန်း ခေါင်းထဲမှာ တစ်စုံတစ်ရာကို အလန့်တကြား သွားသတိရသည်။ စစ်မြေပြင်သုံး မီးခိုးမှိုင်း။ မီးခိုးလန့်လန့်ကာ နောက်မှ အတင်း တိုးဝင် တိုက်ခိုက်လာမည့် ရန်သူ။ ကျောက်ဆောင် အစွန်းကို ကိုင်ပြီး ရေပေါ်သို့ အလျင်အမြန် တွယ်တက်သည်။ ရေပေါ်သို့ ဦးခေါင်း ရောက်သည့် အချိန်တွင် လက်ဝဲခြေထောက်၌ တစ်စုံတစ်ခု တွယ်ကပ်ကာ မိမိအား ဆွဲချနေသည်ကို ခံစားလိုက်ရသည်။

ကျောက်ဆောင်စွန်းကို တင်းတင်းကိုင်ရင်း ရေပေါ်၌ အသက်ဝအောင် ရှူနေရသည်။ လက်တစ်ဘက်မှာ ငါးတန်းလန်းနှင့် မှိန်းဆူးကို ကိုင်လျက်သား။ ထိုအခိုက် ခြေသလုံး အသားမြုပ်အောင် ကိုက်ခဲတာ ခံလိုက်ရသည်။ ခြေထောက်ကို သူ အတင်းယမ်းခါကာ အောက်သို့ ကမန်းကတန်း ငုပ်လျှိုးသည်။

ခပ်မှုန်မှုန်ရေ၌ ဘဝဲ၏ ဦးခေါင်းကို မြင်ရသည်။ မျက်စိတစ်လုံးကို တည့်တည့်ကြီး မှိန်းဆူးနှင့် ထိုးထည့်သည်။ ဘဝဲ မျက်စိ မှိတ်သွားသည်။ သို့သော် ဆူးက ခန္ဓာကိုယ်ထဲ သိပ်မဝင်။ ကျောက်ဆောင်နံရံသို့ ဖိတွန်းကာ တအား ထိုးထည့်သည်။ ဘဝဲ လက်တံများက



သူ့ကိုယ်အနှံ့ ရှုပ်ယှက်ခတ် နေသည်။ သူ ဘာမှ မလုပ်နိုင်၊ မှိန်းဆူးကိုသာ လက်နှစ်ဘက်နှင့် တင်းတင်း ကိုင်၍ ဖိထိုးထားသည်။ ဘဝဲ လက်တွေ ပြေလျော့ကျလာသည်။ လက်ဝဲ ခြေထောက်မှ လက်တံ တစ်ချောင်းသာ ကပ်နေသေးသည်။

လူက မောလှပြီ။ အသက်ရှူကျပ်နေပြီ။ မှိန်းဆူးကို လွှတ်လိုက်ပြီး ခြေထောက်မှ လက်တံကို ဆွဲခွာဖို့ ငုံ့လိုက်စဉ် ကြီးမားသော ခန္ဓာကိုယ်နှင့် တည့်တည့်ကြီး ဝင်လာသော ငါးတောက်တူကို မြင်လိုက်ရသည်။ မျက်လုံးများက ကြောက်မက်ဖွယ်။ ဟနေသော ပါးစပ်ထဲတွင် ချွန်ထက်သော သွားများကို မြင်နေရသည်။ လွယ်ထားသော မှိန်းသေနတ်ကို ကပျာကယာ ဖြုတ်ယူသည်။ ပစ်ဖို့ အချိန်မရ။ လက်နှစ်ဘက်နှင့် ကိုင်ကာ ငါးပါးစပ်ထဲ ကန့်လန့်ထိုး ခံထားလိုက်သည်။ ငါးက အရှိန်နှင့် ဝင်ဆောင့်သည်။ လူတစ်ကိုယ်လုံး နောက်ဘက်လန်ထွက်သွားသည်။ ငါးက ပါးစပ်မှာ မှိန်းသေနတ် ကန့်လန့်ကိုက်လျက် ကျောက် ဆောင်နံဘေး ရောက်သွားသည်။ ကျားဗသိန်း ခါးက ဓားမြှောင်ကို ဖြုတ်သည်။ ငါးကို မိရာ နေရာ လှမ်းထိုးသည်။ ငါးလှည့်ပြီး ကိုက်ရန် ကြိုးစားသည်။ အတင်းဝင် ဖက်ပြီး ငါးဝမ်းဗိုက်ကို ဓားနှင့် တအား ဖိထိုးသည်။ သူ့မျက်လုံးတွေ ပြာဝေနေပြီ။ ငါးတအား ရုန်းကန်သည်။ ကျားဗသိန်း အရှိန်နှင့် လွင့်သွားပြီး ကျောက် ဆောင်နှင့် ရိုက်မိသည်။ သူ့မျက်စိ ဘာမှ မမြင်တော့။

*

အချိန်တန်၍ ပြန်မရောက်သောအခါ စောင့်ဆိုင်းသူတို့ စိုးရိမ်လာသည်။ ပင်လယ်ကွေ့ ဟိုဘက်ထိပ် သည်ဘက်ထိပ် အဆောင့်ချသည်။ ဖြန့်ရှာသည်။ မတွေ့ကြ။ သုံးနာရီခန့် ကြာသောအခါ ကျားဗသိန်း သွားခဲ့သည့် ကျောက်ဆောင်များဆီသို့ လှေနှစ်စင်းနှင့် လာကြသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ဟိုဟိုသည်သည် ကြည့်ကြသည်။ ကျောက်ဆောင်စွန်း တစ်ခု၏ အောက်ဘက် ကြည်လင်သော ရေထဲတွင် မှိန်းဆူးတန်းလန်းရှိသော ဘဝဲကောင်နှင့်အတူ မွေ့ဖက်လျက် လှိုင်းအဆုံတ်အတက်တွင် လှုပ်ရှား မျောပါနေသော ကျားဗသိန်း အလောင်းကို တွေ့ကြရသည်။

နောက်တစ်နေ့ နံနက်တွင်မှု ငါးတွေ ကိုက်ထားသဖြင့် အပုံအရွဲ့တွေ ဗရပွ ဖြစ်နေသော ပိသာချိန် တစ်ရာကျော်ခန့် ရှိမည့် ငါးတောက်တူကြီး တစ်ကောင်ကို ပင်လယ်ကမ်းစပ်၌ မေးတင်၍ နေတာ တွေ့ကြရလေသည်။

[မဟေသီ။ ။ဇူလိုင်၊ ၁၉၈၆]

## လက်မရှိ

ဦးထွန်းငြိမ်း ကျောင်းခြံ တံခါးကို ပြန်စေ့ထားလိုက်ပြီး လက်ကကိုင်လာသော ဖိနပ်ကို ချစီးကာ တောလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ လမ်းကလေးက ဘုန်းတော်ကြီး ကျောင်းနှင့် ကားလမ်းမကို ဆက်သွယ်ပေးထားသည်။ ညီညာ ဖြောင့်တန်းပြီး နှစ်ဖာလုံခန့် ရှည်လျားသည်။ လမ်းကလေး တစ်ဘက်တစ်ချက်တွင် ကျယ်လွင့် ပြန့်ပြူးသော လယ်ကွင်းများ။ တာလမ်းမ ရောက်လျှင် လက်ျာဘက် ချိုးကာ ရွာဆီသို့ နှစ်ဖာလုံခန့်ပင် ဆက်လျှောက်ရဦးမည်။ ကားလမ်းဘေး တစ်လျှောက်၌ ကုက္ကိုပင်များ စီတန်းလျက် ရှိသည်။ ထို့နောက်၌ သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ရွာအစု၊ ညနေခင်း လေပြည်ကလေးနှင့် အတူ ရွာပတ်ဝန်းကျင်မှာ စိတ်ချမ်းမြေ့စရာ သာယာလှသည်။

ဦးထွန်းငြိမ်း စိတ်မှာ ကြည်လင်အေးချမ်းနေသည်။ ကျေနပ်နှစ်သိမ့်မှုတွေ ပြည့်ဝနေသည်။ ဦးထွန်းငြိမ်း ကြီးကြာရွာသို့ ယခင်က သေသေချာချာ ရောက်ဖူးသည် မဟုတ်။ ကားလမ်းမပေါ်က ရွာဖြစ်[illegible] ဖြတ်သွား ဖြတ်လာတော့ ရှိဖူးသည်။ ယခုသမီးဖြစ်သူ အလုပ်[illegible] ကျတော့မှ သည်ရွာသို့ တသီးတသန့် ရောက်လာခဲ့ရခြင်း [illegible]သည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



သမီး မူလတန်းဆရာမ အလုပ်လျှောက်တော့ မြို့ပေါ်နှင့် မြို့နီးချုပ်စပ်တွင် မရနိုင်ပါက ကြိုးကြာတို့၊ သဖန်းကုန်းတို့ အုပ်စုဘက်သို့ နေရာချပေးပါရန် တတ်နိုင်သမျှ လိုက်လံ၍ မေတ္တာရပ်ခံခဲ့သည်။ သည်ရွာစုတွေက အစဉ်အဆက် အေးချမ်းခဲ့သော ရွာများ ဖြစ်သည်။ လူရိုးလူကောင်းတွေ များသည်။ မြောက်ဘက်ပိုင်းက ကျေးရွာအုပ်စုများဘက်သာဆိုလျှင် ဦးထွန်းငြိမ်း သမီးကို လွှတ်ဝံ့မည် မဟုတ်။ သည်ဘက်တွေက ကြမ်းသည်။ ဆိုးဆိုးရွားရွား မတွေးရဲစရာ ကိစ္စတွေ ဖြစ်ခဲ့ဖူးသည်။

ဦးထွန်းငြိမ်းမှာ သည်သမီးတစ်ယောက်သာ ရှိသည်။ ဇနီးဖြစ်သူက သမီး တက္ကသိုလ်တက်တုန်းမှာပင် ဆုံးပါးသွားခဲ့သည်။ ချစ်စရာခင်စရာ တွယ်တာစရာ ဆို၍ သည်သမီး တစ်ယောက်သာ ကျန်ရစ်သည်။

တစ်ချိန်က ဦးထွန်းငြိမ်းသည် သံယောဇဉ် ဆိုသည်ကို နားလည်သူ မဟုတ်။ ရှေ့ရေးနောက်ရေး တွေးပူတတ်သူလည်း မဟုတ်။ စိတ်သွားတိုင်း ကိုယ်ပါသူ၊ ထစ်ခနဲ ရှိလျှင် ထလုပ်လိုက်တတ်သူ ဖြစ်သည်။ သို့သော် လူဆိုသည်မှာ ပြောင်းလဲတတ်သော သဘော ရှိသည်။ ယခုနေအခါတွင် ဦးထွန်းငြိမ်းသည် သမီးအရေးမှ တစ်ပါး ဘာကိုမှ မစဉ်းစား၊ သမီးသာ သူ့ဘဝ ဖြစ်သည်။ သမီးရှေ့ရေးအတွက် အမျိုးမျိုးတွေးပူသည်။ သမီးအတွက် အစိုးရိမ်ကြီးကာ အစစအရာရာ ရင်အုပ်မကွာ လိုက်လံစောင့်ရှောက်သည်။ ယခုအနေ သေမည်ဆိုလျှင် မသေနိုင်သေး။ နည်းနည်းပါးပါး ဖျားလျှင် နာလျှင်ပင် သေများ သေသွားလေမလားဟု အမျိုးမျိုး တွေးကြောက်သည်။ အန္တရာယ်ထူပြောသော လူ့လောကကြီးထဲတွင် သမီးအား မိမိကဲ့သို့ စောင့်ရှောက်မည့်သူ သို့မဟုတ် စောင့်ရှောက်နိုင်စွမ်း ရှိသူ မတွေ့မချင်း ဦးထွန်းငြိမ်း အသေမဖြောင့်နိုင်သေး။

ဦးထွန်းငြိမ်းမှာ တစ်သက်လုံး စုဆောင်းလာသည့် ငွေကြေး



ဥစ္စာ ရှိသည်။ ပြီး မိတ်ဆွေ တစ်ဦးနှင့် စပ်တူလုပ်ထားသော သစ်စက်ကလေး တစ်ခုလည်း ရှိသဖြင့် သားအဖ နှစ်ယောက် စားဝတ်နေရေးအတွက် ပူစရာမလို။ သို့သော် သမီးဖြစ်သူက အများတကာ နည်းတူသူ့ပညာကလေးနှင့် အလုပ်လုပ်ချင်သည် ဆိုသောအခါ သမီး စိတ်ကျေနပ်အောင်၊ လူတော သူတော ဝင်ဆန့်အောင်ဟူ၍ ကျောင်းဆရာမအလုပ်ကို လုပ်ခွင့်ပေးခဲ့သည်။ ယခု ကြိုးကြာရွာတွင် တာဝန်ကျသောအခါ သမီးကို ကိုယ်တိုင် လိုက်ပို့သည်။ ကျေးရွာလူကြီးများအား သမီးကို ဂရုစိုက်စောင့်ရှောက်ပါရန် သေချာစွာ အပ်နှံသည်။ ကျောင်းအုပ်ဆရာမ အပျိုကြီးအိမ်တွင် အတူနေထိုင်ရန် စီစဉ်နေရာချသည်။ ယခုလည်း ရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ခြင်းမှာ သည်ဘက်နယ်၌ ထင်ရှားသည့် ဆရာတော် ဦးဝိမလအား သွားရောက် ဖူးမြော်ရုံသက်သက်မဟုတ်။ သမီးအတွက် ဘက်စုံထောင့်စုံမှ မလစ်လပ်ရအောင် အစောင့်အရှောက် အထောက်အပံ့ ရယူသော သဘောလည်း ဖြစ်သည်။

စပါးရိတ်သိမ်းပြီး ဖြစ်၍ လယ်ကွင်းပြင်၌ ရိုးပြတ်များသာ ကျန်ရစ်သည်။ လက်ျာဘက် အခြမ်းတွင် လယ်တဲကလေး တစ်လုံး၊ စပါး ရိတ်ချိန်က တလင်းလုပ်ခဲ့သည့် လယ်ကွက်ထဲမှာ ဆောက်လုပ်ထားသည်။ တဲဘေးမှာ လှည်းတစ်စီး ဒေါက်ထောက်၍ ထားသည်။ နွားနှစ်ကောင်က လှည်းအနီးမှာ လဲလျောင်းလျက်။ တဲအနီး မြေကွက်မှာမူ မြေပဲစိုက်ရန် ထွန်ယက်ထားသည်ကို တွေ့ရသည်။ တဲကလေးနံဘေးတွင် လူတစ်ယောက် ပေါက်တူးတစ်လက်နှင့် မြေပေါက်နေသည်။ ဦးထွန်းငြိမ်း အနီးသို့ ရောက်လာသည့်အခါ ပေါက်တူးချပြီး လှမ်းနှုတ်ဆက်သည်။

'ဘကြီး၊ ဘုန်းကြီးကျောင်းက ပြန်လာတယ် ထင်တယ်'

ရုတ်တရက် နှုတ်ဆက်လိုက်သဖြင့် ဦးထွန်းငြိမ်း အံ့အား[illegible]သွားသည်။ အသက်ငယ်ငယ် ရှိပေမယ့် ဖော်ဖော်ရွေရွေ ဆက်[illegible]သားဟု တွေးမိသည်။ လူက လူငယ်၊ ကြွက်သား [illegible]

www.burmeseclassic.ocm

www.burmeseclassic.ocm



သန်မာထွားကျိုင်းသည်။ မျက်နှာကတော့ မြင်ဖူးသလို မမြင်ဘူးသလို။ ရင်းရင်းနှီးနှီး နှုတ်ဆက်ပုံထောက်တော့ မနေ့က ကျေးရွာလူကြီး အိမ်မှာ တစ်နေ့လုံး ထိုင်ရင်း မိတ်ဖြစ်ဆွေဖြစ် စကားပြောလိုက်ရသည့် ရွာသား ဆယ့်လေးငါးယောက်ထဲက တစ်ယောက် ဖြစ်ဟန် တူသည်။

'အေး၊ ဟုတ်တယ်ကွယ့်၊ ဆရာတော် ဘုရားကို သွားကန်တော့တာ၊ ဆရာတော် ဘုရားကြီးက သိပ်ကြည်ညိုစရာ ကောင်းတာပဲ၊ ကျောင်းဝင်းကလဲ တကယ်သာယာတယ်နော်' ဦးထွန်းငြိမ်းက ရင်းရင်းနှီးနှီး ပြန်ပြောလိုက်သည်။ သေးညှက်သော ခန္ဓာကိုယ်၊ သက္ကလပ်တိုက်ပုံအနက်၊ ဖွေးဖွေးဖြူသော ဦးခေါင်းနှင့် ကြည်ညိုသဒ္ဓါပွားသော စကားကို ဆိုနေသည့် ဦးထွန်းငြိမ်း၏ ရုပ်သွင်မှာ ဘာသာတရား ကိုင်းရှိုင်းသည့် မြန်မာလူကြီး တစ်ဦးအဖြစ် ရိုသေလေးစားချင်စရာ ဖြစ်သည်။

'ကြုံတုန်း ကြိုက်တုန်း ထိုင်ပါဦးလား ဘကြီး၊ ရေနွေးကြမ်းလေး ထန်းလျက်ကလေး မြည်းရင်းပေါ့' လူငယ်က ဖိတ်ခေါ်သည်။ ဦးထွန်းငြိမ်း မဆိုင်းမတွပင် လယ်ကွင်းထဲ ဆင်းလာခဲ့သည်။ ဖော်ရွေသွက်လက်သော လယ်သမား လူငယ်ကို သဘောကျသည်။ သမီးအတွက် တစ်ရွာလုံးနှင့် အဆင်ပြေအောင် ပေါင်းထားရမည်ဟုလည်း သူ့ခေါင်းထဲမှာ မူဝါဒက ရှိထားသည်။

တဲကလေး အပြင်ဘက် ကွက်လပ်တွင် စားပွဲခုံပုကလေး တစ်လုံး ရှိသည်။ ခုံကလေးပေါ်တွင် ရေနွေးကြမ်းအိုးနှင့် အကြမ်းပန်းကန် တစ်လုံး၊ ထန်းလျက်ခဲထည့်ထားသည့် ဖန်ပုလင်းကလေး တစ်လုံး ရှိသည်။ လူငယ်က တဲထဲမှ ဖင်ထိုင်ခုံ အသေးလေး တစ်လုံးယူလာပြီး စားပွဲဝိုင်းကလေး နံဘေးမှာ ချပေးသည်။ 'ထိုင်ပါ ဘကြီး'

ဦးထွန်းငြိမ်း ခုံသေးကလေးမှာ ဝင်ထိုင်သည်။ လူငယ်က အနီးရှိ ကန်သင်းရိုးပေါ် သွားထိုင်သည်။

'ဘာတူးနေတာလဲ၊ ဇီဇိ (ဒီပိုး) လား' ဦးထွန်းငြိမ်းက ပေါက်တူးနှင့် မြေတွင်းနက်နက်ကို ကြည့်ပြီး မေးသည်။



'မဟုတ်ပါဘူး ဘကြီး၊ ခွေးသေကောင် မြှုပ်မလို့ပါ'

လူငယ်က ဖြေသည်။

'တွင်းက မကြီးဘူးလား'

'မကြီးပါဘူး ဘကြီး၊ ခွေးကတော်တော် အကောင်ကြီးတယ်၊ ပြီးတော့ ခပ်နက်နက်ကလေး မြှုပ်ချင်လို့'

ဦးထွန်းငြိမ်း အနီးအပါး လှည့်ကြည့်သည်။ ခွေးသေကောင် မတွေ့။ တဲထဲမှာ ဖြစ်လိမ့်မည် ထင်သည်။ တဲကလေးက မြေကြီးနားထိ ကပ်ပြီး ဓနိမိုးနှင့် ကာရံထားသဖြင့် အတွင်းသို့ မမြင်ရ။ လူငယ်က ရေနွေးကြမ်း ငှဲ့ပေးကာ 'သောက်ပါဦး ဘကြီး၊ ခုလေးတင် ချထားတာ၊ ပူပူလေးပဲ ရှိသေးတယ်'

ဦးထွန်းငြိမ်း ရေနွေးကြမ်းခွက်ကို ကိုင်၍ တစ်ကျိုက် သောက်သည်။

'ဘယ်လိုလဲ၊ ဒီနှစ်စပါး တော်တော်လေး ရလိုက်ရဲ့လား'

'အထိုက်အလျောက်တော့ ရပါတယ် ဘကြီး၊ ဒါပေမယ့် လယ်တစ်ခုတည်းနဲ့ မလုံလောက်တော့ အခု ပဲစိုက်ဖို့ လုပ်နေတယ်။ ကြားပေါက် ကြားပေါက်လဲ အမဲလေး ဘာလေး လိုက်ရသေးတယ်'

'ဒီတောမှာ ဘာကောင်တွေ ရတတ်လဲ'

'အဓိကတော့ တောဝက်ပေါ့ ဘကြီး၊ ဆတ်တွေ ဘာတွေလဲ ရှိတော့ ရှိတယ်။ ဒါပေမယ့် ကိုယ်က သေနတ်သမား မဟုတ်တော့ မရဘူးပေါ့'

'တောဝက်ကျတော့ ဘာနဲ့ ဖမ်းသလဲ'

အမှတ်တမဲ့ မေးမိသည်။

'မဖမ်းဘူး ဘကြီး၊ ထိုးတာပဲ။ သူများတွေကတော့ ကိုင်းထောင်တယ်။ ဘိနဲ့ ဖမ်းတယ်။ တစ်ချို့လဲ လှံနဲ့ ဝိုင်းထိုးကြတယ်။ ကျွန်တော်ကတော့ ဓားတစ်လက်၊ လှံတစ်စင်းနဲ့ ခွေးတစ်ကောင်ပါရင် ကိစ္စ ပြီးတယ်'

www.burmeseclassic.ocm

www.burmeseclassic.ocm



ပြောပြောဆိုဆို နေရာမှ ထသွားပြီး တဲနံရံတွင် ထိုးထားသော ဓားကို ဆွဲထုတ်ယူလာခဲ့သည်။ ဓားက ဓားမဦးချွန်။ ဓားမြှောင်အကြီးစားမျိုး။ အရိုးရော အသွားပါ တစ်တောင်ခန့် ရှည်သည်။ ချွန်မြနေသည်။

ဦးထွန်းငြိမ်း ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားသည်။ သူက သည်လိုဓား၊ လှံ၊ လက်နက် ထုတ်ပြတာမျိုးကို မကြိုက်။ ထိုးသတ်သည့် အသံတွေလည်း မကြားချင်၊ မကြားနိုင်။ သူက တစ်ခြားစကား လှည့်ပြောဖို့ ပြင်သည်။ ပြောပေါက်မရ။ လူငယ်က အားရပါးရ မြိန်ရည်ယှက်ရည် ဆက်ပြောသည်။

'ကျွန်တော်က လှံရော၊ ဓားရော ကျွမ်းတယ်။ ဒီဓားက ကျွန်တော့် အဘိုးလက်ထက်က ဓား။ ကျွန်တော်ငယ်ငယ်လေးကတည်းက အမွေရထားတာ၊ ငယ်ငယ်ကတည်းက ကျင့်လာတာ ဆိုတော့ ဓားက ပစ်လိုက်ရင် ကျွန်တော် စိတ်ထဲက မှန်းလိုက်တဲ့ နေရာကို တန်းနေအောင် မှန်တယ်။ တည့်တည့်ပြေးဝင်လာတဲ့ ဝက်ဟာ နှာနု မှန်ရင် မှန်၊ ဒါမှမဟုတ် လည်ပင်းနဲ့ ပခုံး တစ်နေရာရာ ဓားစိုက်ပြီးလဲ တာပဲ။ ခပ်သေးသေးကောင် ဆိုရင် တစ်ခါတစ်လေ လှံချက်လိုက်စရာတောင် မလိုဘူး'

'မောင်ရင်က ကြိုးကြာဇာတိပဲလား'

ဦးထွန်းငြိမ်းက အကြောင်းအရာ ပြောင်းသွားစေရန်အတွက် သူ့စကား အရပ်တွင် ဖြတ်ပြီး မေးလိုက်သည်။

'မဟုတ်ပါဘူး ဘကြီး၊ ကျွန်တော်က မြောက်ဘက်ကပါ။ ကြိုးကြာသူနဲ့ အိမ်ထောင်ကျပြီး ဒီမှာ အခြေချနေတာ'

သူက ဦးထွန်းငြိမ်းကို တစ်ချက် အကဲခတ် ကြည့်ပြီး ဆက်ပြောသည်။

'မြောက်ဘက်နယ်တွေ ဘကြီး ရောက်ဖူးတယ် မဟုတ်လား။ သပြေပင်တန်းတို့၊ ဘန့်ပွေးကုန်းတို့၊ ကညင်စုတို့။ ကျွန်တော်က သပြေ



ပင်တန်းသား ဘကြီး'

'ဩော် သပြေပင်တန်းသားကိုး၊ ဘယ်သူ့သားလဲ'

ဦးထွန်းငြိမ်း လှုန္နမပျက် မေးသည်။

'ဘကြီးကတော့ ဘယ်သိပါ့မလဲလေ။ ဒါပေမယ့် ကျွန်တော်ကတော့ ဘကြီးအကြောင်း ကောင်းကောင်းသိတယ်။ ဘကြီးနာမည် ထွန်းငြိမ်း၊ လက်မရွံ့ ထွန်းငြိမ်း'

လူငယ်က ရုတ်တရက် ပြောလိုက်သည်။

ဦးထွန်းငြိမ်း မျက်နှာပျက်သွားသည်။ အခြေအနေက သွေးရိုးသားရိုး မဟုတ်။ ထပြန်ရမလား သူ စိတ်ကူးသည်။ နောက်တော့ ဟန်ကိုယ့်ဖို့ ဆိုသော သဘောမျိုးဖြင့် ဟန်မပျက် ဆက်ထိုင်သည်။

'ထွန်းငြိမ်း ဟုတ်ပါတယ်။ ဒါပေမယ့် လက်မရွံ့ ဆိုတာကတော့ မလိုသူတွေက ကွယ်ရာမှာ ခေါ်ကြတာ၊ ဘကြီး မကြိုက်ဘူးကွယ့်'

ဦးထွန်းငြိမ်းက ခပ်တင်းတင်း ပြောလိုက်သည်။

'ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော်က ကြားဖူးသလို ပြောတာပါ၊ ဘကြီးက ရာဇဝင်နဲ့ လူ မဟုတ်လား။ ဒီဘက်နယ်က လူတွေ မသိပေမယ့် သပြေပင်တန်းမှာတော့ ဘကြီး ရာဇဝင်က ဟောင်းသေးတာမှ မဟုတ်ဘဲ'

လူငယ်က မထိတရီနှင့် ဆိုသည်။

'မောင်ရင် ဘာသဘောနဲ့ ပြောနေတာလဲ'

ပြောပြောဆိုဆို နေရာမှ ထရန် ဟန်ပြင်သည်။ လူငယ်က ဖြတ်ခနဲ အနားတိုးလာပြီး

'နေပါဦး ဘကြီးရဲ့၊ အေးအေးဆေးဆေးပေါ့'

ဆိုပြီး ပခုံးကို ခပ်ဖိဖိကိုင်ကာ ပြန်ထိုင်ခိုင်းသည်။

ဦးထွန်းငြိမ်း ဒေါသထွက်သွားသည်။ လူငယ်ကို မာန်နှင့် ကြည့်သည်။ လူငယ်က ခပ်ပြုံးပြုံး၊ ခပ်အေးအေး ဟန်ပန်မျိုး။ ဘာသဘောနည်း။ သည်လို အေးစက်စက် သမားတွေ ကြောက်စရာ ကောင်းသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ပြုံးပုံ ပြုံးနည်းကလည်း ဆန်းသည်။ ပြီးတော့ သပြေပင်တန်းသား။ ဘယ်သူ့ သားမြေး ဖြစ်လေသလဲ။ စဉ်းစားစရာ လူတွေက များလှသည်။ ဦးထွန်းငြိမ်း စိုးရိမ်လာသည်။ အခြေအနေ ကြည့်ရမည်။ သတိထားရမည်။ ဒေါသနေရာမှာ အစားဝင်လာသော ကြောက်စိတ်ကို မျိုသိပ်ကာ အနေအထားကို သုံးသပ်သည်။

တဲက ရွာနှင့် အလှမ်းအတော်ဝေးသည်။ ပတ်ဝန်းကျင် လယ်ကွင်းများမှာလည်း လူသူမမြင်။ ခေါ်၍ အော်၍ ကြားနိုင်မည် မဟုတ်။ လူငယ်က အားခွန်ဗလ ကောင်းသည်။ လက်မောင်းနှင့် ရင်အုပ်ကြွက်သားများမှာ တွေ့စကထက်ပင် ကြီးထွားလာသလို ထင်ရသည်။ မိမိက အသက်ခြောက်ဆယ့်ငါးနှစ် ရှိပြီ။ ပြီး လူက ဗလံ။ တစ်ချိန်သောအခါတုန်းကတော့ ထွန်းငြိမ်းကို ဗလံဟု ထင်ဝံ့သူ မရှိခဲ့။ လူကောင်ကြီးသလား၊ သေးသလား မစဉ်းစားနိုင်။ နာမည်ကြီးရုံဖြင့် ကြောက်ကြသည်။ အရှိန်အဝါ ကြီးခဲ့သည်။ အရှိန်အဝါ ကြီးလောက်အောင်လည်း မိမိက လက်လျင်သည်။ လက်ရဲသည်။ လုပ်ပြခဲ့တာတွေ ရှိသည်။ အင်း... အတော်များများပင် ရှိခဲ့သည်။ ယခုတော့ လူရော စိတ်ပါကျဆင်းခဲ့ပြီ။ သည်အတိတ်သမိုင်းတွေကို ပြန်မစဉ်းစားချင်။ လူတစ်စုံတစ်ယောက်နှင့် ကိုယ်ထိလက်ရောက် ဖြေရှင်းရမည့် ကိစ္စမျိုးကို ခေါင်းထဲမှာပင် မတွေး၊ ဝေးဝေးက ရှောင်ခဲ့သည်။ သို့သော် စိုးရိမ်စိတ်တစ်ခုက ခေါင်းထဲမှာ အမြဲစွဲကပ်နေခဲ့သည်။ အစိုးရိမ်ကြီးစဉ်ကမူ ခြောက်လုံးပြူး တစ်လက်ပင် ပုန်းလျှိုး ကိုင်ဆောင်ခဲ့ဖူးသည်။ သို့သော် ဒါကိုလည်း မကြည့်ချင်တော့သဖြင့် စွန့်ပစ်ခဲ့သည်မှာ ဆယ်နှစ်ခန့် ရှိချေပြီ။ ယခုအချိန်ကျကာမှ စိုးရိမ်သောအရာက ဖြစ်လာခဲ့ချေပြီလား။

'ဘကြီး ကြည့်ရတာ မျက်နှာပျက်နေသလိုပါလား၊ ဘာတွေ တွေးကြောက်နေလို့လဲ၊ ဘကြီးလဲ လူသတ်လာတဲ့ လူပဲဟာ'

လူငယ်က ပြုံးတုံ့တုံ့။

ဦးထွန်းငြိမ်း မျက်နှာထူပူသွားသည်။ ခေါင်းနားပန်း ကြီးသွား



သည်။ ဘာသဘောလဲ၊ ဘာအငြိုးလဲ၊ သပြေပင်တန်းသားလို့ ဆိုသည်။ ဦးထွန်းငြိမ်း ဘေးဘီ ကြည့်သည်။ ပေါက်တူးက မလှမ်းမကမ်းမှာ ထောင်လျက်သား ရှိနေသည်။ လူငယ် သူ့အနီး ချဉ်းကပ်လာတုန်း ရေနွေးပူပူနှင့် ပက်ကာ ပေါက်တူးနှင့် ရိုက်ပြီး ထွက်ပြေးလျှင်ကော။ ဖြစ်နိုင်မည် မထင်။ သူ့မှာ ဓားရှိသည်။ ပြီး အားရှိသော သူ ဖြစ်သည်။ တကယ်လည်း လျင်မည့် ပုံမျိုး။ မဖြစ်ညစ်ကျယ် သွားလုပ်လျှင် ရင်ဝ ဓားဝင်သွားနိုင်သည်။ တတ်နိုင်သမျှ အချိန်ဆွဲပြီး အခြေအနေ စောင့်ကြည့်မှ။ လူငယ်နှင့် လူကြီး၊ စကားနှင့် ပြီးတန်ပြီးရမည်။ သည်နေရာ၌ ဆွေးနွေး ညှိနှိုင်းသော နည်းသည် အကောင်းဆုံး။

ဦးထွန်းငြိမ်း ခေါင်းခါသည်။ ငြင်းပယ်သည့် သဘော ဖြစ်သလို ခေါင်းထဲက မူးနောက်နေခြင်းကို ရှင်းသွားအောင် လုပ်လိုက်သည့် သဘောလည်း ဖြစ်သည်။

'မောင်ရင် ဘယ်လို သဘောနဲ့ ဘကြီးကို လူသတ်တဲ့ လူလို့ စွပ်စွဲနေရတာလဲ၊ အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် ပြောပါဦး မောင်ရင်၊ ဘကြီး ဘုရားတရားနဲ့ နေတဲ့လူပါ'

'အခုလောလောဆယ် ဘုန်းကြီးကျောင်းက ပြန်လာတယ် ဆိုတာတော့ ကျွန်တော် ယုံပါတယ်။ ဘုရား တရားနဲ့ တကယ်နေမနေ ဆိုတာတော့ ကျွန်တော် မသိဘူး။ ကျွန်တော် သိတာက ဘကြီးဟာ လက်မရွံ့ ထွန်းငြိမ်းလို့ နာမည်ကြီးခဲ့တဲ့လူ။ အပြစ်မရှိတဲ့ လူပေါင်း မြောက်မြားစွာကို သတ်လာခဲ့တဲ့ လူ'

လူငယ်က လေသံထန်ထန်နှင့် ပြောလိုက်သည်။ ပြောနေရင်းက ဖိနှိပ်ထားသော ဒေါသ ကြွတက်လာဟန် တူသည်။

'ခင်ဗျားဟာ လူသတ်သမား၊ လက်မရွံ့ လူသတ်သမား'

ဒေါသနှင့် အော်ရင်း လက်ထဲက ဓားဦးချွန်ကို ရုတ်တရက် ပစ်ပေါက်လိုက်သည်။ ဓားဦးချွန် ပေါက်တူးအရိုးမှာ ဒေါင်ခနဲ စိုက်ပြီး ပေါက်တူး လဲကျသွားသည်။ ဦးထွန်းငြိမ်း မျက်စိတွေ ပြာသွားသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ရင်ထဲက ဟာပြီး လိုက်တက်လာသည်။ ထလည်း မထနိုင်၊ ပါးစပ်ကလည်း ဘာမှ မပြောနိုင်၊ ကြောင်တောင်ငေးပြီး ကြည့်နေမိသည်။ လူငယ် အတန်ကြာ ငြိမ်၍ ရပ်နေသည်။ ဦးထွန်းငြိမ်းကို စောင့်၍ ကြည့်နေသည်။ ထို့နောက် ပေါက်တူးအရိုးမှ ဓားကို နုတ်ကာ တွင်းစောနား ပစ်ချထားလိုက်သည်။ ပြီး ပေါက်တူးကို ကိုင်ကာ စောစောကတူးလက်စ တွင်းကို ဆက်၍ တူးသည်။ ပေါက်တူးချက်က အားပါသည်။ လေးငါးဆယ်ချက် ဆက်ပေါက်လိုက်သည့်အခါ တွင်းထဲမှာ မြေစိုင်ခဲတွေ ပြည့်လာသည်။

ဦးထွန်းငြိမ်း ရင်တဒိန်းဒိန်း ခုန်လာသည်။ လက်ဖျား ခြေဖျားတွေ အေးစက်လာသည်။

'မောင်ရင် မောင်ရင်၊ ဘကြီးကို ဘာလုပ်မလို့လဲ မောင်ရင်၊ အသက် ချမ်းသာပေးပါ၊ ချမ်းသာပေးပါ။ ဘကြီးမှာ ဘာအပြစ်မှ မရှိပါဘူး'

ဦးထွန်းငြိမ်း တုန်တုန်ယင်ယင်နှင့် တောင်းပန်သည်။

လူငယ်က ပေါက်တူးကို ကောက်ကိုင်ကာ ဦးထွန်းငြိမ်းကို စေ့စေ့ကြည့်လိုက်သည်။

'ထန်းပင်ကုန်းက လူသုံးယောက်ကို သပြေပင်တန်း သချိုင်းကုန်းမှာ လှံစွပ်နဲ့ ထိုးသတ်တာ ခင်ဗျား မဟုတ်လား'

ဦးထွန်းငြိမ်း နည်းနည်း အသက်ရှူချောင်သလို ဖြစ်သွားသည်။ ဖြေရှင်း၍ ရနိုင်လိမ့်မည် ထင်သည်။

'အဲဒီလူတွေက ဓားပြတွေပါ မောင်ရင်၊ အဲဒီအချိန်က ဘကြီးမှာလဲ တာဝန်အရ လုပ်ခဲ့ရတာပါ'

ဦးထွန်းငြိမ်း တောင်းပန်သံနှင့် ဆိုသည်။

'တာဝန်အရ ဆိုတာ ကိုယ်က တပည့်ဆိုရင်တော့ ဟုတ်တာပေါ့။ ခင်ဗျားက ခေါင်းဆောင်ပဲဟာ၊ ခေါင်းဆောင်ကြီး ဆိုပြီး လူထုပရိသတ်ရှေ့မှာ ရဲရဲတောက် မိန့်ခွန်းတွေ ဘာတွေ ပြောပြီးမှ တိုင်မှာ



ကြိုးနဲ့ ချည်ထားတဲ့ လူ သုံးယောက်ကို တစ်ယောက်ပြီး တစ်ယောက် လှံစွပ်နဲ့ ထိုးသတ်ပြတာ မဟုတ်လား။ လှံစွပ်မှာ ပေနေတဲ့ သွေးတွေကို လက်နဲ့ သပ်ပြီး လက်ကို ဓားပြ စိုးကြီးရဲ့ ပခုံးမှာ သုတ်တယ်ဆိုတာလေ။ သပြေပင်တန်း တစ်ရွာလုံး ဒီနေ့ထိ ပြောမဆုံးတဲ့ ကိစ္စပဲ။ အဲဒါကို တာဝန်အရလို့ ပြောရအောင် ခင်ဗျားကို ဘယ်သူက ဒီလိုလုပ်ပါလို့ ခိုင်းသလဲ။ ခင်ဗျားအထက်မှာ ဘယ်သူရှိသလဲ၊ လက်မရွံ့ ထွန်းငြိမ်း အုပ်စုမှာ ခင်ဗျား လူကြီး မဟုတ်ဘူးလား'

လူငယ်က ကြိမ်းမောင်းပြီး ပေါက်တူးကို တအားလွှဲ၍ ပေါက်နေသည်။

'အဲဒီအချိန်တုန်းက တိုင်းပြည် မငြိမ်သက်တဲ့ အချိန်ပါ မောင်ရင်၊ ဘကြီးက နယ်မြေ လုံခြုံရေးတာဝန် ယူရပါတယ်။ စိုးကြီးတို့ လူသိုက်က ဓားပြတိုက် လူသတ်နဲ့ တစ်နယ်လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်နေရတဲ့ လူတွေပါ။ အဲဒီလူတွေကို မိတဲ့အခါ တစ်ခြား သူခိုး ဓားပြတွေလဲ ကြောက်လန့်သွားကြအောင် နမူနာပြတဲ့ အနေနဲ့ လုပ်ခဲ့ရတာပါ။ ဒီလူတွေက မောင်ရင်နဲ့ ဘယ်လို ပတ်သက်နေလို့လဲ၊ ဆွေမျိုးသားချင်းတွေများ ဖြစ်နေလို့လား မောင်ရင်ရယ်၊ အဲဒါဆိုလဲ'

ဦးထွန်းငြိမ်း စကားမဆုံး။ 'ထွီ၊ ကျုပ်ကိုများ သူခိုး ဓားပြနဲ့ ဆွေမျိုးတော်သလား ထင်သေးတယ်၊ ခင်ဗျား ရာဇဝင် ကျုပ်အားလုံး သိတယ် ဆိုတာ ခင်ဗျား သိစေချင်လို့ ပြောနေတာ၊ ဘိန်းစား ဘတင်ကြီးကို ခင်ဗျားကိုယ်တိုင် နားထင်ကို သေနတ်မောင်း တေ့ဖြုတ်ပြီး သတ်ခဲ့တယ် ဆိုတာလဲ ကျုပ်သိတယ်၊ ဒါကိုရော နယ်မြေလုံခြုံရေးလို့ ခင်ဗျား ဆိုဦးမလား၊ ဘိန်းစား တစ်ယောက်ကို သတ်ဖို့လိုသလား၊ သေနတ်ကလေး ကိုင်ရတာနဲ့ လက်ယားပြီး လူတကာကို အကြောင်းရှာပြီး သတ်ပစ်ခဲ့တာ မဟုတ်လား၊ ဒါကြောင့်ပဲ ခင်ဗျားကို လက်မရွံ့ ထွန်းငြိမ်းလို့ ခေါ်ခဲ့ကြတာ'

လူငယ်က မြေစိုင်ခဲများကို ပေါက်တူးနှင့် တွင်းအပြင်ကော်

www.burmeseclassic.ocm



ထုတ်သည်။ တွင်းက အတော်နက်သည်။ ကျယ်လည်း ကျယ်သည်။ ခွေးတစ်ကောင်အတွက် အတော်ကြီးသည်။ လူတစ်ယောက်တော့လည်း မမြှုပ်လောက်သေး။ ဦးထွန်းငြိမ်း ကျောထဲ မြီးညှောင့်ရိုးထဲက အေးစိမ့်သွားသည်။ ရင်ထဲမှာ လှိုက်ကာ လက်ထဲခြေထဲလည်း အားအင် မရှိသလို ဖြစ်နေသည်။

'ဘကြီး တောင်းပန်ပါတယ် မောင်ရင်၊ အရမ်းကာရော မလုပ်ပါနဲ့၊ ဘကြီးမှာ အခြေအနေအရ လုပ်ခဲ့ရတာတွေပါ၊ ဘတင်က ဘိန်းစား ရိုးရိုး မဟုတ်ပါဘူး၊ ခိုးရုံဝှက်ရုံတင်မက ဓားပြကို လက်ထောက်ချတယ်၊ ပြီးတော့လဲ အဲဒီတုန်းက ဘကြီးတို့ ရန်သူဖြစ်နေတဲ့ အလံနီစောမြအဖွဲ့ကို သတင်းသွားပေးတဲ့အတွက် အပြစ်ပေးရတာပါ။ အဲဒီအချိန်က စစ်ဖြစ်နေတုန်း၊ ဘကြီးတို့ကလဲ ထောင်တွေ တန်းတွေနဲ့ အုပ်ချုပ်နိုင်ကြတာ မဟုတ်တော့ ဒီလိုပဲ စီရင်ကြရတာပါ'

'အခြေအနေအရ လုပ်ရတယ် ဆိုပေမယ့် အဲဒီခေတ်က ခင်ဗျားလို အုပ်စုဖွဲ့ လုပ်တဲ့ လူတွေ အများကြီးထဲမှာ ခင်ဗျား တစ်ယောက်ပဲ လက်မရွံ့ ဆိုပြီး နာမည်ကြီးခဲ့တာ မဟုတ်လား၊ ခင်ဗျားကိုယ်တိုင်က သတ်ရဲ ဖြတ်ရဲတယ် ဆိုပြီး ဂုဏ်ခံချင်တဲ့ လူမို့လို့ လူရှေ့သူရှေ့မှာ သွေးအေးအေးနဲ့ သတ်ပြခဲ့တာ မဟုတ်လား'

လူငယ်က ဒေါနှင့် မောနှင့် ပြောသည်။

'သွေးအေးအေးနဲ့ သတ်ခဲ့တာ မဟုတ်ပါဘူး မောင်ရင်ရယ်၊ ဓားပြတွေ သတ်တဲ့နေ့က တစ်နေ့လုံး အရက်မူးအောင် သောက်ပြီး ရဲဆေးတင်ပြီးမှ လုပ်ဖြစ်ခဲ့တာပါ' ဦးထွန်းငြိမ်း တောင်းပန်တိုးလျှိုးသံဖြင့် လျှောက်လဲချက် ပေးနေသည်။

'ကျုပ် နားလည်ပါတယ် ဦးလက်မရွံ့၊ လူသတ်တယ် ဆိုတာ အစမှာတော့ ဒီလိုပဲပေါ့၊ နောက်မှ တဖြည်းဖြည်း လက်ရဲလာတာ၊ ကျုပ်လဲ အတွေ့အကြုံ ရှိပါတယ်၊ ကျုပ်လဲ လူသတ်ဖူးပေါင်း များပါပြီ၊ ခင်ဗျားထက် များဦးမယ်၊ အဆမတန် များတယ်၊ ဒါပေမယ့်



အပြင်မှာ သတ်တာ မဟုတ်ဘူး၊ စိတ်ကူးထဲက သတ်နေတာ၊ လူတစ်ယောက်တည်းကို အကြိမ်ကြိမ် အဖန်ဖန် သတ်နေတာ၊ နည်းမျိုးစုံနဲ့ သတ်နေတာ၊ သတ်စတုန်းက ဒေါသထွက်တယ်၊ သွေးပူတယ်၊ ဝရုန်းသုန်းကား နိုင်တယ်၊ အခုတော့ အတွေ့အကြုံ ရင့်လာလို့ သွေးအေးသွားပြီ၊ ရင်ဝကို ဓားနဲ့ ထိုးပြီးလည်း သတ်နိုင်တယ်၊ လည်ပင်းညှစ်ပြီးလည်း သတ်နိုင်တယ်၊ သတိမေ့ရုံရိုက်ပြီး မသေမရှင် မြေမြှုပ်ပြီးလဲ သတ်နိုင်တယ်၊ ဘယ်လို လူသတ်နည်းမျိုးမဆို အေးအေးဆေးဆေး လက်ရဲဇက်ရဲ လုပ်နိုင်ပြီ'

ဦးထွန်းငြိမ်း မလှုပ်မယှက်၊ ခုံကလေးဘေးမှာ သစ်ငုတ် ဖြစ်နေသည်။ မျက်စိထဲမှာကား အနိဋ္ဌာရုံမျိုးစုံတွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ နားထဲမှာ အော်သံဟစ်သံ မချိတရိ ညည်းညူသံ၊ ငိုကြွေးသံတွေ။

'ဓားပြ သုံးယောက်ကို လုံ့စွပ်နဲ့ မထိုးခင် ကိုယ့်တွင်း ကိုယ်တူးခိုင်းသေးတယ် မဟုတ်လား၊ ကျုပ်ကတော့ အားနာပါတယ်၊ သေမယ့်လူ မပင်ပန်းစေချင်ဘူး' ပြောပြီး ဦးထွန်းငြိမ်းကို တစ်လှည့် တွင်းကို တစ်လှည့် ကြည့်ကာ တွင်းနှုတ်ခမ်းကို ပေါက်တူးနှင့် ဖဲ့ပြီး ထပ်ချဲ့ပြန်သည်။

'မောင်ရင် ဘကြီးကို သတ်တော့မလို့လား' ဦးထွန်းငြိမ်း ထပြီး ပြေးမလို လုပ်သည်။ လူငယ်က သူ့ရှေ့မှာ မားမားကြီး လာရပ်သည်။ လက်မှာ ပေါက်တူးနှင့်။

'ဘာလဲ၊ ခွေးတွေ ဝက်တွေ ပြေးသလို ပြေးမလို့လား၊ ခင်ဗျား လူသတ်တုန်းက ကြိုးနဲ့ ချည်ပြီး တုပ်ပြီးမှ သတ်တယ်၊ ကျုပ်က မချည်ဘူး၊ မတုပ်ဘူး၊ သေမယ့်လူ ဂုဏ်မပျက်စေချင်ဘူး၊ ခင်ဗျားလဲ နာမည်တစ်လုံးနဲ့ လူပဲဟာ၊ လူပေါင်း တစ်ရာလောက် သတ်လာပြီ ကိုယ့်အလှည့်ကျမှ သိက္ခာ အကျမခံချင်စမ်းပါနဲ့၊ ဣန္ဒြေရရနေစမ်းပါ ခင်ဗျားကို မသေမရှင် မမြှုပ်ဘူး'

www.burmeseclassic.ocm

www.burmeseclassic.ocm



ဦးထွန်းငြိမ်း ငြိမ်ငြိမ်ပြန်ထိုင်သည်။ သို့သော် တကယ်ကား မငြိမ်တော့။ တစ်ကိုယ်လုံး တုန်ယင်နေသည်။ ရင်ဝမှာ ဆို့နင့်နင့်ကြီး ဖြစ်နေသည်။ ထိတ်လန့်တုန်လှုပ်နေသည့်ကြားထဲက ခန္ဓာကိုယ်အောက်ပိုင်းမှာ တစ်စုံတစ်ခုကို သတိပြုမိလိုက်သောအခါ ဝမ်းနည်းပြီး ငိုချင်လာသည်။ ပေါင်နှင့် တင်ပါးတွင် ပူနွေးသော အရည်များ စီးဆင်းစိုရွှဲလာနေသည်။ ထိန်းထား၍ မရ။ ဘယ်လို ထိန်းရမှန်းမသိ။ အိပ်မက်ထဲမှာလို ဖြစ်နေသည်။ ဒီတစ်ခါ တကယ်သေရတော့မည်။ သမီးလေး။ သမီးလေး မျက်နှာကို မြင်နေသည်။ သမီးလေး မျက်စိသူငယ်နှင့် ကျန်ရစ်တော့မည်။ လူထဲ သူထဲ မတိုးရဲအောင် ဖြစ်တော့မည်။

'ဘကြီးကို မသတ်ပါနဲ့ မောင်ရင်ရယ်၊ အဲဒီ သူခိုးဓားပြတွေ အပြင် ဘကြီး ဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူး၊ လက်မရွံ့ဆိုတာ မုန်းတဲ့ လူတွေက ပေးတဲ့ နာမည်ပါ၊ တစ်ခြားလူတွေ သတ်ပြီး ဘကြီး အပေါ် လွှဲချခဲ့ကြတာတွေလဲ အများကြီး ရှိပါတယ်၊ ကြာလဲ ကြာခဲ့ပါပြီ။ မောင်ရင်နဲ့လဲ ဘာမှ ပတ်သက်တဲ့ လူတွေ မဟုတ်ပါဘူး၊ အခုခေတ် တရားသူကြီးတွေလဲ သူခိုး ဓားပြတွေ အပြစ်ပေးနေရတာပဲ၊ ဘကြီးလဲ အဲဒီလို တာဝန်ထမ်းဆောင်ခဲ့ရတဲ့ သဘောပါ မောင်ရင်ရယ်၊ ဘကြီး တောင်းပန်ပါတယ်၊ ဘကြီး တောင်းပန်ပါတယ်၊ ဘကြီးကို အရမ်းမလုပ်ပါနဲ့' ဦးထွန်းငြိမ်း ဒူးတုပ်ထိုင်ကာ ပါးစပ်က တတွတ်တွတ် တောင်းပန်သည်။

'ဒီမှာ ဦးထွန်းငြိမ်း၊ ကျုပ်ကို လိမ်ညာနေလို့ အပိုပဲ၊ သူခိုးဓားပြ သတ်တဲ့ အမှုလောက်နဲ့တော့ ကျုပ်က ခင်ဗျားအတွက် အပင်ပန်းခံပြီး တွင်းတူးမနေသေးဘူး'

လူငယ်က တွင်းတူးနေရာမှာ ရပ်ပြီး ပြောလိုက်သည်။

'ပြတ်ပြတ်သားသား လုပ်တဲ့ လူလို့ အထင်ကြီးအောင် သူခိုးဓားပြနှစ်ယောက်လောက်ကို ဟန်ဆောင်ပန်ဆောင် သတ်ပြပြီး နောက်ပိုင်းကျတော့ ဒီကောင်မျိုးတွေနဲ့ပဲ ပေါင်း ဓားပြတိုက်၊ ပြန်ပေးဆွဲ



ခင်ဗျား လက်ချက်မှန်း ခင်ဗျား တပည့်တွေပါမှန်း သိသွားတဲ့ လူကို တိုးတိုး တိတ်တိတ် တစ်မျိုး၊ အစိုးရသူလျှိုလို့ ကြောင်ကြေညာပြီ တစ်မျိုး သတ်ပစ်၊ ခင်ဗျား လုပ်ခဲ့တာတွေ ကျုပ် မသိဘူး မှတ်သလား၊ ကျုပ်သာ မဟုတ်ဘူး၊ တစ်ရပ်လုံး တစ်ရွာလုံး သိတဲ့ ကိစ္စတွေ၊ တစ်ခြား လူပေါင်း မြောက်မြားစွာကို ကျုပ် မပြောချင်ဘူး၊ ကျုပ်နဲ့ ဆိုင်တာကိုပဲ ပြောမယ်၊ သပြေပင်တန်း ဆယ်အိမ်စုက ဦးအောင်ချစ်ကို ခင်ဗျား မေ့သွားပလား၊ ခင်ဗျားရဲ့ အရက်စက်ဆုံး အမိုက်ရိုင်းဆုံး လုပ်ရပ်'

ဆယ်အိမ်စု ဦးအောင်ချစ်။ ဦးထွန်းငြိမ်း ကြက်သီးမွေးညှင်းထသွားသည်။ ရင်ထဲက အော်ဂလီဆန်ကာ ပျို့ချင် အန်ချင်သလို ဖြစ်လာသည်။

'ဟင်း၊ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိုက်တာဗျာ' လူငယ်က ပေါက်တူးကို ကိုင်ကာ ဦးထွန်းငြိမ်းရှေ့မှာ ရပ်သည်။ 'အိမ်ကို ဓားပြတိုက်၊ ခင်ဗျားပါတာ လူမြင်သွားတော့ အစိုးရ သတင်းပေးသလေး၊ ဘာလေးနဲ့ အိမ်နီးအိမ်နာ ကြားအောင် ကြိမ်းဝါးပြီး ဘာမှ အပြစ် မရှိတဲ့ လူတွေကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တာ။ ဒူးထောက် ငိုယိုတောင်းပန်နေတဲ့ ကြားထဲက တောက်' ဦးထွန်းငြိမ်း ခေါင်းထဲမှာ မူးဝေနေသည်။ နားက သဲသဲကွဲကွဲ မကြားချင်၊ လူက ဒယီးဒယိုင် ဖြစ်နေသည်။ ဦးထွန်းငြိမ်း ခုံပုကလေးကို အားတင်း ဆုပ်ကိုင်ထားသည်။ 'ကျုပ် အဘိုး အဘွား၊ ကျုပ်အဖေနဲ့ ကျုပ်အမေ။ ကျုပ် အစ်ကို ဆိုတာ ကလေးဗျာ၊ ငယ်ငယ်လေး ရှိပါသေးတယ်' လူငယ် ဒေါသသံနှင့် ငိုသံရောနေသည်။ 'ရန်သူမှန်းသမျှ ကျုပင်ခုတ် ကျုငုတ် ပါမကျန်စေရလို့ ကြွေးကြော်ပြီး ခင်ဗျား သတ်ခဲ့တာ' လူငယ် ပေါက်တူးအရိုးကို ဆောင့်လိုက်ပြီး 'ကျုငုတ်ဗျ၊ ကျုငုတ်၊ ကျုပ်ဟာ ကျုငုတ် သံကုန်အော်ဟစ်ကာ ပေါက်တူးကို အားကုန် လွှဲမြောက်လိုက်သည်။

ဦးထွန်းငြိမ်း ခုံကလေးဘေးမှာ လဲကျသွားသည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



လူငယ်ပေါက်တူးကို ပစ်ချကာ ရင့်ဘတ်စမ်းကြည့်သည်။ လှုပ်ကြည့်သည်။ မျက်စိဖြဲ ကြည့်သည်။ သေပြီ။ လက်မရွံ့ ထွန်းငြိမ်း၊ လူသတ်သမား၊ သေသွားပြီ။

မြေစိုင်ခဲများကို တွင်းထဲသို့ ပြန်ယက်ချသည်။ မြေသိပ်အောင် ပေါက်တူးအရိုးနှင့် ဆောင့်သည်။ ဖနောင့်နှင့် နင်းသည်။ မြေညီသွားပြီးနောက် ၎င်းအပေါ်က ကောက်ရိုးနည်းနည်း ဖြန့်ကျဲထားလိုက်သည်။ ပြီးလျှင် နွားနှစ်ကောင် လှည်းတွင်တပ်ကာ ဦးထွန်းငြိမ်း၏ အလောင်းကို လှည်းပေါ်တင်၍ ရွာဆီသို့ တရကြမ်း မောင်းချလာခဲ့သည်။

*

နောက်တစ်နေ့တွင်ကား ကြိုးကြာဘုန်းတော်ကြီးကျောင်းမှ အပြန် မောင်သာအောင်၏ တဲသို့ ခဏဝင်၍ အာလာပ သလ္လာပ စကားပြောရင်း နှလုံးရောဂါ အခံကြောင့် ရုတ်တရက် လေဖြတ်သေဆုံးသွားသော ဦးထွန်းငြိမ်း၏ ရုပ်အနကို ဆရာမလေးအတွက် အထူး ကရုဏာသက်ကြသော ကြိုးကြာရွာသူရွာသားများ အားလုံး သောင်းသောင်းဖြဖြ လိုက်ပါပို့ဆောင်ကြလေသည်။

[သဘင်။ ။ဇန်နဝါရီ၊ ၁၉၈၆]

## လူမိုက်ဘတုတ်

အဘိုးပြောသော စကား တစ်ခုရှိသည်။

'လူမိုက်နဲ့ ခွေးဟာ အတူတူပဲ'

'ဘယ်လောက်ပဲ မိုက်ရဲတယ်၊ ကိုက်ရဲတယ် ဆိုဆို ငယ်ကြောက် ဆိုတာ ရှိတယ်။ ငယ်ကြောက် ဆိုရင် ဟန့်တယ်။ ဖြုန်တယ်။ မလှန်ရဲဘူး'

'ပြီးတော့ နယ်ဆိုတာ ရှိသေးတယ်။ ကိုယ့်နယ်မှာပဲ ကိုယ်ဗိုလ်ကျတယ်။ နယ်မကျော်ဘူး။ ဒီရပ်ကွက်မှာ ကိုက်တဲ့ခွေး၊ ဟိုရပ်ကွက် ရောက်တော့ အမြီးကုပ်သွားတယ်။ တောကလာတဲ့ လယ်သမားခွေး၊ တောထဲမှာ ကျားမကြောက်၊ ဆင်မကြောက် အမဲလျှောက်လိုက်ရဲပေမယ့် မြို့ရောက်တော့ လှည်းအောက်က ဝင်လိုက်တယ်။ လူမိုက်မှာလည်း ဒီလိုပဲ၊ အခု တို့မြို့နယ်မှာ ကြည့်၊ တောင်ဘက်က လာတဲ့ လူမိုက်ဟာ မြေနီတောင်နားမှာ သူမိုက်တာတွေ ချန်ထားခဲ့တယ်။ မြောက်ဘက်က လာတဲ့ လူမိုက်ဟာလည်း ဘုရားကြီး ခြေရင်းမှာ သတ္တိကုန်တယ်။ ဒီလိုပဲ ပင်လယ်နားဘက် (အနောက်ဘက်) က လာတဲ့ လူမိုက်ဟာလည်း ကုံကော်တောင် ဟိုဘက်မှာသာ မိုက်တယ်'

www.burmeseclassic.ocm

www.burmeseclassic.ocm



ဤသို့လျှင် အဘိုးက ကျွန်တော်တို့ မြို့အဝင်တံခါး သုံးခုကို ညွှန်းဆိုကာ လူမိုက်တို့၏ မိုက်ရဲမှု အတိုင်းအတာ အကန့်အသတ်သဘောကို ပြောကြားခဲ့ဖူးပါသည်။

ထိုနည်းတူစွာ

ထန်းပင်ကုန်းရွာမှာ ဘတုတ် လူမိုက် ဖြစ်သည်။ ထန်းပင်ကုန်းဆိုသည်က မြို့နယ် စည်ပင်သာယာ နယ်နမိတ်ထဲ မပါသေးသဖြင့်သာ ရွာ ဖြစ်နေရသော်လည်း စင်စစ်မြို့နှင့် တစ်စပ်တည်းလို ဖြစ်ရာ ဘတုတ်၏ မိုက်ဂုဏ်သတင်းသည် မြို့ပေါ်ဒွိပါ ပျံ့နှံ့ကျော်ကြားသည်။ ဘတုတ် လူရိုက်ဖူးသည်။ ဓားနှင့် ခုတ်ဖူးသည်။ ဓားပြမှုနှင့် ထောင်နှစ်ခါ ကျဖူးသည်။ လူသတ်မှုနှင့် အဖမ်းခံရပြီး သက်သေအထောက်အထား မခိုင်လုံသဖြင့် ပြန်လွတ်ဖူးသည်။

ဘတုတ်က လက်နက်အားကိုးသော လူမိုက် ဖြစ်သည်။ မြို့ထဲသွားသွား ရွာထဲသွားသွား ခါးကြားမှာ ဓားမတစ်ချောင်း ထိုးထားလေ့ရှိသည်။ ဓားမက နေ့တိုင်း သွေးထားသဖြင့် တဖိတ်ဖိတ်လက်နေသည်။ ပြီး ပုံစံကလည်း မြင်နေကျ ဓားမများနှင့် မတူ၊ ဓားရှည်နှင့် ဓားမစပ်ကြား၊ သွယ်သွယ်ရှည်ရှည်။ ထင်းခုတ် ဝါးခုတ်ရုံမက လူပါ ခုတ်လို့ကောင်းသော ဓားမျိုး။ လူက ပုကွကွပေမယ့် ဗလကောင်းကောင်း၊ ခြေသလုံးနှင့် လက်မောင်း လက်ဖျံမှာ ကြွက်သားအမြှောင်းအမြှောင်းနှင့်။ ခါးကြားမှာ ဓားတယမ်းယမ်းနှင့် သွားနေသော ဘတုတ်ကို မြင်ရသည်မှာ ကြက်သီးထချင်စရာ။ မျက်နှာသွင်ပြင်ကလည်း အကျိုးသင့် အကြောင်းသင့် ပြော၍ နားလည်မှာ မဟုတ်သည့် ရုပ်မျိုး၊ အသိဉာဏ် ကင်းမဲ့ခြင်းနှင့် မိုက်ဂုဏ်မောက်ခြင်း ဒွန်တွဲနေသည့် ရုပ်မျိုး ဖြစ်သည်။ ပါးစပ်က တစ်ခွန်းမှ မပြောသော်လည်း အနီးအနားဖြတ်သွားဖြတ်လာသူ မှန်သမျှကို နားရွက်တံတွေးဆွတ်သွား၊ စော်ကားသွားသည့် ဟန်မျိုးဖြင့် လူအပေါင်းတို့အား စိတ်အနှောင့်အယှက်ဖြစ်အောင် ဖန်တီးနိုင်စွမ်း ရှိသည်။



သို့သော်

၎င်းဘတုတ်၏ မိုက်ခြင်း ကျယ်ခြင်း ရမ်းကားခြင်းတို့သည် ပြင်ပလောကဒွိသာ ဖြစ်၍ ကိုညွှန့်မောင်၏ အိမ်အဝန်းအဝိုင်းတွင်း ဒွိကား စိုးစဉ်းမျှ သက်ရောက်ခြင်း မရှိချေ။

ကိုညွှန့်မောင် ရှေ့မှောက်တွင် ဘတုတ်သည် ခြေသုတ်ပုဆိုးမြေစွယ်ကျိုး။ ညွှန့်မောင် ဆိုသည်က ထန်းပင်ကုန်းသား ဇာတိ။

ထန်းပင်ကုန်း ဆိုသည်က သည်မြို့နယ်တစ်ခွင်တွင် တွင်ကျယ်ကျော်ကြားသည့် လူမိုက်တွေ တစ်ခေတ် တစ်ယောက် မွေးထုတ်ပေးရာ အရပ်။

ညွှန့်မောင်က ထိုသို့ တစ်ခေတ် တစ်ယောက် ထွန်းတောက်သည့် ထန်းပင်ကုန်းသား လူမိုက်အစစ် တစ်ယောက်။

ခုတ်ရဲထစ်ရဲလျှင် လူမိုက် ဖြစ်သည် မှန်သော်လည်း လူမိုက်ဘဝမှာ သက်တမ်းရှည်ဖို့ လူမိုက်ထိပ်သီး ဖြစ်ဖို့ကာ ပညာလိုသည်။ အလိမ္မာ နည်းနည်းလိုသည်။ ခုတ်ရာ ထစ်ရာမှ ဆင့်ပွား ပေါ်ပေါက်လာသော ပြဿနာများကို ကိုယ့်အတွက် သက်သာအောင်၊ သို့မဟုတ် လုံးဝ လွတ်ကျွတ်အောင် ဖြေရှင်းတတ်ဖို့ နည်းပရိယာယ် လိုသည်။ ဟိတ်ဟန် လိုသည်။ အဆက်အသွယ် အပေါင်းအသင်း လိုသည်။ ညွှန့်မောင်က သည်လို အရည်အချင်းမျိုးနှင့် ပြည့်စုံသော လူမိုက် ဖြစ်သည်။

သူ့ရုပ်လက္ခဏာက အသံတိတ် ရုပ်သေ အနေအထားမှာ ကြည့်လျှင် လူဆိုးရုပ် လုံးဝ မပေါက်။ ၎င်းနှင့် ဆန့်ကျင်ဘက်သာ ဖြစ်စရာရှိသည်။ အသားဖြူဖြူ၊ လူရည်သန့်၊ အတော်အတန် ရာထူးအဆင့်ရှိသည့် ပညာတတ် ရုံးဝန်ထမ်း တစ်ဦး၏ လက္ခဏာမျိုး။ သို့သော် လှုပ်ရှားနေသော အချိန်၊ စကားပြောနေသော အချိန်မျိုးမှာ တွေ့လျှင်ကား ရဲတင်းလွန်းသော၊ စီးနင်းလွန်းသော၊ ရန်လိုသော လူတစ်ယောက် ဖြစ်ကြောင်း ချက်ချင်း သဘောပေါက်နိုင်လောက်သည်။ ခက်ထန်မာန်တင်းသော အမူအရာနှင့် ကြီးမားသော ရာဇဝင် အစဉ်အလာကို

www.burmeseclassic.ocm

www.burmeseclassic.ocm



ပေါင်းစပ်လိုက်သော အခါမှ သည်နယ်တစ်ခွင်၌ ညွန့်မောင် ဆိုလျှင် မဖြို့ချင်သူ၊ ရှောင်စရာ မလိုဟု သဘောထားဝံ့သူ မရှိသလောက် ရှားလေတော့သည်။

ညွန့်မောင် ငယ်စဉ်က အမေမုဆိုးမနှင့် နေလာခဲ့ရသည်။ ဆင်းရဲသည်။ အဘိုးရင်း အဘွားရင်းလည်း တစ်ယောက်မှ မရှိ။ ဆွေမျိုးတစ်စ တော်စပ်သူတွေတော့ ရွာထဲ အနှံ့ရှိသည်။ သို့သော် မုဆိုးမသားအမိကို ဆေးဖော်ကြောဖက် လုပ်ချင်သူ နည်းသည်။ ညွန့်မောင်အမေ မုဆိုးမကလည်း ကြောက်တတ်အားငယ်တတ်သည့် မိန်းမမျိုးတော့ မဟုတ်။ မဟုတ်မခံ ဆတ်ဆတ်ကြဲ။ ကိုယ့်အားကိုယ်ကိုးသမား။ ဘယ်သူ့မှ ဂရုမစိုက်သည့် မိန်းမမျိုး။ ကြက်မွေးသည်။ ဝက်မွေးသည်။ အရက်ပုန်းရောင်းသည်။ ကိုယ်တိုင်လည်း သောက်သည်။ မုဆိုးမဆိုပေမယ့် အာကြမ်း လျှာကြမ်း၊ လူရှေ့မရှောင် သူရှေ့မရှောင် ပဏ်ခနဲပြောပစ်တတ်တာမျိုး ဆိုတော့ ဘယ်သူမှ မစရဲ။

ညွန့်မောင်မှာ သူ့အမေထံက ရဲရဲတောက် စိတ်တွေ မွေးကတည်းက ပါလာသည်။ ရွာထဲမှာ ကလေးတကာ့ ကလေးနှင့် ရန်ဖြစ်သည်။ တစ်ယောက်ချင်း ချသည်။ အုပ်လိုက်နှင့် ချသည်။ နိုင်လာလျှင် ကိစ္စမရှိ။ ညွန့်မောင် နာလာပြီ ဆိုလျှင် ဘယ်အိမ်ဖြစ်ဖြစ်၊ ဘယ်နေရာဖြစ်ဖြစ် ညွန့်မောင်အမေ ထဘီမပြီး လိုက်ရန်တွေ့သည်။ ဆယ်အိမ်ခေါင်း ဖြစ်ဖြစ်၊ ကျောင်းဆရာဖြစ်ဖြစ် ဂရုမစိုက်။ ရွာသူကြီးကိုပင်သူက တယ်မခန့်ချင်။

သို့သော် ရွာမှာ ညွန့်မောင်တို့ သားအမိ ကြောက်ရသူ တစ်ယောက်တော့ ရှိသေးသည်။ မောင်ဌေး။ ထိုအချိန်က ထန်းပင်ကုန်းမှာ မောင်ဌေး မင်းမူနေသည်။ မောင်ဌေးက အရက်သမား လူရမ်းကား။ မိုက်သည်၊ ရိုင်းသည်၊ ကြမ်းသည်။ လက်မြန်သည်။ အလကားနေလျှင် စကားမပြော။ နည်းနည်းမူးလာလျှင် ဆဲသည်။ ထစ်ခနဲရှိလျှင် ရိုက်ပစ်လိုက်ပြီ။ မောင်ဌေး ထောင်ကျဖူးပေါင်း များပြီ။ သို့သော် တစ်ခြား



အရပ်မှာ ကျူးလွန်သော ပြစ်မှုများကြောင့်သာ ဖြစ်သည်။ ရွာမှာ ဖြစ်သော ရိုက်မှုနှက်မှုများနှင့် ပတ်သက်၍ကား တစ်ခါမှ ထောင်မကျစဖူး။ မောင်ဌေး ထိုးပါသည်၊ ခုတ်ပါသည်ဟု သက်သေ ထွက်ရဲသူ ထန်းပင်ကုန်းမှာ လုံးဝ မရှိ။ သည်အရှိန်အဝါကို အသုံးပြုကာ မောင်ဌေး ရွာထဲမှာ လူတကာဆီက ဗိုလ်ကျစားသောက်သည်။

ဗိုလ်ကျခံရသည့် အထဲတွင် အရက်ပုန်း ရောင်းသည့် ညွန့်မောင်တို့ သားအမိ ထိပ်ဆုံးက ဖြစ်သည်။ တစ်ခါမှ ပိုက်ဆံပေးသည်ဟူ၍ မရှိ။ အရက်ကောင်းကောင်းမှ ဦးရည်အစစ်မှနှင့် ချေးများသေးသည်။ ကြက်ဥအတင်း နှိုက်ပြီး ကြက်ဥ တစ်လုံး နှစ်လုံး ဖောက်သောက်ဦးမည်၊ မလုပ်ပါနဲ့ ပြောလျှင် ဆဲဆို ကြိမ်းမောင်းသည်။ ညွန့်မောင် ဆိုလျှင် မကြာခဏ နားထင် နားရင်းပူအောင် အရိုက်ခံရသည်။

သူကြီးကိုပင် မမှုချင်သော ညွန့်မောင်အမေ မောင်ဌေးနှင့်ကျမှ လှလှကြီး ခံနေရသည်။

သို့သော် တစ်နေ့သ၌ မောင်ဌေး အနိစ္စ ရောက်လေသည်။ နံနက်စောစော လယ်ထဲဆင်းသော လယ်သမား တစ်ယောက်က မောင်ဌေးကို လူနေအိမ်ခြေ ပြတ်သော ရွာအစွန်ဘက် လမ်းထက်တွင် လဲကျလျက်သား တွေ့ရသည်။ လည်ပင်း၌ကား ဓားဒဏ်ရာ တစ်ချက်။

နောက်တစ်နေ့၌ ရွာထဲတွင် ကောလာဟလ တီးတိုးတီးတိုး ပြောသံများ ကြားရသည်။ အခင်းဖြစ်သွားသော ညက အရက်အလွန်အကျွံ မူးနေသော မောင်ဌေးအား ညွန့်မောင်တို့ သားအမိ တွဲခေါ်သွားသည်ကို ရွာသား တစ်ယောက် နှစ်ယောက် မြင်လိုက်ရသည်ဟူ၍။ သို့သော် မောင်ဌေးကို တစ်ရွာလုံး အောနှလုံးနာနေကြသည်မှာ ကြာပြီဖြစ်ရာ မောင်ဌေး သတ်မှုနှင့် တရားစွဲဖို့ စိတ်မကူးကြရုံမက တတ်နိုင်လျှင် ညွန့်မောင်တို့သားအမိကို ဆုပင် ချီးမြှင့်လိုက်ချင်သေးသဘောရှိနေကြသည်။ သို့နှင့် လူမိုက်ကြီး မောင်ဌေး ထန်းပင်ကုန်းမှာပင် မထင်မရှား ကျဆုံးသွားခဲ့သည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



ထိုစဉ်က ညွန့်မောင် အသက် ဆယ့်လေးနှစ်။

*

အသက် ဆယ့်လေးနှစ်သားမှာ အကြောင်းကြောင်းကြောင့် လူသတ်ခဲ့သော ညွန့်မောင်၊ ငယ်ငယ်ကတည်းက ဆိုးခဲ့ မိုက်ခဲ့သော ညွန့်မောင်၊ အမေ ကိုယ်တိုင်က မိုက်သွေးမိုက်စိတ် ဝင်အောင် မြေတောင် မြှောက်ပေးခဲ့သော ညွန့်မောင်၊ အသက် သုံးဆယ်အရွယ် ထောင်မှ စတုတ္ထအကြိမ်မြောက် လွတ်မြောက်လာသည့်အခါ သူနှင့် အတူ ဘတုတ်ဆိုသော ထောင်ထွက် တစ်ယောက် ပါလာခဲ့သည်။ သည်အချိန်၌ ညွန့်မောင်အမေ မရှိတော့။ အရက်သောက်လွန်းသဖြင့် ခပ်စောစောပင် ဘဝနိဂုံး ချုပ်သွားခဲ့ပြီ။ ညွန့်မောင်နှင့် ဘတုတ် နှစ်ယောက်က ညွန့်မောင်အမေအိမ်မှာ အတူနေကြသည်။ အိမ်မှာ ဘတုတ်က ထမင်းချက်၊ ရေခပ်။ အိမ်ရှင်မတစ်ယောက်ပမာ အစအဆုံး အောက်ခြေသိမ်း လုပ်ရသည်။ ညွန့်မောင်က ခူးပြီး ခပ်ပြီးမှ ထိုင်စားရုံ ဖြစ်သည်။ ထို့ကြောင့် များမကြာမီပင် ဘတုတ်ကို ညွန့်မောင်တပည့် ဘတုတ်ဟု ခေါ်တွင်လာခဲ့သည်။

အပြင်မှာ ခါးကြား ဓားထိုးထားသည့် လူမိုက်။ ညွန့်မောင်အိမ်မှာ တပည့် တစ်ပိုင်း၊ အိမ်ရှင်မ တစ်ပိုင်း။

အကြောင်းရင်းခံက သည်လိုရှိသည်။ ဘတုတ်ဆိုသည်က မြို့နှင့် အတော်ဝေးလံသည့် တောင်ပေါ် ချောင်းဖျားဒေသ ကျေးရွာ တစ်ခုက ပညာဗဟုသုတ နည်းပါးသည့် လူမိုက်ကလေး တစ်ယောက် ဖြစ်သည်။ သူ့ တောတစ်ခိုမှာ လူမိုက် ဖြစ်သော်လည်း အမှုအခင်း ဖြစ်၍ မြို့ပေါ်ရှိ ထောင်ထဲသို့ ရောက်လာသည့်အခါ အားကိုးရာမဲ့ ဖြစ်လေတော့သည်။ ဆင်းရဲသည်၊ ဒုက္ခရောက်သည်။ ထောင်၏ အရှိန်အဝါ ထောင်ဝန်ထမ်းတို့၏ တန်ခိုးအာဏာအောက်မှာ ခေါင်းမဖော် ရဲအောင် ဖြစ်နေသည့်



အချိန်၊ သူ့ထက်လူရည်လည်သော ထောင်ရည်ဝသော အဆက်အသွယ်ကောင်းသော မြို့သားလူမိုက်များ ကြားမှာ မျက်စိသူငယ်နှင့် ဘယ်သူ့ဆရာ ခေါ်ရမှန်း မသိ ဖြစ်နေသော အချိန်တွင် တပည့်လက်ရင်းတစ်ယောက် လိုချင် တောင့်တနေသည့် ညွန့်မောင်နှင့် တွေ့ကြခြင်းဖြစ်သည်။

ညွန့်မောင်၏ အစောင့်အရှောက်ခံအဖြစ် အသိအမှတ်ပြုခံရပြီးနောက် ဘတုတ် ထောင်ထဲမှာ အနေရ အစားရ ချောင်ချိသွားခဲ့သည်။ ကျီးကန်းတောင်းမှောက် လူတကာ ကြောက်နေရသော ဘဝ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဇဝေဇဝါ နားမလည်နိုင်သော ဘဝမှ လွတ်မြောက်ခဲ့သည်။ သို့သော် ထိုအကျိုးခံစားမှုအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်ကား ဆရာညွန့်မောင်အား အရှင်သခင် တစ်ဦးပမာ ရိုကျိုးခယခဲ့ရပေသည်။

သို့သော် ဘတုတ် နစ်နာသည် မထင်ပါ။ ထောင်က လွတ်ပြီးနောက် သူ့ရွာသို့ မပြန်ဘဲ ဆရာညွန့်မောင်နောက် လိုက်ခဲ့သည်။ ညွန့်မောင်အိမ်မှာ ဝတ်ကြီးဝတ်ငယ် ပြုစုရသော်လည်း တစ်ချိန်က မိမိ မသွားတတ် မလာတတ် ဖြစ်ခဲ့သည့် မြို့ပေါ်မှာ ဆရာညွန့်မောင်အရှိန်အဝါ နောက်ခံနှင့် တွင်ကျယ်ခွင့် မိုက်ခွင့် ရသည့်အခါ ဘတုတ်အကျေနပ်ကြီး ကျေနပ်သည်။ အများကြီး တန်သည်ဟု ထင်သည်။

ညွန့်မောင် အိမ်မှာ ဝက်မွေးသည်။ ညွန့်မောင် ဝက်တွေ ဆိုသော်လည်း ဝက်သား ပေါ်ရောင်းပြီး ပိုက်ဆံရသည့်အခါသာ ညွန့်မောင်ဝက်။ ကျန်သည့် အချိန် လုပ်ရ၊ ကိုင်ရ၊ ကျွေးရ၊ မွေးရတာ မှန်သမျှကား ဘတုတ် အလုပ်ချည်း ဖြစ်သည်။ ညွန့်မောင်မှာ ကြံခင်း တစ်ခင်းလည်း ရှိသည်။ မိဘလက်ငုတ် အမွေအနှစ်ပစ္စည်း။ အလျင်က လူငှားနှင့် ပစ်ထားသလို ရှိခဲ့သည့် ကြံခင်း၊ ဘတုတ် ရောက်လာသည့်အခါမှ သေသေချာချာ ကျကျနန ဖြစ်လာသည်။ တဲနှင့် ဘာနှင့်၊ ထန်းလျက်ဖိုနှင့်။ ညွန့်မောင် စိတ်ကူးလိုက်တိုင်း အကောင်အထည်

www.burmeseclassic.ocm

www.burmeseclassic.ocm



ပေါ်လာသည်။

ညွန့်မောင်မှာ ဝက်မွေးသော အလုပ်၊ အရက်ပုန်းချက်သော အလုပ် အပြင် ဓားပြတိုက်သော အလုပ်နှင့် ခိုးရာပါ ပစ္စည်း လက်ခံသော အလုပ်ကလေးများလည်း ရှိသေးသည်။ စင်စစ် ယင်းအလုပ်တွေက သူ၏ ဝင်ငွေ ရရှိရာ ရရှိကြောင်း အဓိကလုပ်ငန်း ဖြစ်သည်။ ဝက်တို့၊ အရက်တို့ ဆိုသည်က အပယိက ဟန်ဆောင်လုပ်ငန်းများ။ သို့ သော် ဘတုတ်က ဆရာ့အလုပ် ဆိုလျှင် အလွန်ကျိုးနွံ့ သေချာစွာ လုပ်သဖြင့် ယင်းအပယိက လုပ်ငန်းများကလည်း အခြေအနေ မဆိုးလှပေ။

တစ်နေ့ ဘတုတ် မြို့ထဲက အပြန်၊ သူနှင့်အတူ မိန်းမ တစ်ယောက် ပါလာသည်။ အမျိုးသမီးက လုံးကြီးပေါက်လှ။ ဘတုတ်ထက် အရပ်နည်းနည်း ရှည်ချင်သည်။ အသက် သုံးဆယ်ကျော်ခန့် ရှိမည်။ ရွာက လူတစ်ချို့ကတော့ သည်မိန်းမ မိန်းမကောင်း မဟုတ်ဟု ဆိုကြသည်။ ဘတုတ်နှင့် လိုက်လာသည် ဆိုတော့လည်း သည်စကား မှားလောက်စရာ မရှိ။ ရွာစွန်က အိမ်မှာ ညွန့်မောင်၊ ဘတုတ်တို့နှင့် အတူနေသည်။ သူက ဘတုတ် အလုပ်တွေ ကူလုပ်သည်။ ဘတုတ် သွားလေရာ ပါသည်။ နောက်တော့ ဘတုတ် မယားလို့ လူအများ သိမှတ် ခေါ်ဝေါ်လာကြသည်။

ဘတုတ် သည်မိန်းမနှင့် ဘယ်လို တွေ့ပြီး ဘယ်လို ရလာသည်ကို မည်သူမျှ သေသေချာချာ မသိကြသော်လည်း ဘတုတ်မယား ရောက်လာသဖြင့် ညွန့်မောင်တို့ ဆရာတပည့် ဆက်ဆံရေး မပြေလည် ဖြစ်လာသည် ဆိုသည့် အကြောင်းကိုကား ရွာမှာ လူပြောများလာသည်။ သူတို့ အိမ်နားက ဖြတ်သွားကြသူများ ညွန့်မောင် ဆဲဆိုသံကို မကြာခဏ ကြားကြရသည်။ အဓိကကတော့ သည်မိန်းမကို ဆဲရေး တိုင်းထွာနေခြင်း။ မိန်းမက ပြန်ပြောသံကို တစ်ခွန်းတလေ ကြားသည့်အခါ ကြားရသည်။ ဘတုတ်ထံမှကား ဘာသံမှ ကြားရလေ့ မရှိ။



တစ်နေ့တွင် ညွန့်မောင် ဆဲရင်းဆိုရင်း ဘတုတ်မယားကို ပါးရိုက်ကာ ခွေးကတက်က အောက်သို့ ခြေနှင့် ကန်ချလိုက်တာ ရွာက ကာလသား တစ်ယောက် ခြံစည်းရိုးစပ်က လှမ်းမြင်လိုက်ရသည်။ အိမ်ရှေ့ ကွက်လပ်တွင် ဓားမတစ်လက်နှင့် တစ်ခုခု လုပ်နေဟန်တူသော ဘတုတ် ဓားကိုင်ကာ ကြောင်တောင် ငေးကြည့်နေသည်။ ဘတုတ် မယား မြေကြီးပေါ်က လူးလဲထလာပြီး ဘတုတ်ဆီ ပြေးကာ

'ဟဲ့ကောင်၊ ကိုယ့်မယား ဒါလောက် စော်ကားနေတာ နင်လက်ပိုက်ကြည့်နေသလား၊ နင် ဒါလောက်တောင် သတ္တိ မရှိဘူးလား၊ လက်ထဲက ဓား ဘာလုပ်ဖို့ ထားသလဲ၊ ငါ ဒီကို လိုက်လာတာ နင့်ကို ကြိုက်လို့ လိုက်လာတာဟဲ့၊ အဲဒီကောင်ရဲ့ မယားလုပ်ဖို့ လိုက်လာတာ မဟုတ်ဘူး အရူးရဲ့' ဆို၍ ဘတုတ်ကို ဆောင့်တွန်းပစ်ခဲ့ပြီး ခြံပြင်ထွက်သွားသည်။ ဘတုတ် ဓားတစ်လက်နှင့် ငိုင်ကာ ကျန်ရစ်ခဲ့သည်။ ညွန့်မောင်က အိမ်ရှေ့ခန်း ပက်လက်ကုလားထိုင်မှာ မှင်သေသေဖြင့် ထိုင်လျက်။

နောက်တစ်နေ့ နံနက် သူ့အိမ်တွင် ညွန့်မောင် မရှိ၊ မြို့ထဲသွားနေသည်။ ဘတုတ်မယားလည်း မနေ့ကတည်းက ပြေးသွားပြီ။ ဘတုတ် တစ်ယောက်တည်း။ ဘတုတ် အိမ်ရှေ့ကွက်လပ်က ဓားသွေးကျောက်ရှေ့မှာ ထိုင်ကာ ပြောင်လက်နေပြီးသောဓားကို ဖိတ်ဖိတ်တောက်အောင် သွေးသည်။ ပြီးလျှင် ညွန့်မောင်အိမ်ရှေ့က သရက်ပင်ကြီးကို အေးအေးဆေးဆေး စိမ်ပြေနပြေ ခုတ်လေသည်။ အိမ်ရှေ့လမ်းက ဖြတ်သွားဖြတ်လာသူများ ဘာအတွက် ခုတ်ပါလိမ့်ဟူသော သဘောဖြင့် ဇဝေဇဝါ ကြည့်ကြသည်။ ဘယ်သူကမှတော့ မမေး။ ဘတုတ်က တောမှာ နေစဉ်ကတည်းက ထင်းခုတ်ကောင်းသူ ဖြစ်သည်။ ထင်းခုတ်ဓား အကိုင် ကျွမ်းကျင်၍ သစ်ပင်ကို စနစ်တကျ ခုတ်လဲတတ်သူ။ လူခုတ်သည့် အခါမှာလည်း ထင်းခုတ်ဓားနှင့်ပဲ ခုတ်တတ်သူ ဖြစ်သည်။ သရက်ပင်ကြီး တဖြိုဖြိုမြည်ကာ တစ်ဘက်သို့ ယိုင်လာပြီး ညွန့်မောင်

www.burmeseclassic.ocm

www.burmeseclassic.ocm



အိမ်အလယ်တည့်တည့် ကန့်လန့်ဖြတ် လဲကျသည်။ သစ်ပင်အလေးနှင့် အိမ်ကလေး နိမ့်ဆင်းသွားသည်။ သစ်ကိုင်းသစ်ခက်တွေ တစ်အိမ်လုံး ဖုံးသွားသည်။ ထိုနောက် ဘတုတ် ဓားမနှင့် သူ့အထုပ်ကလေးဆွဲကာ မြို့ဘက် ထွက်သွားသည်။

ညွှန့်မောင် ပြန်ရောက်လာသည့်အခါ သူ့အိမ်ကို သေသေချာချာ လှည့်ပတ်ကြည့်ပြီးနောက် ထင်းခုတ်သည့် အလုပ်သမား လေးယောက် ငှားကာ သစ်ပင်ကို ရှင်းလင်းဖယ်ရှားသည်။ နောက်တစ်နေ့တွင် လက်သမားခေါ်၍ အိမ်ကို ပြန်ပြင်သည်။ ညွှန့်မောင် အပြင်မထွက်ဘဲ အိမ်မှာပင် သုံးလေးရက် ငြိမ်ကုပ်၍ နေသည်။ သည့်နောက်တွင် အပြင် ထွက်သော်လည်း မြို့ထဲ သိပ်မသွားဘဲ ရွာထဲမှာပင် ဟိုအိမ် သည်အိမ် သွားလာ လည်ပတ်သည်။ ယခင်က သူ မာမာကျောကျော သာ ပြောဆို ဆက်ဆံလေ့ ရှိခဲ့သည့် ကာလသားများနှင့် ပြေပြေပြစ်ပြစ် ပြောဆိုဆက်ဆံသည်။ ညွှန့်မောင် တစ်ယောက် ပျော့ပျောင်းသွားပြီ၊ သူ့တပည့် ဘတုတ်နှင့်လည်း လုံးဝ အိုးစားကွဲသွားပြီ၊ သည်အတိုင်းဆို လျှင် ညွှန့်မောင် လူမိုက်အလုပ်မှ အငြိမ်းစား ယူတော့မည် ထင်သည် ဟူ၍ ထန်းပင်ကုန်းသားများ စိတ်သက်သာသွားကြသည်။

သို့သော် အံ့သြဖွယ်ရာ တစ်လကျော်ခန့် ကြာပြီးသည့် တစ်နေ့ ညွှန့်မောင် မြို့ထဲက အပြန်တွင် သူ့နံဘေးက ဘတုတ် ခပ်ကုပ်ကုပ် ကလေး လိုက်ပါလာခဲ့လေသည်။ အထုပ်ကလေး တစ်ထုပ် လက်မှာ ဆွဲလျက်။ ခါတိုင်းလို ဓားမ ခါးကြားထိုးလျက်။ ရွာလယ်လမ်းက ဖြတ်သန်းပြီး ပြန်လာကြသော ဆရာတပည့်ကို ကြည့်ကာ ထန်းပင်ကုန်း ရွာသားများ စိတ်မချမ်းမြေ့စွာ သက်ပြင်းချမိကြသည်။ ရွာမှာ ညွှန့် မောင်ကို ကြောက်ရသည် ဆိုသော်လည်း ညွှန့်မောင်က နေရာတကာ အသေးအဖွဲပါ မကျန် လိုက်ပြီး ဗိုလ်ကျနေ မိုက်နေသည် မဟုတ်။ ရှေ့ရေး နောက်ရေးတော့ အနည်းအပါး စဉ်းစားတတ်သေးသည်။ သူကိုယ်တိုင် မောင်ဒွေးကို လုပ်လာခဲ့သူ ဆိုတော့ မောင်ဒွေး အမြ



မျိုး မရောက်အောင် သတိထားရမည် ဆိုတာ သူ သဘောပေါက်လိမ့် မည်။ ဘတုတ်ကတော့ ရှူးတိုက်တိုင်း ကိုက်သည့်ခွေး။ ဆရာက ထစ်ချက်လို့ ပြောလျှင် ပိုပိုသာသာ နှစ်ချက်လောက် ရိုက်ပစ်ခဲ့တတ် သူ။ သူ့ဆရာ နည်းနည်း ကြည့်မရသူ ဆိုလျှင် အသားလွတ်လိုက် ရန်လုပ်တတ်သူ။ ဘတုတ် ပြန်ရောက်လျှင် ညွှန့်မောင် အချိုး တစ်မျိုး ပြောင်းဦးတော့မည်။ ရွာထဲမှာ သူမကြိုက်တာ၊ သူနဲ့ မတည့်တာ ရှိ လျှင် ဘတုတ်ကို လွှတ်ပေးပြီး လုပ်ခိုင်း၊ ပြီးပြီ ဆိုတော့မှ သူက နောက်က လိုက်ပြီး ထိန်း။ ဘတုတ်က ထိန်းမရသည့်ကောင်၊ လူဆိုး၊ လူရမ်းကား။ သူကတော့ သူတော်ကောင်း။ အဲသလို ပုံစံမျိုး ချိုးသည်။ လူပါးလူမိုက်။ လူလိမ္မာ လူမိုက်။

*

သို့သော် လူမိုက် ဆိုသည်မှာ အဘယ်မှာလျှင် အမြဲလိမ်လိမ်မာမာ မိုက်နေနိုင်ပါမည်နည်း။

ညွှန့်မောင် အမှားတစ်ခု ကျူးလွန်သည်။

စင်စစ် လူတစ်ယောက်၏ အပြုအမူ မှားသလား၊ မှန်သလား၊ မှားလျှင်လည်း နည်းနည်း မှားသလား၊ များများမှားသလား ဆိုသည်က ကာလဒေသ ပယောဂနှင့် ဆိုင်သည်။ ဓာတာ စန်းလာဂ် တက်နေသည့် အခါမျိုးတွင် တော်ရုံတန်ရုံ ကြီးမားသည့် အမှားပင်လျှင် အလိုလိုပ ပျောက်ရသည်။ ကံဓာတာ ညှိုးမှိန်လာပြီ ဆိုသည့်အခါတွင်ကား ခါတိုင်း ကျူးလွန်နေကျ ရိုးရိုးအမှားလေးက သေလောက်သော အမှား ဖြစ်လာ တတ်ပေသည်။

ထိုနေ့ညက ရွာမှာ ထမနဲပွဲ။ ရွာလယ်ပိုင်းမှာ ကာလသားတွေ ပျော်ပျော်ပါးပါး ထမနဲ ထိုးနေကြသည်။ ဘေးက ဝိုင်းရံအားပေးကြည့် ရှုနေသည့် ကာလသမီးများကလည်း အများရှိသည်။ ရပ်ရွာလူကြီး

www.burmeseclassic.ocm

www.burmeseclassic.ocm



သူမ ဆိုတာတွေလည်း စုံစုံညီညီ။

မြို့ထဲက အတော်လေး ရေချိန်ကိုက်ပြီးမှ လမ်းလျှောက်ပြန်လာသည့် ညွန့်မောင်၊ ထမနဲဝိုင်းမြင်တော့ ဝင်လာသည်။ ညွန့်မောင်မြင်တော့ အားလုံးလိုပဲ မျက်နှာပျက်သွားကြသည်။ ပျော်ရွှင်နေသည့် စိတ်များ ညစ်နွမ်းသွားကြသည်။

'ဘယ်လိုလဲကွ၊ ငါ့ကိုကော ထမနဲ မကျွေးကြဘူးလား'

ညွန့်မောင် ကာလသား တစ်သိုက်ဆီ လှမ်းကြည့်ပြီး မေးလိုက်သည်။

'မကျသေးဘူး အစ်ကို၊ တိုးတုန်းပဲ၊ တော်ကြာ ဟိုတစ်အိုး ကျရင် ကျွေးပါ့မယ်' ထမနဲထိုးသည့် အဖွဲ့မှာ လူကြီးလုပ်နေဟန်တူ သော မောင်လှက အားလုံးကိုယ်စား ဖြေသည်။

ညွန့်မောင် အနီးပါးနား လှည့်ကြည့်သည်။ သူ့အနီး စားပွဲပေါ်မှာ ဒန်အိုးကြီး တစ်လုံး။ ညွန့်မောင် ဒန်အိုးကြီး အဖုံးဖွင့်ကြည့်သည်။ အထဲမှာ ထမနဲများ။ ညွန့်မောင် ထောင်းခနဲ ဒေါသထွက်သွားသည်။

'ဒါ ထမနဲ မဟုတ်လို့....လားကွ၊ ဘာ.....စကား ပြောတာလဲ' သူက မောင်လှကို လှမ်းကြည့်ပြီး စိတ်ဆိုး မာန်ဆိုး ဆဲဆိုကာ ဒန်အိုးထဲ နှိုက်လိုက်သည်။

ရုတ်တရက် အနားမှာ ရှိသည့် ကောင်လေးတစ်ယောက်က

'အစ်ကို ဒါ ပထမအိုး၊ ဦးဦးဖျားဖျား ကျောင်းပို့မလို့ ထားတာပါ' ဟု ဆိုကာ ညွန့်မောင်လက်ကို ကပျာကယာ ဆွဲပြီး ဒန်အိုးအဖုံး ပိတ်လိုက်သည်။ ညွန့်မောင် လက်များ ဒန်အိုး အဖုံးနှင့် ညပ်သွားသည်။

'သြော် မင်းတို့က ဆွဲလားလွဲလား၊ ငါ့ကို အာခံချင်တဲ့ သဘောလား' ဆိုကာ ညွန့်မောင် ကောင်လေး မျက်ခွက် ထိုးထည့်လိုက်သည်။ ကောင်လေး လဲကျသွားသည်။ ညွန့်မောင် ဒန်အိုးကို မပြီး ထမနဲထိုးနေသူများဘက် လွှင့်ပစ်လိုက်သည်။ လူကြီးလူငယ်အားလုံး ကြောင်ကြည့်နေကြပြီးနောက် ရုတ်တရက် မောင်လှက စတင်ကာ



'ဒါလောက်တောင် မိုက်ရိုင်းတဲ့အကောင် ချကွာ' ဆိုပြီး ထမနဲထိုးသည့် ယောက်မနှင့် ပြေးရိုက်သည်။ ညွန့်မောင် ဘယ်လက်နှင့်ကာ ခံသည်။ ဖြောင်းခနဲ မြည်ပြီး ယောက်မကျိုးသွားသည်။ မောင်လှ စပြီ ဆိုသည့်အခါ စောစောက ကြောင်ငေးနေသူများပါ ဝိုင်းလာသည်။ အတင်းဝင်၍ ထိုးကြ နှက်ကြသည်၊ ညွန့်မောင် ဒရောသောပါး ပရမ်းပတာ ခုခံကာကွယ်ပြီး တာလမ်းပေါ် တက်ပြေးသည်။ ကာလသားတွေ တစ်အုပ်ကြီး ညွန့်မောင်အိမ်ရှိရာ ရွာစွန်ဝိုင်းအထိ လိုက်ကြသည်။ အိမ်ခြံထဲသို့ကား ဝင်မလိုက်ရဲ။ အပြင်တာလမ်းပေါ်မှပင် အော်ဟစ်ဆဲဆိုကာ ကျောက်ခဲများနှင့် နာနာထုကြပြီး အောင်ပွဲ ခံကာ ပြန်လာခဲ့သည်။ ထမနဲတစ်အိုး ဆုံးသော်လည်း အရေးမကြီး။ တစ်သက်လုံး ခေါင်းငုံ့ခံခဲ့ရသော ညွန့်မောင်ကို တော်လှန်လိုက်နိုင်ပြီ။

နောက်တစ်နေ့နံနက် ဝေလီဝေလင်းတွင် ညွန့်မောင် မြို့ထဲသို့ လစ်သည်။ ရွာလယ်လမ်းက မသွားရဲ။ တောလမ်းက ကွေ့ပတ်ပြီး သွားရသည်။ ညက လူအုပ်နှင့် ဝိုင်းလိုက်ခံရသည့်ကိစ္စအတွက် သူ အတော် ကျောချမ်းသွားခဲ့သည်။ သူ တကယ်တမ်း ထိခိုက်နာကျင်ခဲ့ခြင်း မရှိပါ။ ခေါင်းမှာ နှစ်နေရာဖုသွားသည်။ ညာဘက် ချိုစောင်းမှာ တစ်လက်မ နီးပါးခန့် ကွဲသွားသည်။ လက်ဖျံမှာ အညိုအမည်း စွဲသွားသည်။ ပခုံးရိုးတစ်ဘက် နည်းနည်းနာနေသည်။ ဒါပဲ ဖြစ်သည်။ သို့သော် ညက အထိအခိုက် နည်းခြင်းမှာ သူ့ကို တစ်သက်လုံး ကြောက်လာခဲ့သည့် အရှိန်ကြောင့် လက်မရဲ ဇက်မရဲ ဖြစ်နေကြ၍သာ ဖြစ်ကြောင်း ညွန့်မောင် သဘောပေါက်သည်။ ယခု သူကိုယ်တိုင် သေပြေး ရှင်ပြေး ထွက်ပြေးခဲ့ပြီးသည့်နောက်တွင် လူမိုက် ညွန့်မောင် ဆိုသော နာမည် ကျဆုံးသွားခဲ့ပြီ။ သည်နာမည်နှင့်အတူ ကပ်ပါလာသည့် အရှိန်တွေ အဟန့်တွေ ပျက်ပြယ်သွားခဲ့ပြီ။ နောက်တစ်ကြိမ် သည်လူစုနှင့် တွေ့လျှင် လွယ်မည် မဟုတ်တော့။ ပြီး မောင်လှတို့ ညီအစ်ကို။ သူ့ရှေ့မှာ ခပ်ကုပ်ကုပ် နေလာခဲ့ကြသော်လည်း ထန်းပင်ကုန်းသား

www.burmeseclassic.ocm

www.burmeseclassic.ocm



ဆိုသော ဇကာ မသေး။ မြို့မှာပင် သည်ကောင်တွေ နာမည် တစ်ခါ နှစ်ခါ ကြားရဖူးပြီ။ ပြီးတော့ သူတို့ယောက်ဖ ထွန်းကျော်။ ထန်းပင်ကုန်း ရောက်တော့မှသာ ငြိမ်နေသည်။ သူ့ရွာမှာတုန်းက သူလည်း နာမည် တစ်လုံးနှင့်လူ။ နောက်၊ သူ ထိုးပစ်ခဲ့သော ကောင်လေး။ သူတို့မှာလည်း အသိုင်းအဝိုင်း ရှိသည်။ ကိုယ့်ချည်း မလုပ်ရဲပေမယ့် အဖော်အပေါင်းနှင့် ဆိုလျှင် ပါလာနိုင်သည်။ အထူးသဖြင့်ကား မောင်လှ။ သူ့ကို ကိုယ်ထိလက်ရောက် လူရှေ့ သူရှေ့မှာ ရိုက်မိပြီးပြီ ဆိုတော့ သည်ရန်စ မအေးဘူးဟု တွေးပြီး လန့်နေနိုင်သည်။ ရန်စ အေးဖို့ နည်းကလည်း တစ်နည်းသာ ရှိသည်။ သည်ကောင်တွေ အခွင့်သာလျှင် သူ့ကို အပြတ်ရှင်းကြမှာ သေချာသည်။

ညွန့်မောင် မြို့ထဲက သူ့ အပေါင်းအသင်း တစ်ယောက်ထံ သွား၍ ခိုနေလိုက်သည်။ အခြေအနေကြည့်ရမည်၊ စနည်းနာရမည်။ သည် ကြားထဲတွင်ကား ဘတုတ်နှင့် နေ့စဉ် အဆက်အသွယ်မပြတ်။ ကိုယ်တိုင် ပြေးသော်လည်း ဘတုတ်ကိုကား ရွာမှာပဲ နေစေသည်။

'ဘာမှ မဖြစ်သလိုနေ၊ ခပ်တည်တည်ပဲ သွား၊ မြို့မှာ ငါ ရှိနေသရွေ့ မင်းကို ဒီကောင်တွေ ဘာမှ မလုပ်ရဲသေးဘူး' ဟု ပြောထားသည်။ ဘတုတ်ကလည်း ဆရာ့စကားအတိုင်း ခပ်တည်တည် ဟန်မပျက်။ ရွာလမ်းက ခါးကြား ဓားထိုးကာ အသွားတစ်ခေါက် အပြန်တစ်ခေါက် တစ်နေ့ နှစ်ခေါက် မှန်မှန်လျှောက်မြဲ လျှောက်လျက်။

မောင်လှတို့ လူစု ဘတုတ် အရိပ်အခြည် ကြည့်နေကြသည်။ မြို့မှာ ညွန့်မောင် ဘာလုပ်နေသလဲ၊ ဘယ်လိုနေသလဲ အခြေအနေ စနည်းနာကြသည်။ များမကြာမီ ညွန့်မောင် မြို့က ရုတ်တရက် ပျောက်သွားသည်။ ဘယ်သို့ ထွက်သွားမှန်း မသိ။ ဘယ်နေရာ ခိုအောင်းနေမှန်း မသိ။ စုံစမ်းကြည့်သည့်အခါ ဓားပြမှု တစ်ခုနှင့် ပတ်သက်၍ ရဲက ညွန့်မောင်ကို စစ်ဆေးမေးမြန်းလိုသဖြင့် လိုက်ရှာနေသည်ဟု သိရသည်။



မောင်လှတို့ လူစု ဘတုတ်ကို မျက်ခြည်မပြတ် အကဲခတ်နေကြသည်။ သူတို့ ကိုယ်တိုင် လူလဲနှင့် ဘတုတ်အိမ် အနီးအနား ဖြတ်သွားဖြတ်လာပြုသည်။ ထွန်းကျော်၏ သားကလေး နှစ်ယောက်ကို ဘတုတ်တို့ ခြံနားတစ်ဝိုက်မှာ ငှက်ပစ်သလို ဘာလိုလိုနှင့် မယောင်မလည် အကဲခတ်ခိုင်းသည်။

တစ်နေ့ ကလေးနှစ်ယောက် ဘတုတ် အိမ်ခေါင်းရင်း ခြံစပ်က မန်ကျည်းပင်မှာ စာကလေး ပစ်သလို နံပြည်စုတ် ပစ်သလိုနှင့် ဘတုတ်အိမ်ဘက် လှမ်းလှမ်းကြည့်နေစဉ် အိမ်ထဲက ဘတုတ် ထွက်လာသည်။

'ဟေ့ ကလေးတွေ ဘယ်လိုလဲကွ၊ ငှက်ရရဲ့လား' ဘတုတ် မျက်နှာထားချိုချိုနှင့် လှမ်းမေးသည်။

'မရသေးဘူး ဦးလေး' အကြီးကောင်လေးက ဖြေသည်။

'အေးအေး၊ ရအောင်ပစ်ကွ၊ ဒါနဲ့ မင်း ကိုထွန်းကျော်သား မဟုတ်လား'

'ဟုတ်တယ် ဦးလေး' တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီးနောက် အကြီးကောင်လေးကပင် ဖြေသည်။

'ငါ ကွင်းခင်းထဲ သွားမလို့ကွ၊ လိုက်မလား၊ အဲဒီမှာ ငှက်ပေါတယ်'

ကလေးများ ကြောက်သွားကြသည်။ သို့သော် လိမ်လိမ်မာမာ ဖြေသည်။

'မလိုက်ဘူး ဦးလေး၊ တောထဲထိ မသွားရဘူးလို့ အမေက ပြောထားတယ်၊ အရိုက်ခံရလိမ့်မယ်'

'အေး အေး၊ မလိုက်ရင်လည်း နေပါကွာ၊ ဦးလေးတော့ သွားမလို့ကွ'

ဘတုတ် အိမ်ပေါ်တက်ကာ တောင်းတစ်လုံး ယူလာပြီး ခြေရင်းတက်မှာ ချသည်။ တောင်းထဲက အထုပ်တစ်ထုပ်ကို အပြင်ထုတ်ပြီး ဖြေသည်။ ပုဆိုးနှင့် ထုပ်ထားသော အထုပ်။ အထဲမှာ အရက်ပုလင်း

www.burmeseclassic.ocm

www.burmeseclassic.ocm



တစ်လုံး၊ ပေါင်မုန့် ဘီစကွတ်ထုပ်များ၊ ငှက်ပျောသီး၊ မြေပဲထုပ်၊ ပြီး ငှက်ပျောဖက်နှင့် ထုပ်ထားသည့် ထမင်းထုပ်လိုလို အထုပ်မျိုး နှစ်ထုပ်။ အကြီးတစ်ထုပ် အသေးတစ်ထုပ်။ ပစ္စည်းတွေကို စစ်ကြော သလို ကြည့်ပြီး ပုဆိုးနှင့် ပြန်ထုပ်သည်။ ပြီးတော့ထဲ ထည့်ထမ်းကာ ခါးကြား မားထိုး၍ တောဘက် ထွက်ခဲ့သည်။

ကလေးနှစ်ယောက် အိမ်မြန်မြန် ပြန်ပြေးကာ သူတို့ မြင်ရသည် များနှင့် ဘတုတ်ပြောစကားများ ပြန်ပြောကြသည်။

ထွန်းကျော်မယား မျက်နှာပျက်နေသည်။ 'ဘတုတ်က ကလေး နှစ်ယောက်ကို ပြန်ပေးဆွဲဖို့ ကြံတာလား၊ တောထဲခေါ်ပြီး သတ်ပစ်ဖို့ ကြံတာလား၊ ကျွန်မ ကလေးတွေကို အရမ်း မခိုင်းနဲ့နော်၊ ရှင်တို့လည်း သတိထားကြ' ဟု သူ့ ယောကျ်ားနှင့် မောင်နှစ်ယောက်ကို သတိပေး သည်။

'အစ်မရာ၊ ပူမနေစမ်းပါနဲ့၊ ခင်ဗျား ကလေးတွေကို ဘာမှ မလုပ်ပါဘူး၊ လုပ်လို့ ဘာအဓိပ္ပာယ် ရှိမလဲ၊ ဒါ လှည့်ကွက်ဗျ၊ ကလေး တွေကို သူအတင်းခေါ်တာ မဟုတ်ဘူး၊ ဒီကလေးတွေ သူနဲ့ မလိုက်ရဲ ဘူး ဆိုတာ သူသိတာပေါ့၊ အခုလုပ်တာက ညွန့်မောင် ကြံခင်းထဲမှာ ရှိတယ်လို့ ကျွန်တော်တို့ ထင်သွားအောင် သဲလွန်စ ပြတာဗျ၊ ဒီကောင် တွေ အကြံအစည် တစ်ခုရှိရမယ်၊ ကျွန်တော်တို့ မနေ့က အဲဒီ ကြံခင်း သွားကြည့်ပြီးပြီ၊ ဘာမှ မရှိဘူး၊ တဲထဲမှာ လူနေတဲ့ အရိပ်အယောင် လုံးဝ မတွေ့ရဘူး။ ဒီကောင်တွေ အကြံအစည် တစ်ခုရှိမယ်။ ကဲ အစ်မ သွား၊ ခင်ဗျားသားတွေ ခေါ်သွား၊ ကျုပ်တို့အတွက် ဘာမှ မပူနဲ့၊ ဘာမှ အရမ်းကာရော မလုပ်ဘူး၊စိတ်ချ' မောင်လှက သူ့အစ် မကို နှစ်သိမ့်ကာ စကားဝိုင်းမှ နှင်ထုတ်လိုက်သည်။

ထွန်းကျော် စဉ်းစဉ်းစားစားနှင့် ဆိုသည်။ 'နေဦးကွ မောင်လှရ၊ ညွန့်မောင် အဲဒီ ကြံခင်းမှာ ရှိနေတယ် ဆိုပါတော့၊ မနေ့က မရှိပေ မယ့် ဒီနေ့ ရောက်လာတယ် ဆိုပါတော့၊ သူတို့က တို့ကို အဲဒီကြံခင်း



လှည့်ခေါ်ပြီး ဘာလုပ်နိုင်မလဲ၊ တို့ လူဘယ်နှစ်ယောက်နဲ့ လာမယ် ဆိုတာ သူ သိနိုင်မလား၊ တို့အုပ်လိုက်ကို ရင်ဆိုင်ခုတ်ရဲမလား၊ မဖြစ် နိုင်ဘူး၊ အဲဒီတော့ ညွန့်မောင် ကြံခင်းမှာ ရှိတာ မှန်ရင် တို့ကိုအဲဒီဘက် မျှားခေါ်စရာ အကြောင်း လုံးဝမရှိဘူး၊ သူရှိတယ် ဆိုတာ မသိအောင် အသာငြိမ်နေဖို့ပဲ ရှိတယ်၊ တကယ်လို့ သူ ကြံခင်းမှာ မရှိဘူး ဆိုပါတော့၊ တို့ကို အဲဒီဘက် ဘာအတွက် ခေါ်ထုတ်မလဲ၊ သူရှိတာ သိရင်တို့ ဘာလုပ်မလဲ ဆိုတာ သေသေချာချာ သိရအောင် စမ်းကြည့်တာလား၊ ဒါလည်း အဓိပ္ပာယ် ရှိတယ် မထင်ဘူး၊ ငါ့ စိတ်ထဲမှာ ထင်နေတာ တစ်ခုရှိတယ်၊ ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားကြ၊ ငါ့စိတ်ထဲမှာ ဘတုတ်က ညွန့်မောင်ကို သစ္စာဖောက်ပြီး တမင်တကာ တို့ကို လမ်းပြနေတယ် လို့ ထင်နေတယ်၊ ညွန့်မောင်ရဲ့ အိမ်စောင့်ခွေး ဆိုပေမယ့် ဒီကောင် လည်း လူပဲကွ၊ အလျင် သူတို့ ပြဿနာ ဖြစ်ခဲ့တဲ့ သူ့မယား ကိစ္စနဲ့ ပတ်သက်ပြီး အငြိုးထားချင် ထားနိုင်တယ်၊ မလှန်ရဲလို့ ငြိမ်ခံနေတာ၊ ဒါမှမဟုတ် ကျွန်တော်မျိုး လက်နဲ့ ဆရာညွန့်မောင် သွေးတစ် စက် မထွက်စေရပါ ဆိုတာမျိုး သစ္စာဆိုထားရတာလည်း ဖြစ်နိုင်တယ်၊ တစ်ချို့ လူမိုက်တွေ တပည့်ကို ဒီလိုမျိုး သစ္စာဆိုခိုင်း၊ ညောင်ရေအိုးရေ သောက်ခိုင်း လုပ်တတ်တယ်၊ အခု ဘတုတ် ကိစ္စမှာလည်း ဒါမျိုး ဖြစ်နိုင်တယ်၊ သူကိုယ်တိုင် မလုပ်ရဲလို့ တို့ကို လမ်းဖွင့်ပေးတဲ့ သဘော'

'ကိုထွန်းကျော် ပြောတဲ့အတိုင်း ဖြစ်ရင်တော့ ကျွန်တော်တို့ အတွက် လွယ်တာပေါ့ဗျာ၊ အဲသလို မဟုတ်ဘဲ ထောင်ချောက်ဖြစ်နေ ရင် ခက်မယ်၊ ညွန့်မောင်က ဉာဏ်နီဉာဏ်နက်များတယ်နော်၊ ကျွန်တော် တို့ မစဉ်းစားတတ်တာတွေ သူအများကြီး ကြံစည်ထားနိုင်တယ်၊ သူ့ ကို ပေါ့သေးသေးတွက်လို့ မဖြစ်ဘူး' မောင်လှညီ မောင်မြက ဝင်ပြော သည်။

'မင်းက ကြောက်သလားကွ' မောင်လှက မောင်မြကို ပေါက် သည်။

www.burmeseclassic.ocm

www.burmeseclassic.ocm



'ဒီကောင် ဒီလောက် အထင်ကြီးစရာ မလိုပါဘူးကွ၊ ဟိုနေ့က တို့လိုက်တဲ့အခါ ခွေးပြေး ဝက်ပြေး ပြေးတာ ကြည့်ပါလား၊ ခုလည်း ဒီကောင် ရဲက ဖမ်းမှာစိုးလို့ ရှောင်နေတာ၊ ဒီအချိန် ဒီကောင် ဘာမှ မလုပ်ရဲဘူး၊ အဲဒီတော့ ဒီကောင် ကြံခင်း ရောက်လာတာ အမှန်ဖြစ်ပြီး ဘတုတ်က ကိုထွန်းကျော် ပြောသလို သစ္စာဖောက်တာ ဖြစ်ရင် ဖြစ်မယ်၊ ဒါမှမဟုတ် ဘတုတ် တစ်ယောက်တည်း အရူးထပြီး သူ့ဆရာ မရှိတုန်း ကြံခင်းမှာ ပျော်ပွဲစား ထွက်တာ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် တို့သုံးယောက် လိုလိုမယ်မယ် ငမောင် တစ်ယောက်ပါ ခေါ်ပြီး ကြံခင်း သွားကြည့်မယ်။ ညွှန့်မောင် တစ်ယောက်တည်း လွတ်လွတ်ကျွတ်ကျွတ် တွေ့ရင် အပြတ်ရှင်းမယ်၊ ဘတုတ်ကိုတော့ အခြေအနေကြည့်ပြီး လုပ်ကြတာပေါ့၊ လိုအပ်ရင် လိုအပ်သလို၊ မလိုအပ်ရင် မလိုအပ်သလို၊ ဘာကြောင့်လဲ ဆိုတော့ တကယ်တမ်း ရင်ဆိုင် တိုက်ရရင် ညွှန့်မောင်က ဒါလောက် ကြောက်စရာ မရှိပေမယ့် ဘတုတ်ကျတော့ လွယ်မှာ မဟုတ်ဘူး၊ ကိုယ့်ဘက်က အထိအခိုက် မရှိအောင် ပိုင်မှ လုပ်လို့ ဖြစ်မှာ ဟုတ်တယ် မဟုတ်လား'

*

ဘတုတ် ကြံခင်းထဲ ရောက်နေသည်မှာ အတန်ကြာပြီ။ သူက ကွပ်ပျစ်ကြားမှာ ထိုးညှပ်ထားသည့် ဆေးလိပ်တိုကို ယူ၍ မီးညှိသည်။ သည်ဆေးလိပ် ကုန်သည်အထိတော့ စောင့်ကြည့်လိုက်ဦးမည်။ ဒါကုန်၍မှ ရောက်မလာလျှင်တော့ သည်ကောင်တွေ အလုပ်ဖြစ်မည့် ကောင်တွေမဟုတ်။ ဆရာ ညွှန့်မောင်ဆီ သွား၊ ပစ္စည်းတွေ ပေး။ သူ မှာကြားတာတွေ မှတ်သား၊ ပြီးရင် ပြန်။ ဒါပဲ ရှိသည်။

ဆေးလိပ် မီးငြိမ်းသတ်လိုက်ပြီးနောက် တဲခေါင်မိုးအပေါက်များ ဟိုရှောင် သည်ကြားများမှ ဘတုတ် အရပ်လေးမျက်နှာကို သေသေ



ချာချာ အကဲခတ်သည်။ ထူးခြားချက် တစ်စုံတစ်ရာ မတွေ့ရ။ ဘတုတ် စိတ်ပျက်ပြီးနောက်ဘက် လှည့်တော့မည်အလုပ် မြောက်ဘက် တောင်ကြောပေါ်မှာ လှုပ်ရှားမှု တစ်ခု ရိပ်ခနဲ သတိပြုလိုက်မိသည်။ ဘတုတ် သေသေချာချာ စောင့်ကြည့်သည်။ လူနှစ်ယောက်။ မောင်လှနှင့် ငမောင်။ ချုံတွေ သစ်ပင်တွေကြားက ခြေသံမကြားရအောင် ဖြည်းဖြည်း လှမ်းလာနေသည်။ နောက်ထပ် တစ်ယောက်မှ မမြင်ရ။ သို့သော် သူတို့နှစ်ယောက်တည်းတော့ မဖြစ်နိုင်။ ကျန်သည့် လူတွေက တောင်ခြေရင်းဘက်မှာ၊ ဒါမှမဟုတ် တောင်ဘက်က တောင်ကြောပေါ်မှာ၊ ဒါမှမဟုတ် သူတို့နောက်ဘက် မလှမ်းမကမ်းမှာ ဖြစ်ရလိမ့်မည်။ ကြံခင်းတဲနှင့် အတော်နီးသည့် နေရာ ရောက်ပြီးနောက် မောင်လှနှင့် ငမောင် သစ်ပင်တစ်ပင်စီနောက် ကွယ်၍ ငြိမ်ရပ်ကာ တဲဆီသို့ အသာချောင်းကြည့်နေကြသည်။

ဘတုတ် ခါးကြား ဓားထိုးပြီး တဲထဲက ထွက်လာသည်။ ပစ္စည်းတွေ ထည့်ထားသော တောင်းကို ထမ်း၍ ကြံခင်းလုပ်ထားသည့် တောင်စောင်းအတိုင်း ဆင်းကာ ကြံခင်းအစပ်ရှိ လျှိုနား ချဉ်းကပ်လာသည်။ သည်လျှိုက အဝေးက ကြည့်လျှင် ချုံတွေ စီးနေသလို သည်အထဲ လုံးဝ သွား၍ မရနိုင်သလို ထင်ရသည်။ ဘတုတ် ကြံခင်းအစပ်က ချုံပင်တွေကြား ငုံ့လိုက်ဖယ်လိုက်၊ တစ်ချို့လည်း နင်းလိုက်ခြေလိုက်နှင့် ဝင်သွားသည်။ သူသွားသည့် နေရာတစ်လျှောက်မှာ လမ်းကြောင်းရာတစ်ခု ပေါ်သွားသည်။ စင်စစ် သည်နေရာမှာ လမ်းကြောင်းကလေး တစ်ခု မထင်မရှား ရှိနှင့်ပြီးသား ဖြစ်သည်။ ယခင်ကမူ သည်လမ်းကလေးကို လူမြင်သူမြင် ဖြစ်မသွားအောင် သူ့အပေါ် ဖုံးအုပ်နေသော အပင်ကလေးတွေ အကိုင်းကလေးတွေ ကျိုးမသွားအောင် ဘတုတ်တို့ သတိထားပြီး သွားခဲ့ကြသည်။ ထို့ကြောင့် အနီးပါးနား တောင်ကြောများက ကြည့်၍ လုံးဝ မမြင်ခဲ့ရ။

ဘတုတ်လျှိုထဲ ရောက်သွားသည်။ သည်လျှိုက ရိုးရိုးသားသား

www.burmeseclassic.ocm



လှိုဏ်မဟုတ်။ သည်လှိုဏ်ထဲမှာ တောင်နံရံကို ထွင်းဖောက် တည်ဆောက်ထားသည့် လိုဏ်ဂူတစ်ခု ရှိနေသည်။ နဂိုက ရှိသည့် လိုဏ်ဂူခေါင်းလိုလို အရာကို သေသေချာချာ ချဲ့ထွင် ပြုပြင်ထားခြင်း ဖြစ်သည်။ ဂူပေါက်ဝက ကျဉ်းကျဉ်းနိမ့်နိမ့်၊ ထိုင်၍ တွား၍ ဝင်ရသည်။ မြေပြိုမကျအောင် ဒေါက်တွေ၊ သစ်သားတန်းတွေ ခံထားသည်။ မြေပြင်မှာ ဝါးကြမ်းခင်းထားသည်။ ဂူထဲမှာ ဖျာစုတ်၊ ဝါးပိုးခြမ်း ခေါင်းအုံး၊ သောက်ရေအိုး စသည့် အသုံးအဆောင် ပစ္စည်းများလည်း ရှိသည်။ ဘတုတ် ရောက်လာပြီး ကြံခင်း သေသေချာချာ လုပ်သည့် အချိန်၊ အရက်ပုန်းအကြီးအကျယ် ချက်ကြသည့် အချိန်က ဘတုတ် အရက်ပုံးများ ဖွက်ရန် နေရာရှာရင်း သည်လှိုဏ်ထဲ ရောက်ကာ လိုဏ်ခေါင်းငယ်ကို တွေ့ခဲ့ခြင်း ဖြစ်သည်။ ထိုနောက် ညွန့်မောင်၏ ညွှန်ကြားချက်နှင့် ဘတုတ်၏ ကာယလုပ်အားတို့ ပေါင်းစပ်ကာ သည်ဂူကို တည်ဆောက်ခဲ့ကြသည်။ ညွန့်မောင်က သည်နေရာကို အရက်ပုံးများထားသိုရာ နေရာ အဖြစ်သာမက ခိုးရာပါ တိုက်ရာပါ ပစ္စည်းများ သိုဝှက်ရာ၊ ရှားရှားပါးပါး တစ်ခါတစ်ရံ မိမိအပေါင်းအသင်း သူခိုးဓားပြ တစ်ယောက်တစ်လေ အကြောင်းကြောင်းကြောင့် ထွက်ပြေးတိမ်းရှောင်ရသည့် အခါမျိုးတွင် ခိုအောင်းရာ အဖြစ်ပါ အသုံးချခဲ့သည်။

ရွာက လူများမှာ သူတို့ ကြံခင်းဘက်ကို ရှောင်ကြသဖြင့် သည်လှိုဏ်နား ရောက်ပင် မရောက်ဘူးကြ။ လိုဏ်ဂူအကြောင်း လုံးဝ မသိကြ။

ဘတုတ် လိုဏ်ဂူထဲဝင်ကာ ဆရာညွန့်မောင်ကို အခြေအနေ မေးမြန်းပြီး ယူလာသော ပစ္စည်းပစ္စယတွေ ထုတ်၍ သင့်တော်ရာ နေရာမှာ သပ်သပ်ရပ်ရပ် ထားသိုသည်။ ညွန့်မောင်က မြို့ထဲရှိ အဆက်အသွယ်တွေဆီ သွားပြီး အခြေအနေ သတင်းစကားများ စုံစမ်း မေးမြန်းရန် ကြံခင်းသို့ လာသည့်အခါများတွင် လူသူ မရိပ်မိအောင် သိုသိုသိပ်သိပ် သတိဝိရိယနှင့် လာရန်တို့ကို မှာကြားသည်။ ဘတုတ် ရို



သေစွာ နာယူပြီးနောက် တောင်းနှင့် ပုဆိုးကို ယူ၍ ထွက်လာခဲ့သည်။ ဘတုတ် တဲသို့ ပြန်ရောက်လာပြီးနောက် ရပ်ဆိုင်းမနေတော့ဘဲ ရွာဆီသို့ တန်း၍ ပြန်လာခဲ့သည်။ ဘေးဘီမကြည့်။ နောက်သို့ လှည့်မကြည့်။

*

နောက်တစ်နေ့ နံနက်၌ ဘတုတ် ကြံခင်းသို့ သွားသည်။ လှိုဏ်ထဲ လိုဏ်ဂူ အဝနားမှာ လဲကျသေဆုံးနေသော ဆရာ ညွန့်မောင် အလောင်းကို တွေ့ရသည်။ ကိုယ်ပေါ်မှာ ဓားဒဏ်ရာတွေ အနံ့အပြား။ လည်ကုပ်တွင် ဟပြဲနေသော ဒဏ်ရာကြီးက အထင်ရှားဆုံး ဖြစ်သည်။ သည်တစ်ချက်နှင့်ပင် သေရန်အကြောင်း လုံလောက်ပြီ။ ဂူဝက ခေါင်းငုံ့၍ အထွက်တွင် လည်စင်းပေးလိုက်သလို ဖြစ်သွားခဲ့ဟန် တူသည်။ ဘတုတ် ကြာကြာ ကြည့်မနေဘဲ ရွာသို့ ပြန်လာကာ ရွာလူကြီးများကို အကြောင်းကြားသည်။ ရဲများ ရောက်လာသည်။ ထင်ထင်ရှားရှား သက်သေမကင်း ဖြစ်ခဲ့ရသူ မောင်လှတို့ ညီအစ်ကို သမီးယောက်ဖတစ်စုကို ဖမ်းဆီးစစ်ဆေးသည်။ အိမ်တွင် ရှာဖွေသည်။ ဘတုတ်ကိုလည်း ခေါ်ယူမေးမြန်းသည်။ ဘတုတ် ဘာမှ ရေရေရာရာ မဖြေနိုင်။ ဆရာ မရှိတော့သဖြင့် အားကိုးရာမဲ့ မျက်စိသူငယ်နှင့် ကြောင်တိကြောင်တောင် ဖြစ်နေသလိုလို။

သို့သော် ညွန့်မောင် ဈာပနကိုကား ထုံးတမ်းစဉ်လာ အတိုင်း စနစ်တကျ ဖြစ်အောင် ဘတုတ် ဂရုစိုက်ဆောင်ရွက်သည်။ ဘုန်းကြီး ငါးပါး ပင့်ကာ ရက်လည်ဆွမ်းသွတ်သည်။ လူ့ဖွယ် ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ရွာက လူများ ဖိတ်ကာ ဝက်သားဟင်းနှင့် ထမင်းကျွေးသည်။ ဆရာ ညွန့်မောင်အတွက် ရေစက်ချ အမျှပေးဝေသည်။ အလွန်ပင် သစ္စာရှိသော လူမိုက်တပည့်ပေတကားဟု ဘုန်းတော်ကြီးနှင့် ရွာလူကြီးအချို့ မှတ်ချက် ချမိကြသည်။

*

www.burmeseclassic.ocm

www.burmeseclassic.ocm



ဆွမ်းသွတ်ပြီး နောက်တစ်ရက် နှစ်ရက်အတွင်း ဘတုတ်အိမ်မှာ မွေးထားသည့် ကြက်၊ ဘဲ၊ ဝက်များနှင့် အိမ်အသုံးအဆောင် တိုလီမိုလီ ပစ္စည်းများကို ရွာထဲက လူများ မြို့ထဲက လူများထံ ရသည့်ဈေးနှင့် ရောင်းချသည်။ ညွှန့်မောင် မရှိသည့်နောက်တွင် ထန်းပင်ကုန်းက သူနှင့် ဘာမှ မသက်ဆိုင်တော့ပြီ။ အပြီးအပိုင် ထွက်ခွာသွားတော့မည်။

နံနက်စောစော လွယ်အိတ် တစ်လုံးလွယ်ကာ ခါးကြား ဓား ထိုးပြီး ဘတုတ် ထွက်လာခဲ့သည်။

ရွာထိပ်လမ်းထက်မှာ မောင်လှနှင့် ရင်ဆိုင်တွေ့သည်။ ညွှန့်မောင် သတ်မှုနှင့် ပတ်သက်၍ သက်သေအထောက်အထား မည်မည်ရရ မတွေ့ရသဖြင့် ရဲက အာမခံနှင့် လွှတ်ထားခြင်း ဖြစ်သည်။

'ကိုဘတုတ် သွားတော့မလား'

မောင်လှက အလျင်နှုတ်ဆက်သည်။

'အေးကွာ ညီလေး၊ အစ်ကို သွားပြီ၊ ကိုယ့်ရွာမှာပဲ အေးအေးဆေးဆေး လုပ်ကိုင်စားတော့မယ်'

'ရပါတယ် ကိုဘတုတ်၊ ချောင်းဖျားမှာ မပျော်လည်း ကျွန်တော်တို့ဆီ လာခဲ့ပေါ့၊ ဖြစ်ပါတယ်'

မောင်လှက သည်နေရာမှာ သူ ပြီးလျှင် အားလုံးပြီးသည် ဆိုသော လေသံမျိုးနှင့် ဆိုသည်။

'ကျေးဇူးတင်ပါတယ် ညီလေး၊ အစ်ကို သွားပြီကွာ'

ဘတုတ် မောင်လှနံဘေးက ဖြတ်ကျော်ကာ သူ့လမ်းအတိုင်း လျှောက်သွားသည်။ မလှမ်းမကမ်းရောက်တော့မှ နောက်ပြန်လှည့်ကာ သူ့ကို ရပ်ကြည့်နေသော မောင်လှအား လှမ်း၍ ပြောလိုက်သည်။

'အခုတော့ ထန်းပင်ကုန်းမှာ ညီလေးပဲပေါ့၊ ဟားဟား'

ထန်းပင်ကုန်း မောင်လှ ပြုံး၍ ကြည့်နေသည်။ ဘာမှတော့ မပြော။ ပြောစရာလည်း မလို။ အပြုံးနှင့်ပင် လုံလောက်ပြီ။ ရုတ်တရက် မမျှော်လင့်ဘဲ အဆင့်ကျော် ရာထူးတိုးမြှင့်ခြင်းခံရသူ၏ အပြုံး။



ဘတုတ် ထန်းပင်ကုန်း မောင်လှကို ကျောခိုင်းကာ သူ့ခရီး သူ ဆက်သွားသည်။ သူ့မျက်နှာပေါ်၌လည်း ရှားပါးသော အပြုံးနှင့်။ သည်အပြုံးက ကိစ္စ တစ်ခုအောင်မြင် ပြီးမြောက်ခဲ့သူ၏ အပြုံး။

[မဟေသီ။ ။ဇူလိုင်၊ ၁၉၈၇]

www.burmeseclassic.ocm

www.burmeseclassic.ocm

## သူဌေး ဦးမင်းနိုင်

ဦးမင်းနိုင်ကို မြင်ရသည့်အခါတိုင်း 'ဥပဓိရုပ် ကောင်းတယ် ဆိုတာ ဒီပုဂ္ဂိုလ်ကြီးမျိုးကို ခေါ်တာပဲ' ဟု ကျွန်တော် တွေးမိစမြဲ ဖြစ်သည်။ ဦးမင်းနိုင် အသက်ခြောက်ဆယ့်ရှစ်နှစ် ရှိပြီ ဖြစ်ကြောင်း သူကိုယ်တိုင် ပြောစကားအရ ကျွန်တော် မှတ်သားရသည်။ သူက အသက်အရွယ်နှင့်စာလျှင် အလွန်ကျန်းမာ သန်စွမ်းသူ ဖြစ်သည်ဟု ဆိုရမည်။ သူ့အသားအရေက အာဟာရပြည့်ဝပြီး ဥတုသပ္ပါယ မျှတစွာ နေထိုင်တတ်သူ၊ ထိုသို့ နေထိုင်ရန် အခွင့်အရေးလည်း ရှိသူ တစ်ဦး ဖြစ်ကြောင်း ဖော်ပြနေသည်။

ကြည်လင်လန်းဆန်းသော မျက်နှာ၊ မဖြူမညို အသားအရောင်၊ အတန်ငယ် ကျယ်ဝန်းသော နဖူးပြင်နှင့် အဖြူရောင် နည်းပါးကာ အတော်ပင် နက်မှောင်နေသေးသော ဆံပင်တို့က စိတ်ကောင်းနှလုံးကောင်း ရှိ၍ ခင်မင်ဖွယ်ကောင်းသော လူကြီးလူကောင်း တစ်ယောက် ဖြစ်ကြောင်း ထောက်ခံလျက် ရှိပေသည်။

ဦးမင်းနိုင်က မိသားစု ကျန်းမာရေးကို အထူးဂရုစိုက်တတ်သူ ဖြစ်သည်။ သူ့ဇနီး၊ သမီးနှင့် မြေးများပါဝင်သည့် သူ့မိသားစုအတွင်း

www.burmeseclassic.ocm

www.burmeseclassic.ocm



တော်ရုံတန်ရုံ မကျန်းမာတာလေးများ ရှိလျှင်ပင် ကျွန်တော့်ထံ လာရောက်ပြသလေ့ ရှိသဖြင့် သူနှင့် ကျွန်တော် အတော်ပင် ရင်းနှီးကျွမ်းဝင်လျက် ရှိသည်။ သို့သော် သူကိုယ်တိုင်ကမူ ရောဂါဘယ ဖြစ်ခဲလှသည်။ ယနေ့အထိ သူ့ကို ကျွန်တော် တစ်ခါမျှ စမ်းသပ်ကြည့်ရခြင်း မရှိသေးပေ။

'ဦးလေးက ကျန်းမာရေးတော့ သိပ်ကောင်းတယ်၊ တစ်နှစ်လုံးနေလို့ တစ်ခါ ခေါင်းမကိုက်ဘူး၊ ထမင်းစား မဝင်တာတို့ ညအိပ်မပျော်ဘူး ဆိုတာတို့ မရှိဘူး၊ လူကျန်းမာဖို့မှာ စိတ်ဓာတ်က အဓိကပဲ ဆရာရဲ့၊ ဟုတ်တယ်မို့လား၊ ဆရာတို့ ဆရာဝန်တွေ ပိုသိမှာပါ၊ သောကဗျာပါဒများတဲ့ လူတွေ ဘာကိစ္စကလေး တစ်ခု လုပ်လုပ် ချီတုံချတုံနဲ့ လုပ်ရကောင်းနိုး မလုပ်ရကောင်းနိုး ဇဝေဇဝါများတဲ့ လူတွေ ရောဂါထူတာပဲ၊ အိမ်က မိန်းမက အဲဒီလို အမျိုးအစား၊ အဲဒါကြောင့် သူ့မှာ အနုဆိုရင် နှလုံးတုန်တယ် ရင်ခုန်တယ်၊ တော်ကြာ ခေါင်းကိုက်ပြန်ပြီ ဇက်ကြောထိုးပြန်ပြီ၊ အဲသလို ဖြစ်နေတယ်၊ ဦးလေးတို့ကတော့ စိတ်ဓာတ်ပြတ်သားတယ်၊ စီးပွားရေးလုပ်တဲ့အခါ သူများထက်သာအောင် ရှပ်ရှပ်ချွဲချွဲ လုပ်တယ်၊ လှူရေး တန်းရေးကျတော့လဲ ဒီလိုပဲ၊ ဘယ်တော့မှ နောက်မတွန့်ဘူး၊ သို့လော သို့လော ဖြစ်မနေဘူး၊ စေတနာ သုံးတန် ဖြတ်ပြီး လှူလိုက်တာပဲ'

'တစ်ချို့ လူတွေက လှူပြီးခါမှ ငါလှူတာ များများ များသွားလေပလားလို့ နှမြောတတ်တာ ရှိတယ်၊ အဲဒါဆို သွားပြီ၊ ဘာကုသိုလ်မှ မရတော့ဘူး၊ ပိုက်ဆံ အလကား ဆုံးတာပဲ၊ လှူပြီဆိုရင် သံယောဇဉ် ပြတ်ပြီးသာ လှူလိုက်၊ ကိုယ် ဘယ်လောက် လှူလိုက်တယ် ဆိုတာ တွေးပြီး စိတ်ကြည်နူး၊ အဲဒါ လက်ငင်းကုသိုလ်ပဲ၊ အဲဒီလို စိတ်နှလုံး ပြတ်သားပြီး အကောင်းဘက်ကို တွေးတော ကြည်နူးတတ်တဲ့ လူဟာ အမြဲ ချမ်းသာတယ်၊ အေးချမ်းတယ်၊ အဲဒီအခါ လူလဲကျန်းမာတယ်၊ ဉာဏ်ရွှင်တယ်၊ တစ်ခြား လူမှုရေး စီးပွားရေး လုပ်ငန်း



တွေမှာ သူများထက် စိတ်ကြည်ကြည်လင်လင် ဉာဏ်ရွှင်ရွှင်နဲ့ လုပ်နိုင်တဲ့အတွက် ပိုအောင်မြင်မှုရတယ်၊ ကုသိုလ်ကောင်းမှု ပြုတဲ့အတွက် လက်ငင်းအကျိုး ပေးတယ် ဆိုတာ အဲဒါပဲ။

'တစ်ချို့ လူတွေ ပြောတာ ကြားဖူးလိမ့်မယ်၊ များများလှူလေ များများ ပြန်ရလေ ဆိုတာ၊ အဲဒါ ဒီလို စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူတဲ့ လူတွေ၊ အလှူအတွက် နောက်ဆံမတင်းဘဲ ကြည်နူးပီတိ ဖြစ်တတ်တဲ့ လူတွေမှာမှ ဖြစ်တာ'

ဦးမင်းနိုင်က သူ၏ 'လူကျန်းမာ စိတ်ချမ်းသာမှု ဆိုင်ရာ အတွေးအမြင်ကို ဤသို့လျှင် အကျယ်တဝင့် ရှင်းပြဖူးသည်။

ဦးမင်းနိုင်က သည်မြို့ကလေးမှာ ထိပ်တန်း လူချမ်းသာ စာရင်းဝင်သူ ဖြစ်သည်။ သည်နယ်မြေမှာ လုပ်စား၍ ရသော စီးပွားရေး လုပ်ငန်းမှန်သမျှ သူမလုပ်တာ ဘာ တစ်ခုမျှ မရှိ ဆိုရလောက်အောင်ပင် လုပ်ငန်းမျိုးစုံ လုပ်ကိုင် ပိုင်ဆိုင်သူ ဖြစ်သည်။ တစ်ဘက်ကလည်း သူဆိုခဲ့သည့်အတိုင်း အလှူအတန်းဘက်မှာ တကယ်ပင် ပြတ်ပြတ်သားသား ရက်ရက်ရောရော ရှိခဲ့သည်။ ဘုရားကျောင်းကန်၊ ဆေးရုံ၊ စာသင်ကျောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်။ သူမလှူဘူး မဆောက်ဘူး မပြုပြင်ဘူးတာ ဘာမှမရှိ။

*

'ဦးမင်းနိုင်ကြီးက ဓားပင်စု ရပ်ကွက်မှာ အဝီစိတွင်း တူးပေးဖို့ စီစဉ်နေတယ်တဲ့ဗျ'

ညဘက် ညဘက် ကျွန်တော့်အိမ် အလည်လာကာ အေးအေးဆေးဆေး စကားစမြည် ပြောလေ့ရှိသည့် အိမ်နီးချင်း တစ်ဦး ဖြစ်သူ အငြိမ်းစား ရဲဝန်ထမ်း ဦးဘသိန်းက ဆိုသည်။

'ဟုတ်တယ်၊ ကျွန်တော်နဲ့လဲ နေ့လယ်က လမ်းမှာ တွေ့လို့

www.burmeseclassic.ocm

www.burmeseclassic.ocm



ပြောသွားသေးတယ်၊ ဇီးပင်စုက ရေအရမ်းရှားတယ် မဟုတ်လား ဦးလေးရဲ့၊ အဲဒီလူတွေ ရေဒုက္ခ ရောက်နေတာ သူ မကြည့်နိုင်ဘူးတဲ့၊ ဇီးပင်စုမှာ ဟိုနှစ်ပေါင်းများစွာက အဝီစိတွင်း တူးပေးဖူးတယ်၊ မအောင်မြင်ခဲ့ဘူးတဲ့၊ အခု ရန်ကုန်က အဝီစိတွင်းတူးသမားတွေ ခေါ်ပြီး စမ်းကြည့်နေတယ်၊ တူးလို့ အောင်မြင်မယ် ဆိုရင် အဲဒီရပ်ကွက်ထဲမှာ အဝီစိတွင်း သုံးတွင်း တူးပေးဖို့ ပြောဆိုပြီးပြီတဲ့'

'အောင်မြင်ပါစေ ဆုတောင်းရမှာပေါ့ဗျာ၊ အဲဒါမှ ဇီးပင်စုသားတွေ ရေဒုက္ခ ငြိမ်းမှာ'

'ဦးမင်းနိုင်က တကယ်ထူးချွန်တဲ့ လူဗျာ၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေက ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ဘာသာရေး ကိစ္စက လွဲရင် တခြား ကိစ္စတွေမှာ လှူရတန်းရမှာ ဝန်လေးကြတယ်ဗျ၊ ဆေးရုံ အတွက် အလှူခံတာတို့၊ စာသင်ကျောင်းအတွက် အလှူခံတာတို့ ကျရင် သိပ်မသဒ္ဓါချင်ကြဘူး၊ 'ဒါ အစိုးရတာဝန်ပဲ၊ တို့ ဘာလှူစရာလိုသလဲ' လို့ ပြောချင်ကြတယ်။ အစိုးရမှာ တာဝန်ရှိတာတော့ အမှန်ပေါ့ဗျာ၊ ဒါပေမယ့် ကိုယ့်ဘာသာကိုယ် ထူထောင်လိုက်လို့ ဖြစ်မြောက်လာရင် အကျိုးခံစားရမှာ ကိုယ့်နယ်မြေ ကိုယ့်လူထုပဲ မဟုတ်လား၊ အဲဒီတော့ ကိုယ့်အားကိုယ်ကိုးပြီး လုပ်နိုင်သမျှကိုတော့ ဝိုင်းဝန်းလုပ်ကြရမှာပေါ့။

'ပြီးတော့ ဒါတွေဟာလဲ ကုသိုလ်ရတဲ့ အလှူဒါနတွေပဲ မဟုတ်လား၊ ဦးမင်းနိုင် ကျတော့ အဲဒါကို ကောင်းကောင်း သဘောပေါက်တယ်၊ ဦးဘသိန်းတို့ သိမှာပေါ့၊ ဟိုပြည်တော်သာ ရပ်ကွက်က မူလတန်း ကျောင်းသစ်ကလေးဟာ ဦးမင်းနိုင် တစ်ယောက်တည်း ဆောက်လှူတာဆို၊ သူ ကျွန်တော့်ကို တစ်ခါ ပြောဖူးတယ်၊ ကိုယ်လှူထားတဲ့ စာသင်ကျောင်းကလေး နားရောက်လို့ ကလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ စာသင်ကြားနေတာ ပြေးလွှားကစားနေတာတွေ မြင်ရတဲ့အခါ စိတ်ကြည်နူးသွားပုံဟာ ဘယ်ဟာမျိုးနဲ့မှ မတူဘူး၊ မီးခံသေတ္တာထဲ ငွေတွေ



အပုံလိုက် ထည့်ပြီး ထိုင်ကြည့်နေလို့ ဒီလို ပီတိသောမနဿမျိုး မရနိုင်ဘူး၊ လို့ ပြောဖူးတယ်။ ပြောတဲ့ အတိုင်းလဲ သူက ယုံယုံကြည်ကြည် လုပ်နေတာပဲ'

ကျွန်တော်က ဦးမင်းနိုင် စိတ်ဓာတ်ကို အားတက်သရော ထောက်ခံပြောဆိုနေမိသည်။ သို့သော် ဦးဘသိန်း မျက်နှာ အမူအရာက တစ်မျိုး။

'အင်း၊ ဆရာကတော့ ဦးမင်းနိုင်လူ လုံးလုံး ဖြစ်နေပြီ။ သူ့ရာဇဝင်မှ မသိဘဲကိုး' ဦးဘသိန်းက ဆိုလိုက်သည်။

'ဘယ်လို ရာဇဝင်မျိုး ရှိလို့လဲဗျ' ကျွန်တော်က အံ့သြစွာ မေးမိသည်။

'ရာဇဝင်က ပြောရမှာ ရှည်တယ်ဗျာ၊ ဒါပေမယ့် အတိုချုပ် ပြောရမယ် ဆိုရင်တော့ ဦးမင်းနိုင်ဆိုတဲ့ လူဟာ နဂိုတုန်းက သေသေချာချာ လူသတ်ဓားပြတိုက်လာတဲ့ လူဗျ၊ အခုမှ သူတော်ကောင်း လုပ်နေတာ'

'ဟုတ်ရဲ့လား ခင်ဗျာ၊ သူ့ရုပ်လက္ခဏာ ကြည့်ရတာ အဲဒီလုပ်ငန်းမျိုးနဲ့ နည်းနည်းလေးမှတောင် ဆက်စပ်လို့ မရပါလား'

'ဥပဓိရုပ်ကောင်းတာ ရုပ်ရည်သန့်ပြန့်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် မိန်းမလျာလို ကန့်ကလျ ပုံမျိုးနဲ့ လူသတ်သမားတွေ၊ အင်မတန် ခက်ထန်မာကျောတဲ့ ရုပ်ရည်ရှိပေမယ့် အတွင်းစိတ် နှလုံး ကျတော့ တကယ် ဖြူစင်သိမ်မွေ့တဲ့ လူတွေ အများကြီး ရှိတာပဲ၊ သိမ်တောင်ဆရာတော်ကြီး ကြည့်ပါလား၊ ကန်တော့ပါရဲ့၊ မျက်နှာကြီးက ဓားပြမျက်နှာမျိုး၊ အသံကြီးက ဟိန်းလိုက်သေး၊ ဒါပေမယ့် အမူအရာ အပြောအဆို အားလုံး အင်မတန် ကြင်နာ သိမ်မွေ့တယ်၊ အနေအထိုင် အစားအသောက် အလွန် ခြိုးခြံတယ်၊ သူကိုယ်တိုင်က တရားဘာဝနာ အားထုတ်နေသူမို့လို့ အဲသလို ခြိုးခြံပေမယ့် ဘုန်းကြီးကျောင်းသားကလေးတွေ ကျောင်းမှာ နေတဲ့ ခွေးတွေ ဝဝလင်လင်

www.burmeseclassic.ocm

www.burmeseclassic.ocm



စား၍ သောက်ရဖို့ကိုတော့ အင်မတန် ဂရုစိုက်တယ်။

'လမ်းသွားရင် မြေကြီးပေါ်က ပုရွက်ဆိတ်တွေ တက်နင်းမိမှာ စိုးလို့ သေသေချာချာ ကြည့်ပြီး သွားတယ်၊ ခြင်ကိုက် ဖြုတ်ကိုက်တာကို ဘယ်ခါမှ ပွတ်သပ်ချတယ် ခါချတယ် မရှိဘူး၊ ဝအောင် ကိုက်ပြီး ထပျံသွားတဲ့အထိ နာင ယားတာကို သည်းညည်းခံပြီးနေတယ်။ ဒါကြောင့် လူရဲ့ အပြင်ပန်း ရုပ်ကို ကြည့်ပြီး အတွင်းစိတ်ကို ခန့်မှန်းဖို့ ဆိုတာ မလွယ်ဘူး၊ အများကြီး မှားနိုင်တယ်' ဟု ဆိုကာ ဦးဘသိန်း ဆေးပြင်းလိပ်ကို ကောက်ယူပြီး မီးညှိနေသည်၊

ကျွန်တော် ဘာမှ ဝင်မထောက်။ ဦးမင်းနိုင်အကြောင်း ဆက်ပြောလေမလားဟု သူ့မျက်နှာကို စောင့်ကြည့် အကဲခတ်နေသည်။ သူက ပြောသင့် မပြောသင့် ချင့်ချိန်နေပုံရသည်။

'ဦးမင်းနိုင် ရာဇဝင်က ဒီမြို့မှာ ရှေးလူတွေတော့ အကုန်လုံး သိကြတဲ့ ကိစ္စတွေပါ၊ ဦးလေးကတော့ ဟိုတုန်းက ရဲအမှုထမ်းလုပ်ခဲ့ သူမို့ သူများတကာတွေထက် ပိုသိတယ်။ သို့သော် အတော်များများ က တစ်ဆင့်ကြားတွေ ဖြစ်လေတော့ ဘယ်အတိုင်းအတာအထိ မှန် တယ် ဆိုတာကို ကာယကံရှင် ကိုယ်တိုင်မှပဲ အသေအချာ သိမှာပါ'

'ဟုတ်ကဲ့၊ ဆိုပါဦး ဦးလေး' ကျွန်တော်က ဦးဘသိန်း ပြောဖြစ် အောင် ဝင်ထောက်ပေးလိုက်သည်။

'အင်း သူများအကြောင်း ဆိုတာ သိပ်ပြောကောင်းတဲ့ ကိစ္စ မဟုတ်ဘူး၊ မကောင်းတဲ့ အကြောင်း ဆိုတော့ ပိုပြီး မပြောသင့်ဘူး ပေါ့လေ၊ ဒါပေမယ့် စကားကလဲ စမိနေပြီ၊ ပြီးတော့ ဆရာက သူ့ဒီ နေ့ လုပ်ကိုင်နေတာတွေ ကြည့်ပြီး သိပ်လေးလေးစားစား ယုံယုံကြည် ကြည် ဖြစ်နေမိတာ တွေ့ရတော့ ဒီလူရဲ့ နောက်ကြောင်း ရာဇဝင် ဘယ်လိုရှိတယ် ဆိုတာပါ ပြည့်ပြည့်စုံစုံ သိထားအောင် ပြောချင်တာပါ၊ သူနဲ့ ကိုယ်နဲ့ ပုဂ္ဂိုလ်ရေး သဘောအရတော့ အငြိုးအာဃာတ လုံးဝ မရှိပါဘူး'



ဦးဘသိန်း ဆေးပြင်းလိပ်တိုကို ဖွာကြည့်သည်။ မီးက ငြိမ်းနေ သည်။ မီးပြန်ညှိမလိုလုပ်ပြီးမှ ဆေးလိပ်ရော မီးခြစ်ပါ ပြန်ချထားပြီး စကား ဆက်ပြောသည်။

'ဦးမင်းနိုင် ဆိုတဲ့ လူဟာ ဒီမြို့သား အစစ်တော့ မဟုတ်ဘူး၊ ဟိုမြောက်ဘက်ပိုင်းက ငါးကြီးအိုင် ဆိုတဲ့ ရွာကြီး၊ ဆရာ နာမည်တော့ ကြားဖူးမှာပေါ့၊ အဲဒီရွာသား၊ သူ့ မိဘတွေက အဲဒီနယ်ဘက်မှာတော့ အထိုက်အလျောက် ဩဇာရှိတဲ့ လူတွေလို့ ဆိုတယ်၊ သူ့ရွာမှာက လယ်သမား ကိုင်းသမားရော ပင်လယ်တံငါရော လူမျိုးစုံတယ်။ ဘိန်း စား အရက်သမား ပေါတယ်။ အင်္ဂလိပ်ခေတ်က ဘိန်းဆိုင်မှာ မှတ်ပုံ တင် ထားတဲ့ လိုင်စင်ရ ဘိန်းစားချည်းကို အစိတ်သုံးဆယ် ရှိတယ်လို့ ဆိုတယ်၊ မှတ်ပုံတင် မထားတဲ့ ဘိန်းပုန်းစားတွေ အများကြီး ရှိဦး မယ်၊ အဲဒီတော့ ဒုစရိုက်သမားတွေလဲ များတယ်ပေါ့၊ အရင်ခေတ် တုန်းက ငါးကြီးအိုင်သား ဆိုရင် ဒီဘက်နယ်မှာ လူတွေ အတော်လန့် ကြတယ်၊ လာလိုက်ရင် လူမိုက်တွေ ဓားပြတွေချည်းပဲကိုး။

'အခုခေတ်တောင် အဲဒီဘက်က လာတဲ့ ကောင်လေးတွေ တစ် ခါတစ်လေ မြို့ထဲ အရက်ဆိုင်မှာ ဘာမှာ ရန်ဖြစ်ရင် ငါးကြီးအိုင်သား ကွ ဘာညာနဲ့ ဇာတိဂုဏ် ဖော်ပြီး ကြိမ်းလား ဝါးလား လုပ်ချင်ကြ သေးတယ်၊ အရှိန်မကုန်ချင်သေးတဲ့ သဘောပေါ့၊ ဒါပေမယ့် အခုနေ အခါမှာတော့ မြို့က လူမိုက်ကလေးတွေက သူတို့ထက် လက်ရဲဇက်ရဲ နဲ့ ပိုမိုက်တတ်နေပြီ။ အဲ ဦးမင်းနိုင် ဆိုတဲ့ လူလဲ ရေမြေလိုက်တဲ့ သဘော၊ အမျိုးအရိုးပါတဲ့ သဘောမျိုး ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် လူလားမြောက်စအရွယ်မှာ ခေတ်ပျက်နှင့် ကြုံတွေ့တာကြောင့်လဲ ဖြစ် ချင်ဖြစ်မယ်၊ တောမှာ ဘာလုပ်ငန်းမှတောင် မည်မည်ရရ မလုပ်ခဲ့ဖူး ဘူး။ စကတည်းက တောက်လျှောက် ဓားပြဂိုဏ်းခေါင်းဆောင်ပဲလို့ ပြောကြတယ်။

'ဂျပန်ခေတ် တစ်ခေတ်လုံး နောက် အင်္ဂလိပ် ပြန်ဝင်တော့လဲ

www.burmeseclassic.ocm

www.burmeseclassic.ocm



အုပ်ချုပ်ရေးက အရင်ကလို မခိုင်မာ၊ အဲဒီနောက်ပိုင်းကျတော့ အလံနီတွေ ကွန်မြူနစ်တွေ ရဲဘော်ဖြူတွေ သူတစ်လှည့် ငါတစ်လှည့် သူဝင်ငါထွက်နဲ့ တိုင်းပြည်က ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ အချိန်၊ ဒီအချိန်မှာ သူတို့အတွက်ကတော့ ပဒေသာပင်ခေတ်ပေါ့၊ ဒီလူက သိပ်ရက်စက်တဲ့ လူလို့ ပြောကြတယ်၊ ဓားပြတိုက်တဲ့အခါ ထုံးစံအားဖြင့်တော့ ကိုယ့်မျက်နှာ အိမ်ရှင် မမြင်အောင်၊ နောက်တွေ့ရင် မမှတ်မိအောင် သတိထားလေ့ ရှိကြတယ်၊ ဒါပေမယ့် သူတို့ရွာနဲ့ ဝေးဝေးလံလံ နေရာတွေ မျက်နှာစိမ်း ရွာတွေကျတော့ သိပ်အများကြီး ဂရုစိုက်စရာ မလိုဘူးပေါ့လေ၊ အလွယ်တကူ တိုက်ခိုက်လုယက်ပြီး ပြန်ပြေးလာကြရင် ပြီးတယ်၊ ဝေးဝေးလံလံကို ဒုက္ခခံ သွားမနေဘဲနဲ့ နီးနီးနားနား ဆာတ်သိ ပတ်သိထဲက ချမ်းသာတဲ့ လူမျိုးကို တိုက်တဲ့ အခါကျတော့ နည်းနည်း သတိထားပြီး မျက်နှာအိုးမည်းလူး ဒါမှမဟုတ် ပဝါနဲ့ စည်း၊ အသံ မမှတ်မိအောင် ပါးစပ်ထဲ ကွမ်းသီး ဆီးဖြူသီး ငုံထား၊ တစ်အိမ်သားလုံး ကြမ်းပြင်မှာ မှောက်ခိုင်းထား ဆိုတဲ့ နည်းမျိုးတွေနဲ့ လုပ်ကြတယ်။

'ဒါပေမယ့် အဲဒီလို လုပ်တဲ့ကြားထဲက တစ်ခါတစ်လေ လုပ်ရင်းကိုင်ရင်း မတော်တဆ ကိုယ့်မျက်နှာ လူမြင်သွားတာ၊ အဖွဲ့သားထဲက တစ်ယောက်တစ်လေကို ဘယ်သူ ဘယ်ဝါမှန်း ရိပ်မိသွားတာမျိုး ရှိတယ်၊ အဲဒီအခါမျိုးကျရင် အိမ်ရှိ လူကုန်သတ်တာပဲ။ ခေတ်ပျက်နေတဲ့ ကာလ ဆိုပေမယ့် သူ့နေရာနဲ့ သူ အုပ်ချုပ်တဲ့ လူတွေက ကြာရှည် မခံရင်သာ နေရမယ်၊ ရှိတာကတော့ ရှိနေတယ်။ ပြီးတော့ ဒီလူတွေကလဲ ရပ်ရွာ အေးချမ်းရေးအတွက်ဆိုပြီး သူခိုး ဓားပြမိရင် အသေချည်း စီရင်ပြနေတော့ အဲဒီအချိန်က ဓားပြတိုက်ရတာ ချောင်ပေမယ့် ကိုယ်မှန်း မသိအောင် ပိပိရိရိ လုပ်နိုင်ဖို့က အရေးကြီးတယ်။

'ဒီခေတ်လို ထောင်နဲ့တန်းနဲ့ ပြီးတာမှ မဟုတ်ဘဲကိုး၊ အဲဒီတော့ သဲလွန်စ မကျန်အောင် လုပ်တဲ့နေရာမှာ အပြတ်ရှင်းတဲ့ နည်းက စိတ်အချရဆုံးပေါ့၊ ဒါပေမယ့် ဘယ်လောက်ပိရိတယ် ဆိုစေ ဘယ်နေရာ



မှာ တိုက်သွားတာ သူတို့ပဲလို့ အခိုင်အမာ မပြောနိုင်တာသာ ရှိတယ်၊ ဒီလူစု ဓားပြတိုက်စားနေကြတယ်၊ အတော်များများ လှုပ်ရှား နေကြတယ် ဆိုတာတော့ လူတွေသိလာတယ်၊ သူ့ရွာအပြင်ဘက်ပါ သတင်းထွက်လာတယ်၊ အဲဒီအခါ ဦးမင်းနိုင် ကိုယ်ရောင်ဖျောက်သွားတယ်၊ ရွာမှာ မနေတော့ဘူး။

'ဒါပေမယ့် ကြောက်လို့ ငြိမ်သွားတာမျိုး၊ တစ်ချောင်မှာ သွားပြီး ခိုနေတာမျိုး မဟုတ်ဘူး၊ ဒီအလုပ်ကို သေသေချာချာ စောက်ချလုပ်ဖို့ ထွက်သွားတာ။ အချိန်ပြည့် လုပ်ဖို့ ထွက်သွားတာ။ တစ်နည်းအားဖြင့် ပြောရရင် ဓားပြကနေ တောပုန်း ဖြစ်သွားတာ။ ဘာကြောင့်လဲဆိုတော့ အဲဒီနောက်ပိုင်းကာလမှာ သူတို့ လူစု အရင်ကထက် ပိုပြီး သောင်းကျန်းခဲ့တာကိုး၊ အဲဒီအချိန်က သူတို့ ရွာအထက်ပိုင်း နယ်တွေမှာ မင်းနိုင်ဂိုဏ်း ဆိုပြီးတော့ကို အကြီးအကျယ် နာမည် ကြီးသွားခဲ့တယ်။

'တစ်နေ့ကျတော့ ဦးမင်းနိုင်ကို ရဲဘော်ဖြူဘအောင်အဖွဲ့က ဖမ်းမိသွားတယ်၊ ဖမ်းမိတာက သူ့မိန်းမရှိတဲ့ ရွာကို တိုးတိုးတိတ်တိတ် လာတုန်း သိသွားတဲ့ လူက ရဲဘော်ဖြူတွေဆီ သတင်းသွားပေးလို့ အဖမ်းခံရတာ၊ အဲဒီ သတင်းပေးတဲ့ လူကိုလဲ နောက်တော့ ဦးမင်းနိုင် တပည့်တွေ ဖမ်းပြီး သတ်ပစ်တယ်လို့ ပြောကြတယ်။ အဲဒီမှာ ဦးမင်းနိုင်နဲ့ တပည့်တစ်ယောက်ကို ဖမ်းမိပြီး နောက်တစ်နေ့ လှံစွပ်နဲ့ ထိုးသတ်ပြဖို့ လူထုကိုတောင် ကြေညာထားပြီးပြီ။ အဲဒီမတိုင်ခင် ညမှာ ဦးမင်းနိုင် တပည့်တွေ သူတို့ ဆရာကို အသက်စွန့်ပြီး ကယ်ကြတယ်၊ ဒီလို ကယ်တာမှာ အဖမ်းခံနေရတဲ့ လူနှစ်ယောက်တော့ လွတ်သွားပါရဲ့၊ ဝင်ကယ်တဲ့ လူလေးယောက်ထဲမှာ နှစ်ယောက် သေနတ်မှန်ပြီး သေကျန်ခဲ့တယ်။

'အဲဒီ ကိစ္စကို တစ်ချို့ ပြောကြတာက သူတို့ဆရာကို သစ္စာရှိလွန်း ကြည်ညိုလွန်းလို့ ကယ်တာ မဟုတ်ဘူး၊ ဦးမင်းနိုင်က ဓားပြတိုက်လို့ ရတဲ့ ပစ္စည်း အတော်များများကို အခြေအနေ အကြောင်း

www.burmeseclassic.ocm

www.burmeseclassic.ocm



အမျိုးမျိုး ပြပြီး စေစုခွဲ မပေးသေးဘဲနဲ့ သူပဲ တာဝန်ယူပြီး ဝှက်သိမ်းထားတော့ သူသေသွားရင် ပစ္စည်းတွေ အားလုံး အစပျောက်ကုန်မှာစိုးလို့ ကျန်တဲ့ အကောင်တွေ စွန့်စားပြီး လုပ်ကြတာလို့ ဆိုတယ်။ ဘာဖြစ်ဖြစ် ဦးမင်းနိုင်ကတော့ လွတ်သွားတာပေါ့လေ၊ မဟုတ်ရင် အဲဒီတုန်းကပဲ ရဲဘော်ဖြူ လက်ချက်နဲ့ ဦးမင်းနိုင် ဇာတ်သိမ်းသွားပြီပေါ့။

'ရဲဘော်ဖြူလက်က လွတ်သွားပြီးတဲ့နောက် ဦးမင်းနိုင် ဒီနယ်က ရှောင်သွားတယ်။ ပုသိမ်တို့ ရန်ကုန်တို့ ဘက်မှာ ဟိုရွှေ့ သည်ပြောင်းနဲ့ နေတယ်၊ နှစ်နှစ် သုံးနှစ်လောက် ကြာမယ်၊ အဲဒီ အတောအတွင်း တစ်ခြားလူတွေနဲ့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းကလေးတွေ ဟိုစပ်စပ် သည်စပ်စပ် လုပ်တယ်၊ အယောင်ပြ လုပ်သလား တကယ်လုပ်သလား မသိဘူး၊ ဒါပေမယ့် အဲဒီတုန်းက သေသေချာချာ ဖြစ်မြောက်တယ်လို့တော့ မကြားရခဲ့ဘူး၊ ဒီမှာ နယ်မြေတွေ အတော်ကလေး အေးချမ်းပြီ ဆိုတဲ့ အခါ သူပြန်ရောက်လာတယ်၊ ရွာက သူ့ သားမယားတွေ ခေါ်ပြီး မြို့မှာ လာနေတယ်။

'အောင်သုခလမ်းမှာ အိမ်တစ်လုံး ဝယ်တယ်၊ ဈေးထဲမှာ ဆိုင်ခန်း တစ်ခုဝယ်ပြီး ကုန်မျိုးစုံ ရောင်းတယ်။ အဲဒီက စပြီး တဖြည်းဖြည်းနဲ့ မြို့မှာ သူများတကာ လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းမှန်သမျှ တစ်ခုမကျန် လိုက်လုပ်တော့တာပဲ။ ပွဲလှောင် ဆီလှောင် ထန်းလျက်လှောင်၊ နောက်ဆန်စက် ဆီစက်၊ လုပ်ငန်းမျိုးစုံတယ်။ မော်တော်ကားထောင်တယ်၊ သမ္ဗန်စပ်တယ်၊ သဘော်စပ်တယ်၊ ရွှေပေါင် ငွေပေါင်ခံတယ်၊ စပါးပေးနဲ့ ငွေချေးတယ်၊ စုံရောပဲ။ ဦးမင်းနိုင် စက်တွေဘာတွေ ဝယ်တဲ့အခါ လူတွေက ဓါးပြတိုက်လို့ ရတဲ့ ပစ္စည်းတွေနဲ့ ဝယ်တာလို့ ဆိုကြတယ်၊ မှန်ချင်လဲ မှန်မယ်။

'သို့သော် သူ့ကြည့်ရတာ လုပ်သမျှ စီးပွားရေးလုပ်ငန်းမှာလဲ အောင်မြင်ခဲ့ပုံရတယ်၊ သူ အလုပ်လုပ်ပုံက သူများနဲ့ မတူဘူး၊ ပြတ်



သားတယ်၊ ရဲတယ်၊ နောက်ခံအင်အား တောင့်တင်းလို့ ရဲရဲတင်းတင်း လုပ်ဝံ့ပြီး ရစရာ ရှိတဲ့အခါ များများစားစား ရသွားတာလဲ ဖြစ်နိုင်တယ်၊ ဘယ်လိုပဲ ပြောပြော စေ့စေ့ကုတ်ကုတ် တွန့်တွန့်ဆုတ်ဆုတ် လုပ်ကြတဲ့ လူတွေကြားမှာ သူ့လုပ်ပုံကိုင်ပုံက လုံးဝ တစ်ဘာသာ ဖြစ်နေတယ်၊ လုပ်ငန်းတစ်ခု သူဝင်လာရင် ကျန်တဲ့ လူ ရှဲသွားတယ်။ သူနဲ့ မယှဉ်ရဲဘူး။ ငွေကြေး ရင်းနှီးမြှုပ်နှံရာမှာ သူ့လောက် မရမ်းရဲ မလုပ်ရဲတာ ပါမယ်၊ ဓားပြတိုက်ခဲ့ လူသတ်ခဲ့တဲ့ လူမို့လို့ လုပ်ငန်းပိုင်းမှာ သူနဲ့ မငြိအောင် ရှောင်ကြတာလဲ ပါမယ်၊ အဲဒီလို အကြောင်းကြောင်းတွေကြောင့် သူက လုပ်သမျှ အောင်မြင်ပြီး တစ်နေ့ တစ်ခြား ပိုပိုချမ်းသာလာတာပဲလို့ ဦးလေး နားလည်တယ်'

ဦးဘသိန်း ဆေးပြင်းလိပ်နှင့် မီးခြစ်ကောက်ယူကာ မီးညှိပြီး တစ်ဖွာ နှစ်ဖွာ ဖွာသည်။ ကျွန်တော့်ကို အကဲခတ်သလို ကြည့်သည်။ ကျွန်တော်က ဘာမှ မပြော။ မှတ်ချက်မချ။ ဆက်ပြောပါဦး ဆိုသော သဘောမျိုးဖြင့် ကြည့်နေသည်။

'လူက အပြောအဆို လိမ္မာတယ်၊ ပါးတယ်၊ အပေါင်းအသင်း တတ်တယ်၊ ဘယ်လို လူမျိုးကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ ကောင်းကောင်း နားလည်တယ်။ မြို့ပေါ် ရောက်စက သူ့ကို ဓားပြဟောင်း တစ်ယောက် ဆိုပြီး လူတွေက သိပ်မဆက်ဆံရဲဘူး၊ တစ်ချို့ဆိုရင် သူ့ကို မြို့မှာ လူကောင်း လုပ်ပြနေပြီး တစ်ချိ တစ်ချိ ဓားပြထွက်တိုက်နေသေးတယ်၊ ဒါမှ မဟုတ်လည်း အနည်းဆုံး တိုက်ရာပါ ပစ္စည်းလောက်တော့ လက်ခံ ထုခွဲပေးနေသေးတယ်လို့ ထင်ကြတယ်။ ဦးလေးတို့ကတော့ ဒီကိစ္စ လုံးလုံးလျားလျား ပြတ်သွားခဲ့ပြီလို့ မြင်ပါတယ်။

'သို့သော် ဘာပဲပြောပြော အများအမြင်မှာတော့ သိပ်မကောင်းခဲ့ဘူးပေါ့လေ၊ သိပ်လူဝင်မဆံ့ဘူး၊ ပေါင်းသင်းချင်တဲ့သူ နည်းတယ်၊ ဒါပေမယ့် ဒါက အစပိုင်း ခဏပဲ။ သူက ရဲတင်းတယ်၊ မှင်သေတယ်။ မရှက်မရွံ့တတ်ဘူး၊ လိုအပ်တယ် ထင်ရင် အတင်းဝင်ပေါင်းတာပဲ။

www.burmeseclassic.ocm



ဘုန်းကြီးကျောင်း မှန်မှန်သွားတယ်။ ဥပုသ်စောင့်တယ်၊ လှူတယ် တန်းတယ်၊ ဘုန်းကြီးတွေ ဓါပကတွေ ကပ်ပေါင်းတယ်၊ ဘာသာရေး ပွဲလမ်း အခမ်းအနား ရှိလျှင် သူက ဘာတာဝန် ယူတယ် ဆိုပြီး လှူလိုက်တယ်၊ ကျွေးလိုက်တယ်။ ဘာသာရေးပိုင်းမှာ အတင်းဝင်သလို လူမှုရေး နိုင်ငံရေးပိုင်းမှာလည်း ပြောင်ပြောင်တင်းတင်း ဝင်ပေါင်းတာပဲ၊ သေသေချာချာ အားသာနေတဲ့ အဖွဲ့အစည်းထဲကိုမှ အတင်းတိုးဝင်တယ်။

'နိုင်ငံရေးသမား ဆိုတာကလည်း အာဏာရနေသူ ဖြစ်စေ၊ အတိုက်အခံလုပ်နေသူ ဖြစ်စေ သူတို့စည်းရုံးရေး လုပ်ငန်းတွေ လုပ်ရှားမှုတွေအတွက် ငွေကြေး အကူအညီ အမြဲလိုနေတာပဲ၊ ဒီအတွက် စီးပွားရေးသမားတွေနဲ့ မလွဲမသွေ ပေါင်းကြရတယ်၊ တစ်ချို့ ကိုယ်ကျိုးစီးပွားအတွက် ပေါင်းကြတာလည်း ရှိတာပေါ့လေ၊ ဦးမင်းနိုင်က ဒီအကွက်ကို မြင်တယ်၊ ဒီလူတွေမှာ ဘာလိုနေသလဲ၊ သူက ရက်ရက်ရောရော ဝင်ကူတယ်၊ ရွေးကောက်ပွဲအချိန်မျိုးမှာ သူ့ကားတွေ မော်တော်တွေ အားလုံး သုံးခွင့်ပေးထားတယ်။ အဲဒီတော့ တဖြည်းဖြည်းနဲ့ နိုင်ငံရေးပိုင်း အုပ်ချုပ်ရေးပိုင်းတွေမှာ သူ အရေးပါလာတယ်။ ပွဲလမ်းသဘင်တွေမှာ အထူးဖိတ်ကြားခံရသူ ဖြစ်လာတယ်။ ရှေ့ဆုံးခုံတန်းက နေရာ ရလာတယ်။ မြို့မျက်နှာဖုံး သူဌေး ဦးမင်းနိုင် ဖြစ်လာတယ်။

'ဒီကြားထဲမှာ ထူးထူးခြားခြား တစ်ခုတော့ ဖြစ်ခဲ့သေးတယ်၊ လူပြောစရာ ကိစ္စ တစ်ခုပေါ့လေ၊ ဒါကလည်း ဦးမင်းနိုင် မြို့ပေါ် ရောက်လာခါစက ဖြစ်တာပါ။ တိုက်ဆိုင်တယ် ခေါ်မလား၊ ဘာခေါ်မလဲ၊ ယုံကြည်ရင် ယုံကြည်သလို မယုံကြည်ရင် မယုံကြည်သလို အမျိုးမျိုး ပြောလို့ရတယ်။ ဒါ ဘာလဲ ဆိုတော့ ဦးမင်းနိုင် မိန်းမမှာ ကလေး တစ်ယောက် မွေးတယ်၊ သားယောကျ်ားကလေး၊ အခုရှိနေတဲ့ သားအကြီးဆုံးရဲ့အောက် ဒုတိယသား၊ ကလေးက နှုတ်ခမ်းကွဲကလေးနဲ့၊ ဦးမင်းနိုင်ရဲ့ မိန်းမဟာ နှုတ်ခမ်းကွဲနဲ့ ကလေးကို မြင်တယ်



ဆိုရင်ပဲ လန့်ပြီး သတိတွေ ဘာတွေ လစ်သွားတယ်လို့ ပြောကြတယ်၊ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းတဲ့ ကလေး မွေးမိတဲ့ မိခင်တစ်ယောက် အနေနဲ့ ဒီလိုပဲ စိတ်ထိခိုက်ပြီး ဖြစ်သွားတာလည်း ဖြစ်နိုင်တာပေါ့လေ။

'ဒါပေမယ့် ဒီအခါမှာ ဇာတ်လမ်းတစ်ခုက ပေါ်လာတယ်၊ ဦးမင်းနိုင် ဓားပြဂိုဏ်းထောင်စဉ်က ငဖြူလို့ ခေါ်တဲ့ တပည့်တစ်ယောက် ရှိခဲ့ဖူးတယ်၊ ငဖြူက အဲဒီလို နှုတ်ခမ်းကွဲနဲ့ပဲ၊ ဒီငဖြူက အဲဒီကလေး မမွေးခင် လေးငါးနှစ်လောက်က သေသွားခဲ့ပါပြီ၊ ဒါပေမယ့် သေတာက လူသတ်လို့ သေတာ၊ အနားကပ်ပြီး သေနတ်နဲ့ ပစ်သတ်ခံရတာ၊ သတ်တဲ့ လူဟာ သူ့ဆရာ ဦးမင်းနိုင်ပဲလို့ ကောလာဟလ ပြောကြတယ်၊ မျက်မြင်သက်သေတော့ မရှိဘူး၊ အဲဒီတော့ တကယ် ဟုတ်မဟုတ် ဆိုတာက ကာယကံရှင်ကိုယ်တိုင်ပဲ သိနိုင်မယ်။

'ဒါပေမယ့် ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ဒီကလေး မွေးလာတဲ့အခါမှာ လူတွေက ငဖြူ ဝင်စားတာ၊ ငဖြူ ကလဲ့စားချေဖို့ ပြန်လာတာ စသည်ဖြင့် တီးတိုးတီးတိုး ပြောခဲ့ကြတယ်၊ ပိုပြီး ပြောစရာ ဖြစ်လာတဲ့ အချက်က ဘာလဲ ဆိုတော့ အဲဒီကလေး မွေးတဲ့အချိန်မှာ ဦးမင်းနိုင် အိမ်မှာ မရှိဘူး၊ အလုပ်ကိစ္စနဲ့ ခရီးထွက်နေတယ်၊ သူ ပြန်ရောက်လာပြီး တစ်ပတ် ဆယ်ရက်လောက် အကြာမှာ အဲဒီကလေး ဆုံးသွားတယ်။ ကလေးက ဖျားပြီး သေတာ၊ ဦးမင်းနိုင်က ဆရာဝန်ခေါ်ပြီး ကုသေးတယ်။ ဒါပေမယ့် မရလိုက်ဘူး၊ ကလေးဟာ အအေးပတ်ပြီး နမိုးနီးယား ရောဂါနဲ့ သေတယ်လို့ ဆိုကြတယ်။

'ဒါပေမယ့် အရပ်ထဲက လူတွေကတော့ ဦးမင်းနိုင်ကိုပဲ စွပ်စွဲကြတယ်၊ ကလေး အအေးပတ်ပြီး သေအောင် တမင်တကာ ပစ်ထားတယ်၊ သေခါနီးမှ ဆရာဝန်ခေါ်တယ် ဘာညာ စသည်ဖြင့် ပြောကြတယ်၊ တစ်ချို့ ဆိုရင် ဦးမင်းနိုင် ငဖြူကို နှစ်ခါပြန် သတ်တယ်လို့တောင် ဆိုကြတယ်၊ ဒါပေမယ့် ဘယ်သူတွေ ဘာပြောပြော ဘယ်လောက်ပဲ နာမည်ကြီးကြီး တီးတိုးတီးတိုး ကောလာဟလ သဘောမျိုးနဲ့

www.burmeseclassic.ocm

www.burmeseclassic.ocm



နာမည်ကြီးတာသာ ဖြစ်တယ်၊ ဘအောင်တို့ဆီမှာ အဖမ်းခံရဖူးတာ ကလွဲရင် ဦးမင်းနိုင်ဟာ တစ်ခြား ဘာကိစ္စနဲ့မှ ဖမ်းဆီးခြင်း စစ်ဆေးမေးမြန်းခြင်း မခံခဲ့ရဘူး၊ အစပိုင်းကတော့ ခေတ်ပျက်နေလို့၊ နောက်ပိုင်းကျတော့လဲ ဘယ်လိုမှ သက်သေသက္ကာယ အထောက်အထား မရှိတာ၊ ဘယ်သူမှလဲ သူ့အိမ် ဓားပြတိုက်သွားတာ ဦးမင်းနိုင်ပါလို့ ရုံးမှာ ဂါတ်မှာ တိုင်တန်းခြင်း မရှိတာ၊ ဥပဒေပိုင်းဆိုင်ရာမှာလည်း ဘယ်ပုဂ္ဂိုလ်ကမှ ဒီလွန်လေပြီးသော ကိစ္စတွေကို ပြန်လည် တူးဖော်ပြီး အရေးယူဖို့ ကြံစည်အားထုတ်ခြင်း မပြုတာတွေကြောင့် ဦးမင်းနိုင်ဟာ လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ရရှိနေတာပဲ၊ အခုတော့လည်း ဒီကိစ္စတွေဟာ နှစ်ပေါင်း အစိတ်သုံးဆယ် ကြာခဲ့ပြီ ဆိုတော့ လူတွေလည်း မေ့မေ့ ပျောက်ပျောက် ဖြစ်ကုန်ကြပါပြီ၊ နောက် မွေးလာတဲ့ လူငယ်တွေ ဆိုတာတော့ ဒါတွေ သေသေချာချာ သိတဲ့လူတောင် ခပ်ရှားရှားပါ၊ နားစွန်နားဖျား ကြားဖူးရုံလောက်ပဲ ရှိမယ်။

'အခုတော့ ဦးမင်းနိုင်က မြို့မျက်နှာဖုံး ဂုဏ်သရေရှိ လူသူတော်ကောင်းကြီး၊ ဘုရားဒကာ ကျောင်းဒကာကြီး၊ ရပ်ရေးရွာရေးမှာ လူမှုရေးစိတ်ဓာတ် အပြည့်အဝနဲ့ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်နေပြီ။ နောက်ပိုင်းကာလ မြို့ကို ရောက်လာတဲ့ အုပ်ချုပ်ရေးသမားအရာရှိ အရာခံ မှန်သမျှကလဲ ဦးမင်းနိုင် ဆိုရင် တလေးတစား အားကိုးအားထား ပြုလို့ပေါ့လေ'

ဦးဘသိန်း မျက်နှာက ပြုံးသယောင်ယောင်၊ သရော်ပြောင်လှောင်နေသယောင်။ သူက ဆေးလိပ်ကို မီးကောက်ညှိသည်။ ပြီးမှ ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး ဆိုပြန်သည်။

'ဦးလေးတော့ မကြာခဏ စဉ်းစားမိတယ်၊ ကိုယ်က အလကားနေရင်း ကြားထဲက ငရဲကြီးနေမလားတော့ မသိဘူး၊ ဒီလိုပါ၊ ဦးလေးတို့မြန်မာလူမျိုးတွေ ပြောကြတဲ့ စကားတွေ ရှိတယ် မဟုတ်လား၊ ရှေးက ဝိပါက် ခုနှစ်ရက် ကာလဝိပါက် နောက်ပိုးတက် ဆိုတဲ့ စကားတို့၊ ကံ



၏ အကျိုး၊ မကောင်းတာလုပ်တဲ့ သူဟာ အခု ဘဝမှာလဲ မကောင်း၊ နောင်သံသရာမှာလဲ မကောင်း၊ သူ့အကုသိုလ်နဲ့သူ အကျိုး ပေးလိမ့်မယ် ဆိုတာတို့ စသဖြင့် ပြောကြတယ်၊ ဒီစကားတွေ ပြောသံ ကြားရင် ဦးလေးတော့ ဦးမင်းနိုင်ကို သွားသွားသတိရတယ်။

'ဦးမင်းနိုင်မှာ ဟိုးငယ်ငယ်ကလေးတည်းက လုပ်ခဲ့တဲ့ မကောင်းမှုအတွက် ဝိပါက်တွေဟာ နောက်ပိုးမတက်ရုံမကလို့ ခုနစ်ရက်မက ခုနစ်နှစ်မက နှစ်ပေါင်းများစွာ ကြာနေပြီ၊ အခုထက်ထိ မလည်နိုင်သေးဘူး၊ အိုပဲအိုသေတော့မယ်၊ ဒီနေ့ထိ သူ့မှာ ဘာမကောင်းကျိုး ခံစားရသလဲ၊ ကောင်းကျိုးတွေပဲ တောက်လျှောက်ပေးနေတာပဲ၊ ချမ်းသာတာတစ်နေ့ထက် တစ်နေ့ ပိုချမ်းသာလာတယ်၊ ကျန်းမာရေးကလဲ အရွယ်နဲ့ မလိုက်အောင် ဒေါင်ဒေါင်မြည်၊ တစ်ချို့က ပြောတယ်၊ 'ဝိပါကဝဋ် ဆိုတာ မလွတ်ပါဘူးကွာ၊ ခုဘဝ မခံရလဲ နောင်ဘဝ ခံရမှာပဲ' လို့ ဆိုတယ်၊ နောင်ဘဝ ဆိုတာကတော့ ဘယ်သူမှ မမြင်နိုင်လို့ နောင်ဘဝမှာ သူခံရမလား၊ ဆက်ပြီး စံနေရဦးမလား မပြောနိုင်ဘူး၊ လက်ငင်းမြင်ရတာတော့ သူက သေတဲ့အထိ ဒီအတိုင်း စိတ်အေးချမ်းသာ ခံစားသွားရမယ့် ပုံပဲ။

'တစ်ချို့ အရင်တုန်းက သိပ်ဆိုးခဲ့တဲ့ သူပုန်တွေ ဓားပြတွေ ဆိုရင် အခုနေခါ တစ်ကောင် တစ်မြီးမှတောင် မကျန်တော့ဘူး၊ ဒီဘဝမှာတင် ခံသွားကြရတာပဲ၊ တိုက်ရင်း ခိုက်ရင်း သေရင်သေ၊ မသေရင် အရင်က သူတို့ နှိပ်စက်ခဲ့တဲ့ လူထဲက တစ်ယောက်ယောက်က လက်စားချေလို့ သေတာပဲ၊ သူ့ကျတော့ လုပ်မယ့် လူတစ်ယောက်မှ ပေါ်မလာဘူး၊ ဦးမင်းနိုင် သေစေချင်လို့ ပြောတာ မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်ရေးအရလဲ သူ့ကို မုန်းတီးစရာ အကြောင်း မရှိခဲ့ပါဘူး။

'သို့သော် ဖြစ်သင့်တဲ့အကြောင်း၊ ဖြစ်လေ့ ရှိတဲ့ အကြောင်းကို ပြောတာပါ၊ သူများတကာမှာ ဝဋ်လည်တယ် ဆိုတာ ရှိတယ်၊ သူ့ကျတော့မှ ဒီ 'ဝဋ်' ဆိုတာက ကင်းလွတ်ခွင့် ရနေတာလား၊ ငွေကြေးတွေ

www.burmeseclassic.ocm

www.burmeseclassic.ocm



ကျေတဲ့အထိ ကုသိုလ်ကောင်းမှုတွေနဲ့ ချေနိုင် ထေနိုင်အောင် အချိန်ပေးထားတာလား၊ ဒါမှမဟုတ် ဝဋ်လည်တယ် ဆိုတဲ့ နိယာမတရားမှာကိုပဲ ချွင်းချက်ဆိုတာမျိုး ရှိနေသေးသလား၊ ဒီ ဦးမင်းနိုင်ဟာ ချွင်းချက်လား၊ ဒါကို စဉ်းစားမိတာပါ'

ဦးဘသိန်းက သူ့မှာ ပုဂ္ဂိုလ်ရေး အာဃာတ မရှိပါဟု ဆိုခဲ့သည်။ သို့သော် သူ့စကားထဲ၌မူ မကျေနပ်သံက သိသာလောက်အောင် ပါရှိနေချေသည်။ မိမိ ရုံးတင် စွဲဆိုနိုင်ခြင်း မရှိခဲ့သော ရာဇဝတ်ကောင် တစ်ကောင်အပေါ် ဥပဒေသမားဏ် မကျေနပ်နိုင်ခြင်းမျိုး ဖြစ်တန်ရာပါ၏။

BURMESE CLASSIC .com

*

စင်စစ် ဦးမင်းနိုင်၏ ဘဝကံကြမ္မာနှင့် ပတ်သက်၍ ဦးဘသိန်းကဲ့သို့ပင် မကျေနပ်စိတ် အခံလေးနှင့် စိတ်ဝင်တစား စောင့်ကြည့်နေကြသူများကား မြို့မှာ အတော်များများပင် ရှိနေဟန် တူပါသည်။

တစ်နေ့ မြို့က လူတစ်ယောက်နှင့် ကျွန်တော် ရန်ကုန်မြို့လယ်ခေါင်မှာ သွားဆုံမိသည်။ ကျွန်တော်က အလုပ်ကိစ္စ တစ်ခုဖြင့် ရန်ကုန်သို့ရောက်နေသည်မှာ ဆယ့်လေးငါးရက်ခန့်ကြာပြီ။ သူက တစ်နေ့ကမှ မြို့က လာသူ ဖြစ်သည်။ သူက ကျွန်တော့်အား ဘယ်တော့ပြန်မလဲဟု မေးမြန်းပြီးနောက် ဦးမင်းနိုင် သတင်း ကြားပြီးပလားဟု ကောက်ကာငင်ကာ ဆိုသည်။

'ဦးမင်းနိုင် ဘာဖြစ်လို့လဲဗျ' ကျွန်တော် စိတ်ဝင်တစား မေးမိသည်။

'ဦးမင်းနိုင်ရဲ့ ပုသိမ်ဘက် သွားနေတဲ့ သင်္ဘောကြီး ကုန်တွေအပြည့်နဲ့ မီးလောင်သွားတယ်လို့ ပြောကြတယ်။ အဲဒီသတင်းကြားလို့ ဦးမင်းနိုင် ရုတ်တရက် သွေးတက်ပြီး လေဖြတ်သွားတယ်လို့ ပြောတယ်' သူက အားပါးတရ ဆိုသည်။ 'တစ်ခြမ်းသေနေလို့ အိပ်ရာကတောင်



မထနိုင်ဘူးတဲ့'

'သင်္ဘောက မီးလောင်ပြီး မြုပ်သွားတာလား'

'အဲ မြုပ်သလား မမြုပ်ဘူးလား ဆိုတာတော့ အတိအကျ မသိဘူး၊ ဒါပေမယ့် ဦးမင်းနိုင် ဒါလောက် ထိခိုက်သွားတယ် ဆိုတော့ အတော်ဆုံးရှုံးလို့ ဖြစ်မှာပေါ့၊ တော်ရုံတန်ရုံ ဆိုရင် ဘယ်ဖြစ်မလဲ' သူက ကျေနပ်စွာ ဆိုသည်။

သူ့အား နှုတ်ဆက်ပြီး ကျွန်တော် ထွက်လာခဲ့သည်။ စိတ်ထဲတွင်ကား ဦးဘသိန်းနှင့် တွေ့လျှင် ဘာစကား ကြားရလေမလဲဟု တွေးတောနေမိသည်။ 'ခုမှပဲ ဦးမင်းနိုင် အလှည့်ရောက်တော့တယ်' ဟု ဝမ်းသာအားရ ဆိုချေမည်လား။ 'ဒါ အစပဲ ရှိသေးတယ်၊ အကုသိုလ်ဆိုတာ အလုံးလိုက် အရင်းလိုက် ဝင်လာတတ်တယ်' ဟူ၍များ နောက်ထပ် မျှော်လင့် တမ်းတသံနှင့် ဆိုလေမည်လား။ ဘာပဲပြောပြော ဦးမင်းနိုင် အကြောင်းကတော့ မြို့မှာ အပူပြင်းဆုံး သတင်းတစ်ပုဒ် ဖြစ်နေပေရော့မည်။

ဟိုး ဂျပန်ခေတ်က အစချီကာ ဦးမင်းနိုင်၏ ရာဇဝင်ကို ဝေဖန်လှန်လှောနေကြလိမ့်မည်။ သူ့ကိုယ်သူ စိတ်တည်ငြိမ် အေးချမ်းသူ၊ ပြတ်သားရဲရင့်သူအဖြစ် အမွှမ်းတင် ပြောကြားခဲ့သော ဦးမင်းနိုင် တစ်ယောက် လောကဓံ မုန်တိုင်းဒဏ်ကို ခပ်ပြင်းပြင်းကလေး တစ်ချက် ခံလိုက်ရရုံဖြင့် စောစောက ကိုယ့်ကိုကိုယ် ယုံကြည်မှု တံတိုင်းကြီး ကျိုးပျက်သွားလေပြီဟု ကျွန်တော် တွေးတောမိသည်။ အိပ်ရာထက်တွင် မလှုပ်မရှက် ပက်လက်လှန်ကာ ကြောင်တက်တက်မျက်နှာနှင့် ငေးစိုက်ကြည့်နေမည့် ဒုက္ခိတကြီး ဦးမင်းနိုင်ကို မျက်စိထဲတွင် တွေးမြင်နေမိသည်။ ကြော် နောက်ဆုံးတွင်တော့ ဝဋ်ဆိုသည်မှာ တကယ်ပင် လည်ချေသည်တကား။

*

www.burmeseclassic.ocm

www.burmeseclassic.ocm



ကျွန်တော် အိမ်ပြန်ရောက်၍ အထုပ်အပိုးပင် မဖြေရသေးမီ လူ တစ်ယောက် လှေကားမှ တက်လာသံ ကြားရသည်။ ထကြည့်သည့်အခါ ဦး မင်းနိုင်။

BURMESE CLASSIC .com

'ဟာ ဦးလေးပါလား'

ကျွန်တော် အံ့သြသွားသည်က အတော်ပင် သိသာပုံရသည်။

'ဘယ်လိုလဲ ဆရာ၊ အံ့သြသွားလား၊ ဆရာ ရန်ကုန်မှာ ကောလဟာလတွေ ကြားလာခဲ့ပြီ ထင်တယ်'

ဦးမင်းနိုင်မှ ဦးမင်းနိုင်။ ပကတိ အကောင်းအတိုင်း။ ခါတိုင်းထက်ပင် ကြည်လင်ဝင်းပလျက်၊ စိုပြည်လန်းဆန်းလျက်၊ သူက အားပါးတရ ပြုံးနေသည်။

'ဘယ်လိုလဲ ဆရာ၊ မယုံလို့လား၊ ဒီဘက် လျှောက်လာရင်းက ဆရာ ပြန်ရောက်တယ် သတင်းကြားလို့ ဝင်လာတာ'

'ရုတ်တရက် ဆိုတော့ အံ့အားသင့်သွားလို့ပါ ဦးလေး၊ တစ်ခြမ်းသေတယ် ဘာညာ ကြားထားတာကိုး၊ အခုလို တွေ့ရတာ အများကြီး ဝမ်းသာပါတယ် ဦးလေး' ကျွန်တော် ကမန်းကတန်း ဖြေလိုက်ရသည်။

'ဆရာတစ်ယောက်ပဲ ဝမ်းသာစကား ပြောဖော်ရတယ် ဆရာရေ့၊ တစ်မြို့လုံးက လူတွေက ဦးလေးကို လေဖြတ်စေချင် သေစေနေချင်တာ၊ အကောင်းပကတိအတိုင်း မြင်ရတော့ အတော် စိတ်မကောင်းဖြစ်သွားကြတယ်။ လမ်းတွေ့တဲ့လူ အတော်များများဆို စိတ်ပျက်သွားတဲ့ အမူအရာတွေ မျက်နှာမှာ အထင်းသား ဆရာရဲ့၊ သဘော်မီးလောင်တယ် ဆိုတာကော ကြားပြီးရောပေါ့'

'ဟုတ်ကဲ့၊ ရန်ကုန်မှာ လူတစ်ယောက်နဲ့ တွေ့တော့ အဲဒီလို ပြောသွားတာပဲ'

'မီးလောင်တာကတော့ တကယ်လောင်တာပါ။ ဒါပေမယ့် လူတွေ ဝမ်းသာအားရ ပြောနေကြသလို သဘော်ကြီး မီးလောင်ပြီး ရေထဲ နစ်သွားတာတော့ မဟုတ်ပါဘူး။ ကမ်းနားမှာ ကပ်ထားတုန်း



ထမင်းချက်ဖို့ မီးမွှေးတာကနေ ရေနံဆီခွက် မှောက်ကျပြီး ဝုန်းခနဲ ထလောင်တာ၊ ဝိုင်းပြီး ငြိမ်းလိုက်ကြတော့ ချက်ချင်းပဲ မီးငြိမ်းသွားတယ်။ ဒါပေမယ့် ဆိပ်ကမ်းမှာ ဖြစ်တာ ဆိုတော့ ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်၊ တာဝန်ရှိတဲ့ လူတွေကလဲ နည်းနည်းစစ်လား ဆေးလား လုပ်တာပေါ့လေ၊ ဘာမှတော့ မဖြစ်ပါဘူး။

'ဒါပေမယ့် အဲဒီအချိန်က ဦးလေးမှာလဲ တစ်ခြား ကိစ္စ တစ်ခုနဲ့ ပုသိမ်သွားရ ကောင်းမလား စဉ်းစားနေတာနဲ့ တိုက်ဆိုင်နေလေတော့ သဘော်မှာ မီးလောင်မှု ဖြစ်တဲ့ အကြောင်း တပည့်တွေဆီက ဖုန်းဆက်တဲ့အခါ 'အေး ငါလဲ လာစရာ ရှိတယ်၊ လာခဲ့မယ်' ဆိုပြီး နောက်တစ်နေ့ ပုသိမ်လိုက်သွားတယ်၊ အဲဒါကို ဒီမှာ 'ဟာ ဦးမင်းနိုင် သဘော် မီးလောင်ပြီး နစ်သွားတယ်၊ ဦးမင်းနိုင်ကြီး သူ့ သဘော်ပျက် မြင်တော့ တစ်ခါတည်း သတိမေ့သွားတယ်' ဆိုသူက ဆို၊ ဦးနောက်သွေးကြော ပြတ်ပြီး ကိုယ်တစ်ခြမ်းသေသွားလို့ ပုသိမ်ဆေးရုံ တင်ထားရတယ် ပြောသူက ပြော၊ မဆီမဆိုင် ထင်ရာတွေ လျှောက်ပြောပြီး ဟိုးလေးတကျော် ဖြစ်နေတယ်။

'အဲဒီ ကောလဟာလတွေ ကိုယ့်နား ပေါက်လာတော့မှ ဪ လူတွေ ငါ့ကို တော်တော် မေတ္တာ ရှိကြတာပဲလို့ အသေအချာ သိရတော့တယ်၊ ဒါပေမယ့် ဆရာ၊ ဦးလေးက ကြွားပြောတာ မဟုတ်ဘူး၊ ဦးလေးက သူများမြှောက်လို့လဲ မြောက်တဲ့အကောင် မဟုတ်ဘူး၊ သူများခြောက်လို့လည်း ကြောက်တဲ့အကောင် မဟုတ်ဘူး၊ ဘယ်သူတွေ ဘယ်လောက်ပဲ မေတ္တာပို့နေကြတယ် ဆိုဆို၊ ဘယ်လောက်ပဲ သေပါစေ ဆုတောင်းနေကြတယ် ဆိုဆို ဦးလေး မဖြုံပါဘူး။ မတုန်လှုပ်ပါဘူး၊ သူတို့ကိုသနားတောင် သနားသေးတယ်၊ ရယ်တောင် ရယ်ချင်သေးတယ်၊ သဘော် တစ်စီး မီးလောင်ရုံမကလို့ အိမ်ပါ ပါသွားဦးတော့ မပူသေးပါဘူး။ ဒါလောက်နဲ့ အအိပ်မပျက် အစားမပျက်သေးပါဘူး။ မီးမလောင်နိုင်တဲ့ ပစ္စည်းတွေ အများကြီး ကျန်ပါသေးတယ်။ ဒီ

www.burmeseclassic.ocm

www.burmeseclassic.ocm



တစ်သက်မဟုတ် နှောင်ဆယ်သက် စားတောင် မကုန်ပါဘူး။

'ပြီးတော့ ငွေဆိုတာ ရှာတတ်တဲ့ သူအတွက် အလွယ်လေးပါ။ အခု ဦးလေးမှာ ရှိနေတဲ့ ပစ္စည်းတွေ အားလုံး ယူသွား၊ သိမ်းသွား၊ လက်ဖဝါး ခြေဖဝါးကနေ ဦးလေး ပြန်လုပ်ပြမယ်။ ငါးနှစ် ဆယ်နှစ် မကြာဘူး၊ အခုအတိုင်း ပြန်ဖြစ်ရမယ်။

ဦးမင်းနိုင်က ဒေါမာန်ပါပါ ပြောနေသည်။ ထိုနောက်မှ ရုတ်တရက်

'ကဲ၊ ဆရာလဲ ခုမှ ခရီးက ရောက်တာ ဆိုတော့ နားချင်ရော့မယ်၊ ဦးလေး သွားဦးမယ်၊ နောက်မှပဲ အေးအေးဆေးဆေး စကား ပြောရအောင် လာခဲ့မယ်' ဆိုကာ နေရာမှ ထသည်။

'ဟုတ်ကဲ့ ဦးလေး၊ အေးအေးဆေးဆေး လာလည်ပါ'

ဦးမင်းနိုင် အိမ်ရှေ့လှေကားမှ ဆင်းသွားသည်။ လမ်းပေါ် ရောက်မှ ကျွန်တော့်ဘက် လှည့်ပြီး 'ဆရာရေ့၊ ဘယ်ဟာမဆို တကယ် ထလုပ်မှ ဖြစ်တာဗျ၊ ဆုတောင်းနေလို့ ရတာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား' ဟု ဆိုကာ ပြုံးပြီး ကြည့်နေသည်။ သူ့ကို မလိုမုန်းထား သူများအား စိန်ခေါ်သည့် သဘောပဲလား။ ကျွန်တော် ဘာပြောရမှန်း မသိ။ 'ဒါပေါ့၊ ဒါပေါ့' ဟု ထောက်ခံလိုက်ရသည်။ သည့်နောက်မှ သူက 'ကဲ ဆရာရေ သွားပြီ၊ နောက်တော့မှ' ဆိုပြီး လက်ပြ နှုတ်ဆက် ကာ ထွက်ခွာသွားသည်။

ကြည်လင်လန်းဆန်းသော အပြုံး၊ ဖြောင့်မတ်တည်ကြည်ပုံရ သည့်မျက်နှာ၊ ယုံကြည်ကိုးစားဖွယ် ကောင်းသည့် ဥပဓိရုပ်နှင့် ဦးမင်း နိုင်ကား လွန်ခဲ့သော တစ်နှစ်ကျော်ကာလ ကျွန်တော် စတင် တွေ့သိ ခဲ့စဉ်က အတိုင်းပင် ရှိနေချေသည်။ ပျက်စီးစေချင်သော စေတနာဖြင့် ကောလဟာလ ပြောဆိုကြသူများသာ မောသွားကြမည်။ တဖြည်းဖြည်း မေ့လျော့သွားကြမည်။ သူက ယုတ်လျော့ကျဆင်းမည့် အရိပ်အရောင် လုံးဝ မပေါ်။ အခြေအနေမပျက်၊ စိတ်ဓာတ်မပျက်၊ နဂိုပကတိအတိုင်း

BURMESE CLASSIC .com



ဆက်လက် တည်တံ့လျက်။

ဦးမင်းနိုင်ကို ကြည့်ရင်းက ဦးဘသိန်း ပြောခဲ့သော စကား တစ်ခွန်းကို ကျွန်တော် သွား၍ သတိရသည်။ ဦးမင်းနိုင်သည် ဝိပါက် တရား၏ ချွင်းချက်လော။

[ပန်။ ။ဒီဇင်ဘာ၊ ၁၉၈၆]

ပေမြင့်

www.burmeseclassic.ocm